အဂ္ဂမဟာပဏ္ဍိတ

မူလပဋ္ဌာန်းဆရာတော်ဘုရား

သာသနာရေး ဦးစီးဌာနသို့
အရှင်ကောဝိဒမှ
လှူဒါန်းပါသည်။

အသံဖမ်း

# ပဋ္ဌာန်းပို့ချစဉ်ကျမ်း

## ပဉှာဝါရသင်္ချိုဟ

(ဒုတိယတွဲ)



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ရန်ကုန်မြို့၊ ပြည်လမ်း၊ ပဋ္ဌာန်းကျောင်းတိုက်
မူလ ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တနာရဒ

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း ၏

ပထမ ဩဝါဒါစရိယ

အဂ္ဂမဟာပဏ္ဍိတ

မူလ ပဋ္ဌာန်းဆရာတော်ဘုရား
ကိုယ်တော်တိုင် နည်းပေးကာ အဓိပ္ပာယ်များနှင့်တကွ
အဋ္ဌကထာ ဋီကာ မိန့်ဆိုချက်များပါ
ပဋ္ဌာန်းပဉှာဝါရ
အနုလောမပစ္စနိက်၊ ပစ္စနီယာနုလောမ သင်္ချာ
ကို
တပည့်များအား ဝေဝေဆာဆာ ပို့ချပေးစဉ်
အသံဖမ်းကြိုးခွေမှတဆင့် ကူးယူထုတ်ဝေသော

# အ သံ ဖ မ်း

# ပဋ္ဌာန်းပို့ချစဉ်ကျမ်း

ပဉှာဝါရသင်္ချာ (ဒုတိယပိုင်း)

အနုလောမပစ္စနိက် = ပစ္စနီယာနုလောမ

သာသနာ ၂၅၂၂ ကောဇာ ၁၃၄၀

ပုံနှိပ်ခြင်း

ပထမအကြိမ်

စောင်ရေ—၅၀၀၀

သာသနာနှစ်—၂၅၂၅

ကောဇာနှစ်—၁၃၄၄



၂၄၈၄၃

၂၄၈၄၃



ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်အတွက်

ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်

မှတ်ပုံတင်အမှတ် (၀၂၅၂၇)က ထုတ်ဝေ၍

ဦးစံလှ (၀၂၂၀၉)၊ စိုးမိုးမိတ်ဆက်ပုံနှိပ်တိုက်၊

အမှတ်-၁၄၆/၃၃ လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# နိဒါန်း

ပဋ္ဌာနပါဠိ အနုလောမ ပစ္စနိက် သင်္ချာခန်းကို ပါဠိတော်၌ အနုလုံ ကဲ့သို့ အပြည့်အစုံ သံဂါယနာတင်ထားသဖြင့် အတော် ကျယ်ဝန်း များပြားလှ၏။ အရကောက် ဆရာတော်ကြီးကား ဟေတုပစ္စည်း ဒုက၌ လေးချက်သေ လှည့်ကာ အကုန်ပြ၏။ ဃဋနာများကိုလည်း အကုန်ပြ၏။ အာရမ္မဏပစ္စည်း၌သေ နာနန္တရ မူလီတိုင်အောင် လေးချက်သေ လှည့်ပြ၏။ ကြွင်းမူလီတို့ကိုကား လေးချက်သေ မလှည့်တော့ပဲ အနုလောမ ပစ္စနိက်တခုကိုသာ အချို့ပြ၏။ အပြည့်အစုံမပြ။ အဓိပတိပစ္စည်း ဒုက၌ မူလီ နဟေတုမျှကိုသာ လေးချက် သေ လှည့်ပြီး ဃဋနာကိုလည်း မိဿကဃဋနာ တခုမျှကိုသာ ပြ၏။ အကြွင်းကို ညွှန်း၏။ သဟဇာတပစ္စည်းမှစ၍ အတ္ထိပစ္စည်းတိုင်အောင် ဒုက များကို အကျဉ်းမျှ ပြ၏။ ဃဋနာများကိုကား လုံးဝမပြတော့ပဲ ညွှန်း၏။ ထို့ကြောင့် ပါဠိတော်၌ ဟောထားသည်တို့ကို ထောက်လျှင် အရကောက်မှာ လွန်စွာ ကျဉ်းလှ၏။

ထို့ပြင် မူပစ္စည်းတရားမှ မူလီပစ္စည်းတရားကို နုတ်ရာဝယ် အကျဉ်း မျှသာပြသဖြင့် သရုပ် နိုင်နင်းသော ပုဂ္ဂိုလ်များအတွက် ခက်ခဲဖွယ်မရှိလှလည်း မနိုင်နင်းသော ပုဂ္ဂိုလ်များအတွက်မူ မလွယ်ကူလှပေ။ ပဋ္ဌာ သုဒ္ဓသင်္ချာဝါရ နိဿယပစ္စည်း၌ သဟဇာတ နိဿယနှင့် ဝတ္ထု ပုရေဇာတ နိဿယကိုသာပြ၏။ သဟဇာတ-ပုရေဇာတ မိဿကကို မပြ။ ထို့အတူ အတ္ထိပစ္စည်း၌လည်း မိဿက သုံးမျိုးကို မပြ။ ထို့အတူ နိဿယမူ အတ္ထိ သဘာဂကို ပြရာ၌လည်းကောင်း၊ အတ္ထိမူ နိဿယ သဘာဂကို ပြရာ၌လည်းကောင်း မိဿကများကို မပြ။ ပဋ္ဌာ ဝိဘင်္ဂါဝါရ နိဿယပစ္စည်း အတ္ထိပစ္စည်း၌လည်းကောင်း၊ ပစ္စနိယုဒ္ဓါရ ထုတ်ရာ၌ လည်းကောင်း ထိုမိဿကတို့ကို ပြ၏။ ပဋ္ဌာပစ္စနိက် နဟေတုစသော သုဒ္ဓသင်္ချာ များ၌လည်းကောင်း၊ ဒုက တိက စသည်တို့၌ လည်းကောင်း၊ အနုလောမ ပစ္စနိက်, ပစ္စနိယာ နုလောမတို့၌လည်းကောင်း မိဿက များကို လုံးဝမပြ။

**အဋ္ဌကထာ**။ ။အဋ္ဌကထာ၌ သုဒ္ဓသင်္ချာကို ပြရာဝယ် 'နိဿယေ တေရသ' အရ သဟဇာတ-ပုရေဇာတ မိဿကကိုလည်းကောင်း၊ 'အတ္ထိယာ တေရသ'၌ မိဿက သုံးမျိုးလုံးကိုလည်းကောင်း ရှင်းလင်းစွာပြထား၏။ ပစ္စနိက်

သုဒ္ဓသင်္ချာကိုပြရာ၌ အာရမ္မဏ, သဟဇာတစသော မျိုးတို့၏ သင်္ချာကိုပေါင်းလျှင် ပန္နရသ သင်္ချာရ၏။ ထိုပန္နရသ သင်္ချာကို သဟဇာတ-ပုရေဇာတ စသော မိဿကများ မပါပဲ မရနိုင်။ အဋ္ဌကထာ၌ ပန္နရသရသော သင်္ချာများအတွက် ထိုမိဿကများကိုပါ ထည့်သွင်း၍ ပြထား၏။ ပစ္စနီယာ နုလောမ နဟေတုမူ နဝက အတ္ထိ အဝိဂတမူလ၌ (၎င်းမှာ နဟေတု, နာရမ္မဏ, နာဓိပတိ, နာနန္တရ, နသမနန္တရ, နသဟဇာတ, နအညမည, နနိဿယမူ အတ္ထိ အဝိဂတ မူလ ဖြစ်၏) ''အတ္ထိ အဝိဂတေ သုပဉ္စာတိတာနိစေဝတီဏိ, ကုသလာ ဗျာကတော အဗျာကတဿ အကုသလာ ဗျာကတော အဗျာကတဿာတိ ဣမာနိစ ဒွေ ပစ္ဆာဇာတာ ဟာရိန္ဒြိယ ဝသေနာတိ''ဟု မိဿကများကိုပါ ယူရမည့် အကြောင်းကို အလွန် ရှင်းစွာ ပြထား၏။ အထက်ပါ စကားရပ်ကို အရကောက်လျှင် ''နဟေတု (ပ) နနိဿယမူ အတ္ထိ အဝိဂတ နဝက၌ ပစ္ဆာ-ဟာ-ဣ ပစ္စည်း၊ ပစ္ဆာဇာတာဟာရ မိဿက, ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်းဖြစ်၍ သင်္ချာသည် ပဉ္စဖြစ်၏။ ''တာနိစေဝ တီဏိ''မှာ အထက်က ဝိပ္ပယုတ္တ မူလ၌ သွတ်ရာ၌ ရသော ပစ္ဆာဇာတ ပစ္စည်း၏ သင်္ချာ ကု—ဗျာ၊ အကု—ဗျာ၊ ဗျာ—ဗျာ ဖြစ်၏။

**စဉ်းစားဖွယ်။** ။ထိုသို့ အဋ္ဌကထာ, ဋီကာများက မိဿကများ မပါလျှင် သင်္ချာ ရေတွက်ရာ၌ တိကျမှုမရှိနိုင်သဖြင့် မိဿကများကို ရသင့်သည် အားလျော်စွာ ယူရမည်ဟု မိန့်ဆိုကြပါလျက် အဘယ်ကြောင့် အရကောက် ဆရာတော်သည် ဤ မိဿကများကို မယူသနည်းဟု စဉ်းစားဖွယ်ရှိ၏။ ထိုအရကောက် ဆရာတော်များသည် သဟဇာတနှင့် ပုရေဇာတ ပါရှိနေလျှင် သဟဇာတ—ပုရေဇာတ မိဿကရ၏။ ပစ္ဆာဇာတနှင့် ရုပ်အာဟာရ ပါရှိနေလျှင် ပစ္ဆာဇာတာဟာရ မိဿကရ၏။ ပစ္ဆာဇာတနှင့် ရူပဇီဝိတိန္ဒြိယ ရှိနေလျှင် ပစ္ဆာဇာတိန္ဒြိယ မိဿကရ၍ ၎င်းတို့ကို အထူး မပြလေသလောဟု စဉ်းစားဖွယ်ရှိ၏။ ထိုယူဆချက်မှာ မှန်သော်လည်း ယူဆချက်အတိုင်း မိဿကများကို မယူလျှင် အထက်ကပြခဲ့သော စကားရပ်၌ ပစ္ဆာ—ဟာ—ဣ ကိုသာ ယူလျှင် သင်္ချာသည် ပဉ္စ မဖြစ်တော့ပဲ တီဏိသာ ဖြစ်နေမည်။ ထို့ကြောင့် ရသင့်သော မိဿကများကို ယူခြင်းသည်သာလျှင် ပါဠိတော်, အဋ္ဌကထာ, ဋီကာများနှင့် ကိုက်ညီမည်ဖြစ်၍ မိဿကများကို ရသင့်သလို ယူရပေမည်။

### အဋ္ဌကထာ နည်းပေးပုံ

အဋ္ဌကထာ ဆရာသည် သင်္ချာခန်းများ၌ များသောအားဖြင့် သင်္ချာချင်း တိုက်၍ ယူမှုကို နည်းပေးတော်မူ၏။ ဤ အနုလောမ ပစ္စနိက်၌လည်း ''ဟေတုယာ နာရမ္မဏေ သတ္တ''ဝယ် ဟေတုက သတ္တရတယ်၊ နာရမ္မဏေက

ပန္နရသ ရတယ်။ ဒီတော့ ဟေတု သတ္တဟာ နာရမ္မဏော ပန္နရသထဲမှာ ဝင်လေတော့ ဟေတုအတိုင်း သတ္တရတယ်လို့ ပြပါတယ်။ ဒီလို သင်္ချာချင်းတိုက်မှုကို ဋီကာဆရာကြီးက မနှစ်သက်လှပါ။ နာရမ္မဏစတဲ့ ပန္နရသ ရသော ပစ္စည်းများအတွက် လျောက်ပတ်သော်လည်း န အညမည စသော ကောဒသရသော သင်္ချာများ၌ကား ဤသို့ တိုက်ဆိုင်၍ မရနိုင်ပါ။

## မူလ ပဋ္ဌာန်းဆရာတော်

ဆရာတော်ကား ဤအနုလောမ ပစ္စနိက်ကို ပို့ချရာဝယ် အသိလျင်မြန်စေရန် ရည်ရွယ်၍ ဒုကတသန့် ဈာနတသန့် ပို့ချပေးပါသည်။ ဒုကများ၌ မူလိပစ္စည်းသည် ဝိသဘာဂဖြစ်အံ့၊ ထိုဝိသဘာဂပစ္စည်းများမှာ သုညများသာ ဖြစ်ရကား တစုံတရာ စဉ်းစားဖွယ်၊ သင်္ချာချင်းတိုက်ဖွယ်မရှိပဲ (၇) ထဲမှာ သုညကို နုတ်လျှင် (၇) ပင် ကျန်သကဲ့သို့ ဟေတု သတ္တထဲမှာ နာရမ္မဏ, နာနန္တရ စသည်ကို နုတ်လျှင် ဟေတု သတ္တအတိုင်း ရကြောင်းကို အလွန်လွယ်ကူစွာ နည်းပေး၍ ပို့ချပါသည်။ မူလိပစ္စည်းသည် သဘာဂ ဖြစ်ပါမူကား ထိုသဘာဂတရားကို နုတ်ပြီးလျှင် ကြွင်းကျန်သော တရားအရ သင်္ချာကို ထုတ်ရပါသည်။ ဤအနုလောမ ပစ္စနိက်၌ မူပစ္စည်းတရားထဲမှ မူလိ ပစ္စည်းတရားကို ဒုက၌လည်းကောင်း၊ ဈာန၌လည်းကောင်း သဘာဂကို နုတ်ရမည်ဖြစ်ရာ အာရမ္မဏစသော ခေါင်းဆောင်ပစ္စည်းများမှ အာရမ္မဏာဓိပတိစသည်တို့ကို နုတ်ရပုံ၊ နုတ်နည်းများကို ပစ္စနိက်က ပြည့်စုံစွာ ပြခဲ့ပြီးဖြစ်၍ ဤ၌ ၎င်းတို့ကို အထူး နုတ်နည်း အကျယ်ကိုမပြပဲ အကျဉ်းနုတ်နည်းကိုသာ ပြပါသည်။

အာရမ္မဏာ ဓိပတိမှ အာရမ္မဏ ပုရေဇာတ စသည်ကို နုတ်ပုံ၊ သဟဇာတ အလတ် အချင်းချင်း နုတ်ပုံ၊ သဟဇာတအလတ်မှ သဟဇာတ အငယ်များကို နုတ်ပုံ၊ သဟဇာတ အငယ်အချင်းချင်းနုတ်ပုံ၊ သဟဇာတ အငယ်မှ သဟဇာတ အလတ်များကို နုတ်ပုံ စသည်တို့ကိုကား အကြွင်းတရားတို့၌ သင်္ချာတွက်ယူမှု လွယ်ကူစေရန် ပြည့်စုံအောင် ပြထားပါသည်။ ထိုသို့ ပြမှုမှာ ဒုက၌သာ မဟုတ်ပဲ ဈာနများ၌လည်း နုတ်ရမည့် သဘာဂများကိုပါ ဖော်ပြထားပါသည်။ သဟဇာတ—ပုရေဇာတ မိဿက စသည်တို့ကိုလည်း သင်္ချာရေတွက်မှု တိကျစိမ့်သောငှာ အပြည့်အစုံ ပြထားပါသည်။ ဈာနများ၌လည်း မူလိ ပစ္စည်းများ၏ သင်္ချာကို ကိန်းသေသိရှိရန် ဇယားများဖြင့် ပြထားပါသည်။ ထိုဈာနများအတွက် သံပေါက်များကိုကား ပဋ္ဌာန်းလမ်းပြ ကျမ်းငယ်၌ ပြထားပါသည်။

## — နိဒါန်း —

### ပစ္စနီယာ နုလောမ

ပါဠိတော်၌ န ဟေတုကို အကျယ်ပြ၏။ နာရမ္မဏ စသည်တို့ကိုကား ပေယျာလ ထိုး၍ အကျဉ်းမျှ ပြ၏။ န အာဟာရ၌ ပေယျာလထိုးကာ ဗာဝီသကတိုင် ပြ၏။ န ဝိပ္ပယုတ္တ၌ အတော်ကျယ်စွာ ဗာဝီသကတိုင် ပြ၏။ နော အတ္ထိ၌ ပေယျာလထိုးကာ စတုဝီသကတိုင် ပြ၏။ အရကောက်၌ကား န ဟေတုမူကို ဗာဝီသကတိုင် ထိုက်သင့်သလို ပြ၏။ ဤ ပစ္စနီယာ နုလောမ၌ လေးချက်သေကို အာရမ္မဏ မူလီ အဓိပတိမူလီ၌သာ လှည့်၍ ကြွင်း ပစ္စည်းတို့၌ မလှည့်တော့ပြီ။ နာရမ္မဏမူမှ စ၍ နော အတ္ထိမူတိုင်အောင် ဒုကမျှကိုသာ အကျဉ်းပြ၏။

သဟဇာတ အကြီးများမှ ဟေတု စသော သဟဇာတအငယ်ကိုနုတ်သော အခါ သဟဇာတအငယ်တို့၏ ပစ္စည်း ပစ္စယုပ္ပန်သည် အကြီးများ၌ ဝင်လေသောကြောင့် ဟေတုပစ္စည်းမှတပါး, သဟဇာတာ ဓိပတိ ပစ္စည်းမှတပါး သဟဇာတ ပစ္စည်းဟု ဆိုမှုကား လျှောက်ပတ်၏။ အညမည စသော အလတ်မှ အငယ်များကို နုတ်ရာ၌ကား အငယ်များ၏ ပစ္စည်း ပစ္စယုပ္ပန်ကို အလတ်များက အပြည့်အစုံ မရခြင်းကြောင့် ဟေတု ပစ္စည်းမှတပါး, သဟဇာတာ ဓိပတိ ပစ္စည်းမှ တပါးဟု မဆိုသင့်။ ဟိတ်(၆)ပါး, အဓိပတိ တရားကိုယ်(၄)ပါးမှ တပါး စသည်ဖြင့်သာ ဆိုသင့်ပေသည်။ ဤ ပစ္စနီယာ နုလောမ အရကောက်၌လည်း သဟဇာတ–ပုရေဇာတ မိဿကများကို လုံး၀ မပြ။

### အဋ္ဌကထာ နည်းပေးပုံ

အဋ္ဌကထာ ဆရာကြီးကား ထုံးစံအတိုင်း သင်္ချာချင်းတိုက်၍ ယူရမှုကို ပြ၏။ "န ဟေတု ပစ္စယာ အာရမ္မဏေ"၌ န ဟေတု သင်္ချာက ပန္နရသ၊ အာရမ္မဏသင်္ချာက န၀ဖြစ်ရာ အာရမ္မဏမှာ ဟောတဲ့ ကုသိုလ် (၃) ချက်၊ အကုသိုလ် (၃)ချက်၊ အဗျာကတ (၃) ချက်ဟာ န ဟေတု ပန္နရသထဲမှာ ရှိလေတော့ တူသဖြင့် န၀ကို ယူပါတဲ့။ ဒီလိုတိုက်ဆိုင်လို့ မတူပဲ ဆန့်ကျင်နေယင်တော့ ဆန့်ကျင်တဲ့ သင်္ချာကိုပယ်ပြီး လျှောက်ပတ်အောင် ယူပါလို့ မိန့်ပါတယ်။ မတူပဲ ဆန့်ကျင်နေတာကို ထုတ်ပြရယင် "န ဝိပ္ပယုတ္တ ပစ္စယာ ဟေတုယာ"၌ န ဝိပ္ပယုတ္တက န၀၊ ဟေတုက သတ္တဖြစ်ရာ ဒီသတ္တဟာ န ဝိပ္ပယုတ္တ န၀ထဲ မဝင်ပါဘူး၊ မတူပါဘူး။

### ဆရာတော် ပို့ချပုံ

ဆရာတော်ကား ဤပစ္စနီယာနုလောမ သင်္ချာများဟာ ပစ္စနိက်လို မခက်၊ ပစ္စနိက်မှာ "န ဟေတု ပစ္စယာ နာရမ္မဏေ" ဆိုလျှင် သဟဇာတ

ပစ္စည်းမှ ဟေတုပစ္စည်းကို နုတ်ပြီးလျှင် ကြွင်းကျန်တဲ့ သဟဇာတ, အနန္တရူပ နိဿယ, ပကတူပ နိဿယ စတဲ့ မျိုးပစ္စည်းတွေကိုပေါင်းပြီး သင်္ချာကို ရှာရတော့ အနည်းငယ် ခက်တယ်။ ဒီမှာတော့ မူလပစ္စည်း တခုကိုသာကြည့်ပြီး သဘာဂ ရှိယင် သဘာဂကိုနုတ်၍ သင်္ချာကို ယူရလေတော့ လွယ်ပါတယ်။ ပစ္စနီယာ နုလောမ ဒုကနှင့် အနုလောမပစ္စနီက် ဒုကများဟာ အတူတူ ဖြစ်ပါတယ်။ အပြန်အလှန် ဟော့မှုသာ ထူးပါတယ်။ ဥပမာအားဖြင့် 'ဟေတု ပစ္စယာ နာရမ္မဏေ သတ္တ' နှင့် 'နာရမ္မဏ ပစ္စယာ ဟေတုယာ သတ္တ' တို့ဟာ အတူတူ ဖြစ်ကြပါတယ်။ အနုလောမပစ္စနီက်က မူ တရားထဲမှာ မူလ သဘာဂ ပစ္စည်း များကို နုတ်ရတယ်။ ဒီမှာတော့ မူလပစ္စည်း တရားများထဲမှ မူ သဘာဂ ပစ္စည်းများကို နုတ်ပြီး ကျန်တဲ့ တရားအရ သင်္ချာထုတ်ရတယ်။ ဝိသဘာဂ မူလများအတွက် တစုံတရာ စဉ်းစားစရာမလိုပဲ မူလ သုဒ္ဓသင်္ချာအတိုင်း ယူရ ပါတယ်။ ဝိသဘာဂ ပစ္စည်းများကို မူလီသွတ်သောအခါ မူတရားများဟာ သုညများသာ ဖြစ်ပါတယ်။ ဥပမာ န ဟေတု မူ အာရမ္မဏ, အနန္တရ စသော ဝိသဘာဂ မူလများ၌ န ဟေတုဟာ သုညသာ ဖြစ်လေတော့ ''န ဟေတု ပစ္စယာ အာရမ္မဏေ နဝ, အနန္တရေ သတ္တ'' စသည်ကို ဆိုရပါတယ်။

**တိက စသည်။** ။တိက စသည်တို့၌ 'န အာရမ္မဏ' မူ ဝင်လာလျှင် ဇယားရှိ အာရမ္မဏ မျိုးပြုတ်ကြောင်း၊ ထိုနည်းတူ 'အနန္တရ, န သဟဇာတ'တို့ မူဝင်လာလျှင် အနန္တရူပနိဿယမျိုး, သဟဇာတမျိုးများ ပြုတ်သဖြင့် ကြွင်း မူလီ ပစ္စည်းတို့ ရ မရကို ကြည့်၍ ရသောတရား, သဘာဂကို နုတ်၍ ကြွင်းကျန်သော တရားများကို ကြည့်ကာ သင်္ချာ ထုတ်ရမည်ဟု မိန့်ဆိုပါသည်။ ထို့ပြင် ဆရာ တော်သည် န ဟေတုမူကို ကုန်စင်အောင် ယူဆပုံ နည်းနာနယများနှင့်တကွ ပို့ချပေးပြီးလျှင် နာရမ္မဏမူကို ပို့ချရာ၌ ဒုက ကိုသာ ပို့ချပေးပြီး တိက စသည်တို့မှာ န ဟေတုနှင့် တူသဖြင့် န ဟေတုအတိုင်း သိနားလည်ရန် ညွှန်ပြ ပါသည်။ ဤသို့ ညွှန်ပြသဖြင့် န ဟေတုကို နည်းယူကာ ပေယျာလများကိုပါ ဖော်စွမ်းနိုင်ပါသည်။

**တိုက်တွန်းချက်။** ။ပဋ္ဌာဝါဂ သင်္ချာခန်းများမှာ သဗ္ဗညုတ ဉာဏ်တော်၏ ကျက်စားရာဖြစ်၍ ခက်ခဲ နက်နဲလှပေသည်။ ထိုသင်္ချာများကို ရှေးအခါက နိုင်နင်းသူ ရှားလှ၏။ ထိုသင်္ချာများကို သက်သာလွယ်ကူစွာ သိနားလည်ကြရ အောင် ဆရာတော်သည် ပင်ပန်းကြီးစွာ မဖြစ်မနေ ကြံဆခဲ့၏။ ထိုသို့ ကြံဆ ရာတွင် ပစ္စနီယုဒ္ဓါရ, ပစ္စနီက်များ၌ ဟောထားသော မျိုးစဉ်အရ သုဒ္ဓသင်္ချာ များကို သဘာဂ ပစ္စည်းရေများနှင့်တကွ ပြထား၏။ မည်သည့် အရကောက် မှာမှ မရှိ၊ မရေးသားသော ထိုသဘာဂ ပစ္စည်းရေများကို ပြလိုက်သဖြင့်

## — နိဒါန်း —

ပဋ္ဌာဝ ါရ ဝိဘင် ကရိုဏ်း ကောက်ရာ၌လည်းကောင်း၊ သဘာဂ ရွေးချယ်ရာတို့၌လည်းကောင်း လွယ်ကူသွား၏။ အနုလုံ ဃဋနာများအတွက်မူ လေးပုံ သုံးပုံလောက် ဤသုဒ္ဓသင်္ချာဖြင့် ကိစ္စပြီးသွား၏။ လိုရင်း အချုပ်ကား သုဒ္ဓသင်္ချာမှ သဘာဂကို နားလည်စေ၏။ သဘာဂမှ အနုလုံ ဃဋနာကိုလည်းကောင်း၊ သုဒ္ဓသင်္ချာ မျိုးပစ္စည်းများကို မူတည်၍ ပစ္စနိက်ကိုလည်းကောင်း၊ မူသင်္ချာတွင် ဆိုင်ရာ မူလီသဘာဂများကို နုတ်၍ အနုလောမ ပစ္စနိက်ကိုလည်းကောင်း၊ မူလီသင်္ချာတွင် ဆိုင်ရာ မူသဘာဂများကို နုတ်၍ ပစ္စနိယာ နုလောမကိုလည်းကောင်း ယူရမည်ဖြစ်ရာ အားလုံးပင် သုဒ္ဓသင်္ချာဖြင့် ကိစ္စ ပြီးရကား သုဒ္ဓသင်္ချာကို ကြေညက်စွာ ရပါစေ။ ယခုအခါ ခက်ခဲလှသော သင်္ချာများမှာ လွယ်ကူလှသောနည်းကို ရကြသဖြင့် အဘိဓမ္မာအသင်းဝင် အမျိုးသား အမျိုးသမီးများသော်မှ ထိုသင်္ချာများကို အာဂုမ်ပြန်ဆိုနိုင်ရုံမက သရုပ်သဘော အရကောက်များကိုပါ သက်သက်သာသာ တတ်သိနားလည်၍ နေကြလေပြီ။ ကျွန်ုပ်တို့နည်းတူ စိတ်ပါဝင်စားသူတိုင်း လွယ်ကူစွာ သိနားလည်စေလိုသော သမ္မာဆန္ဒဖြင့် အသံဖမ်းကြိုးခွေမှ ကူးယူပြီး ပဋ္ဌာ အနုလောမ ပစ္စနိက်, ပစ္စနိယာ နုလောမ အသံဖမ်း ပဋ္ဌာန်းပို့ချစဉ်ကျမ်း ဟူသော အမည်ဖြင့် ထုတ်ဝေလိုက်ပါသည်။ ဤသို့ ထုတ်ဝေလိုက်ရခြင်းအတွက် ပဋ္ဌာန်း သာသနာတော်အတွက် များစွာ အကျိုးပြုမည်ဖြစ်ကြောင်း ယုံကြည်ပါသည်။


ဦးကျော်

ဥက္ကဋ္ဌ

အဘိဓမ္မာပြန့်ပွားရေးအသင်း

ဆူးလေစေတီ ရင်ပြင်တော်၊ ရန်ကုန်မြို့။


၁၃၄၃–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၂) ရက်။

# ပဋ္ဌာန်းပဋ္ဌာဝါရ သင်္ချာ

## (ဒုတိယပိုင်း)

### အနုလောမ ပစ္စနီယ—ပစ္စနီယာ နုလောမ

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| က | နိဒါန်း | — |
| | **အနုလောမပစ္စနီယ** | |
| ၁။ | အနုလောမ ပစ္စနီယ သဘော အဓိပ္ပာယ် | ၁ |
| ၂။ | ဟေတုမူ ဒုက | ၄ |
| ၃။ | အာရမ္မဏမူ ဒုက | ၉ |
| ၄။ | အဓိပတိမူ ဒုက | ၁၀ |
| ၅။ | အနန္တရမူ ဒုက | ၁၅ |
| ၆။ | သဟဇာတမူ ဒုက | ၁၇ |
| ၇။ | အညမညမူ ဒုက | ၁၉ |
| ၈။ | နိဿယမူ ဒုက | ၂၂ |
| ၉။ | ဥပနိဿယမူ ဒုက | ၂၅ |
| ၁၀။ | ပုရေဇာတမူ ဒုက | ၂၈ |
| ၁၁။ | ပစ္ဆာဇာတမူ ဒုက | ၂၉ |
| ၁၂။ | အာသေဝန ကမ္မမူ ဒုက | ၃၀ |
| ၁၃။ | ဝိပါကမူ ဒုက | ၃၄ |
| ၁၄။ | အာဟာရမူ ဒုက | ၃၇ |

## — မာတိကာ —


၁၅။ ဣန္ဒြိယမူ ဒုက ၄၀

၁၆။ ဈာနမူ ဒုက ၄၄

၁၇။ မဂ္ဂမူ ဒုက ၄၆

၁၈။ သမ္ပယုတ္တမူ ဒုက ၄၈

၁၉။ ဝိပ္ပယုတ္တမူ ဒုက ၅၀

၂၀။ အတ္ထိမူ ဒုက ၅၅

၂၁။ မိဿက ပကိဏ္ဏက ဃဋနာခေါင်းစဉ် (၁၁) ချက်ဆိုရိုး ၆၁

၂၂။ မိဿက ပကိဏ္ဏက ဃဋနာခေါင်းစဉ် (၃၉) ချက် ၇၂

၂၃။ သုဒ္ဓပကိဏ္ဏက ဃဋနာ (၆၄) ချက် ၈၁

၂၄။ သဟဇာတ အကြီး အလတ် ဃဋနာ (၅၇) ချက် ၉၁

၂၅။ သဟဇာတ အငယ် ဃဋနာ (၂၅၅) ချက် ၁၀၀


### ပစ္စနီယာ နုလောမ


၂၆။ ပစ္စနီယာနုလောမ သဘော အဓိပ္ပာယ် ၁၄၆

၂၇။ နဟေတုမူ ဒုက ၁၄၉

။ တိက ၁၅၃

။ စတုက္က ၁၅၆

။ ပဉ္စက ၁၅၉

။ သတ္တက ၁၆၁

။ နဝက ၁၆၂

။ ဒသက ၁၆၅

။ ဒွါဒသက ၁၆၆

။ စုဒ္ဒသက ၁၆၇

။ သောဠသက (သ အာဟာရ) ၁၆၇

။ ဗာဝီသက (သ အာဟာရ) ၁၆၈

။ သောဠသက (သ ဣန္ဒြိယ) ၁၆၈

။ ဗာဝီသက (သ ဣန္ဒြိယ) ၁၆၉

## — မာတိကာ —


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | နာရမ္မဏမူ ဒုကာဒိ | ၁၆၉ |
| ၂၉။ | နာဓိပတိမူ ဒုကာဒိ | ၁၇၁ |
| ၃၀။ | နာနန္တရမူ ဒုကာဒိ | ၁၇၆ |
| ၃၁။ | န သဟဇာတမူ ဒုကာဒိ | ၁၈၀ |
| ၃၂။ | န အညမညမူ ဒုကာဒိ | ၁၈၃ |
| ၃၃။ | န နိဿယမူ ဒုကာဒိ | ၁၉၂ |
| ၃၄။ | န ဥပနိဿယမူ ဒုကာဒိ | ၁၉၇ |
| ၃၅။ | န ပုရေဇာတမူ ဒုကာဒိ | ၂၀၂ |
| ၃၆။ | န ပစ္ဆာဇာတမူ ဒုကာဒိ | ၂၀၆ |
| ၃၇။ | နာသေဝနမူ ဒုကာဒိ | ၂၁၀ |
| ၃၈။ | န ကမ္မမူ ဒုကာဒိ | ၂၁၂ |
| ၃၉။ | န ဝိပါကမူ ဒုကာဒိ | ၂၁၇ |
| ၄၀။ | န အာဟာရမူ ဒုကာဒိ | ၂၂၁ |
| ၄၁။ | န ဣန္ဒြိယမူ ဒုကာဒိ | ၂၂၈ |
| ၄၂။ | န ဈာနမူ ဒုကာဒိ | ၂၃၃ |
| ၄၃။ | န မဂ္ဂမူ ဒုကာဒိ | ၂၃၅ |
| ၄၄။ | န သမ္ပယုတ္တမူ ဒုကာဒိ | ၂၃၇ |
| ၄၅။ | န ဝိပ္ပယုတ္တမူ ဒုကာဒိ | ၂၄၆ |
| ၄၆။ | နော အတ္ထိမူ ဒုကာဒိ | ၂၅၉ |
| ၄၇။ | ဆဝါရသချာ သဘော အဓိပ္ပာယ်၊ ဝိဘင်းနှင့် သချာတုတ်ပုံ (အနုလောမ) | ၂၆၅ |
| ၄၈။ | ဆဝါရသချာသဘော အဓိပ္ပာယ်၊ ဝိဘင်းနှင့် သချာထုတ်ပုံ (ပစ္စနီယ) | ၂၇၄ |
| ၄၉။ | ပဥ္စဝါရသချာ သဘောအဓိပ္ပာယ်၊ ဝိဘင်းနှင့် သချာထုတ်ပုံ | ၂၈၁ |

## ဇယား မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | ပဉှာဝါရ အနုလောမ ပစ္စနိက် ဒုက ဇယား |
| ၂။ | ပဉှာဝါရ အနုလောမ ပစ္စနိက် ဃဋနာ ဇယား |
| ၃။ | ပဉှာဝါရ အနုလောမ ပစ္စနိက် မိဿက ပကိဏ္ဏက ဃဋနာဇယား တနည်း |
| ၄။ | ပဉှာဝါရ အနုလောမ ပစ္စနိက် သုဒ္ဓ ပကိဏ္ဏက ဃဋနာ ဇယား တနည်း |
| ၅။ | ပဉှာဝါရ အနုလောမ ပစ္စနိက် သဟဇာတ အကြီးအလတ် ဃဋနာ ဇယား တနည်း |
| ၆။ | ပဉှာဝါရ အနုလောမ ပစ္စနိက် သဟဇာတ အငယ် ဃဋနာ ဇယား တနည်း |
| ၇။ | ပစ္စနိယာ နုလောမနှင့် နဟေတု နမူနာ ဇယား |
| ၈။ | ပစ္စနိယာ နုလောမနှင့် နဟေတု နမူနာ ဇယား |

# (က)

ပဉ္စဝေါရ အနုလောမ ပစ္စနိက် ဒုက် ဇယား

| ပစ္စည်း | | အာ | သဟ | ဥပ | | ပုရေ | ပစ္ဆာ | ကံ | ဟာ | ဣ | သဟ ပုရေ | ပစ္ဆာ ဟာ | ပစ္ဆာ ဣ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အနန္တရ | ပကတူ | | | | | | | | |
| ဟေ | | | ဟေ ၇ | | | | | | | | | | |
| အာ | | * အာ ၉ | | | | | | | | | | | |
| ဓိ | ၁၀ | အာဓိ ၇ | သဟာဓိ ၇ | | | | | | | | | | |
| နံ | | | | * နံ ၇ | | | | | | | | | |
| သနံ | | | | * သနံ ၇ | | | | | | | | | |
| သဟ | | | * သဟ ၉ | | | | | | | | | | |
| အည | | | ည ၃ | | | | | | | | | | |
| နိ | ၁၃ | ဝဏ္ဏ ၃ | သဟနိ ၉ | | | * ပုရေနိ ၃ | | | | | သဟပုရေ ၂ | | |
| ဥပ | ၉ | အာရမ္မဏူ ၇ | | * အနန္တရူ ၇ | * ပကတူ ၉ | | | | | | | | |
| ပု | | အာပု ၃ | | | | * ဝတ်ပု ၃ | | | | | | | |
| ပစ် | | | | | | | * ပစ္ဆာ ၃ | | | | | | |
| သေ | | | | သေ ၃ | | | | | | | | | |
| ကံ | | | သဟကမ္မ ၇ | အနံကမ္မ ၁ | ဗလဝကမ္မ ၂ | | | * ကံ | | | | | |
| ဝိပါ | | | ဝိပါ ၁ | | | | | | | | | | |
| ဟာ | | | နာမ်ဟာ ၇ | | | | | | * ရုပ်ဟာ ၁ | | | | |
| ဣ | | | သဟတိံ ၇ | | | ပုတိံ ၁ | | | | * ရူပတိ ၁ | | | |
| ဈာ | | | ဈာ ၇ | | | | | | | | | | |
| မဂ် | | | မဂ် ၇ | | | | | | | | | | |
| သံ | | | သံ ၃ | | | | | | | | | | |
| ဝိပ် | ၅ | ဝဏ္ဏ ၂ | သဟဝိပ် ၃ | | | * ပုရေဝိပ် ၃ | * ပစ္ဆာဝိပ် ၃ | | | | | | |
| အတ် | ၁၃ | အာပု ၃ | * သဟ ၉ | | | * ပုရေ ၃ | * ပစ္ဆာ ၃ | | ရုပ်ဟာ ၁ * | ရူပတိ ၁ * | သဟပုရေ ၂ | ပစ္ဆာဟာ ၂ | ပစ္ဆာဣ ၂ |
| နတ် | | | | * နတ် ၇ | | | | | | | | | |
| ဝိဂ | | | | * ဝိဂ ၇ | | | | | | | | | |
| အဝိ | ၁၃ | အာပု ၃ | * သဟ ၉ | | | * ပုရေ ၃ | * ပစ္ဆာ ၃ | | * ရုပ်ဟာ ၁ | * ရူပတိ ၁ | သဟပုရေ ၂ | ပစ္ဆာဟာ ၂ | ပစ္ဆာဣ ၂ |

ပဉှာဝါရ အနုလောမ ပစ္စနိက် ဃဋနာ ဇယား

| ပစ္စည်း | | အာ | သဟ | ဥပ | | ပုရေ | ပစ္ဆာ | ကံ | ရုပ်ဟာ | ရူပတိံ | သဟပုရေ | ပစ္ဆာဟာ | ပစ္ဆာဣံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အနန္တရ | ပကတူ | | | | | | | | |
| ဟေ | | | ဟေ ၇ | | | | | | | | | | |
| အာ | | အာ ၉ | | | | | | | | | | | |
| ဓိ | ၁၀ | အာဓိ ၇ | သဟာဓိ ၇ | | | | | | | | | | |
| | ၈ | အာပုဓိ ၇ | သဟာဓိ ၇ | | | | | | | | | | |
| | ၈ | ဝတ္ထာဓိ ၁ | သဟာဓိ ၇ | | | | | | | | | | |
| နံ | | | | နံ ၇ | | | | | | | | | |
| သနံ | | | | သနံ ၇ | | | | | | | | | |
| သဟ | | | သဟ ၉ | | | | | | | | | | |
| ည | | | ည ၃ | | | | | | | | | | |
| နိ | ၁၃ | ဝတ္ထာ ၃ | သဟနိ ၉ | | | ပုရေနိ ၃ | | | | | သဟပုရေ ၂ | | |
| ဥ | ၉ | အာရမ္မဏူ ၇ | | အနန္တရ ၇ | ပကတူ ၉ | | | | | | | | |
| ပု | | အာပု ၃ | | | | ဝတ်ပု ၃ | | | | | | | |
| ပစ် | | | | | | | ပစ္ဆာ ၃ | | | | | | |
| သေ | | | | သေ ၃ | | | | | | | | | |
| ကံ | | | သဟကမ္မ ၇ | အနံအမ္မ ၁ | ဗလဝကမ္မ ၂ | | | ကံ ၂ | | | | | |
| ဝိပါ | | | ဝိပါ ၁ | | | | | | | | | | |
| ဟာ | | | နာမ်ဟာ ၇ | | | | | | ရုပ်ဟာ ၁ | | | | |
| ဣံ | ၇ | | သဟတိံ ၇ | | | ပုတိံ ၁ | | | | ရူပတိံ ၁ | | | |
| | ၃ | | သဟတိံဝိပ် ၃ | | | ပုတိံ ၁ | | | | | | | |
| ဈာ | | | ဈာ ၇ | | | | | | | | | | |
| မဂ် | ၇ | | မဂ် ၇ | | | | | | | | | | |
| သံ | | | သံ ၃ | | | | | | | | | | |
| ဝိပ် | ၅ | ဝတ္ထာ ၃ | သဟဝိပ် ၃ | | | ပုရေဝိပ် ၃ | ပစ္ဆာဝိပ် ၃ | | | | | | |
| | ၄ | ဝတ္ထာဓိ ၁ | သဟာဓိဝိပ် ၃ | | | | | | | | | | |
| အတ် | ၁၃ | အာပု ၃ | သဟ ၉ | | | ဝတ်ပု ၃ | ပစ္ဆာ ၃ | | ရုပ်ဟာ ၁ | ရူပတိံ ၁ | သဟပုရေ ၂ | ပစ္ဆာဟာ ၂ | ပစ္ဆာဣံ ၂ |
| နတ် | | | | နတ် ၇ | | | | | | | | | |
| ဝိဂ | | | | ဝိဂ ၇ | | | | | | | | | |
| အဝိ | ၁၃ | အာပု ၃ | သဟ ၉ | | | ဝတ်ပု ၃ | ပစ္ဆာ ၃ | | ရုပ်ဟာ ၁ | ရူပတိံ ၁ | သဟပုရေ ၂ | ပစ္ဆာဟာ ၂ | ပစ္ဆာဣံ ၂ |

ပဥှာဝါရ အနုလောမပစ္စနိက် ဒိသက ပကိဏ္ဏက ဃဋနာဝါရ တနည်း

| [illegible] | [illegible] | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | |
|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | အာပုဒ္ဒိ သဟာဓိ | ဝဏ္ဏာဓိ သဟာဓိ | နာမ်ဟာ ရုပ်ဟာ | ဣ ၃ | သဟတိ° ပုတိ° | ဝိပ် ၄ | ဝဏ္ဏာ, သဟဝိပ် ပုရေဝိပ် | ဝဏ္ဏာဓိ သဟာဓိဝိပ် | သဟတိ°ဝိပ် ပုတိ° | |
| | | = | = | | | | | | = | | ၃ |
| | = | | = | | | = | | = | = | = | ၆ |
| | | | | = | | | | | | | ၁ |
| | | | | | = | = | | | | = | ၃ |
| | | | | | | | = | = | = | = | ၄ |
| | = | = | = | = | = | = | = | = | = | = | ၁၁ |
| | | = | = | = | = | = | = | = | = | = | ၁၁ |
| ၁၁ | ၁၃ | ၈ | ၈ | ၇ | ၇ | ၇ | ၅ | ၅ | ၄ | ၃ | (၃၉) |
| | | ၇ | ၇ | | | | | | ၃ | | |
| | ၃ | ၁ | ၁ | ၁ | ၁ | ၁ | | ၃ | ၁ | ၁ | |
| | ၇ | ၄ | ၄ | ၃ | ၃ | ၃ | | | | | |
| | * | ၁ | * | ၁ | ၁ | * | ၃ | * | * | * | |
| | | ၇ | ၇ | | | | | | ၃ | | |
| | ၉ | ၇ | ၇ | | | | ၃ | ၃ | ၃ | | |
| | [illegible] | ၄ | ၄ | ၃ | ၃ | ၃ | | | | | |
| | ၃ | ၄ | ၃ | ၃ | ၃ | ၃ | | | | | |

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပဋ္ဌာ | အာပု ဝတ်ပု | ဝတ်ပု | အာဓိ | အာပု | ဝဏ္ဏာ | အာပုဓိ | ဝဏ္ဏာဓိ | ပုတိ | အနံ | သေ | ဗလဝ နာနာ ကမ္မ | အနံကမ္မ | |
| အာ | | | | ။ | ။ | ။ | ။ | ။ | | | | | | ၅ |
| ဗြ | | | | ။ | | | ။ | ။ | | | | | | ၃ |
| နံ | | | | | | | | | | ။ | ။ | | ။ | ၃ |
| သနံ | | | | | | | | | | ။ | ။ | | ။ | ၃ |
| ဒို | | | ။ | | | ။ | | ။ | ။ | | | | | ၄ |
| ဥ | | | | ။ | | | ။ | ။ | | ။ | ။ | ။ | ။ | ၇ |
| ပု | | ။ | ။ | | ။ | ။ | ။ | ။ | ။ | | | | | ၇ |
| ပဉ် | ။ | | | | | | | | | | | | | ၁ |
| သေ | | | | | | | | | | | ။ | | | ၁ |
| ကံ | | | | | | | | | | | | ။ | ။ | ၂ |
| ဍု | | | | | | | | | ။ | | | | | ၁ |
| ဝိပ် | ။ | | ။ | | | ။ | | ။ | ။ | | | | | ၅ |
| အတ် | ။ | ။ | ။ | | ။ | ။ | ။ | ။ | ။ | | | | | ၈ |
| နတ် | | | | | | | | | | ။ | ။ | | ။ | ၃ |
| ဝိဂ | | | | | | | | | | ။ | ။ | | ။ | ၃ |
| အဝိ | ။ | ။ | ။ | | ။ | ။ | ။ | ။ | ။ | | | | | ၈ |
| | ၃ | ၃ | ၃ | ၇ | ၃ | ၃ | ၁ | ၁ | ၁ | ၇ | ၃ | ၂ | ၁ | (၆၄) |
| | | | | | | | | | | ၅ | | | | |
| သေ | | | | | | | | | | | | | | |

[illegible] ကြီး လတ် ဆင့်နှာဝယား တနည်း

| | [illegible] ၅ ချက် | | | | | သဝိပါက ၅ ချက် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂ | ၃ | ၄ | ၅ | ၁ | ၂ | ၃ | ၄ | ၅ | |
| | သ | ည | သ | သဟဇိဋ် | ည၊ဇိဋ် | ဝိပါ | ဝိပါည | ဝိပါသံ | ဝိပါဇိဋ် | ဝိပါ၊ည၊ဇိဋ် | အချက် |
| [illegible] | ။ | ။ | ။ | ။ | ။ | ، ။ | ။ | ။ | ။ | ။ | ၁၀ |
| [illegible] | | ။ | ။ | | ။ | | ။ | ။ | | ။ | ၆ |
| [illegible] | · | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၀ |
| ဝိပါက | | | | | | ။ | ။ | ။ | ။ | ။ | ၅ |
| [illegible] | | | ။ | | | | | ။ | | | ၂ |
| [illegible] | | | | ။ | ။ | | | | ။ | ။ | ၄ |
| [illegible] | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၀ |
| [illegible] | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၀ |
| | ၉ | ၃ | ၃ | ၃ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | (၅၇) |
| [illegible] | ၅ | | | | | | | | | | |
| [illegible] | ၅ | ၁ | | | | | | | | | |
| [illegible] | ၃ | | | | | | | | | | |

(၈)

ပဋ္ဌာဝါရ အနုလောမပစ္စနိက် သဟဇာတ အငယ် ဃဋနာဇယား တနည်း

| | ပစ္စည်းတရား | ဃဋနာအမည် | | | | | | | အချက် | သင်္ချာ | မူလီပစ္စည်းသင်္ချာ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဟေ | ဓိ | ကံ | ဟာ | ဣံ | ဈာ | မဂ် | | | ည | သံ | ဝိပ် |
| ၁ | သာမည | * ။ | | | * ။ | * ။ | * ။ | * ။ | ၉ စီ | | | | |
| ၂ | ဝီရိယ၊ သတိ၊ ဧ၊ ပညာ | | | | | ။ | | ။ | ၉ ။ | | | | |
| ၃ | ဝေ၊ ဧ | | | | | ။ | ။ | | ၉ ။ | | | | |
| ၄ | တက်၊ ဧ | | | | | | ။ | ။ | ၉ ။ | ၇ | ၃ | ၃ | |
| ၅ | ဧ | | | | | ။ | ။ | ။ | ၉ ။ | ၃ | | ၁ | |
| ၆ | စေတနာ | | | ။ | ။ | | | | ၉ ။ | ၃ | | | |
| ၇ | ဝိညာဉ် | | | | ။ | ။ | | | ၉ ။ | ၃ | | | |
| ၈ | ဆန္ဒာဓိ | | ။ | | | | | | ၆ ။ | | | | |
| ၉ | စိတ္တာဓိ | | ။ | | ။ | ။ | | | ၆ စီ | | | | |
| ၁၀ | ဝီရိယာဓိ | | ။ | | | ။ | | ။ | ၆ ။ | | | | |
| ၁၁ | အမောဟ | ။ | | | | ။ | | ။ | ၉ ။ | ၄ | ၂ | ၂ | ၂ |
| | | | | | | | | | | ၂ | | ၁ | |
| ၁၂ | ဝီမံသာဓိ | ။ | ။ | | | ။ | | ။ | ၆ ။ | ၂ | | | |
| | | | | | | | | | | ၂ | | | |
| | အချက်ပေါင်း | ၂၄ | ၂၄ | ၉ | ၃၃ | ၇၂ | ၃၆ | ၅၇ | (၂၅၅) | | | | |

# ပစ္စနိယာ နုလောမနှင့် နဟေတု နမူနာ

| ပဉှာဝါရ ပစ္စနိယာနုလောမ ဇယား | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပစ္စည်း | | အာ | သဟ | ဥပ | | ပုရေ | ပစ္ဆာ | ကံ | ရုပ် ဟာ | ရူပ တိ | သဟ ပုရေ | ပစ္ဆာ ဟာ | ပစ္ဆာ ဣ |
| | | | | အနန္တရ | ပကတူ | | | | | | | | |
| ဟေ | ၇ | | ဟေ | | | | | | | | | | |
| အာ | ၉ | * အာ | | | | | | | | | | | |
| ဓိ | ၁၀ | အာဓိရ | သဟာဓိ၇ | | | | | | | | | | |
| နံ | ၇ | | | * နံ | | | | | | | | | |
| သနံ | ၇ | | | * သနံ | | | | | | | | | |
| သဟ | ၉ | | * သဟ | | | | | | | | | | |
| ည | ၃ | | ည | | | | | | | | | | |
| နိ | ၁၃ | ဝတ္ထာ ၃ | သဟနိ * ၉ | | | *ပုရေနိ ၃ | | | | | သဟပု ၂ | | |
| ဥ | ၉ | အာရမ္မဏူ ၇ | | *အနန္တရ ၇ | ပကတူ ၉ | | | | | | | | |
| ပု | ၃ | အာပု ၃ | | | | *ဝတ်ပု ၃ | | | | | | | |
| ပစ | ၃ | | | | | | *ပစ္ဆာ | | | | | | |
| သေ | ၃ | | | သေ | | | | | | | | | |
| ကံ | ၇ | | သဟကံ၇ | နံကံ ၁ | ဗလကံ ၂ | | | * ကံ ၂ | | | | | |
| ဝိပါ | ၁ | | ဝိပါ | | | | | | | | | | |
| ဟာ | ၇ | | နမ်ဟာ ၇ | | | | | | *ရုပ်ဟာ ၁ | | | | |
| ဣ | ၇ | | သဟတိ ၇ | | | ပုတိ ၁ | | | | *ရူပတိ ၁ | | | |
| ဈာ | ၇ | | ဈာ | | | | | | | | | | |
| မဂ် | ၇ | | မဂ် | | | | | | | | | | |
| သံ | ၃ | | သံ | | | | | | | | | | |
| ဝိပ် | ၅ | ဝတ္ထာ ၃ | သဟဝိပ် ၃ | | | * ပုရေ ၃ | *ပစ္ဆာ ၃ | | | | | | |
| အတ် | ၁၃ | အာပု ၃ | * သဟ ၉ | | | * ပုရေ ၃ | *ပစ္ဆာ ၃ | | *ရုပ်ဟာ ၁ | ရူပတိ ၁ | သဟပု ၂ | ပစ်ဟာ ၂ | ပစ်ဣ ၂ |
| နတ် | ၇ | | | * နတ် | | | | | | | | | |
| ဝိဂ | ၇ | | | * ဝိဂ | | | | | | | | | |
| အဝိ | ၁၃ | အာပု ၃ | * သဟ ၉ | | | * ပုရေ ၃ | *ပစ္ဆာ ၃ | | *ရုပ်ဟာ ၁ | *ရူပတိ ၁ | သဟပု ၂ | ပစ်ဟာ ၂ | ပစ်ဣ ၂ |

ပစ္စနီယာနုလောမနယ် နှ ဟေတု နမ္မနာ

| ပစ္စည်း | | ၂ | ၃ | ၄ | ၅<br>၆ | ၇<br>၈ | ၉ | ၁၀<br>၁၁ | ၁၂<br>၁၃ | ၁၄<br>၁၅ | ၁၆-၂၂<br>သဟာ | ၁၆-၂၂<br>သင်္ဂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | နဟေတု ဒုကမူလ ဂဏနား | | | | | | | | | | | |
| ဟေ | ၇ | | | | | | | | | | | |
| အာ | ၉ | ၉ | | | | | | | | | | |
| ဓိ | ၁၀ | ၁၀ | ၇ | | | | | | | | | |
| နံ | ၇ | ၇ | - | - | | | | | | | | |
| သနံ | ၇ | ၇ | - | - | | | | | | | | |
| သဟ | ၉ | ၉ | - | - | - | | | | | | | |
| ည | ၃ | ၃ | - | - | - | | | | | | | |
| နိ | ၁၃ | ၁၃ | - | - | - | ၃ | | | | | | |
| ဥ | ၉ | ၉ | - | - | - | ၉ | ၉ | | | | | |
| ပု | ၃ | ၃ | - | - | - | ၃ | | | | | | |
| ပစ် | ၃ | ၃ | - | - | - | ၃ | ၃ | ၃ | | | | |
| သေ | ၃ | ၃ | - | - | | | | | | | | |
| ကံ | ၇ | ၇ | - | - | - | ၂ | ၂ | ၂ | ၂ | | | |
| ဝိပါ | ၁ | ၁ | - | - | - | | | | | | | |
| ဟာ | ၇ | ၇ | - | - | - | ၁ | ၁ | ၁ | ၁ | ၁ | | ၁ |
| ဣံ | ၇ | ၇ | - | - | - | ၁ | ၁ | ၁ | ၁ | ၁ | ၁ | |
| ဈာ | ၇ | ၇ | - | - | - | | | | | | | |
| မဂ် | ၇ | ၇ | - | - | - | | | | | | | |
| သံ | ၃ | ၃ | - | - | - | | | | | | | |
| ဝိပ် | ၅ | ၅ | - | - | - | ၅ | ၃ | ၃ | | | | |
| အတ် | ၁၃ | ၁၃ | - | - | - | ၇ | ၅ | ၅ | ၁ | ၁ | ၁ | ၁ |
| နတ် | ၇ | ၇ | - | - | - | | | | | | | |
| ဝိဂ | ၇ | ၇ | - | - | - | | | | | | | |
| အဝိ | ၁၃ | ၁၃ | - | - | - | ၇ | ၅ | ၅ | ၁ | ၁ | ၁ | ၁ |

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ပဋ္ဌာန်း ကုသလတိက် ပဉ္စာဝါရ အနုလောမ ပစ္စနိက်

❀

ပစ္စနိက်ပြီးတော့ အနုလောမ ပစ္စနိက်။ ဒီ အနုလောမ ပစ္စနိက် ပါဠိတော် ဆဋ္ဌမူမှာဆိုယင် စာမျက်နှာ (၇၀) နီးပါး (၆၉) မျက်နှာသာသာ ရှိပါတယ်။ အဲဒီ (၆၉)မျက်နှာ ပါဠိတော်ကို အဋ္ဌကထာက ဖွင့်တဲ့ အခါကျတော့ တစ်မျက်နှာခွဲပဲ ရှိပါတယ်။ အင်မတန် နဲပါတယ်။ အဋ္ဌကထာ ဆရာကြီးဟာ ယမိုက်တို့၊ ပဋ္ဌာန်းတို့ ရောက်တဲ့ အခါကျတော့ ဖွင့်ပုံတွေဟာ အင်မတန် ကျဉ်းပါတယ်။

အဲဒီ အနုလောမ ပစ္စနိက်မှာ နည်းက ဘယ်လိုလဲဆိုတော့ အနုလောမ ပစ္စနိက်မှာ မူက ဟေတု၊ ကျန်တာတွေက မူလီကွေ့ပဲ။ အဲဒီမှာ အဋ္ဌကထာ ဆရာကြီး နည်းပေးထားတာက "အနုလောမ ပစ္စနီယေ" ဟေတုယာ သတ္တ၊ **အာရမ္မဏေ** နဝါတိ ဧဝံ အနုလောမေ၊ "န ဟေတုယာ ပန္နရသ၊ နာရမ္မဏေ ပန္နရသာ" တိ ဧဝံ ပစ္စနီယေ စ လဒ္ဓဂဏနေသု ပစ္စယေသု ယော ပစ္စယော **အနု**လောမတော ဋ္ဌိတော၊ တဿ အနုလောမေ လဒ္ဓဝါရေဟိ သဒ္ဓိံ ယေ ပစ္စနီယ တော ဌိတဿ ပစ္စနီယေ လဒ္ဓဝါရေသု သဒိသဝါရာ၊ တေသံ ဝသေန ဂဏနာ ဝေဒိတဗ္ဗာ"လို့ အနုလုံက ဟေတုမှာ သတ္တရှိတယ်၊ အာရမ္မဏမှာ နဝရှိတယ်လို့

F 1 ၁၃၂၈–ခု၊ တပေါင်းလဆန်း (၅) ရက်၊ ၁၉၆၇–ခု၊ မတ်လ (၁၅) ရက်၊ ဗုဒ္ဓဟူးနေ့၊ (ပထမအကြိမ်)

ဆိုတဲ့ အနုလုံသချ်ာ ရှိတယ်။ ပစ္စနိက်က န ဟေတုယာ ပန္နရသ၊ နာရမ္မဏေ ပန္နရသရယ်လို့ ပစ္စနိက်က သချ်ာရှိကြပါတယ်။ အနုလုံသချ်ာနဲ့ ပစ္စနိက်သချ်ာကို တိုက်ကြည့်ပြီး တူတာရှာမယ် (Common) ရှာမယ်လို ဆိုယင် ဟေတုယာ သတ္တလို့ ဆိုတဲ့ သချ်ာဟာ နာရမ္မဏေ ပန္နရသလို့ ရတဲ့ သချ်ာထဲမှာ အားလုံး ကုန် ဝင်ပါတယ်။ လိုရင်းက ဟေတုယာ သတ္တ သချ်ာဟာ နာရမ္မဏေ ပန္နရသထဲမှာ ရှိတဲ့ သချ်ာနဲ့ သဘာဂ ဖြစ်ပါတယ်။ တူပါတယ်။ အဲဒါ ကြောင့် ဟေတုယာ သတ္တလို့ ဆိုတဲ့အတိုင်း သချ်ာကို သတ္တပဲယူပါတဲ့။ ဆိုလို ရင်းက ဘာလဲ?။ "ဟေတုပစ္စယာ နာရမ္မဏေ သတ္တ" ဟေတုပစ္စည်းသာ တပ်၍ အာရမ္မဏ ပစ္စည်း မတပ်ဘူး။ မတပ်တော့ သချ်ာ ဘယ်လောက် ရသလဲ?။ သတ္တရတယ်လို့ ဆိုတယ်။ အဲဒါ အဋ္ဌကထာ ဆရာကြီးက သချ်ာခန်း တွေဟူသမျှ သချ်ာချင်းတိုက်ပြီး ယူဖို့ရာ အားလုံးကုန် နည်းနာနယ ပေးခဲ့ ခြင်း ဖြစ်ပါတယ်။

မူလ ဋီကာ ဆရာက ဟေတု သတ္တနဲ့ နာရမ္မဏ . ပန္နရသမှာ ဟေတု သတ္တဟာ သဒိသဝါရ, သဒိသ သချ်ာ ဖြစ်ပါတယ်လို့ ဆိုတယ်။ အဋ္ဌကထာ စကားရပ်မှာ သဒိသဝါရဆိုတာ ဘာယူရမလဲဆိုယင်တဲ့ အနုရူပဝါရ လျောက် ပတ်တဲ့သချ်ာ ယူရမယ်လို့ ဆိုလိုပါတယ်တဲ့။ ဘာ့ကြောင့်လဲဆိုတော့ ဟေတုယာ သတ္တနဲ့ န အညမညေ ဧကာဒသ တို့ရဲ့ သဒိသဝါရကိုရွေးယင် ဟေတုယာ သတ္တက—ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာက တဿ၊ အကုသလော အကုသလာ ဗျာကတဿ၊ အဗျာကတော အဗျာကတဿလို့ သချ်ာ သတ္တ ရှိပါတယ်။ န အညမညေ ဧကာဒသ ကျတော့—ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော ကုသလဿ၊ အကုသလော အဗျာက တဿ၊ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာ ကတော အကုသလဿ၊ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ လို့ သချ်ာ ဧကာဒသ ရှိပါတယ်။ သူတို့ရဲ့ သဒိ သဝါရကို ရွေးလိုက်မယ် ဆိုယင် ဘာသာရမလဲ?။ ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဲဒီ ၂ ချက်သာ တူတယ်လို့ မူလ ဋီကာ ဆရာကြီးက ပြောတယ်။ အဲဒီလို တူကြောင်းကိုလဲ "န အညမည လဒ္ဓေသုဟိ ဧကာဒသသု" ကုသလော ကုသလဿ၊ အကုသလော အကုသလဿာတိ ဣမေ ဟေတုယာ လဒ္ဓေသု သတ္တသု ဣမေဟေဝ ဒွိဟိ သမာနာ ဟောန္တိ"။ သမာနာ ဟောန္တိလို့ ၂ ချက်ပဲ တူသတဲ့။ ဒီလို ၂ ချက်ထဲသာတူတော့ အနုလုံက သချ်ာနဲ့ ပစ္စနိက်က သချ်ာကို တိုက်ပြီး ယူရမယ်လို့ ဆိုတာဟာ သဘာဝ

မကျဘူး၊ မလျော်ပတ်ပါဘူးတဲ့။ အဲဒီတော့ တူတယ်လို့ဆိုတာဟာ ဘာတွေ တူရမလဲ။ အားလုံးကုန် ပစ္စည်း ပစ္စယုပ္ပန် စသည် တူတာကို ရည်ရွယ်ပြီး ဆိုတာပါတဲ့။ အနုဋီကာကို ကြည့်လိုက်ပြန်တော့ "ဣမေဟေဝ" ဆိုတဲ့ နေရာမှာ "ကုသလော ကုသလဿ၊ အကုသလော အကုသလဿာတိ ဣမေဟိ ဧဝ သမာနာ ဟောန္တိ ကုသလာဒိတာ သာမညေန" ရယ် လို့ ကုသိုလ်စသည်တွေရဲ့ အဖြစ်တူတယ်လို့ ဆိုပါတယ်။ ပြီးတော့ ဟေတု သတ္တနဲ့ န အညမညေ ကောဒသ သင်္ချာတူတာကို ကြည့်လိုက်မယ်ဆိုယင် ဘာရမလဲ?။ ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ လို့ ဟေဒီ (၅) ချက်သာ တူမယ်။ ဟေတုက ကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အကုသလာဗျာကတဿ ဟာ န အညမညမှာ မရှိပါဘူး။ အဲဒီတော့ အကျဉ်းချုပ်အားဖြင့် အနုလောမ ပစ္စနိက်မှာ အဋ္ဌကထာ ဆရာကြီးက သင်္ချာချင်း တူတာ လိုက်တယ်။ မူလဋီကာကတော့ လျော်ပတ်တာ ယူပါလို့ ဆိုတယ်။

ယခု တပည့်တော်လို ကြံဆထားတဲ့ အလွယ်ဆုံး အရှင်းဆုံး ပို့ချမယ့် နည်းကတော့ ပါဠိတော်မှာ ဟေတု—အစ ရှိသည်တွေကို ဒုက ဃဋနာရယ်လို့ ဟောပါတယ်။ တပည့်တော်တို့ကတော့ ဒုကသတ်သတ်၊ ဃဋနာသတ်သတ် ပို့ချပေးပါမယ်။ ဒုကသတ်သတ် ဃဋနာသတ်သတ် ပို့ချပေးတော့ ဒီ အနုလောမ ပစ္စနိက်ရဲ့ အကျဉ်းချုပ်ဖြစ်တဲ့ နည်းနာနယဟာ ဘာလဲဆိုယင် မူလီဖြစ်တဲ့ ပစ္စည်းတွေဟာ သဘာဂ ဖြစ်သလား မဖြစ်ဘူးလား ကြည့်ပါ။ သဘာဂဖြစ်ခဲ့ လို့ရှိယင် ဒီ သဘာဂတရားကို နှုတ်ပါ။ ကျန်တဲ့ တရားအားလျော်စွာ သင်္ချာကို ထုတ်ပါ။ သဘာဂ မဟုတ် မျိုးမတူသဲ့ ဝိသဘာဂမျိုး ဖြစ်နေခဲ့လို့ရှိယင် ဘာမှ စဉ်းစားစရာ မလိုတော့ဘူး။ မျိုးမတူတဲ့ န အာဒုမ္မဏ စတဲ့ မူလီတရားတွေဟာ သုညတွေပဲ။ အားလုံးကုန် သုညတွေပဲ။ အနန္တရ သမနန္တရ စသည်တွေလဲ အကုန်လုံး သုညတွေချည်းပဲ။ သုညတွေချည်းပဲ ဖြစ်တော့ ခုနစ်ထဲမှာ သုည နှုတ်တော့ ခုနစ်ပဲ ကျန်မှာပဲ။ အဲဒါကြောင့် နည်းအကျဉ်းချုပ်က သဘာဂကို နှုတ်၊ ကျန်တဲ့ တရားတွေကို တရားအားလျော်စွာ ကြည့်၍ သင်္ချာယုတ်။ ဝိသဘာဂ ပစ္စည်းတွေအတွက် စဉ်းစားစရာ မလိုတော့ဘူး။ အဲဒါဟာ နည်းပါပဲ။

အဲဒါ နည်းဖြစ်တော့ ဟေတုဂု ဒုံးမှာ ဟေတုဟာ သဟဇာတမျိုး ဖြစ်ပါတယ်။ အာရမ္မဏ အနန္တရ စတဲ့ ကြွင်းကျန်တာတွေ အားလုံးကုန် ဝိသဘာဂ ဖြစ်ပါတယ်။ ဝိသဘာဂဖြစ်တော့ အဲဒီ ဝိသဘာဂ ပစ္စည်းတွေကို တခုစီ တခုစီ ဆိုမနေပဲနဲ့ ကိစ္စပြီးလွယ်အောင် အားလုံးကုန် ပေါင်းပြီး ဆိုပြပါ

မယ်။ ဟေတုရဲ့ သဘာဂဟာ ဘယ်လောက်ရှိသလဲ။ ဟေတုနှုတ်ရင် ၁၁ ပစ္စည်း ရှိပါတယ်။ အဲဒီ ၁၁ ပစ္စည်းက ကျန်တဲ့ပစ္စည်းတွေဟူသမျှ အားလုံးကုန် မူလီသွတ်လိုက်ပါ။ ဆိုရိုးက—ဟေတုမူ နာရမ္မဏ စသည် ဒုက

**ဟေတုမူ နာရမ္မဏ၊ နာနန္တရ၊ န သမနန္တရ၊ န ဥပနိဿယ၊ န ပုရေဇာတ၊ န ပစ္ဆာဇာတ၊ နာ သေဝန၊ န ကမ္မ၊ န အာဟာရ၊ န ဈာန၊ နော နတ္ထိ၊ နော ဝိဂတ ဒုကဋ္ဌ—** (ဒါ ဝိသဘာဂတွေကို အားလုံးကုန် မူလီသွတ်ပြတာ ပါပဲ။) သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်(၆)ပါး။ (ဒါ ဟေတုရဲ့ သုဒ္ဓသင်္ချာပါပဲ။) ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ အာရမ္မဏ အငေ့ရှိသော ပစ္စည်းတို့ မတပ်သောကြောင့် အာရမ္မဏ အငေရှိသော ပစ္စည်းတို့ ထွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ ဟေတုပစ္စယာ နာရမ္မဏေ သတ္တ၊ နာနန္တရေ သတ္တ၊ န သမနန္တရေ သတ္တ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ သတ္တ၊ နာသေဝနေ သတ္တ၊ န ကမ္မေ သတ္တ၊ န အာဟာရေ သတ္တ၊ န ဈာနေ သတ္တ၊ နော နတ္ထိယာ သတ္တ၊ နော ဝိဂတေ သတ္တ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အဲဒါက ကိစ္စပြီးလွယ်အောင် ဝိသဘာဂ ပစ္စည်းတွေကို အားလုံးကုန် မူလီသွတ်ပါတယ်။ ပြီးတော့ကာမှ သဘာဂတွေ ရှာရပါတယ်။ အနုလောမ ပစ္စနိက်မှာ အနုလုံက ဆိုခဲ့တဲ့ သဘာဂတွေကို နားလည်ရပါမယ်။ ဟေတုမူ ယူသဖြင့် သင်္ချာဟာ သတ္တထက် တိုးပြီး မရပါဘူး။ ဟေတုရဲ့ သုဒ္ဓသင်္ချာသည် သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ် ၆ ပါး ရပါတယ်။ အဓိပတိနဲ့ အနုလုံတုန်းက သဘာဂ ရှာလိုက်တော့ ဘာ လာရသလဲ?။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဝီမံသာဓိပတိ ဒါ လာရပါတယ်။ အဲဒီတော့ ပစ္စယုပ္ပန်ထဲက သမ္ပယုတ္တခန္ဓာဟာ ဟေတု သမ္ပယုတ္တခန္ဓာနှင့် သဘာဂဖြစ်တဲ့ အဓိပတိ သမ္ပယုတ္တခန္ဓာဟာ အရချင်း တူသလား?။ အရချင်း တူသလားဆိုတော့ အရချင်း မတူပါဘူး။ သဘာဂဖြစ်တဲ့ သမ္ပယုတ္တခန္ဓာသည် သာဓိပတိ ဇောတွေသာ ထိုက်ပါတယ်။ ဟေတုရဲ့ သမ္ပယုတ္တခန္ဓာသည် သဟိတ် စိတ် ကေသတ္တတိ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီ သမ္ပယုတ္တခန္ဓာကလေးဟာ ပြုတ်မသွားသေးပါဘူး။ ကျန်နေပါသေးတယ်။ ပြီးတော့ သဟိတ် စိတ္တဇရုပ်လို့ ဆိုတော့ကာ သဟိတ် စိတ္တဇရုပ်ထဲက သာဓိပတိ စိတ္တဇရုပ်သာလျှင် လျော့သွားပါတယ်။ သာဓိပတိ စိတ္တဇရုပ်နဲ့ မဆိုင်တဲ့ စိတ္တဇရုပ်တွေ ရှိပါတယ်။ ပဋိသန္ဓေ ကမ္မဇရုပ်ကတော့ သဘာဂမဟုတ်ပါဘူး။ အဲဒါကြောင့် သူ့အတွက် စဉ်းစားစရာ မလိုဘူး။ ဒါဖြင့်ယင် ပစ္စယုပ္ပန်အတွက်မှာ ဟေတုက သုဒ္ဓသင်္ချာအတိုင်း သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ

ကမ္မဇရုပ် ရပါတယ်။ ပစ္စည်းဘက်က ဝိမံသာဓိပတိ ရပါတယ်။ အဲဒီ ဝိမံသာဓိပတိကို အမောဟထဲမှာ နှုတ်ရပါတယ်။ အမောဟထဲမှာ နှုတ်ရတော့ ဝိမံသာဓိပတိက တိဟိတ်ဇော (၃၄) ခုမှာသာ ယှဉ်ပါတယ်။ အမောဟက (၄၇)ခုမှာ ယှဉ်တော့ အမောဟကလဲ ပြုတ်မသွားသေးဘူး။ ဆိုင်ရာဖြစ်တဲ့ (၃၄)ခုမှာ ယှဉ်တာသာ လျော့သွားပါတယ်။ ဟိတ် (၆)ပါးကလဲ မလျော့သေးဘူး။ မလျော့တော့ ဟိတ် (၆) ပါးပဲရတယ်။ ဒါပေမယ့် ဝိမံသာဓိပတိမှတပါး ဟိတ် (၆)ပါးလို့ ဆိုရပါတယ်။ ဒါဖြင့်ယင် သင်္ချာကော ဘယ်လောက်ရမလဲ?၊ သတ္တပဲ ရပါတယ်။

**ဟေတုမူ နာဓိပတိ ဒုက၌—** သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိမံသာဓိပတိမှတပါး ဟိတ် (၆)ပါး။ ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ အဓိပတိပစ္စည်း မတပ်သောကြောင့် အဓိပတိပစ္စည်း ထွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနီက်၌ ဟေတု ပစ္စယာ နာဓိပတိယာ သတ္တ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ (ဝိမံသာဓိပတိ ကြဉ်ပေမယ့် အမောဟ ကျန်သေး၍ ဟိတ်(၆)ပါးပါ။)

နာနန္တရ၊ န သမနန္တရ ဆိုပြီးပါပြီ။ ဟေတုထဲမှာ သဟဇာတ နှုတ်လို့ မရပါဘူး။ ဒါကြောင့် သဟဇာတ နှုတ်စရာမလိုပါဘူး။ အညမည နှုတ်ရမယ်။ အညမည နှုတ်တော့ အညမညနှင့် ဟေတု သဘာဂရှာရင် ဘာရသလဲ?။ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တပ်သော ဟိတ် (၆)ပါးလို့ ရတယ်။ အညမညက နာမ်ကုန်ရသဖြင့် အဲဒီ သမ္ပယုတ္တခန္ဓာကလေး ပြုတ်သွားရော။ ဘာကျန်သလဲ?။ သဟိတ် စိတ္တဇရုပ် ကျန်တယ်။ ဒီ သဟိတ် စိတ္တဇရုပ်ဟာ သဘာဂမဟုတ်ပါဘူး။ ပဋိသန္ဓေ ကမ္မဇရုပ်ထဲက ဟဒယဝတ္ထုက သဘာဂဖြစ်နေတော့ ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေ ကမ္မဇရုပ်လို့ ပစ္စယုပ္ပန်က ဒီလိုလာကျန်မယ်။ ဒါဖြင့်ယင် ပစ္စည်း ပစ္စယုပ္ပန် ဘာကျန်မလဲ?။ သဟိတ် စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်(၆)ပါး။ ဟောဒါ ကျန်မယ်။ ဒီလိုကျန်တော့ သူ့ကို သင်္ချာထုတ်လိုက်ယင် ဟိတ် (၆)ပါးထဲက ကုသိုလ် အကုသိုလ် အဗျာကတ ရှိတယ်။ ပစ္စယုပ္ပန်က ရုပ်ဖြစ်နေသဖြင့် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ ဒီ သင်္ချာ (၃) ချက်ပဲ ထွက်မယ် မဟုတ်လား။ ကုသလော အဗျာကတဿ အတွက်ဆိုရင် ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ။ အကုသလော အဗျာကတဿအတွက် အကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ။ အဗျာကတော အဗျာကတဿ ကျတော့က ဝိပါကာဗျာကတာ ကြိယာဗျာကတာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ။ ပဋိသန္ဓိက္ခဏေ

ဝိပါကာဗျာကတာ ဟေတူ ကဋတ္တာ ရူပါနံ လို့ ဒီလိုလာပြီး ဝိဘင်းထွက်ပါလိမ့်မယ်။ အဲဒီတော့ သချ်ာ တီဏိရပါတယ်။

**ဟေတုမူ န အညမည ဒုက၌—** သဟိတ် စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ် (၆) ပါး။ ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ အညမညပစ္စည်း မတပ်သောကြောင့် အညမညပစ္စည်း ထွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ ဟေတု ပစ္စယာ န အညမညေ တီဏိဟု သချ်ာတပ်၍ ဟောအပ်ကုန်၏။

ဟေတုထဲမှာ နိဿယ မနုတ်နိုင်ပါဘူး။ ဥပ ပုရေ ပစ္ဆာတွေဟာ ဝိသဘာဂ ဖြစ်ပါတယ်။ သူတို့ကို ဆိုပြီးပါပြီ။ ကမ္မနဲ့ ဟေတုဟာလဲ သဘာဂ မဟုတ်ပါဘူး။ ဝိပါက သဘာဂ ဖြစ်ပါတယ်။ ဝိပါက သဘာဂ ဖြစ်တော့ ဒီသဘာဂ တရားဟာ ဘယ်သူလဲ?။ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝိပါက်ဟိတ် (၃)ပါး။ ဒီတော့ သမ္ပယုတ္တခန္ဓာလို့ ဆိုတာဟာ ဝိပါက်ဖြစ်တဲ့ သမ္ပယုတ္တ ခန္ဓာပါ။ ကုသိုလ် အကုသိုလ် ကြိယာဖြစ်တဲ့ သမ္ပယုတ္တ ခန္ဓာတွေ ကျန်နေပါသေးတယ်။ အဲဒါကြောင့် ဝိပါက်ဖြစ်တဲ့ သမ္ပယုတ္တ ခန္ဓာသာလျှင် လျော့သွား ပါတယ်။ ပြီးတော့ သဟိတ် စိတ္တဇရုပ်ကလဲ ဝိပါက်နဲ့ အတူတကွဖြစ်တဲ့ သဟိတ် စိတ္တဇရုပ်ပါ။ ဒါကြောင့် သူလဲပဲ ကျန်ပါသေးတယ်။ သဟိတ် သဋိသန္ဓေ ကမ္မဇရုပ်ကတော့ ဝိပါကက ရနေသဖြင့် ပြုတ်သွားပါပြီ။ ပစ္စည်းဘက်က ဘာလာကျန်မလဲ။ ကုသိုလ် အကုသိုလ် ကြိယာမှာရှိတဲ့ ဟိတ်(၆)ပါးတွေ ကျန်ပါတယ်။ အဲဒီတော့ သူ့ကို သချ်ာထုတ်တဲ့အခါမှာလဲ သချ်ာဟာ သတ္တပဲ ဖြစ်ပါတယ်။

**ဟေတုမူ န ဝိပါက ဒုက၌—**သမ္ပယုတ္တ ခန္ဓာ သဟိတ် စိတ္တဇရုပ်အား တတ်သော ကုသိုလ် အကုသိုလ် ကြိယာ၌ ရှိသော ဟိတ်(၆)ပါး။ ဤ တရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ ဝိပါကပစ္စည်း မတပ်သောကြောင့် ဝိပါက ပစ္စည်း ထွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ ဟေတု ပစ္စယာ န ဝိပါကေ သတ္တဟု သချ်ာတပ်၍ ဟောအပ်ကုန်၏။

အာဟာရကျတော့ သဘာဂ မဟုတ်ပါဘူး။ ဣန္ဒြိယမှာ သဘာဂ ဘယ်သူလဲ?။ အမောဟ ဖြစ်ပါတယ်။ မဂ္ဂကလဲ အမောဟပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဣန္ဒြိယ မဂ္ဂဟာ သဘာဂ အမောဟ။ ပစ္စယုပ္ပန်ကလဲ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မရေုပ်အား တပ်သော အမောဟ၊ ဒီလိုရှိပါတယ်။ အဲဒီလို ရှိတော့ အမောဟ ဟိတ်ကလေးကတော့ ပြုတ်သွားသဖြင့် ဟိတ် (၅) ပါးပဲ ကျန်တော့တယ်။ ပစ္စယုပ္ပန်ဘက်က သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တတ်သော အလောဘတွေ ရှိပါသေး

တယ်။ အဒေါသတွေ ရှိပါသေးတယ်။ ဆိုင်ရာဖြစ်တဲ့ လောဘ ဒေါသ မောဟ တွေ ရှိပါသေးတယ်။ အဲဒီတော့ ဟိတ် (၅) ပါး ကျန်နေတယ်။ အမောဟ ကတော့ လုံးဝပြုတ်သွားပါပြီ။ ဒါကြောင့် ဟိတ် (၅) ပါးပဲ။ အဲဒီ ဟိတ် (၅) ပါးနဲ့ ပစ္စယုပ္ပန်ဖြစ်တဲ့ သမ္ပယုတ္တ ခန္ဓာတွေ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တွေကို သင်္ချာထုတ်လိုက်ယင် ဟေတုအတိုင်း သင်္ချာဟာ သတ္တပဲ လာဖြစ်ပါတယ်။

**ဟေတုမူ န ဈာနိန္ဒြိယ န မဂ္ဂဒုကဩ**—သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော အမောဟမှတပါး ဟိတ် (၅) ပါး။ ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ ဈာနိန္ဒြိယ မဂ္ဂ ပစ္စည်းတို့ မတပ်သော ကြောင့် ဈာနိန္ဒြိယ မဂ္ဂပစ္စည်းတို့ ထွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ ဟေတု ပစ္စယာ န ဈာနိန္ဒြိယေ သတ္တ၊ န မဂ္ဂေ သတ္တဟု သင်္ချာ တပ်၍ ဟောအပ်ကုန်၏။

သမ္ပယုတ္တနဲ့ သဘာဂရှာရင် သမ္ပယုတ္တ ခန္ဓာအား တပ်သော ဟိတ် (၆) ပါး။ သမ္ပယုတ္တက နာမ်ကုန်ရသဖြင့် သမ္ပယုတ္တ ခန္ဓာ ပြုတ်သွားပါတယ်။ ဘာကျန်တော့သလဲ။ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ် သော ဟိတ် (၆) ပါး ကျန်ပါတယ်။ အညမညတုန်းကတော့ ဟဒယဝတ္ထုက သဘာဂ ဖြစ်သဖြင့် ဟဒယဝတ္ထုကို ကြဉ်ရပါတယ်။ သမ္ပယုတ္တ ကျတော့ ကြဉ်စရာ မလိုပါဘူး။ သူ့ကို သင်္ချာထုတ်ယင် အညမညနည်းတူ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ လို့ သင်္ချာတီဏိ ရပါတယ်။

**ဟေတုမူ န သမ္ပယုတ္တဒုကဩ**—သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် အား တပ်သော ဟိတ် (၆) ပါး။ ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ သမ္ပယုတ္တ ပစ္စည်း မတပ်သောကြောင့် သမ္ပယုတ္တပစ္စည်း ထွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ ဟေတု ပစ္စယာ န သမ္ပယုတ္တေ တီဏိဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ဝိပ္ပယုတ္တကျတော့ သဘာဂက သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇ ရုပ်အား တပ်သော ဟိတ်(၆) ပါး ရပါတယ်။ အဲဒီတော့ ဟေတုက ရုပ်ပြုတ် သွားတော့ ဘာကျန်သလဲ?။ သမ္ပယုတ္တခန္ဓာအား တပ်သော ဟိတ် (၆) ပါး။ နာမ် ကျန်ပါတော့တယ်။ အဲဒီနာမ်ကို သင်္ချာထုတ်ယင် ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿ လို့ သင်္ချာ တီဏိပဲ ရပါတယ်။

**ဟေတုမူ န ဝိပ္ပယုတ္တဒုက၌**—သမ္ပယုတ္တခန္ဓာအား တပ်သော ဟိတ် (၆) ပါး။ ဤတရား တို့သည် ဟေတုပစ္စည်းသဘာပ်၍ ဝိပ္ပယုတ္တ ပစ္စည်း မတပ်သော ကြောင့် ဝိပ္ပယုတ္တပစ္စည်း ထွန်း၍ ငင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ ဟေတုပစ္စယာ န ဝိပ္ပယုတ္တေ တီဏိဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အတ္ထိ အဝိဂတ မနှုတ်နိုင်ပါဘူး။ နတ္ထိ ဝိဂတ ဝိသဘာဂထဲမှာ ဆိုသွားပါပြီ။ ဒါဖြင့်ယင် ဟေတု ပစ္စည်းအဘွက် ပါဠိ စီလိုက်ယင် ဘာတွေ ရမလဲ?။ သဟဇာတ အကြီး(၄)ခုကို ချန်ထား။ အညမည၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တမှာ တီဏိ။ ကျန်တာတွေဟာ အားလုံးကုန် သတ္တဖြစ်ပါလိမ့်မယ်။

ဟေတုပစ္စယာ နာရမ္မဏေ သတ္တ၊ နာဓိပတိယာ သတ္တ၊ နာနန္တရေ သတ္တ၊ န သမနန္တရေ သတ္တ၊ န အညမညေ တီဏိ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ သတ္တ၊ နာသေဝနေ သတ္တ၊ န ကမ္မေ သတ္တ၊ န ဝိပါကေ သတ္တ၊ န အာဟာရေ သတ္တ၊ န ဣန္ဒြိယေ သတ္တ၊ န ဈာနေ သတ္တ၊ န မဂ္ဂေ သတ္တ၊ န သမ္ပယုတ္တေ တီဏိ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နော နတ္ထိယာ သတ္တ၊ နော ဝိဂတေ သတ္တ။

အဲဒါက အနုလောမ ပစ္စနိက်ရဲ့ ဆိုရိုးကလေးပါပဲ။ အဲဒီလိုရတဲ့ သင်္ချာတွေကိုလဲပဲ ဟေတုရဲ့ သဘောအတိုင်း ဝိဘင်းတွေ ထုတ်ရပါတယ်။ ကောက်ရပါတယ်။ ဥပမာ နောက်ဆုံးပိတ် ဖြစ်တဲ့ ဟေတုပစ္စယာ န ဝိပ္ပယုတ္တေ တီဏိမှာ ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿ။ တရားက ဘယ်သူလဲ။ သမ္ပယုတ္တ ခန္ဓာအား တပ်သော ဟိတ် (၆) ပါး ရပါတယ်။ အဲဒီတော့ သူ့အတွက် ကုသလော ကုသလဿ ကတ္တားမှာ သမ္ပယုတ္တ ခန္ဓာအား တပ်သော ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ၊ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့, အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့, အလောဘ အဒေါသ အမောဟ ဤဟိတ် (၂)ပါး (၃)ပါး ပစ္စည်းတရားရ၏။ သမ္ပဒါန်ပါဋ္ဌ်၏ အရကား သမ္ပယုတ္တ ခန္ဓာ ပစ္စယုပ္ပန် တရားရ၏။ ထို့ကြောင့် ထိုတရား တို့၏ ဝိဓိဝိဘင်းကို ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတု ပစ္စယေန ပစ္စယော၊ န ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော၊ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတု ပစ္စယေန ပစ္စယော၊ န ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော စသည်ဖြင့် ထွက်လာတဲ့ သင်္ချာတွေဟူသမျှ အရကောက်၍ အားလုံးကုန် ဝိဘင်းထုတ်ရပါတယ်။ ဒါတွေ ပြောနေလို့ မကုန်နိုင်တော့ပါဘူး။ ယခု ဟေတု ပစ္စည်းမှာ ဆိုရိုးကလေးကို အကျယ်ဆိုပြီး ပြခဲ့ပါပြီ။ ကျန်တဲ့ ပစ္စည်းတွေ အတွက်ကျတော့ အကျဉ်းပဲ ဆိုပြပါ့မယ်။

## အာရမ္မဏမူ ဒုက

အာရမ္မဏ ကြည့်လိုက်ယင် အာရမ္မဏမျိုးတကွက်တည်းပဲ ရှိပါတယ်။ ကျန်တဲ့ပစ္စည်းတွေနဲ့ လုံး၀ မဆိုင်ပါဘူး။ အဲဒီ အာရမ္မဏမှာလဲ ဒီဇယားထဲမှာ ရှိတဲ့စာ, ရှိတဲ့ပစ္စည်းတွေသည် သာလျှင် အာရမ္မဏနဲ့ သဘာဂ ဖြစ်ပါတယ်။ ကျန်တဲ့ ကွက်လပ် ပစ္စည်းတွေဟာ အားလုံးကုန် ၀ိသဘာဂတွေ ဖြစ်ပါတယ်။ ၀ိသဘာဂတွေ ဖြစ်တော့ ဒီ၀ိသဘာဂ ပစ္စည်းတွေအတွက် စဉ်းစားစရာ မလိုပါဘူး။ သူတို့ဟာ အားလုံးကုန် သုညတွေချည်းပါပဲ။ အာရမ္မဏရဲ့ သင်္ချာဟာ နဝ ရှိပါတယ်။ အဲဒီတော့ အာရမ္မဏ ပစ္စည်းသာ တပ်၍ ဟေတုစတဲ့ ပစ္စည်းတွေ မတပ်ဘူးဆိုယင် အာရမ္မဏအရ သင်္ချာ နဝတွေ ပါပဲ။ ဟေတု စသည်တွေဟာ အကုန်လုံး သုညတွေ ဖြစ်ကုန်ကြပါပြီ။ အဲဒါကြောင့် ကွက်လပ်ဖြစ်တဲ့ ပစ္စည်းတွေကို အားလုံးကုန် မူလီသွတ်ကြပါစို့။

**အာရမ္မဏမူ န ဟေတု၊ နာနန္တရ၊ န သမနန္တရ၊ န သဟဇာတ၊ န အညမည၊ န ပစ္ဆာဇာတ၊ နာသေ၀န၊ န ကမ္မ၊ န ဝိပါက၊ န အာဟာရ၊ န ဣန္ဒြိယ၊ န ဈာန၊ န မဂ္ဂ၊ န သမ္ပယုတ္တ၊ နော နတ္ထိ၊ နော ၀ိဂတဒုကဌ—** အလုံးစုံသော အာရမ္မဏ ပစ္စည်း။ ဤတရားတို့သည် အာရမ္မဏ ပစ္စည်းသာ တပ်၍ ဟေတု စသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု စသော ပစ္စည်းတို့ ထွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ အာရမ္မဏ ပစ္စယာ န ဟေတုယာ နဝ၊ နာနန္တရေ နဝ၊ န သမနန္တရေ နဝ၊ န သဟဇာတေ နဝ၊ န အညမညေ နဝ၊ န ပစ္ဆာဇာတေ နဝ၊ နာသေ၀နေ နဝ၊ န ကမ္မေ နဝ၊ န ဝိပါကေ နဝ၊ န အာဟာရေ နဝ၊ န ဣန္ဒြိယေ နဝ၊ န ဈာနေ နဝ၊ န မဂ္ဂေ နဝ၊ န သမ္ပယုတ္တေ နဝ၊ နော နတ္ထိယာ နဝ၊ နော ဝိဂတေ နဝ ဟု သင်္ချာတပ်၍ ဟောအပ် ကုန်၏။

စာရှိတဲ့ ပစ္စည်းတွေကို အာရမ္မဏထဲမှာ နှုတ်ရပါလိမ့်မယ်။ အာရမ္မဏထဲက နှုတ်တော့ ဘာတရားတွေ ကျန်တယ်လို့ဆိုတာ ပစ္စနိက်တန်းက အကျယ်နှုတ်ပုံတွေ ပြောပြီး ခဲ့ပါပြီ။ အဲဒီတော့ ဒီမှာ အကျဉ်းပဲ ဆိုကြပါစို့။

**အာရမ္မဏမူ နာဓိပတိဒုကဌ—** အာရမ္မဏာဓိပတိမှ တပါး အလုံးစုံသော အာရမ္မဏ ပစ္စည်း၊ အာရမ္မဏ ပစ္စယာ နာဓိပတိယာ နဝ။

**အာရမ္မဏမူ န နိဿယဒုကဌ—** ဝတ္ထာရမ္မဏမှ တပါး အလုံးစုံသော အာရမ္မဏပစ္စည်း၊ အာရမ္မဏ ပစ္စယာ န နိဿယေ နဝ။

**အာရမ္မဏမူ န ဥပနိဿယဒုကဌ—** အာရမ္မဏူပနိဿယမှ တပါး အလုံးစုံသော အာရမ္မဏ ပစ္စည်း၊ အာရမ္မဏ ပစ္စယာ န ဥပနိဿယေ နဝ။

**အာရမ္မဏမူ န ပုရေဇာတဒုကဝ္ဓ**—အာရမ္မဏပုရေဇာတမှ တပါး အလုံး စုံသော အာရမ္မဏ ပစ္စည်း၊ အာရမ္မဏ ပစ္စယာ န ပုရေဇာတေ နဝ။

**အာရမ္မဏမူ န ဝိပ္ပယုတ္တဒုကဝ္ဓ**— ဝတ္ထု ရမ္မဏမှတပါး အလုံး စုံသော အာရမ္မဏပစ္စည်း၊ အာရမ္မဏ ပစ္စယာ န ဝိပ္ပယုတ္တေ နဝ။

**အာရမ္မဏမူ နောအတ္ထိ၊ နောအဝိဂတဒုကဝ္ဓ**—အာရမ္မဏ ပုရေဇာတ မှ တပါး အလုံးစုံသော အာရမ္မဏ ပစ္စည်း၊ အာရမ္မဏ ပစ္စယာ နောအတ္ထိယာ နဝ၊ နောအဝိဂတေ နဝ။

ပါဠိစီယင် လွယ်ပါတယ်။ အားလုံး နဝရသဖြင့် အကျဉ်းပဲ ပေယျာလ ထိုးပြီး ဆိုကြပါစို့။ အာရမ္မဏ ပစ္စယာ န ဟေတုယာ နဝ၊ နာဓိပတိယာ နဝ၊ (ပ) နောအဝိဂတေ နဝ။

### အဓိပတိမူ ဒုက

အာရမ္မဏ ပြီးသွားပါပြီ။ အာရမ္မဏ ပြီးသွားတော့ အဓိပတိ၊ အဓိပတိ မှာ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိရယ်လို့ (၂) မျိုးရှိပါတယ်။ (၂) မျိုးရှိတော့ သူတို့ရဲ့ သဘာဂဆိုင်ရာတွေကို နှုတ်ရပါတယ်။ ဒီ (၂) မျိုးကို ပေါင်းလိုက်တဲ့ အခါမှာ သင်္ချာဟာ ဒသရှိပါတယ်။ အဓိပတိယာ ဒသ ဆိုတဲ့ အတိုင်းပါပဲ။ အဲဒီတော့ အဓိပတိထဲမှာ ဝိသဘာဂကို လိုက်ရှာယင် ဟေတုဟာ သဘာဂဖြစ်ပါတယ်။ အနန္တရ၊ သမနန္တရ၊ ပစ္ဆာဇာတ၊ အာသေဝန၊ ကမ္မ၊ ဈာန၊ နတ္ထိ၊ ဝိဂတတို့ဟာ ဝိသဘာဂ ဖြစ်ပါတယ်။ ဝိသဘာဂ ရှာနေရမှာ နဲနဲရှုပ်နေခဲ့ လို့ရှိယင် ပစ္စည်းအစဉ်အတိုင်းပဲ ဆိုပြပါမယ်။

အဓိပတိထဲမှာ ဟေတုနှုတ်တော့ သဟဇာတာဓိပတိထဲက ဝီမံသာဓိပတိ ကလေးဟာ သဘာဂ ဖြစ်ပါတယ်။ သဘာဂဖြစ်တော့ သူ့ရဲ့ ပစ္စယုပ္ပန်ဟာ သမ္ပယုတ္တ ခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဝီမံသာဓိပတိလို့ ဖြစ်ပါ တယ်။ အဲဒါ ကလေးဟာ ဟေတုက များနေတော့ အကုန်လုံး ပြုတ်သွားပါပြီ။ ဒါဖြင့် ဘာကျန်တော့ သလဲ။ ဆန္ဒ စိတ္တ ဝီရိယ-ဒီ (၃) ခု ကျန်ပါတော့ တယ်။ အဲဒီ (၃) ခု ကျန်တဲ့အတွက် သဟဇာတာ ဓိပတိဟာ သင်္ချာလျော့ ပြီး မသွားပါဘူး၊ မသွားတော့ သင်္ချာဟာ ဒသပဲ ရပါလိမ့်မယ်။ အာရမ္မဏာ ဓိပတိနဲ့ကတော့ မဆိုင်၊ ဟိုက ဟေတုနေရာမှာ ကွက်လပ် ဖြစ်နေသဖြင့် အာရမ္မဏာဓိပတိရဲ့ ပစ္စည်း ပစ္စယုပ္ပန် အကုန်လုံး ရပါတယ်။

**အဓိပတိမူ န ဟေတု ဒုကဝ္ဓ**— အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း၊ သမ္ပယုတ္တ ခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဆန္ဒ စိတ္တ ဝီရိယဟုဆိုအပ်

သော အဓိပတိ တရားကိုယ် (၃)ပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာ ဓိပတိ ပစ္စည်း။ ဤတရားတို့သည် အဓိပတိ ပစ္စည်းသာ တပ်၍ ဟေတု ပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်း ထွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ အဓိပတိ ပစ္စယာ န ဟေတုယာ ဒသ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အဓိပတိထဲမှာ အာရမ္မဏာ နှုတ်တော့ အာရမ္မဏက ခေါင်းဆောင်ပစ္စည်း ဖြစ်၍ အာဓိ ပြုတ်သွားပါပြီ။ ဘယ်သူ ကျန်တော့သလဲ။ သဟာဓိပဲ ကျန်ပါတော့တယ်။ အဲဒီ သဟာဓိရဲ့ သင်္ချာဟာ သတ္တ ဖြစ်ပါတယ်။

**အဓိပတိမူ နာရမ္မဏ ဒုကဌ—** အလုံးစုံသော သဟဇာတာ ဓိပတိပစ္စည်း၊ အဓိပတိ ပစ္စယာ နာရမ္မဏေ သတ္တ။

နာနန္တရ စသည်တွေက ဝိသဘာဂ တွေပါ။ စဉ်းစားစရာ မလိုပါဘူး။

**အဓိပတိမူ နာနန္တရ၊ န သမနန္တရ၊ နော နတ္ထိ၊ နော ဝိဂတဒုကဌ—**အလုံးစုံသော အာရမ္မဏာ ဓိပတိ, သဟဇာတာ ဓိပတိပစ္စည်း။ အဓိပတိ ပစ္စယာ နာနန္တရေ ဒသ၊ န သမနန္တရေ ဒသ၊ နော နတ္ထိယာ ဒသ၊ နော ဝိဂတေ ဒသ။

သဟဇာတနှုတ်တော့ သဟဇာတမှာ ခရေပွင့်ကလေးရှိသဖြင့် သဟာဓိ ပြုတ်သွားပါတယ်။ အာဓိပဲ ကျန်ပါတော့တယ်။ အာဓိရဲ့ သင်္ချာဟာ သတ္တ ဖြစ်ပါတယ်။

**အဓိပတိမူ န သဟဇာတ ဒုကဌ—**အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း၊ အဓိပတိ ပစ္စယာ န သဟဇာတေ သတ္တ။

အညမညနှုတ်တော့ အာဓိနဲ့မဆိုင်သဖြင့် အာဓိက အကုန် ကျန်ပါတယ်။ သဟာဓိနဲ့ အညမညကို သဘာဂရှာတဲ့အခါမှာ သမ္ပယုတ္တ ခန္ဓာအား တပ်သော အဓိပတိ တရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါးရပါတယ်။ အဲဒီတော့ ဒီ သဘာဂကို နှုတ်လိုက်ယင် ဘာကျန်မလဲ?။ သာဓိပတိစိတ္တဇရုပ်အား တပ်သော အဓိပတိ တရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါး ကျန်ပါတယ်။ သူ့ကို သင်္ချာထုတ်ယင် ပစ္စယုပ္ပန် ရုပ်ဖြစ်ခြင်းကြောင့် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ—လို့ သင်္ချာ ၃ ချက် ရပါတယ်။ အဲဒီသင်္ချာ ၃ ချက်ထဲမှာ ကုသလော အဗျာကတဿဟာ အာရမ္မဏာ ဓိပတိမှာ ရှိပါတယ်။ အကုသလော အဗျာကတဿဟာ အာရမ္မဏာ ဓိပတိမှာ မရှိပါဘူး။ အဗျာကတော အဗျာကတဿဟာ အာရမ္မဏာ ဓိပတိမှာ ရှိတယ်။ အဲဒီတော့ မရှိတဲ့ အကုသလော အဗျာကတဿ ပေါင်းလိုက်ယင် သင်္ချာဟာ အဋ္ဌ ဖြစ်ပါတယ်။

**အဓိပတိမူ န အညမည ဒုကဥ္ဍ—**အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း၊ သာဓိပတိ စိတ္တဇရုပ်အား တပ်သော အဓိပတိ တရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာ ဓိပတိပစ္စည်း၊ အဓိပတိ ပစ္စယာ န အညမညေ အဋ္ဌ။

နိဿယကျတော့ အာဓိနဲ့ ဝတ္ထာ ရှိပါတယ်။ အာဓိနဲ့ ဝတ္ထာရဲ့ သဘာဝ ဟာ ဝတ္ထာဓိဖြစ်ပါတယ်။ ဝတ္ထာဓိကို အာဓိထဲမှာ နှုတ်သဖြင့် အာဓိဟာ လျော့မသွားပါဘူး။ ဝတ္ထာဓိကို အပါဒါန်ခံရုံပါပဲ။ သဟာဓိထဲမှာ သဟဇာတကို မနှုတ်နိုင်တော့ပါဘူး။ ဒါကြောင့် ဝတ္ထာဓိမှတပါး အာရမ္မဏာ ဓိပတိပဲ ရပါတော့တယ်။ သင်္ချာက သတ္တဖြစ်ပါတယ်။

**အဓိပတိမူ န နိဿယ ဒုကဥ္ဍ—** ဝတ္ထာ ရမ္မဏာ ဓိပတိမှ တပါး အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း။ အဓိပတိ ပစ္စယာ န နိဿယေ သတ္တ။

ဥပနိဿယမှာ အာရမ္မဏာ ဓိပတိနဲ့ အာရမ္မဏူပနိဿယဟာ ပစ္စည်း ပစ္စယုပ္ပန် အားလုံးကုန် တူပါတယ်။ နှုတ်လိုက်ယင် သုညပဲ ကျန်ပါတော့တယ်။ သဟာဓိပဲ ကျန်ပါတော့တယ်။ သဟာဓိက သင်္ချာ သတ္တ ရှိပါတယ်။

**အဓိပတိမူ န ဥပနိဿယ ဒုကဥ္ဍ—** အလုံးစုံသော သဟဇာတာ ဓိပတိ ပစ္စည်း။ အဓိပတိ ပစ္စယာ န ဥပနိဿယေ သတ္တ။

ပုရေဇာတ ကျတော့ အာပုနဲ့ အာဓိရဲ့ သဘာဝသည် အာပုဓိ ဖြစ်ပါတယ်။ အာပုဓိ နှုတ်သဖြင့် အာဓိမှာ သင်္ချာ လျော့မသွားပါဘူး။ သဟာဓိထဲမှာ နှုတ်စရာ မရှိပါဘူး။ အဲဒါကြောင့် သင်္ချာဟာ ဒသပဲ ဖြစ်ပါတယ်။

**အဓိပတိမူ န ပုရေဇာတ ဒုကဥ္ဍ—** အာရမ္မဏ ပုရေဇာတာဓိပတိမှ တပါး အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း၊ အလုံးစုံသော သဟဇာတာ ဓိပတိ ပစ္စည်း။ အဓိပတိ ပစ္စယာ န ပုရေဇာတေ ဒသ။

န ပစ္ဆာဇာတ နာ သေဝန န ကမ္မ တွေဟာ ဝိသဘာဂ တရားတွေပါ။ ဒါကြောင့် သူတို့ ၃ ခုကို မူလီသွတ်ပြီး အာဓိ သဟာဓိ ၂ ခုလုံး ဆိုရပါ လိမ့်မယ်။

**အဓိပတိမူ န ပစ္ဆာဇာတ၊ နာသေဝန၊ န ကမ္မ ဒုကဥ္ဍ—** အလုံးစုံသော အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိပစ္စည်း။ အဓိပတိ ပစ္စယာ န ပစ္ဆာဇာတေ ဒသ၊ နာသေဝနေ ဒသ၊ န ကမ္မေ ဒသ။

န ဝိပါကကျတော့ အာဓိနဲ့မဆိုင်ပါဘူး။ ဝိပါနဲ့ သဟာဓိဟာ ဘာ ဟူ ရသလဲ။ သဘာဂက သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော

ဖိုလ် ၄ ခု၌ ရှိသော အဓိပတိ တရားကိုယ်(၄)ပါးတို့တွင် တပါးပါးလို့ ရပါတယ်။ အဲဒီတော့ ဖိုလ် ၄ ခုတွင်ရှိတဲ့ အဓိပတိမှတပါး ကျန်တဲ့ အဓိပတိတွေ ရပါလိမ့်မယ်။ ဝိပါက်ထဲက ဖိုလ်သာ ရသဖြင့် ကုသိုလ် အကုသိုလ် ကြိယာမှာ ရှိတဲ့ အဓိပတိ တရားကိုယ်(၃)ပါး (၄)ပါးတို့တွင် တပါးပါးလို့ ကွဲပြားအောင် ဆိုလိုက်ယင် ပိုကောင်းပါတယ်။

**အဓိပတိမူ န ဝိပါကဒုက၌—** အလုံးစုံသော အာရမ္မဏာဓိပတိ ပစ္စည်း၊ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော သာဓိပတိ ကုသိုလ် အကုသိုလ် ကြိယာ၌ရှိသော အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာ ဓိပတိပစ္စည်း၊ အဓိပတိ ပစ္စယာ န ဝိပါကေ ဒသ။

အာဟာရကျတော့ နာမ်အာဟာရနဲ့ အဓိပတိက စိတ္တာဓိပတိသည် သဘာဂ ဖြစ်ပါတယ်။ အဲဒီ စိတ္တာဓိပတိဟာ လုံးဝ ပြုတ်သွားပါပြီ။ ကျန်တဲ့ အဓိပတိ (၃) ပါးပဲ ရှိပါတော့တယ်။ သချာကတော့ မလျော့သေးပါဘူး။ သတ္တပဲ ရသဖြင့် အာဓိနဲ့ ပေါင်းယင် ဒသပဲ ဖြစ်ပါတယ်။

**အဓိပတိမူ န အာဟာရဒုက၌**—အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း၊ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော စိတ္တာဓိပတိမှ တပါး အဓိပတိတရားကိုယ် (၃) ပါး တို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာ ဓိပတိပစ္စည်း။ အဓိပတိ ပစ္စယာ န အာဟာရေ ဒသ။

ဣန္ဒြိယမှာ သဟဇာတိန္ဒြိယနဲ့ အဓိပတိ သဘာဂ ဘယ်သူရသလဲ။ ဝီရိယ စိတ္တ ဝီမံသ (၃) မျိုးရတယ်။ (၃) မျိုးရတော့ ဘယ်သူသာ ကျန်တော့သလဲ။ ဆန္ဒပဲ ကျန်တော့တယ်။ အဲဒီတော့ ဆန္ဒာဓိပတိလို့ ဆိုလိုက်ရရုံပေါ့။ ဆန္ဒာဓိပတိလို့ ဆိုတဲ့အတွက် သဟဇာတာ ဓိပတိမှာ သချာဟာ သတ္တပဲ ရှိပါသေးတယ်။

**အဓိပတိမူ န ဣန္ဒြိယဒုက၌—** အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း၊ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဆန္ဒာဓိပတိဟု ဆိုအပ်သော သဟဇာတာ ဓိပတိပစ္စည်း။ အဓိပတိ ပစ္စယာ န ဣန္ဒြိယေ ဒသ။

ဈာနနဲ့ သဘာဂ မဖြစ်ပါဘူး။ သူ့မှာရှိတဲ့အတိုင်း ဆိုလိုက်ရရုံပါပဲ။

**အဓိပတိမူ န ဈာနဒုက၌**—အလုံးစုံသော အာရမ္မဏာ ဓိပတိ, သဟဇာတာ ဓိပတိပစ္စည်း၊ အဓိပတိ ပစ္စယာ န ဈာနေ ဒသ။

န မဂ္ဂမှာ ဝီရိယနဲ့ ဝီမံသာဟာ သဘာဂ ဖြစ်ပါတယ်။ ဘယ်သူကျန်သလဲ။ ဆန္ဒ စိတ္တ ကျန်ပါတယ်။ ဒါကြောင့် ကျန်တဲ့ ဆန္ဒ စိတ္တကို ဆိုရရုံပါပဲ။

**အဓိပတိမူ န မဂ္ဂဒုကဉ်—** အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဆန္ဒာဓိပတိ, စိတ္တာဓိပတိ ဟု ဆိုအပ်သော သဟဇာတာ ဓိပတိပစ္စည်း။ အဓိပတိ ပစ္စယာ န မဂ္ဂေ ဒသ။

သမ္ပယုတ္တကျတော့ အာဓိနဲ့ မဆိုင်ပါဘူး။ သဘာဝက သမ္ပယုတ္တခန္ဓာ အား တပ်သော အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးတို့တွင် တပါး ပါး ရပါတယ်။ အဲဒီတော့ သမ္ပယုတ္တခန္ဓာ ပြုတ်သွားသဖြင့် သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိ တရားကိုယ် (၃)ပါး (၄) ပါးတို့တွင် တပါးပါး ရပါတယ်။ သာဓိပတိ စိတ္တဇရုပ်အား တပ်တော့ န အညမညက ပြောခဲ့တဲ့ အတိုင်း ကုသလော အဗျာကတဿ၊အကုသလော အဗျာကတဿ၊အဗျာကတော အဗျာကတဿ-လို့ သင်္ချာ(၃)ချက်ရပါတယ်။ အာဓိထဲမှာ မတူတဲ့ အကုသလော အဗျာကတဿ ထည့်လိုက်ယင် သင်္ချာ အဌ လာဖြစ်ပါတယ်။

**အဓိပတိမူ န သမ္ပယုတ္တဒုကဉ်—** အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း။ သာဓိပတိစိတ္တဇရုပ်အား တပ်သော အဓိပတိ တရား ကိုယ် (၃) ပါး (၄)ပါး တို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ အဓိပတိ ပစ္စယာ န သမ္ပယုတ္တေ အဋ္ဌ။

ဝိပ္ပယုတ္တနှုတ်တော့ ဝတ္ထာနဲ့ အာဓိက ဝတ္ထာဓိသဘာဝကို နှုတ်ရပါတယ်။ သဟဇာတာ ဝိပ္ပယုတ္တ သဘာဝက သာဓိပတိ စိတ္တဇရုပ် ဖြစ်သဖြင့် သမ္ပယုတ္တ ခန္ဓာအား တပ်သော အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးတို့တွင် တပါး ပါး ကျန်ပါတယ်။ သင်္ချာထုတ်လိုက်ယင် ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊အဗျာကတော အဗျာကတဿ လို့ အဲဒီ (၃) ချက်ဟာ အာဓိထဲမှာ ရှိပါတယ်။ အာဓိထဲမှာ ရှိသဖြင့် သင်္ချာဟာ တိုးမလာတော့ပါဘူး၊ သတ္တပဲ ရပါတယ်။

**အဓိပတိမူ ဝိပ္ပယုတ္တဒုကဉ်—**ဝတ္ထာရမ္မဏာဓိပတိမှ တပါး အလုံးစုံသော အာရမ္မဏာဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာအား တပ်သော အဓိပတိတရားကိုယ် (၃) ပါး (၄)ပါး တို့တွင် တပါးပါးဟုဆိုအပ်သော သဟဇာတာ ဓိပတိ ပစ္စည်း။အဓိပတိ ပစ္စယာ န ဝိပ္ပယုတ္တေ သတ္တ။

အတ္ထိ၊ အဝိဂတမှာ သဟက နှုတ်စရာမလိုဘူး။ သဟာဓိ ပြုတ်သွားပါပြီ။ အာပု ရှိသဖြင့် အာပုဓိဆိုတဲ့ သဘာဝကို နှုတ်ရပါတယ်။ ဒါပေတဲ့ အာဓိက သင်္ချာ သတ္တပဲရပါတယ်။

**အဓိပတိမူ နော အတ္ထိ၊ နော အဝိဂတဒုကဉ္စ—** အာရမ္မဏ ပုရေဇာတာ ဓိပတိမှ တပါး အလုံးစုံသော အာရမ္မဏာဓိပတိပစ္စည်း။ အဓိပတိ ပစ္စယာ နော အတ္ထိယာ သတ္တ၊ နော အဝိဂတေ သတ္တ။

ပြီးသွားပါပြီ။ ပြီးသွားတော့ အဓိပတိကို ပါဠိ စီရပါလိမ့်မယ်။

အဓိပတိ ပစ္စယာ န ဟေတုယာ ဒသ၊ နာရမ္မဏေ သတ္တ၊ နာနန္တရေ ဒသ၊ န သမနန္တရေ ဒသ၊ န သဟဇာတေ သတ္တ၊ (သတ္တလို့ဆိုယင် ဇယားကလေး ကြည့်ပြီး ဘယ်တရားတွေ ကျန်တယ်ဆိုတာ မြင်ရမယ်။ န သဟဇာတေ ဆိုသဖြင့် သဟာဓိက ပြုတ်သွားပြီ။ အာဓိကလေး ကျန်တော့တာပေါ့။) န အညမညေ အဋ္ဌ၊ န နိဿယေ သတ္တ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ ဒသ၊ န ပစ္ဆာ ဇာတေ ဒသ၊ နာသေဝနေ ဒသ၊ န ကမ္မေ ဒသ၊ န ဝိပါကေ ဒသ၊ န အာဟာ ရေ ဒသ၊ န ဣန္ဒြိယေ ဒသ၊ န ဈာနေ ဒသ၊ န မဂ္ဂေ ဒသ၊ န သမ္ပယုတ္တေ အဋ္ဌ၊ န ဝိပ္ပယုတ္တေ သတ္တ၊ နော အတ္ထိယာ သတ္တ၊ နော နတ္ထိယာ ဒသ၊ နော ဝိဂတေ ဒသ၊ နော အဝိဂတေ သတ္တ။

န ဥပနိဿယက သတ္တရတယ်နော်။ အာဓိနဲ့ အာရမ္မဏူက တူတော့ သဟာဓိပဲ ကျန်ပါတော့တယ်။ အဓိပတိ ပြီးသွားပါပြီ။

**အနန္တရပူ ဒုက**

အနန္တရက လွယ်ပါတယ်။ အနန္တရူပနိဿယထဲက အာသေဝန နှုတ် ယင် သချ်ာဟာ ပဋ္ဌရှိကြောင်းလဲ ပြောပြီးခဲ့ပါပြီ။ အနန္တရမှာ ကြည့်လိုက်ယင် စာရိုတာတွေဟာ သဘာဂတွေ ဖြစ်ပါတယ်။ ကွက်လပ်တွေက ဝိသဘာဂတွေ ဖြစ်ပါတယ်။ ဒါကြောင့် ဝိသဘာဂ ပစ္စည်းတွေကို အားလုံးကုန် မှုလီသွတ် ကြပါစို့။

အနန္တရမူ **န ဟေတု၊ နာရမ္မဏ၊ နာဓိပတိ၊ န သဟဇာတ၊** န အညအည၊ **န နိဿယ၊ န ပုရေဇာတ၊ န ပစ္ဆာဇာတ၊ န ဝိပါက၊** န အာဟာရ၊ **န ဣန္ဒြိယ၊ န ဈာန၊ န မဂ္ဂ၊ န သမ္ပယုတ္တ၊ န ဝိပ္ပယုတ္တ၊ နော အတ္ထိ၊ နော အဝိဂတ ဒုကဉ္စ—** အလုံးစုံသော အနန္တရပစ္စည်း။ ဤတရားတို့သည် အနန္တရပစ္စည်းသာ တပ်၍ ဟေတု စသောပစ္စည်းတို့ မတပ်သောကြောင့် ဟေတုစသောပစ္စည်းတို့ ထွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ အနန္တရ ပစ္စယာ န ဟေတုယာ သတ္တ၊ နာရမ္မဏေ သတ္တ၊ နာဓိပတိယာ သတ္တ၊ န သဟဇာတေ သတ္တ၊ န အညမညေ သတ္တ၊ န နိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာ ဇာတေ သတ္တ၊ န ဝိပါကေ သတ္တ၊ န အာဟာရေ သတ္တ၊ န ဣန္ဒြိယေ သတ္တ၊

န ဈာနေ သတ္တ၊ နမဂ္ဂေ သတ္တ၊ န သမ္ပယုတ္တေ သတ္တ၊ န ဝိပ္ပယုတ္တေ သတ္တ၊ နော အတ္ထိယာ သတ္တ၊ နော အဝိဂတေ သတ္တဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

သမနန္တရ စသည်တွေဟာ အနန္တရနဲ့ အတူတူပါပဲ။ ခရေပွင့်တွေပါ။ ခုနစ်ထဲ ခုနစ်နှုတ်ယင် သုညပဲကျန်ပါတော့မယ်။ အဲဒီတော့ သူတို့အတွက် အထူးနှုတ်စရာမလိုပါဘူး။ အာသေဝနနဲ့ ကမ္မပဲ နှုတ်ရပါမယ်။ အာသေဝနကို အနန္တရထဲကနှုတ်ယင် သင်္ချာ ပဉ္စရကြောင်းကို ပြောခဲ့ပါပြီ။

**အနန္တရမူ နာသေဝန ဒုကဌ်—** အာသေဝနမှတပါး အလုံးစုံသော အနန္တရပစ္စည်း။ အနန္တရ ပစ္စယာ နာသေဝနေ ပဉ္စ။

ကမ္မ။ အနန္တရကမ္မနှုတ်တော့ အပါဒါန်ခံရရုံပါပဲ၊ သင်္ချာမလျော့ပါဘူး။

**သမ္ပယုတ္တမူ န ဝိပါက ဒုက၌—** အချင်းချင်းအား တတ်သော အလုံးစုံသော ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ (၄)ပါး။ (အဲဒီ နာမက္ခန္ဓာ (၄) ပါးဟာ ကုသိုလ် အကုသိုလ် ကြိယာ ဆိုသဖြင့် ပဝတ္တိအခါမှာသာ ဖြစ်ပါတယ်။ ပဋိသန္ဓေအခါ မရတော့ပါဘူး။) သမ္ပယုတ္တ ပစ္စယာ န ဝိပါကေ တိကကို။

အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂတွေဟာ အငယ်တွေ ဖြစ်သဖြင့် ပေါင်းပြီး ဆိုလိုက်ကြပါစို့။

**သမ္ပယုတ္တမူ န အာဟာရ၊ န ဣန္ဒြိယ၊ န ဈာန၊ န မဂ္ဂ ဒုကဥ္စ—** အချင်းချင်းအား တတ်သော နာမ်အာဟာရ တရားကိုယ် (၃) ပါး၊ နာမ်ဣန္ဒြေ တရားကိုယ် (၈) ပါး၊ ဈာနင်တရားကိုယ် (၅) ပါး၊ မဂ္ဂင်တရားကိုယ် (၉) ပါးမှတပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး။ သမ္ပယုတ္တ ပစ္စယာ န အာဟာရေ တီဏိ၊ န ဣန္ဒြိယေ တီဏိ၊ န ဈာနေ တီဏိ၊ န မဂ္ဂေ တီဏိ။

သမ္ပယုတ္တနှင့် ဝိပ္ပယုတ္တဟာ ဘယ်တော့မှ သဘာဂမဖြစ်ပါဘူး။ သမ္ပယုတ္တက နာမ်အချင်းချင်း ကျေးဇူးပြုပါတယ်။ ဝိပ္ပယုတ္တက နာမ်က ရုပ်+ရုပ်က နာမ်ကို ကျေးဇူးပြုတော့ကာ သဘာဂမဟုတ်ပါဘူး။ ဒါ့ကြောင့် သူ့ကို **သမ္ပယုတ္တမူ န ဝိပ္ပယုတ္တ ဒုကဥ္စ—** အလုံးစုံသော သမ္ပယုတ္တပစ္စည်း။ သမ္ပယုတ္တ ပစ္စယာ န ဝိပ္ပယုတ္တေ တီဏိ။ အတ္ထိ၊ အဝိဂတကို မူလီ မသွတ်နိုင်ပါဘူး။ ဒီတော့ သမ္ပယုတ္တပစ္စည်းမှာဆိုယင် အားလုံးကုန် တီဏိချည်းပါပဲ။ သဟာကြီး (၄) နှင့် အညမညကို မူလီသွတ်လို့ မရပါဘူး။

သမ္ပယုတ္တ ပစ္စယာ န ဟေတုယာ တီဏိ၊ နာရမ္မဏေ တီဏိ၊ နာဓိပတိယာ တီဏိ၊ နာနန္တရေ တီဏိ၊ န သမနန္တရေ တီဏိ၊ န ဥပနိဿယေ တီဏိ၊ န ပုရေဇာတေ တီဏိ၊ န ပစ္ဆာဇာတေ တီဏိ၊ နာသေဝနေ တီဏိ၊ န ကမ္မေ တီဏိ၊ န ဝိပါကေ တီဏိ၊ န အာဟာရေ တီဏိ၊ န ဣန္ဒြိယေ တီဏိ၊ န ဈာနေ တီဏိ၊ န မဂ္ဂေ တီဏိ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နောနတ္ထိယာ တီဏိ၊ နောဝိဂတေ တီဏိ။

## ဝိပ္ပယုတ္တမူ

ဝိပ္ပယုတ္တမှာ လေးမျိုးရှိပါတယ်။ ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ၊ သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တ လို့ အားလုံးပေါင်းလိုက်ယင် သင်္ချာ ပဉ္စရှိပါတယ်။ အဲဒီ ပဉ္စထဲက ဝတ္ထာရမ္မဏနှင့် ပုရေဝိပ်ဟာ သင်္ချာတူပါတယ်။ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ။ သဟဝိပ်နှင့် ပစ္ဆာဝိပ်ဟာလဲ သင်္ချာတူပါတယ်။ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ။ ယခု သင်္ချာတူတယ်လို့ ပြောနေတာ တခြားမဟုတ်ဘူး။ ဝတ္ထာတို၊ ပုရေဝိပ်တို့ (၂) ခုကျန်နေယင် သင်္ချာ တီဏိလို့ ထုတ်ရော၊ သဟဝိပ်နှင့် ပစ္ဆာဝိပ် ကျန်နေယင် သင်္ချာ တီဏိလို့

ထုတ်စရာ။ ဒီလိုမှ မဟုတ်ပဲ သဟဇာတဝိပ်နှင့် ပုရေဇာဝိပ် ကျန်နေယင် သချ်ာ ပဥှလို ထုတ်ရမယ်။ သချ်ာကို နားလည်ဖို့ရာအတွက် ပြောတာပါ။ ဟေတုဆိုတော့ သဟဇာတ ဝိပ္ပယုတ္တထဲက သမ္ပယုတ္တကပြောတဲ့သဘောအတိုင်း သူ့ရဲ့ သုဒ္ဓသချ်ာ ဆို၍ ဟိတ်(၆) ပါးကို နှုတ်ရပါလိမ့်မယ်။

**ဝိပ္ပယုတ္တမူ န ဟေတု ဒုက၌—** အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက် (၄) ခု ဒွေပဉ္စဝိညာဉ် တဆယ် ရဟန္တာတို့ စုတိဟိတ် (၆) ပါးမှတပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး။ အချင်းချင်းအား တတ်သော ပဋိသန္ဓေ၌ရှိသော ဟိတ် (၃) ပါးမှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟုဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဤတရားတို့သည် ဝိပ္ပယုတ္တပစ္စည်းသာ တပ်၍ ဟေတုပစ္စည်း မတပ်သော ကြောင့် ဟေတုပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ ဝိပ္ပယုတ္တ ပစ္စယာ န ဟေတုယာ ပဉ္စဟု သချ်ာတပ်၍ ဟောအပ်ကုန်၏။

အာရမ္မဏနှုတ်တော့ ဝတ္ထာ ပြုတ်သွားပါတယ်။ သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတ ကျန်ပါတယ်။ အဲဒီလို ကျန်တော့ ပုရေဇာတထဲမှာ ဝတ္ထာဟာ မပါ ပါဘူး။

**ဝိပ္ပယုတ္တမူ နာရမ္မဏ ဒုက၌—** အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ နာရမ္မဏေ ပဉ္စ။

အဓိပတိနှုတ်တော့ အာဓိန့် ဝတ္ထာအတွက် ဝတ္ထာဓိ သဘာဂဖြစ်ပါ တယ်။ သဟာဓိနှုတ်တော့ ဟေတုကို နှုတ်တဲ့သဘောအတိုင်း သူ့ရဲ့ ဆိုင်ရာ ဖြစ်တဲ့ အဓိပတိတရားကိုယ်ကို နှုတ်ရပါတယ်။ ပုရေဇာတ ပစ္ဆာဇာတနဲ့ မဆိုင်ပါဘူး။

**ဝိပ္ပယုတ္တမူ နာဓိပတိ ဒုက၌—** ဝတ္ထာရမ္မဏာဓိပတိမှတပါး အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါ ကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄) ခု ဒွေပဉ္စဝိညာဉ် တဆယ် ရဟန္တာတို့ စုတိ အဓိပတိတရားကိုယ် (၄) ပါးမှတပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ **နာဓိပတိယာ ပဉ္စ။**

အနန္တရ စသည် တွေဟာ သဘာဂမဟုတ်ပါဘူး။

**ဝိပ္ပယုတ္တမူ နာနန္တရ၊ န သမနန္တရ၊ နော နတ္ထိ၊ နော ဝိဂတ ဒုက**ဠ— အလုံးစုံသော ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ နာနန္တရေ ပဋ္ဌ၊ န သမနန္တရေ ပဋ္ဌ၊ နော နတ္ထိယာ ပဋ္ဌ၊ နော ဝိဂတေ ပဋ္ဌ။

သဟဇာတနှုတ်တော့ သဟဝိပ် ပြုတ်သွားပါတယ်။ ဝတ္ထာဝိပ်၊ ပုရေဝိပ်၊ ပစ္ဆာဝိပ် ကျန်ပါတယ်။ သူတို့ကို ပေါင်းလိုက်ယင် သင်္ချာ ပဋ္ဌဖြစ်ပါတယ်။

**ဝိပ္ပယုတ္တမူ န သဟဇာတ ဒုက**ဠ— အလုံးစုံသော ဝတ္ထာရမ္မဏ ဝိပ္ပယုတ္တ၊ ပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ န သဟဇာတေ ပဋ္ဌ။

အညမညနှုတ်တော့ အညမညနဲ့ ဝိပ္ပယုတ္တမှာ ညဝိပ်ဆိုတဲ့ သဘာဂဟာ အချင်းချင်းအား တတ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ဖြစ်ပါတယ်။ အဲဒီတော့ သဟဇာတ ဝိပ္ပယုတ္တထဲက ပထမအချက် ကျန်ပါတယ်။ ပုရေပစ္ဆာလဲ ကျန်သဖြင့် သင်္ချာက ပဋ္ဌပဲရပါတယ်။

**ဝိပ္ပယုတ္တမူ န အညမည ဒုက**ဠ— အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၁) ခု ဒွေပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါးဟု ဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ န အညမညေ ပဋ္ဌ။

နိဿယကို နှုတ်တော့ ဝတ္ထာ ပြုတ်သွားပါပြီ။ သဟဝိပ်လဲ ပြုတ်သွားပါပြီ။ ပုရေဝိပ်လဲ ပြုတ်သွားပါပြီ။ ပစ္ဆာဝိပ်ပဲ ကျန်ပါတော့တယ်။ ဒီတော့ သင်္ချာ ဧကံရှိပါတယ်။

**ဝိပ္ပယုတ္တမူ န နိဿယ ဒုက**ဠ— အလုံးစုံသော ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ န နိဿယေ ဧကံ။

ဥပနိဿယကျတော့ အာရမ္မဏူနဲ့ ဝတ္ထာဟာ ဝတ္ထာဓိ သဘာဂဖြစ်ပါတယ်။ အဲဒီသဘာဂပဲ နှုတ်ရပါတယ်။ ကျန်တာ ဒီအတိုင်းဆိုရပါတယ်။

**ဝိပ္ပယုတ္တမူ န ဥပနိဿယ ဒုက**ဠ— ဝတ္ထာရမ္မဏာဓိပတိမှတပါး အလုံးစုံသော ဝတ္ထာရမ္မဏ၊ သဟဇာတ ဝိပ္ပယုတ္တ၊ ပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ န ဥပနိဿယေ ပဋ္ဌ။

ပုရေဇာတနှုတ်တော့ အာပုက ဝတ္ထာထက် များနေသဖြင့် ဝတ္ထာ ပြုတ်သွားပါပြီ။ ပုရေဝိပ်နဲ့ ဝတ်ပုဟာ တူပါတယ်။ အဲဒီတော့ ပုရေဝိပ်လဲ

ပြုတ်သွားပါပြီ။ သဟဇာတနဲ့ ပစ္ဆာဇာတ ကျန်ပါတယ်။ သဟဇာတနဲ့ ပစ္ဆာဇာတဟာ သင်္ချာတီကဝိရကြောင်းကို ပြောခဲ့ပါပြီ။ ဒါ့ကြောင့် သင်္ချာဟာ တီကပဲ ရပါ လိမ့်မယ်။

**ဝိပ္ပယုတ္တမ္ပိ န ပုရေဇာတ ဒုကဉ္စ—** အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ န ပုရေဇာတေ တီဏိ။

ပစ္ဆာကျတော့ ပစ္ဆာ ပြုတ်ပါတယ်။ ဝတ္ထု၊ သဟဇာတ၊ ပုရေဇာတ ကျန်ပါတယ်။ သူတို့ကို ပေါင်းလိုက်ယင် သင်္ချာ ပဉ္စပဲရှိပါတယ်။

**ဝိပ္ပယုတ္တမ္ပိ န ပစ္ဆာဇာတ ဒုကဉ္စ—** အလုံးစုံသော ဝတ္ထာရမ္မဏ၊ သဟဇာတ ဝိပ္ပယုတ္တ၊ ပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ န ပစ္ဆာဇာတေ ပဉ္စ။

အာသေဝနဟာ သဘာဂမဟုတ်ပါဘူး။

**ဝိပ္ပယုတ္တမ္ပိ နာသေဝန ဒုကဉ္စ—** အလုံးစုံသော ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ နာသေဝနေ ပဉ္စ။

ကမ္မနုတ်ခဲ့ပုံကလေးတွေ ပြောခဲ့ပါပြီ။ ဒီတော့ အကျဉ်းပဲ ဆိုကြပါစို့။ ကမ္မက စေတနာကလေးဟာ သဘာဂဖြစ်သဖြင့် ဒီစေတနာကလေး ကိုပဲ အပါဒါန်ခံ၍ ဆိုကြပါစို့။

**ဝိပ္ပယုတ္တမ္ပိ န ကမ္မ ဒုကဉ္စ—** အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ စေတနာမှတပါး အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ န ကမ္မေ ပဉ္စ။

ဝိပါကနုတ်တော့ စိတ္တဇရုပ်အား တတ်သော ဆိုင်ရာဖြစ်တဲ့ နာမ်တရားတွေ ရပါတယ်။ ပြီးတော့ အချင်းချင်းတတ်တဲ့ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုထဲမှာ ဝိပါကက ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ရပါတယ်။ ဒါ့ကြောင့် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအား တတ်သော ဟဒယဝတ္ထု ကျန်ပါတယ်။

**ဝိပ္ပယုတ္တမ္ပိ န ဝိပါက ဒုကဉ္စ—** အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ စိတ္တဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် အကုသိုလ် ကြိယာဟု ဆိုအပ်သော နာမက္ခန္ဓာ (၄) ပါး။ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအား တတ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တ။ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ န ဝိပါကေ ပဉ္စ။

ဝိပါကနုတ်တဲ့အခါမှာ သဟဇာတထဲမှာ ပဋိသန္ဓေ ကမ္မဇရုပ် ရှိတယ်။ န ဝိပါကဆိုယင် ပဋိသန္ဓေ ကမ္မဇရုပ် ဘယ်တော့မှ မရဘူး။ ဒါ့ကြောင့် စိတ္တဇ

ရုပ်အား ကတ်သော (သေသေချာချာဆိုယင် ပဋ္ဌေဝါကာရဘုံ၌ ဖြစ်သော အခါ) ဟိုက ဒွေပဉ္စဝိညာဉ်တဆယ် အရူပဝိပါက် (၄) ခု ရဟန္တာစုတိ ဆိုတာတွေက ဝိပါက်ဆိုင်ရာတွေပါ။ ဒီမှာ န ဝိပါက ဖြစ်နေတော့ ဒါတွေလဲ ကြည့်နေစရာ မလိုတော့ဘူး။ ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ (၄) ပါး ဆိုယင် ပြီးပါတယ်။

**ဝိပ္ပယုတ္တမူ န အာဟာရ ဒုကဥ်—** အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ နာမ်အာဟာရ တရားကိုယ် (၃) ပါးမှတပါး သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ န အာဟာရေ ပဉ္စ။

ဣန္ဒြိယလဲ ဒီသဘောအတိုင်းပါပဲ။

**ဝိပ္ပယုတ္တမူ န ဣန္ဒြိယ ဒုကဥ်—** အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ နာမ်ဣန္ဒြေ တရားကိုယ် (၈) ပါးမှတပါး သဟဇာတ ဝိပ္ပယုတ္တပစ္စည်း၊ ဝတ္ထုပုရေဇာတိန္ဒြိယမှတပါး ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ န ဣန္ဒြိယေ ပဉ္စ။

ဈာန၊ မဂ္ဂတွေဟာ အငယ်ဖြစ်သဖြင့် ပေါင်းဆိုလိုက်ကြပါစို့။

**ဝိပ္ပယုတ္တမူ န ဈာန၊ န မဂ္ဂ ဒုကဥ်—** အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ ဈာနင်တရားကိုယ် (၅) ပါး၊ မဂ္ဂင်တရားကိုယ် (၉) ပါးမှတပါး အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ န ဈာနေ ပဉ္စ၊ န မဂ္ဂေ ပဉ္စ။

သမ္ပယုတ္တဟာ သဘာဂမဟုတ်ပါဘူး။

**ဝိပ္ပယုတ္တမူ န သမ္ပယုတ္တ ဒုကဥ်—** အလုံးစုံသော ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ န သမ္ပယုတ္တေ ပဉ္စ။

အတ္ထိ၊ အဝိဂတ မူလီသွတ်လို့ မရပါဘူး။ သူ့ရဲ့ ပါဠိက နိဿယ တုန်းက ပစ္ဆာကျန်ပါတယ်။ ပုရေဇာတကျတော့ သဟဇိပ်နဲ့ ပစ္ဆာဇိပ် ကျန်ပါ တယ်။ သူတို့အတွက် သချ်ာ တီဏိပဲရှိပါတယ်။ ကျန်တာတွေ အကုန်လုံး ပဉ္စ။ အတ္ထိ၊ အဝိဂတကို မူလီသွတ်လို့ မရပါဘူး။

ဝိပ္ပယုတ္တ ပစ္စယာ န ဟေတုယာ ပဉ္စ၊ နာရမ္မဏေ ပဉ္စ၊ နာဓိပတိယာ ပဉ္စ၊ နာနန္တရေ ပဉ္စ၊ န သမနန္တရေ ပဉ္စ၊ န သဟဇာတေ ပဉ္စ၊ န အညမညေ ပဉ္စ၊ န နိဿယေ တီဏိ၊ န ဥပနိဿယေ ပဉ္စ၊ န ပုရေဇာတေ တီဏိ၊ န ပစ္ဆာဇာတေ ပဉ္စ၊ နာသေဝနေ ပဉ္စ၊ န ကမ္မေ ပဉ္စ၊ န ဝိပါကေ ပဉ္စ၊ န

အာဟာရေ ပဋ္ဌ၊ န ဣန္ဒြိယေ ပဋ္ဌ၊ န ဈာနေ ပဋ္ဌ၊ န မဂ္ဂေ ပဋ္ဌ၊ န သမ္ပယုတ္တေ ပဋ္ဌ၊ နော နတ္ထိယာ ပဋ္ဌ၊ နော ဝိဂတေ ပဋ္ဌ။

## အတ္ထိမူ

ဝိပ္ပယုတ္တပြီးတော့ အတ္ထိ။ အတ္ထိမှာ (၉) မျိုးတောင် ရှိပါတယ်။ အဲဒီတော့ ပထမ တကြိမ်သာ အကုန်လုံး ဆိုကြပါစို့။ ဟေတုနှုတ်တော့ကာ ဟေတုပစ္စည်း ပစ္စယုပ္ပန်အားလုံး သဟဇာတထဲမှာ ဝင်ပါတယ်။ ဒီတော့ ဟေတုပစ္စည်းမှတပါးလို့ ဆိုလိုက်ရရုံပါပဲ။

**အတ္ထိမူ န ဟေတု ဒုက**— အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိပစ္စည်း။ ဟေတုပစ္စည်းမှ တပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ သဟဇာတပုရေဇာတမိဿက၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယမိဿက ပစ္စည်း။ ဤတရားတို့သည် အတ္ထိပစ္စည်းသာ တပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ အတ္ထိ ပစ္စယာ န ဟေတုယာ တေရသဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အာရမ္မဏကျတော့ အာပုကလေး ပြုတ်သွားတာပါပဲ။ ကျန်တာတွေ အကုန်လုံး ဆိုရပါလိမ့်မယ်။

**အတ္ထိမူ နာရမ္မဏ ဒုက**— အာရမ္မဏ ပုရေဇာတတ္ထိမှ တပါး အလုံးစုံသော အတ္ထိပစ္စည်း။ အတ္ထိ ပစ္စယာ နာရမ္မဏေ တေရသ။ (အလုံးစုံသော အတ္ထိပစ္စည်းလို့ ဆိုသဖြင့် ကျန်တဲ့ (၈)မျိုး အကုန်ရပါတယ်။)

အဓိပတိကျတော့ အာပုနဲ့ အာဓိဟာ အာပုမိ သဘာဂ ဖြစ်ပါတယ်။ သဟထဲမှာ သဟာဓိ နှုတ်ရပါတယ်။ သင်္ချာတွေ မလျော့ပါဘူး။

**အတ္ထိမူ နာဓိပတိ ဒုက**— အာရမ္မဏ ပုရေဇာတာ ဓိပတိမှ တပါး အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိပစ္စည်း။ သဟဇာတာ ဓိပတိမှ တပါး သဟဇာတတ္ထိ ပစ္စည်း။ ပုရေ၊ ပစ္ဆာ၊ ဟာ၊ ဣ၊ မိဿက (၃) ပစ္စည်း။ အတ္ထိ ပစ္စယာ နာဓိပတိယာ တေရသ။

အနန္တရ စသည် ကွယာ ဝိသဘာဂပါ။

**အတ္ထိမူ နာနန္တရ၊ န သမနန္တရ၊ နော နတ္ထိ၊ နော ဝိဂတ ဒုက**— အလုံးစုံသော အတ္ထိပစ္စည်း။ အတ္ထိ ပစ္စယာ နာနန္တရေ တေရသ၊ န သမနန္တရေ တေရသ၊ နော နတ္ထိယာ တေရသ၊ နော ဝိဂတေ တေရသ။

သဟဇာတနှုတ်တော့ သဟဇာတတ္ထိ ပြုတ်သွားပါတယ်။ သဟဇာတ ပြုတ်သွားတယ်ဆိုယင် သဟဇာတ ပုရေဇာတ မိဿကလဲ မရနိုင်တော့ပါဘူး။ အာပုနဲ့ ဝတ်ပု ပေါင်းလိုက်ယင် သင်္ချာ တီဏိပဲ ရှိပါတယ်။ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ။ ပစ္ဆာက ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ ရသဖြင့် သင်္ချာဟာ ပဉ္စ လာဖြစ်ပါတယ်။ ပုရေနဲ့ ပစ္ဆာရောယင် မထူးပါဘူး၊ ပဉ္စပဲ ဖြစ်ပါတယ်။ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယက သင်္ချာ မထူး ပါဘူး။ သဟ ပုရေ မိဿကလဲ မရပါဘူး။ ပစ္ဆာဟာ ပစ္ဆာက္က ပေါင်းလိုက်ယင် သင်္ချာ (၂)ခု တိုးသဖြင့် သင်္ချာသည် သတ္တ လာဖြစ်ပါလိမ့်မယ်။

**အတ္ထိမူ န သဟဇာတ ဒုကဌ—** အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စည်း။ ပုရေ၊ ပစ္ဆာ၊ ဟာ၊ က္လ၊ ပစ္ဆာဇာတာဟာရ ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ အတ္ထိ ပစ္စယာ န သဟဇာတေ သတ္တ။

အညမညနှုတ်တော့ သဟဇာတထဲမှာ အညမည နှုတ်တဲ့အတွက် သင်္ချာ ဗျာ (၅) ချက် ရပါတယ်။ ကုသလော အဗျာကတဿ၊ အကုသလော အဗျာ ကတဿ၊ အဗျာကတော အဗျာကတဿ၊ ကုသလာ ဗျာကတော အဗျာ ကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ၊ အဲဒီသင်္ချာ ဗျာ (၅) ချက်ဟာ ခုနက သဟဇာတတုန်းက ဆိုခဲ့တဲ့ သတ္တထဲမှာ ပါဝင် နေပါတယ်။ အဲဒီတော့ သင်္ချာ မတိုးပါဘူး၊ တရား တိုးရပေတယ်လို့ သတ္တပဲ ဖြစ်ပါ လိမ့်မယ်။

**အတ္ထိမူ န အညမည ဒုကဌ—** အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စည်း။ အညမည ပစ္စည်းမှတပါး အလုံးစုံသော သဟဇာတတ္ထိ ပစ္စည်း။ ပုရေ၊ ပစ္ဆာ၊ ဟာ၊ က္လ၊ ပစ္ဆာဇာတာဟာရ, ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ အတ္ထိ ပစ္စယာ န အညမညေ သတ္တ။

နိဿယနှုတ်တော့ အာပုထဲမှာ ဝတ္ထာ နှုတ်ရပါတယ်။ ဝတ္ထာနှုတ်တော့ ကာ အာပုဟာ ပြုတ်မသွားသေးပါဘူး။ သင်္ချာ တီဏိ ရပါတယ်။ သဟဇာတ ကတော့ ပြုတ်သွားပြီ။ ပုရေလဲ ပြုတ်သွားပြီ။ ပစ္ဆာ ကျန်ပါတယ်။ အဲဒီ အာပုနှင့် ပစ္ဆာ ပေါင်းလိုက်ယင် သင်္ချာသည် ပဉ္စ လာဖြစ်ပါ သေးတယ်။ ပြီးတော့ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယအတွက် သင်္ချာမတိုးပါဘူး။ ပစ္ဆာဟာ ပစ္ဆာက္က ပေါင်းလိုက်ယင် သင်္ချာသည် သတ္တပဲ လာဖြစ်ပါတယ်။ အဲဒီတော့ သဟဇာတ၊ အညမည၊ နိဿယ ဒီ (၃) ပစ္စည်း နှုတ်တဲ့အခါမှာ သင်္ချာ သတ္တပဲ ရှိပါသေးတယ်။ တရားတွေသာလျှင် ဆိုင်ရာ ပစ္စည်းအားလျော်စွာ လျော့မှု တိုးမှု ရှိပါတယ်။

**အတ္ထိမူ န နိဿယ ဒုက၌—** ဝတ္ထာရမ္မဏမှတပါး အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတာဟာရ, ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ အတ္ထိ ပစ္စယာ န နိဿယေ သတ္တ။

ဥပနိဿယမှာ အာပုနဲ့ အာရမ္မဏူသည် အာပုဓိ သဘာဂပဲ ရှိပါတယ်။ ကျန်တာ တွေဟာ ဥပနိဿယမှာ မရှိပါဘူး။

**အတ္ထိမူ န ဥပနိဿယ ဒုက၌—** အာရမ္မဏ ပုရေဇာတာ ဓိပတိမှတပါး အလုံးစုံသော အတ္ထိပစ္စည်း။ အတ္ထိ ပစ္စယာ န ဥပနိဿယေ တေရသ။

ပုရေဇာတ နှုတ်လိုက်တော့ အာပုက ပြုတ်သွားပါပြီ။ သဟဇာတ ကျန်ပါတယ်။ ဝတ်ပုကလေးကလဲ ပြုတ်သွားပါပြီ။ ပစ္ဆာဇာတ ကျန်ပါတယ်။ ပစ္ဆာဇာတရဲ့ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ သဟဇာတထဲမှာ ရှိပါတယ်။ ရုပ်အာဟာရ, ရူပဇီဝိတိန္ဒြိယအတွက် သချ်ာဟာ မထူးပါဘူး။ ပစ္ဆာဇာတာဟာရ, ပစ္ဆာဇာတိန္ဒြိယ မိဿက (၂) မျိုးကလဲ သဟဇာတထဲမှာ ဝင်ပါတယ်။ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ။ အဲဒါ သဟဇာတ ထဲမှာ ရှိပါတယ်။ အဲဒီတော့ သချ်ာဟာ နဝပဲ ရပါတယ်။

**အတ္ထိမူ န ပုရေဇာတ ဒုက၌—** အလုံးစုံသော သဟဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတာဟာရ, ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ အတ္ထိ ပစ္စယာ န ပုရေဇာတေ နဝ။

ပစ္ဆာဇာတနှုတ်တော့ ပစ္ဆာဇာတ ပြုတ်သွားပါတယ်။ ပစ္ဆာဇာတ ပြုတ်သဖြင့် မိဿက (၂) မျိုးလဲ ပြုတ်သွားပါတယ်။ ကျန်တာတွေ ပေါင်းလိုက်ယင် တေရသပဲ ရှိပါသေးတယ်။

**အတ္ထိမူ န ပစ္ဆာဇာတ ဒုက၌—** အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ၊ သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ သဟဇာတ ပုရေဇာတ မိဿကပစ္စည်း။ အတ္ထိ ပစ္စယာ န ပစ္ဆာဇာတေ တေရသ။

နာသေဝန သဘာဂမဟုတ်ပါဘူး။

**အတ္ထိမူ နာသေဝန ဒုက၌—** အလုံးစုံသော အတ္ထိပစ္စည်း။ အတ္ထိ ပစ္စယာ နာသေဝနေ တေရသ။

ကမ္မမှာ သဟဇာတကမ္မ ကလေးပဲ နှုတ်ရပါတယ်။ ကျန်တာတွေဟာ လုံးဝ မဆိုင်ပါဘူး။

**အတ္ထိမှ န ကမ္မ ဒုကဋ္ဌ—** သဟဇာတ ကမ္မဒုကမှ တပါး အလုံးစုံသော အတ္ထိ ပစ္စည်း။ အတ္ထိ ပစ္စယာ န ကမ္မေ တေရသ။

ဝိပါကကျတော့ ဝိပါကလေး နှုတ်ရုံပါပဲ။ အလုံးစုံသောဆိုတာ ကျန်တာ ရေးထားတာတွေ အကုန်လုံးပါ။

**အတ္ထိမှ န ဝိပါက ဒုကဋ္ဌ—** ဝိပါကပစ္စည်းမှတပါး အလုံးစုံသော အတ္ထိပစ္စည်း။ အတ္ထိ ပစ္စယာ န ဝိပါကေ တေရသ။

အာဟာရကျတော့ သဟဇာတထဲမှာ နာမ်အာဟာရ နှုတ်၊ ရုပ်အာ ဟာရကလေး ပြုတ်သွားပါတယ်။ ရုပ်အာဟာရ ပြုတ်သွားသဖြင့် ပစ္ဆာဇာ တာဟာရ မိဿက မရတော့ပါဘူး။

**အတ္ထိမှ န အာဟာရ ဒုကဋ္ဌ—** အလုံးစုံသော အာရမ္မဏ ပုရေဇာ တတ္ထိပစ္စည်း။ နာမ်အာဟာရ ပစ္စည်းမှတပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိ ပစ္စယာ န အာဟာရေ တေရသ။

ဣန္ဒြိယနှုတ်ပြန်တော့လည်း ဆိုင်ရာဖြစ်တဲ့ မိဿကတွေ ပြုတ်သွားတာပဲ ထူးပါတယ်။

**အတ္ထိမှ န ဣန္ဒြိယ ဒုကဋ္ဌ—** အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စည်း။ သဟဇာတိန္ဒြိယမှတပါး သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတိန္ဒြိယမှတပါး ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ။ သဟဇာတ ပုရေ ဇာတ မိဿက, ပစ္ဆာဇာတာဟာရ မိဿကပစ္စည်း။ အတ္ထိ ပစ္စယာ န ဣန္ဒြိယေ တေရသ။

ဈာန၊ မဂ္ဂ အငယ် မထူးပါဘူး။

**အတ္ထိမှ န ဈာန၊ န မဂ္ဂ ဒုကဋ္ဌ—** ဈာန၊ မဂ္ဂ ပစ္စည်းမှတပါး အလုံး စုံသော အတ္ထိပစ္စည်း။ အတ္ထိ ပစ္စယာ န ဈာနေ တေရသ၊ န မဂ္ဂေ တေရသ။

သမ္ပယုတ္တနှုတ်တော့ အညမညနှုတ်သလိုပဲ သင်္ချာဟာ သတ္တ လာကျန် ပါလိမ့်မယ်၊

**အတ္ထိမှ န သမ္ပယုတ္တ ဒုကဋ္ဌ—** အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စည်း။ သမ္ပယုတ္တပစ္စည်းမှတပါး သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာ တတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတာဟာရ, ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိ ပစ္စယာ န သမ္ပယုတ္တေ သတ္တ။

ဝိပ္ပယုတ္တနှုတ်တော့ အာပုထဲမှာ ဝတ္ထာနှုတ်ယင် အာပု သင်္ချာအတိုင်း ကျန်ပါတယ်။ သဟထဲမှာ သဟဝိပ် နှုတ်လိုက်တော့ နာမ်တရား ကျန်ပါတယ်။ အဲဒီ နာမ်တရားသည် ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿ ဆိုသဖြင့် အာပုနှင့် ပေါင်းလိုက်တဲ့ အခါမှာ အာပုက အဗျာကတော အဗျာကတဿချင်း တူတယ်၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ ဒါ (၂) ခု ထည့်လိုက်ယင် သင်္ချာသည် ပဥ္စဖြစ်ပါတယ်။ ပုရေဝိပ် ပြုတ်သွားပါပြီ။ ပစ္ဆာဝိပ် ပြုတ်သွားပါပြီ။ ရုပ်အာဟာရ ရူပဇီဝိတိန္ဒြိယ ထည့်လိုက်တဲ့အတွက် သင်္ချာ မထူးပါဘူး။ ပဥ္စပဲ ရပါတယ်။ ဗိဿကတွေလဲပဲ န ဝိပ္ပယုတ္တလို့ ဆိုသဖြင့် အားလုံးကုန် ပြုတ်သွားပါပြီ။ အဲဒီတော့ ဝိပ္ပယုတ္တ နှုတ်တဲ့အခါမှာ သင်္ချာသည် ပဥ္စပဲ ကျန်ပါတော့တယ်။

**အတ္ထိမူ န ဝိပ္ပယုတ္တ ဒုကဠ်—** ဝတ္ထာရမ္မဏမှတပါး အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္တိပစ္စည်း။ အချင်းချင်းအား တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး။ အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ် အားလည်းကောင်း တတ်သော မဟာဘုတ် (၄) ပါးဟု ဆိုအပ်သော သဟဇာတတ္တိပစ္စည်း၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိပစ္စည်း။ အတ္ထိ ပစ္စယာ န ဝိပ္ပယုတ္တေ ပဥ္စ။

အဝိဂတကတော့ တူနေသဖြင့် နှုတ်စရာမလိုပါဘူး။ သူညပဲ ကျန်ပါတော့မယ်။ အဲဒီတော့ အတ္ထိရဲ့ မူသင်္ချာက တေရသ ရပါတယ်။ သဟဇာတ၊ အညမည၊ နိဿယတွေကို မူလီသွင်တဲ့အခါ သင်္ချာ သတ္တလာဖြစ်ပါတယ်။ ပုရေဇာတမှာ နဝ ဖြစ်ပါတယ်။ သမ္ပယုတ္တမှာ သတ္တ ဖြစ်ပါတယ်။ ဝိပ္ပယုတ္တမှာ ပဉ္စ ဖြစ်ပါတယ်။ ကျန်တာတွေ အားလုံးကုန် တေရသဖြစ်ပါတယ်။

အတ္ထိ ပစ္စယာ န ဟေတုယာ တေရသ၊ နာရမ္မဏေ တေရသ၊ နာဓိပတိယာ တေရသ၊ နာနန္တရေ တေရသ၊ န သမနန္တရေ တေရသ၊ န သဟဇာတေ သတ္တ၊ န အညမညေ သတ္တ၊ န နိဿယေ သတ္တ၊ န ဥပနိဿယေ တေရသ၊ န ပုရေဇာတေ နဝ၊ န ပစ္ဆာဇာတေ တေရသ၊ နာသေဝနေ တေရသ၊ န ကမ္မေ တေရသ၊ န ဝိပါကေ တေရသ၊ န အာဟာရေ တေရသ၊ န ဣန္ဒြိယေ တေရသ၊ န ဈာနေ တေရသ၊ န မဂ္ဂေ တေရသ၊ န သမ္ပယုတ္တေ သတ္တ၊ န ဝိပ္ပယုတ္တေ ပဥ္စ၊ နော နတ္ထိယာ တေရသ၊ နော ဝိဂတေ တေရသ။

နတ္ထိ၊ ဝိဂတဟာ အနန္တရနဲ့ တူပါပြီ။ အဝိဂတလဲ အတ္ထိနဲ့ တူပြီ ဖြစ်ခြင်းကြောင့် အနုလောမပစ္စနိက် ဒုက ပြီးကြပါစို့။ နောက်အပတ်ကျမှ ဃဋနာတွေ လာပါလိမ့်မယ်။ အဲဒီ ဃဋနာတွေဟာ အနုလုံက ဆိုခဲ့တဲ့ ဃဋနာတွေပဲ။ (၄၁၅) ချက် လာပါလိမ့်မယ်။ ပါဠိတော်မှာ ရေးထားတာလဲ အင်မတန် များပါတယ်။ ဒါပေတဲ့ ကိစ္စလဲ ပြီးလွယ်အောင် တိုလဲ တိုအောင် အကျဉ်းနည်းအားဖြင့် ဘယ်လိုသွားမယ်ဆိုတာကို ပြောပြီး ပို့ချပေးပါ့မယ်။

သာဓု—သာဓု—သာဓု။

## ပဋ္ဌာန်းကုသလတိက် ပဉှာဝါရ အနုလောမပစ္စနိက် သင်္ချာခန်း

❀

အယင်အပတ်က ဒုက ပြီးသွားပါပြီ။ ဒုက ပြီးသွားတော့ ဃဋနာ။ အဲဒီ ဃဋနာတွေဟာ အနုလုံတုန်းက ဟောထားတဲ့အတိုင်း (၄၁၅) ချက် ရှိပါတယ်။ ပါဠိတော်မှာတော့ ဒုက ဃဋနာ စသည်ဖြင့် ဟေတု၊ အာရမ္မဏ အစရှိတဲ့ ပစ္စည်းတွေကို ဟောပါတယ်။ ဒီမှာတော့ ကိစ္စပြီးလွယ်အောင် ဆိုပြီး ဃဋနာတွေကို သီးသန့်၊ ဒုကကို သီးသန့် ပို့ချပြီး ပေးပါတယ်။ အဲဒီ ဃဋနာမှာလဲ အနုလုံတုန်းက ဆိုခဲ့တဲ့အတိုင်း ပထမ ရှေးဦးစွာ မိဿက ပကိဏ္ဏက ဃဋနာကို ဆိုရပါလိမ့်မယ်။ မိဿက ပကိဏ္ဏကဆိုတော့ ဒီမှာ အနုလုံက သဘောအတိုင်း အတ္ထိ (၉) မျိုး၊ နိဿယ (၄) မျိုး၊ အာပုဓိ+သဟာဓိ၊ ဝတ္ထုဓိ+သဟာဓိ၊ နာမ်ဟာ+ရုပ်ဟာ၊ ဣ° (၃)၊ သဟတိ°+ပုတိ° စသည် ဖြင့် ခေါင်းစဉ် (၁၁) ချက်ရှိပါတယ်။

မြတ်စွာဘုရားတို မည်သည် အဘိဓမ္မာကို ဟောတော်မူတဲ့ အခါမှာ နည်းပေးသင့်တဲ့ နေရာဌာနမှာ နည်းမပေးတာရယ်လို့ မရှိပါဘူး။ နည်းပေး ပါတယ်။ ဒီမှာလဲပဲ နည်းပေးတယ်။ ဘယ်လိုနည်းပေးသလဲလို့ဆိုယင် အတ္ထိ ပစ္စည်းရဲ့ ဒုကကို ဟောပြီးတဲ့အခါမှာ ဃဋနာကို ဟောပါတယ်။ ဃဋနာ ဟောတော့ ပထမအချက်ဖြစ်တဲ့ အဓိပ္ပတိပစ္စည်းရဲ့ ဒုကဟာ ဒီမှာလဲပဲ ပထမ အချက်ဖြစ်တဲ့ ဃဋနာနဲ့ လာတူပါတယ်။ အတ္ထိမှာ သင်္ချာ တေရသ ရပါတယ်။ အဲဒီ သင်္ချာ တေရသထဲက စာအုပ်မှာပါတဲ့ သဘာဂဇယားအတိုင်း ဟေတု နှုတ်မယ်ဆိုယင် ဟေတုပစ္စည်းသာ လျော့သွားတယ်၊ သင်္ချာ တေရသပါပဲ။ အာရမ္မဏ နှုတ်တဲ့အခါမှာလဲပဲ အာပုကလေး လျော့သွားတယ်၊ သင်္ချာ တေရ သ ရတယ်။ အဓိပတိ၊ အနန္တရ သမနန္တရ တွေမှာလဲပဲ ဒီအတိုင်းပါပဲ။ သဟဇာတ နှုတ်တဲ့အခါကျတော့ အနုလောမပစ္စနိက် မိဿက ပကိဏ္ဏက ဃဋနာဇယားရဲ့

၁၃၂၈-ခု၊ တပေါင်းလဆုတ် (၄) ရက်၊ ၁၉၆၇-ခု မတ်လ (၂၉) ရက်၊ ညနေပိုင်း (တွေ့ဆုံအကြိမ်)

အောက်ပိုင်းမှာ ကြည့်လိုက်ယင် အာရယ်၊ သဟာရယ်၊ အညရယ်၊ နိဿယရယ်၊ ဥပ၊ ပုရေ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တရယ်လို့ သင်္ချာထူးတာတွေ ရေးထားပါတယ်။ သဟဇာတနှုတ်လိုက်တော့ အတ္ထိထဲက အာရမ္မဏ ပုရေဇာတတ္ထိ ကျန်တယ်၊ သဟဇာတတ္ထိက ပြုတ်သွားပြီ၊ ဝတ္ထုပုရေဇာတတ္ထိ ကျန်တယ်။ ပစ္ဆာဇာတတ္ထိကျန်တယ်။ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ ကျန်တယ်။ သဟဇာတ ပုရေဇာတ မိဿကကတော့ ပြုတ်သွားပြီ။ ပစ္ဆာဇာတာဟာရ, ပစ္ဆာဇာတိန္ဒြိယ မိဿက ကျန်တယ်။ အဲဒီသင်္ချာတွေကို ဒုကတုန်းကလို ပေါင်းလိုက်တဲ့အခါမှာ သတ္တရပါတယ်။ ဒါ့ကြောင့် ဒုကတုန်းက အတ္ထိ ပစ္စယာ န သဟဇာတေ သတ္တ။ အညမညကျတော့လဲ ထိုနည်းတူစွာ သတ္တကျန်ပါတယ်။ နိဿယကျပြန်တော့လဲ သတ္တကျန်ပါတယ်။ ဥပနိဿယကျတော့ သင်္ချာဟာ တေရသပဲ ကျန်ပါတယ်။ ပုရေဇာတမှာ အာရမ္မဏ ပုရေဇာတ ဝတ္ထုပုရေဇာတ ပြုတ်သွားပါပြီ။ သဟဇာတပဲ ကျန်တော့တယ်။ ဟိုက ပစ္ဆာ၊ ဟာ၊ ဣံကလဲပဲ သင်္ချာမထူးဘူး။ မိဿကနှစ်မျိုးကလဲ သဟဇာတထဲဝင်တယ်။ အဲဒီတော့ သဟဇာတအတိုင်း သင်္ချာဟာ နဝ လာကျန်တယ်။ ဒါ့ကြောင့် ဒုကတုန်းက အတ္ထိ ပစ္စယာ န ပုရေဇာတေ နဝလို့ ဟောပါတယ်။ ပစ္ဆာ၊ အာသေ၊ ကမ္မ၊ ဝိပါက စသည်တွေဟာ ဆိုင်ရာဖြစ်တဲ့ သဘာဂရှိခဲ့လို့ရှိယင် သဘာဂနှုတ်၊ သင်္ချာကတော့ မလျော့ဘူး၊ တေရသပဲကျန်မယ်။ သမ္ပယုတ္တနှုတ်တော့ အညမညလိုပဲ သင်္ချာ သတ္တကျန်ပါတယ်။ ဝိပ္ပယုတ္တ နှုတ်တဲ့အခါမှာ အာပုကလေး ကျန်နေသေးတယ်။ သဟဇာတထဲမှာ သဟဇာတ ဝိပ္ပယုတ္တနှုတ်တော့ သင်္ချာ တိဏိ ကျန်ပါတယ်။ ခုနက အာပုနဲ့ သဟဇာတ ကျန်တာပေါင်းယင် သင်္ချာ ပဉ္စ လာဖြစ်တယ်။ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ ထည့်၊ ဒါပဲ။ မိဿကတွေက မရတော့ကာ သင်္ချာဟာ ပဉ္စကျန်ပါတယ်။ အဲဒီတော့ ဝိပ္ပယုတ္တအတွက် သင်္ချာ ပဉ္စ။

## မိဿက ပကိဏ္ဏကဃဋနာ (၁၁) ချက်

**နံပါတ်—(၁)**။ ။အလုံးစုံသော အတ္ထိ (၉) မျိုး။ (ဒုကဌ် နှုတ်ပုံများကို အကျယ် ပြခဲ့ပြီးဖြစ်၍ ဤသို့အကျဉ်းမျှ ပြ၏။ ဒုကဌ် မပါသေးသော နှုတ်ပုံများကိုမူ ပြထား၏။) ဤတရားတို့သည် အတ္ထိ၊ အဝိဂတ ပစ္စည်းသာ တပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မဘပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ ငင်ကုန်၏။ (ရတာက အတ္ထိ၊ အဝိဂတ (၂) ပစ္စည်းသာရတော့ ကျန်တဲ့ (၂၂) ပစ္စည်းကို မူလီသွတ်ရပါလိမ့်မယ်။ မူလီ**သွ**တ်တဲ့အခါမှာ အနုလောမ ပစ္စနိက် မိဿက ပကိဏ္ဏကဃဋနာ ဇယားမှာ ရေးထားတဲ့ ပစ္စည်းတွေက လွဲခဲ့လို့ရှိယင် အားလုံးကုန် မူလီဖြစ်တဲ့ ဟေတု စသည်တွေကို

သင်္ချာ တေရသဆိုရမယ်။) ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ အတ္ထိ အဝိဂတတ္တိ န ဟေတုယာ တေရသ၊ နာရမ္မဏေ တေရသ၊ နာဓိပတိယာ တေရသ၊ နာနန္တရေ တေရသ၊ န သမနန္တရေ တေရသ၊ န သဟဇာတေ သတ္တ၊ န အညမညေ သတ္တ၊ န နိဿယေ သတ္တ၊ န ဥပနိဿယေ တေရသ၊ န ပုရေဇာတေ နဝ၊ န ပစ္ဆာဇာတေ တေရသ၊ နာသေဝနေ တေရသ၊ န ကမ္မေ တေရသ၊ န ဝိပါကေ တေရသ၊ န အာဟာရေ တေရသ၊ န ဣန္ဒြိယေ တေရသ၊ န ဈာနေ တေရသ၊ န မဂ္ဂေ တေရသ၊ န သမ္ပယုတ္တေ သတ္တ၊ န ဝိပ္ပယုတ္တေ ပဉ္စ၊ နော နတ္ထိယာ တေရသ၊ နော ဝိဂတေ တေရသဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

နံပါတ် (၁) ပြီးသွားပါပြီ။ နံပါတ် (၂) က နိဿယ (၄) မျိုး။ နိဿယ (၄) မျိုးထဲမှာ ဟေတု စသည်တွေကို နှုတ်တာပါပဲ။ နိဿယ (၄) မျိုးပေါင်းလိုက်ယင် သင်္ချာ တေရသ ရပါတယ်။ ဟေတု အာရမ္မဏ စသည်တွေ နှုတ်ခြင်းကြောင့် သင်္ချာ တေရသပဲ ဖြစ်ပါတယ်။ အဓိပတိ၊ အနန္တရ၊ သမနန္တရတွေ နှုတ်၊ အတူတူပါပဲ။ သဟဇာတ နှုတ်လိုက်တဲ့ အခါကျတော့ သဟဇာတ နိဿယ ပြုတ်သွားတယ်။ သဟဇာတ ပုရေဇာတ မိဿကလဲ မရတော့ဘူး။ ဝတ္ထာ ကျန်တယ်၊ ဝတ်ပု ကျန်တယ်။ အဲဒီဝတ္ထာနဲ့ ဝတ်ပု ပေါင်းလိုက်တော့ သင်္ချာသည် တိဏ္ဏိ ဖြစ်ပါတယ်။ အညမည နှုတ်တဲ့အခါ သဟဇာတထဲက ဘာတိုးလာသလဲဆိုတော့ ဗျာ (၅) ချက်။ အညမညကို နှုတ်ယင် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ။ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ၊ ခုနက ဝတ္ထာက သင်္ချာ တိဏ္ဏိရပါတယ်။ အဲဒီ တိဏ္ဏိထဲက အဗျာကတော အဗျာကတဿဟာ ဗျာ (၅) ချက်ထဲက အဗျာကတော အဗျာကတဿ တခုနဲ့ လာတူတယ်။ ဗျာ (၅) ချက်ထဲကို အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ (၂)ခု ပေါင်းလိုက်ယင် အညမည အတွက် သတ္တရပါတယ်။ ဥပနိဿယ မထူးဘူး၊ တေရသပဲ။ ပုရေဇာတ ကျတော့ ဝတ္ထာကလဲ ပြုတ်သွားပါပြီ၊ ဝတ်ပုကလဲ ပြုတ်သွားပါပြီ။ သဟဇာတ ပုရေဇာတ မိဿကလဲ မရတော့ဘူး။ သဟဇာတ နိဿယ တခုပဲ ကျန်တော့ တယ်။ သဟဇာတ နိဿယအတွက် သင်္ချာဟာ နဝရပါတယ်။ သမ္ပယုတ္တနှုတ် တော့ အညမညသဘောအတိုင်း သတ္တပဲ ရကြပါတယ်၊ ဝိပ္ပယုတ္တ နှုတ်တဲ့အခါမှာ ဝတ္ထာကလဲ ပြုတ်သွားပါပြီ၊ ပုရေကလဲ ပြုတ်သွားပါပြီ။ သဟဇာတထဲမှာ သဟဇာတ ဝိပ္ပယုတ္တ နှုတ်တော့ နာမ်ချည်း ကျန်ခြင်းကြောင့် ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿလို့

အဲဒီသင်္ချာ တီကိုသာ ရပါတယ်။ မိဿက မရတော့ဘူး။ ဒီနိဿယ (၄)မျိုး အတွက် ပစ္စည်းက သုံးခု ရှိသဖြင့် ကျန်တဲ့ (၂၁) ပစ္စည်းကို မူလိ သွတ်ရ ပါတယ်။

**နံပါတ် (၂)။** ။အလုံးစုံသော နိဿယ (၄) မျိုး။ ဤတရားတို့သည် နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းသာ တပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ် သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ နိဿယ အတ္ထိ အဝိဂတန္တိ န ဟေတုယာ တေရသ၊ နာရမ္မဏေ တေရသ၊ နာဓိပတိယာ တေရသ၊ နာနန္တရေ တေရသ၊ န သမနန္တရေ တေရသ၊ န သဟဇာတေ တီဏိ၊ န အညမညေ သတ္တ၊ န ဥပနိဿယေ တေရသ၊ န ပုရေဇာတေ နဝ၊ န ပစ္ဆာဇာတေ တေရသ၊ နာသေဝနေ တေရသ၊ န ကမ္မေ တေရသ၊ န ဝိပါကေ တေရသ၊ န အာဟာ ရေ တေရသ၊ န ဣန္ဒြိယေ တေရသ၊ န ဈာနေ တေရသ၊ န မဂ္ဂေ တေရသ၊ န သမ္ပယုတ္တေ သတ္တ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နောနတ္ထိယာ တေရသ၊ နော ဝိဂတေ တေရသဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

တတိယအချက် အာပုဝိ+သဟာဝိ။ အာပုဓိ+သဟာဓိမှာ အဓိပတိ၊ အတ္ထိ၊ အဝိဂတလို ပစ္စည်းရေ (၃) ခု ရှိပါတယ်။ သင်္ချာကလဲ အဋ္ဌ ရပါ တယ်။ အဲဒီ အာပုဓိ+သဟာဓိထဲမှာ ဟေတုနှုတ်ယင် သဘာဂဖြစ်တဲ့ ဝီမံသာ ဓိပတိပဲ ပြုတ်ပါတယ်။ သင်္ချာ မလျော့ပါဘူး။ အာရမ္မဏ နှုတ်လိုက်တဲ့အခါ မှာ အာပုဓိ လျော့သွားပါပြီ။ သဟာဓိပဲ ကျန်ပါတော့တယ်။ အဲဒီ သဟာဓိရဲ့ သင်္ချာဟာ သတ္တဖြစ်ပါတယ်။ အနန္တရ၊ သမနန္တရတွေဟာ ဝိသဘာဂတွေပါ။ သဟဇာတ နှုတ်လိုက်တော့ကာ သဟာဓိ ပြုတ်သွားပြီ။ ဘယ်သူ ကျန်တော့ သလဲ?။ အာပုဓိပဲ ကျန်တော့တယ်။ အာပုဓိ ကျန်တော့ သင်္ချာက ဧကံလို့ လာဖြစ်ပါတယ်။ အညမည နှုတ်လိုက်တော့ အာပုဓိနဲ့ မဆိုင်ဘူး။ သဟာဓိ ထဲမှာ အညမညနှုတ်ယင် သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိတရား ကိုယ် (၃) ပါး (၄) ပါးတို့တွင် တပါးပါး၊ ဒါရတယ်။ သူတို့ကို သင်္ချာ ထုတ်ယင် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာ ကတော အဗျာကတဿ လို့ သင်္ချာ တီဏိ ရပါတယ်။ အာပုဓိက အဗျာကတော အကုသလဿ၊ သင်္ချာမတူတော့ ပေါင်းလိုက်ယင် အညမညအတွက် စတ္တာရိ လာရပါတယ်။ နိဿယနှုတ်တော့ သဟာဓိ ပြုတ်သွားပြီ။ အာပုဓိထဲက သဘာဂ ဖြစ်တဲ့ ဝတ္ထာဓိကလေး နှုတ်ပေတဲ့ အာပုဓိဟာ လုံးဝ ပြုတ်မသွား ပါဘူး။ ဒါကြောင့် နိဿယအတွက် ဧကံကျန်တော့တယ်။ ဥပနိဿယမှာ အာပုဓိ ပြုတ်သွားပါတယ်။ ဥပနိဿယမှာ အာရမ္မဏူပ နိဿယ ရှိတယ်။

သဟာဓိသာ ကျန်သဖြင့် သင်္ချာ သတ္တ ရပါတယ်။ ပုရေဇာတမှာလဲ ထိုနည်းတူစွာ အာပုဓိ ပြုတ်သွားသဖြင့် သင်္ချာ သတ္တ ရပါတယ်။ ပစ္ဆာ၊ အာသေ၊ ကမ္မ မဆိုင်ပါဘူး။ ဝိပါကမှာ ဆိုင်ရာဖြစ်တဲ့ သဘာဂကလေး လျော့ပါတယ်။ သင်္ချာ မလျော့ပါဘူး။ အာဟာရ၊ စိတ္တာဓိပတိကလေး လျော့သွားပါတယ်။ သင်္ချာ မလျော့ပါဘူး။ ဣန္ဒြိယ၊ ဝီရိယ စိတ္တ ဝီမံသ လျော့သွား ပါတယ်။ ဆန္ဒာဓိပတိ ကျန်ခဲ့သေးသဖြင့် သင်္ချာဟာ အဋ္ဌပဲ ရပါသေးတယ်။ ဈာန မဆိုင်ပါဘူး။ မဂ္ဂ၊ ဝီရိယ၊ ဝီမံသ လျော့တယ်။ ကျန်တဲ့ အဓိပတိတရားကိုယ် (၂) ပါး ရှိပါသေးတယ်။ သမ္ပယုတ္တ ကျတော့ကာ အညမညအတိုင်း သင်္ချာ စတ္တာရိ ကျန်ပါတယ်။ ဝိပ္ပယုတ္တကျတော့ အာပုဓိထဲမှာ ဝတ္ထာဓိကို နှုတ်ရပါတယ်။ ဝတ္ထာဓိ နှုတ်တော့ ဝတ္ထာဓိ ဆိုင်ရာ ဖြစ်တဲ့ တရားကလေးသာ လျော့သွားတယ်။ အာပုဓိရဲ့ သင်္ချာဟာ လျော့မသွားဘူး။ ပြီးတော့ သဟာဓိထဲမှာ သဟဇာတ ဝိပ္ပယုတ္တ နှုတ်တော့ကာ သမ္ပယုတ္တ ခန္ဓာအား တတ်သော အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးတို့တွင် တပါးပါး။ သင်္ချာကတော့ ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿ။ အာပုဓိက အဗျာကတော အကုသလဿ ပေါင်းလိုက်ယင် သင်္ချာဟာ စတ္တာရိ လာဖြစ်ပါတယ်။ ဒီဃဋ္ဋနာမှာ အဓိပတိ၊ အတ္ထိ၊ အဝိဂတမှ တပါး ကျန်တဲ့ (၂၁) ပစ္စည်းတွေကို မူလီသွတ်ရပါလိမ့်မယ်။

**နံပါတ် (၃)**။ အလုံးစုံသော အာရမ္မဏ ပုရေဇာတာဓိပတိ သဟဇာတာဓိပတိပစ္စည်း။ ဤတရားတို့သည် အဓိပတိ၊ အတ္ထိ၊ အဝိဂတ၊ ပစ္စည်းသာ တပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ အဓိပတိ အတ္ထိ အဝိဂတန္တိ န ဟေတုယာ အဋ္ဌ၊ နာရမ္မဏေ သတ္တ၊ နာနန္တရေ အဋ္ဌ၊ န သမနန္တရေ အဋ္ဌ၊ န သဟဇာတေ ဧကံ၊ န အညမညေ စတ္တာရိ၊ န နိဿယေ ဧကံ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ အဋ္ဌ၊ နာသေဝနေ အဋ္ဌ၊ န ကမ္မေ အဋ္ဌ၊ န ဝိပါကေ အဋ္ဌ၊ န အာဟာရေ အဋ္ဌ၊ န ဣန္ဒြိယေ အဋ္ဌ၊ န ဈာနေ အဋ္ဌ၊ န မဂ္ဂေ အဋ္ဌ၊ န သမ္ပယုတ္တေ စတ္တာရိ၊ န ဝိပ္ပယုတ္တေ စတ္တာရိ၊ နောနတ္ထိယာ အဋ္ဌ၊ နောဝိဂတေ အဋ္ဌဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

**စတုတ္ထအချက်—** ဝတ္ထာဓိ+သဟာဓိပါ။ ဝတ္ထာဓိ+သဟာဓိကို ကြည့်လိုက်မယ်ဆိုယင် အာပုဓိ+သဟာဓိအတိုင်းပါပဲ။ ဒါပေမယ့် သူက နိဿယမူဝင်လာပါတယ်။ (၄) ပစ္စည်းရပါတယ်။ ကျန်တဲ့ ပစ္စည်း (၂၀) ကို မူလီ
F 5 သွတ်ရပါတယ်။ ဟေတု နှုတ်ခဲ့လို့ရှိယင် မထူးဘူး။ အာရမ္မဏမှာလဲ အာပုဓိ

တုန်းကလို သတ္တထွက်တယ်။ အနန္တရ၊ သမနန္တရ၊ သဟဇာတ၊ အညမည စသည် တတိယအချက်အတိုင်း။ ဥပနိဿယမှာ ဝတ္ထာဝိ ပြုတ်သွားပါတယ်။ ပုရေဇာတမှာ ဝတ္ထာဝိ ပြုတ်သွားပါတယ်။ သမ္ပယုတ္တမှာ အာပုဝိအတိုင်း သင်္ချာ စတ္တာရိ ရှိပါသေးတယ်။ ဝတ္ထာဝိကလေး ကျန်နေပါသေးတယ်။ ဝိပ္ပယုတ္တကျတော့ ဝတ္ထာဝိ ပြုတ်သွားပြီ။ ဝိပ္ပယုတ္တမှာ ဝတ္ထာရမ္မဏ ရှိတယ်။ ဝတ္ထာရမ္မဏက ဝတ္ထာဝိထက် များသဖြင့် ဝတ္ထာဝိကလေး ပြုတ်သွားတယ်။ ဘာကျန်တော့လဲ?။ သမ္ပယုတ္တခန္ဓာအား တတ်သော အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးတို့တွင် တပါးပါးဆိုတော့ သင်္ချာက တီဏိပင် ရပါတယ်။ အဲဒီတော့ ဝိပ္ပယုတ္တအတွက် သင်္ချာသာလျှင် ထူးပါတယ်။ ကျန်တာတွေ အကုန်လုံး အတူတူချည်းပါပဲ။

**နံပါတ်** (၄) အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ ပစ္စည်း။ ဤတရားတို့သည် အဓိပတိ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းသာ တပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတုအစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ အဓိပတိ နိဿယ အတ္ထိ အဝိဂတန္တိ န ဟေတုယာ အဋ္ဌ၊ နာရမ္မဏေ သတ္တ၊ နာနန္တရေ အဋ္ဌ၊ န သမနန္တရေ အဋ္ဌ၊ န သဟဇာတေ ဣကံ၊ န အညမညေ စတ္တာရိ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ အဋ္ဌ၊ နာသေဝနေ အဋ္ဌ၊ န ကမ္မေ အဋ္ဌ၊ န ဝိပါကေ အဋ္ဌ၊ န အာဟာရေ အဋ္ဌ၊ န ဣန္ဒြိယေ အဋ္ဌ၊ န ဈာနေ အဋ္ဌ၊န မဂ္ဂေ အဋ္ဌ၊ န သမ္ပယုတ္တေ စတ္တာရိ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နောနတ္ထိယာ အဋ္ဌ၊ နော ဝိဂါတေ အဋ္ဌဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

**ပဌမအချက်က—** နာမ်အာဟာရ+ ရုပ်အာဟာရပါ။ ဟေတု အာရမ္မဏ သဘာဂမဟုတ်ပါဘူး။ သူ့ရဲ့သင်္ချာဟာ သတ္တရပါတယ်။ သတ္တပဲနေပါတယ်။ အဓိပတိမှာ စိတ္တာဓိပတိနှုတ်ရုံနဲ့ သင်္ချာ မလျော့ပါဘူး။ အနန္တရ၊ သမနန္တရ မဆိုင်ပါဘူး။ သဟဇာတကျတော့ နာမ်အာဟာရ ပြုတ်သွားပါပြီ။ ရုပ်အာဟာရသာ ကျန်သဖြင့် သင်္ချာ ဧကံဖြစ်ပါတယ်။ အညမညကျတော့ နာမ်အာဟာရထဲမှာ အညမညနှုတ်ယင် စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေ ကမ္မဇ ရုပ်အား တတ်သော နာမ်အာဟာရ တရားကိုယ် (၃) ပါး။ ဒါပဲရပါတယ်။ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ။ ရုပ်အာဟာရက သင်္ချာမထူးသဖြင့် သင်္ချာဟာ တီဏိပဲ ရပါတယ်။ နိဿယကျတော့ နာမ်အာဟာရ ပြုတ်၍ ရုပ်အာဟာရသာ ကျန်သဖြင့် သင်္ချာ ဧကံဖြစ်ပါတယ်။ ဥပနိဿယ မဆိုင်ပါဘူး။ ပုရေဇာတ၊ ပစ္ဆာ

ဇာတ၊ အာသေဝန စသည်တွေ မဆိုင်ပါဘူး။ သမ္ပယုတ္တကျပြန်တော့လဲ အညမညအတိုင်း သင်္ချာ တီဏိကျန်ပါတယ်။ ဝိပ္ပယုတ္တကျတော့ နာမ်ပါပဲ။ သမ္ပယုတ္တခန္ဓာအား တတ်သော နာမ်အာဟာရ တရားကိုယ် (၃) ပါး။ ရုပ်အာဟာရကလဲ အဗျာကတော အဗျာကတဿ သာ ရခြင်းကြောင့် သင်္ချာ ဟာ မထူးပါဘူး။ တီဏိပဲရပါတယ်။

**နံပါတ် (၅)** ။ အလုံးစုံသော နာမ်အာဟာရ+ ရုပ်အာဟာရပစ္စည်း။ ဤတရားတို့သည် အာဟာရ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းသာတပ်၍ ဟေတုအစ ရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ အာဟာရ အတ္ထိ အဝိဂတန္တိ န ဟေတုယာ သတ္တ၊ နာရမ္မဏေ သတ္တ၊ နာဓိပတိယာ သတ္တ၊ နာနန္တရေ သတ္တ၊ န သမနန္တရေ သတ္တ၊ န သဟဇာတေ ဧကံ၊ န အညမညေ တီဏိ၊ န နိဿယေ ဧကံ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ သတ္တ၊ နာသေဝနေ သတ္တ၊ န ကမ္မေ သတ္တ၊ န ဝိပါကေ သတ္တ၊ န ဣန္ဒြိယေ သတ္တ၊ န ဈာနေ သတ္တ၊ န မဂ္ဂေ သတ္တ၊ န သမ္ပယုတ္တေ တီဏိ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နောနတ္ထိယာ သတ္တ၊ နောဝိဂတေ သတ္တဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

**နောက် ဣန္ဒြိယ (၃)မျိုး** လာပါတယ်။ သဟဇာတိန္ဒြိယ, ဝတ္ထုပုရေဇာတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယ။ ပစ္စည်းက ဣန္ဒြိယ အတ္ထိ အဝိဂတလို့ (၃) ပစ္စည်းရှိပါတယ်။ အဲဒီ (၃) မျိုးကိုပေါင်းလိုက်ယင် သင်္ချာလဲ သတ္တပဲ ရပါတယ်။ ဟေတု စသည်ကို နှုတ်တဲ့အခါမှာ ဆိုင်ရာဖြစ်တဲ့ သဘာဂတွေကို နှုတ်ရပါတယ်။ သင်္ချာ မလျော့ပါဘူး။ အာရမ္မဏ မဆိုင်ပါဘူး။ အဓိပတိလဲ သဘာဂ နှုတ်ပါ။ အနန္တရ သမနန္တရ မဆိုင်ပါဘူး။ သဟဇာတ နှုတ်လိုက်တော့ သဟဇာတိန္ဒြိယ ပြုတ်သွားပါပြီ။ ဝတ္ထုပုရေဇာတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယ ကျန်ပါတယ်။ အဲဒီ (၂) မျိုးလုံးဟာ အဗျာကတော အဗျာကတဿ, သင်္ချာ ဧကံပဲ ရပါတယ်။ အညမညနှုတ်တော့ အရင်ထဲက အညမညနှုတ်ခဲ့လို့ရှိယင် သင်္ချာ တီဏိရပါတယ်။ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ။ ဒီထဲမှာ ပုတိ နဲ့ ရူပတိ ကလဲ သင်္ချာ မထူးသဖြင့် တီဏိပါ။ နိဿယနှုတ်လိုက်တော့ သဟဇာတိန္ဒြိယ ဝတ္ထုပုရေဇာတိန္ဒြိယ ပြုတ်သွားပါပြီ။ ရူပဇီဝိတိန္ဒြိယ တခုပဲ ကျန်ပါတော့တယ်။ သူ့အတွက်လဲပဲ သင်္ချာ ဧကံရပါတယ်။ ဥပနိဿယ မဆိုင်ပါဘူး။ ပုရေဇာတနှုတ်တော့ က ဝတ္ထုပုရေဇာတိန္ဒြိယ ပြုတ်သွားပါတယ်။ သဟတိ နဲ့ ရူပတိ ကျန်တယ်။ သင်္ချာ သတ္တဖြစ်ပါတယ်။ ပစ္ဆာ မဆိုင်ပါဘူး၊ အာသေ ကမ္မ ဝိပါက အာဟာ

ရ ဈာန မဂ္ဂတွေမှာ ဆိုင်ရာသဘာဂကို နှုတ်ရပါတယ်။ သမ္ပယုတ္တဟာ အညမညအတိုင်း တီဏိပါ။ ဝိပ္ပယုတ္တနှုတ်တော့ကာ ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿ။ ပုတိ ပြုတ်သွားပါတယ်။ ဒီထဲမှာ ရှုပတိက အဗျာကတော အဗျာကတဿ ရသဖြင့် သင်္ချာဟာ တီဏိပဲဖြစ်ပါတယ်။

**နံပါတ် (၆)။** အလုံးစုံသော ဣန္ဒြိယ (၃) မျိုး။ ဤတရားတို့သည် ဣန္ဒြိယ အတ္ထိ အဝိဂတ ပစ္စည်းသာတပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ ဣန္ဒြိယ အတ္ထိ အဝိဂတတ္တိ န ဟေတုယာ သတ္တ၊ နာရမ္မဏေ သတ္တ၊ နာဓိပတိယာ သတ္တ၊ နာနန္တရေ သတ္တ၊ န သမနန္တရေ သတ္တ၊ န သဟဇာတေ ဧကံ၊ န အညမညေ တီဏိ၊ န နိဿယေ ဧကံ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ သတ္တ၊ နာသေဝနေ သတ္တ၊ န ကမ္မေ သတ္တ၊ န ဝိပါကေ သတ္တ၊ န အာဟာရေ သတ္တ၊ န ဈာနေ သတ္တ၊ န မဂ္ဂေ သတ္တ၊ န သမ္ပယုတ္တေ တီဏိ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နောနတ္ထိယာ သတ္တ၊ နော ဝိဂတေ သတ္တဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

**သတ္တမအချက်။** သဟတိ+ပုတိ ရပါတယ်။ နှုတ်နည်းကတော့ ဣန္ဒြိယ (၃) မျိုးအတိုင်းပါပဲ။ သို့သော် သူက နိဿယပစ္စည်း ပါဝင်ပြီးလာသဖြင့် နိဿယကို မူလီသွတ်လို့ မရပါဘူး။ ကျန်တဲ့ သင်္ချာတွေဟာ အားလုံးကုန် ဣန္ဒြိယ (၃) မျိုးနဲ့ တူပါတယ်။

**နံပါတ် (၇)။** အလုံးစုံသော သဟဇာတိန္ဒြိယ, ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စည်း။ ဤတရားတို့သည် နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတ ပစ္စည်းသာတပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတတ္တိ န ဟေတုယာ သတ္တ၊ နာရမ္မဏေ သတ္တ၊ နာဓိပတိယာ သတ္တ၊ နာနန္တရေ သတ္တ၊ န သမနန္တရေ သတ္တ၊ န သဟဇာတေ ဧကံ၊ န အညမညေ တီဏိ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ သတ္တ၊ နာသေဝနေ သတ္တ၊ န ကမ္မေ သတ္တ၊ န ဝိပါကေ သတ္တ၊ န အာဟာရေ သတ္တ၊ န ဈာနေ သတ္တ၊ န မဂ္ဂေ သတ္တ၊ န သမ္ပယုတ္တေ တီဏိ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နောနတ္ထိယာ သတ္တ၊ နော ဝိဂတေ သတ္တဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

**ဂ—အချက်မှာ** ဝိပ္ပယုတ္တ (၄) မျိုး။ ဝိပ္ပယုတ္တ (၄) မျိုးဆိုတာ ဝတ္ထာရယ် သဟဝိပ်ရယ် ပုရေဝိပ်ရယ် ပစ္ဆာဝိပ်ရယ် (၄) မျိုးရှိပါတယ်။ အဲဒီ

(၄) မျိုးကို ပေါင်းလိုက်ယင် သင်္ချာ ပဉ္စရပါတယ်။ အဲဒီထဲက ဟေတုနှုတ်ယင် ဟိတ် (၆) ပါးသာ လျော့ပါတယ်။ အာရမ္မဏ နှုတ်တဲ့အခါမှာ ဝတ္ထာ လျော့သွားပါတယ်။ သဟဇိပ် ပုရေဇိပ် ပစ္ဆာဇိပ် ကျန်ပါတယ်။ အဓိပတိ နှုတ်တဲ့အခါမှာ ဝတ္ထာဓိ သဟဇိပ်ပဲ လျော့ပါတယ်။ သင်္ချာ မလျော့ပါဘူး။ အနန္တရ၊ သမနန္တရ မဆိုင်ပါဘူး။ သဟဇာတနှုတ်လိုက်တော့ သဟဇာတ ဝိပ္ပယုတ္တ ပြုတ်သွားပါတယ်။ ဝတ္ထာရယ်၊ ပုရေရယ်၊ ပစ္ဆာရယ် ကျန်ပါသေးတယ်။ သူတို့ကိုပေါင်းလိုက်ယင် သင်္ချာ ပဉ္စရပါတယ်။ အညမညကျတော့ ဝိပ္ပယုတ္တနဲ့ ည+ဝိပ်လို့ ဆိုတဲ့ အချင်းချင်းအားတတ်တဲ့ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု၊ အဲဒီတရားပဲ လျော့ပါတယ်၊ ကျန်တာတွေ အကုန်ရှိပါတယ်။ ဒါ့ကြောင့် သင်္ချာ ပဉ္စပဲဖြစ်ပါတယ်။ နိဿယ နှုတ်တဲ့အခါမှာ ဝတ္ထာလဲ ပြုတ်သွားပြီ၊ သဟဇိပ်ကလဲ ပြုတ်သွားပြီ၊ ပုရေဇိပ်ကလဲ ပြုတ်သွားပါပြီ၊ ပစ္ဆာဇိပ်ပဲ ကျန်ပါတော့တယ်။ ပစ္ဆာဇိပ်ကျန်တော့ ပစ္ဆာဇာတအတိုင်း သင်္ချာဟာ တိဏိရပါတယ်။ ဥပနိဿယဆိုတော့ ဝတ္ထာဓိပဲ သဘာဂဖြစ်ပါတယ်။ ပုရေဇာတကျတော့ ဝတ္ထာလဲ ပြုတ်သွားပါပြီ၊ ပုရေဇိပ်လဲ ပြုတ်သွားပါပြီ၊ သဟဇိပ်နှင့် ပစ္ဆာဇိပ်ပဲကျန်ပါတတ်။ သဟဇိပ်နှင့် ပစ္ဆာဇိပ်ဟာ သင်္ချာ အတူတူဖြစ်ပါတယ်။ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ။ ဒါ့ကြောင့် သင်္ချာဟာ တိဏိ လာဖြစ်ပါတယ်။ ပစ္ဆာဇာတနှုတ်တော့ ပစ္ဆာဇိပ် ပြုတ်တယ်။ ဝတ္ထာရယ် သဟဇိပ် ပုရေဇိပ် ကျန်သေးတယ်။ အာသေ မဆိုင်ပါဘူး။ ကမ္မ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ များမှာ ဆိုင်ရာသဘာဂကို နှုတ်ရပါတယ်။ သမ္ပယုတ္တဆိုတာ ဝိပ္ပယုတ္တနဲ့ ဝိသဘာဂပါ၊ မဆိုင်ပါဘူး။ အဲဒီတော့ နိဿယနဲ့ ပုရေဇာတမှာသာလျှင် သင်္ချာ တိဏိထွက်ပါတယ်။ ကျန်တာတွေ အားလုံးကုန် သင်္ချာ ပဉ္စဖြစ်ပါတယ်။

**နံပါတ်** (၈)။ အလုံးစုံသော ဝိပ္ပယုတ္တ (၄) မျိုး။ ဤတရားတို့သည် ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ပစ္စည်းသာ တပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ ငင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနီက်၌ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတနှင့် န ဟေတုယာ ပဉ္စ၊ နာရမ္မဏေ ပဉ္စ၊ နာဓိပတိယာ ပဉ္စ၊ နာနန္တရေ ပဉ္စ၊ န သမနန္တရေ ပဉ္စ၊ န သဟဇာတေ ပဉ္စ၊ န အညမညေ ပဉ္စ၊ န နိဿယေ တိဏိ၊ န ဥပနိဿယေ ပဉ္စ၊ န ပုရေဇာတေ တိဏိ၊ န ပစ္ဆာဇာတေ ပဉ္စ၊ နာသေဝနေ ပဉ္စ၊ န ကမ္မေ ပဉ္စ၊ န ဝိပါကေ ပဉ္စ၊ န အာဟာရေ ပဉ္စ၊ န ဣန္ဒြိယေ ပဉ္စ၊ န ဈာနေ ပဉ္စ၊ န မဂ္ဂေ ပဉ္စ၊ န သမ္ပယုတ္တေ ပဉ္စ၊ နော နတ္ထိယာ ပဉ္စ၊ နော ဝိဂတေ ပဉ္စဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏

**နံပါတ် (၉) အချက်** တရားက ဝတ္ထာရမ္မဏ၊ သဟဇာတ ဝိပ္ပယုတ္တနှင့် ပုရေဇာတ ဝိပ္ပယုတ္တရယ်လို့ (၃)မျိုး ရှိပါတယ်။ သူတို့ကိုပေါင်းလိုက်ယင် သင်္ချာ ပဥ္စပဲ ရပါတယ်။ ဟေတု စသည် နှုတ်ကဲ့အခါမှာ သဘာဂဆိုင်ရာ လျော့ပါတယ်။ သင်္ချာ မလျော့ပါဘူး။ သဟဇာတ နှုတ်လိုက်တော့ သဟဇာတ ဝိပ္ပယုတ္တ ပြုတ်သွားပါပြီ။ ဝတ္ထာနဲ့ ပုရေဝိပ်ပဲ ရှိပါတော့တယ်။ အဲဒီ ဝတ္ထာနဲ့ ပုရေဝိပ်ဟာ သင်္ချာတူပါတယ်။ သင်္ချာတူသဖြင့် တိကဲ ရပါတယ်။ အညမည နှုတ်တဲ့အခါမှာ ဆိုင်ရာဖြစ်တဲ့ သဘာဂ ခုနက ပြောခဲ့တဲ့အတိုင်း ည+ဝိပ် ကလေးပဲ လျော့ပါတယ်။ သင်္ချာ မလျော့ပါဘူး။ နိဿယက မူဝင်နေပါတယ်။ ဥပနိဿယမှာ ဆိုရင်လဲ ဝတ္ထာဓိကလေးပဲ လျော့ပါတယ်။ ပုရေဇာတ နှုတ်လိုက်တော့ ဝတ္ထာလဲပဲ ပြုတ်သွားပြီ၊ ပုရေဝိပ်လဲ ပြုတ်သွားပြီ၊ သဟဝိပ်ပဲ ကျန်ပါတော့တယ်။ ဒါကြောင့် သင်္ချာ တိကဲ ရပါတယ်။ ပစ္ဆာနဲ့ မဆိုင်တော့ပါဘူး။ အာသေ မဆိုင်ဘူး။ ကမ္မ စသည်တွေမှာ သဟဝိပ်နဲ့ သဘာဂကို နှုတ်ပါ။ သမ္ပယုတ္တလဲ မဆိုင်ပါဘူး။ အဲဒီတော့ သဟဇာတနဲ့ ပုရေဇာတမှာ သာလျှင် သင်္ချာ တိကဲရ၍ ကျန်တာတွေမှာ အားလုံးကုန် သင်္ချာ ပဥ္စဖြစ်ပါတယ်။ ပစ္စည်းက (၄)မျိုးရသဖြင့် မူလီပစ္စည်း (၂၀)သွင်းရပါတယ်။

**နံပါတ် (၉)**။ အလုံးစုံသော ဝတ္ထာရမ္မဏ၊ သဟဇာတဝိပ္ပယုတ္တ၊ ပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဤတရားတို့သည် နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းသာ တပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ န ဟေတုယာ ပဥ္စ၊ နာရမ္မဏေ ပဥ္စ၊ နာဓိပတိယာ ပဥ္စ၊ နာနန္တရေ ပဥ္စ၊ န သမနန္တရေ ပဥ္စ၊ န သဟဇာတေ တိဏိ၊ န အညမညေ ပဥ္စ၊ န ဥပနိဿယေ ပဥ္စ၊ န ပုရေဇာတေ တိဏိ၊ န ပစ္ဆာဇာတေ ပဥ္စ၊ နာသေဝနေ ပဥ္စ၊ န ကမ္မေ ပဥ္စ၊ န ဝိပါကေ ပဥ္စ၊ န အာဟာရေ ပဥ္စ၊ န ဣန္ဒြိယေ ပဥ္စ၊ န ဈာနေ ပဥ္စ၊ န မဂ္ဂေ ပဥ္စ၊ န သမ္ပယုတ္တေ ပဥ္စ၊ နော နတ္ထိယာ ပဥ္စ၊ နော ဝိဂတေ ပဥ္စဟု သင်္ချာတပ်၍ ဟောအပ်ကုန်။

**နံပါတ် (၁၀)**။ ဝတ္ထာဓိ+သဟာဓိဝိပ်ပါ။ ဝတ္ထာဓိက အဗျာကတော အကုသလဿ၊ သဟာဓိဝိပ်က သဟဇာတာဓိပတိနဲ့ သဟဇာတ ဝိပ္ပယုတ္တရဲ့ သဘာဂ သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါး ဆိုသဖြင့် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ၊ (၃)ချက် ရပါတယ်။ ဝတ္ထာဓိနဲ့ ပေါင်းလိုက်ယင် သင်္ချာ စတ္တာရိ ဖြစ်ပါတယ်။ ပစ္စည်းကလဲ (၅) မျိုးရပါတယ်။ ကျန်တဲ့ (၁၉)ပစ္စည်းကို မူလီသွတ်ရပါတယ်။ ဟေတုကို မူလီသွတ်တဲ့

အခါမှာ ဝိမံသာဓိပတိကိုပဲ နှုတ်ရပါတယ်။ အာရမ္မဏကျတော့ ဝတ္ထာဓိ ပြုတ်သွားပါတယ်။ သဟာဓိဝိပ်ကျန်တော့ သင်္ချာ တီဏိ။ အနန္တရ၊ သမနန္တရ စသည်တွေ မဆိုင်ပါဘူး။ သဟဇာတမှာ သဟာဓိဝိပ် ပြုတ်သွားပါပြီ။ ဝတ္ထာဓိကလေး ကျန်ပါတော့တယ်။ သင်္ချာ ဧကံ။ အညမညနဲ့ မဆိုင်ပါဘူး။ နိဿယ မှုဝင်နေပါတယ်။ ဥပနိဿယကျတော့ ဝတ္ထာဓိ ပြုတ်သွားပါပြီ၊ သဟာဓိဝိပ်ပဲ ကျန်သဖြင့် သင်္ချာ တီဏိဖြစ်ပါတယ်။ ပုရေဇာတမှာလဲ ထို့နည်းတူစွာ ဝတ္ထာဓိ ပြုတ်ပါတယ်။ သဟာဓိဝိပ်ပဲ ကျန်ပါတယ်။ ပစ္ဆာ၊ အာသေ မဆိုင်ပါဘူး။ ကမ္မ စသည်တွေ သဘာဝနှုတ်ပါ။ အဲဒီတော့ ဝတ္ထာဓိ ပြုတ်တဲ့ အတွက် အာရမ္မဏ၊ ဥပနိဿယ၊ ပုရေဇာတမှာ သင်္ချာ တီဏိ ကျန်ပါတယ်။ သဟာဓိဝိပ် ပြုတ်တဲ့အတွက် သဟဇာတမှာ သင်္ချာ ဧကံ ကျန်ပါတယ်။

**နံပါတ် (၁၀)**။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ၊ သဟဇာတာ ဓိပတိ ဝိပ္ပယုတ္တပစ္စည်း။ ဤတရားတို့သည် အဓိပတိ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းသာ တပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ် သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ ထွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ အဓိပတိ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ န ဟေတုယာ စတ္တာရိ၊ နာရမ္မဏေ တီဏိ၊ နာနန္တရေ စတ္တာရိ၊ န သမနန္တရေ စတ္တာရိ၊ န သဟဇာတေ ဧကံ၊ န အညမညေ စတ္တာရိ၊ န ဥပနိဿယေ တီဏိ၊ န ပုရေဇာတေ တီဏိ၊ န ပစ္ဆာဇာတေ စတ္တာရိ၊ နာသေဝနေ စတ္တာရိ၊ န ကမ္မေ စတ္တာရိ၊ န ဝိပါကေ စတ္တာရိ၊ န အာဟာရေ စတ္တာရိ၊ န ဣန္ဒြိယေ စတ္တာရိ၊ န ဈာနေ စတ္တာရိ၊ န မဂ္ဂေ စတ္တာရိ၊ န သမ္ပယုတ္တေ စတ္တာရိ၊ နော နတ္ထိယာ စတ္တာရိ၊ နော ဝိဂတေ စတ္တာရိဟု သင်္ချာတပ်၍ ဟောအပ် ကုန်၏။

**နောက်ဆုံးအချက်**။ သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတိန္ဒြိယ ရှိပါတယ်။ သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တက စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်ကန္ဒြေ တရားကိုယ် (၈) ပါး။ ဒါက ကု—ဗျာ၊ အကု—ဗျာ ဗျာ—ဗျာ ရပါတယ်။ ဝတ္ထုပုရေဇာတိန္ဒြိယကလဲ ဗျာ—ဗျာ ရသဖြင့် သင်္ချာဟာ တီဏိပဲရှိပါတယ်။ ပစ္စည်းက (၅) မျိုးရှိပါတယ်။ (၁၉) ပစ္စည်းကို ပူလိသွတ် ရပါတယ်။ ဟေတု စသည်တွေကို သဘာဝ နှုတ်ရပုံပါပဲ။ ဟေတုနှုတ်ယင် အမေးဟာ။ အာရမ္မဏနဲ့ မဆိုင်။ အဓိပတိဆိုယင်လဲ ဆိုင်ရာဖြစ်တဲ့ အဓိပတိ တရားကိုယ် (၁) ပါး (၄) ပါးမျိုးကွင် တပါးပါးဟာ ပျောက်သွားပါတယ်။ အနန္တရ သမနန္တရနဲ့ မဆိုင်ပါဘူး။ သဟဇာတ နှုတ်တဲ့အခါမှာ သဟဇာတိန္ဒြိ ယဝိပ္ပယုတ္တ ပြုတ်သွားပါပြီ။ ဝတ္ထုပုရေဇာတိန္ဒြိယပဲ ကျန်ပါတယ်။ အညမည

နှုတ်ယင် ဟဒယဝတ္ထုအြား တတ်သော နာမ်ကူန္ဒြေ (၈) ပါးဆိုတဲ့ သဘာဝကို နှုတ်ရမယ်။ နိဿယကတော့ မူဝင်နေပါတယ်။ ဥပနိဿယနှုတ်လဲ မဆိုင်ပါဘူး။ ပုရေဇာတနှုတ်ယင် ပုတိ ပြုတ်ပါတယ်။ ပစ္ဆာဇာတ၊ အာသေဝန မဆိုင်။ ကမ္မမှာ ဆိုင်ရာစေတနာ လျော့ပါတယ်။ ဝိပါကမှာ ဆိုင်ရာ ဝိပါက်မှာရှိတဲ့ ကူန္ဒြေတွေ လျော့ပါတယ်။ အာဟာရမှာ ဆိုင်ရာဖြစ်တဲ့ အာဟာရ လျော့ပါတယ်။ ဈာနမှာလဲ ဣန္ဒြိယနဲ့ သဘာဝဖြစ်တဲ့ ဝေဒနာ ဧကဂ္ဂတာ လျော့ပါလိမ့်မယ်။ မဂ္ဂမှာလဲ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ လျော့ပါလိမ့်မယ်။ သမ္ပယုတ္တနဲ့တော့ လုံးဝ မဆိုင်ပါဘူး။ နတ္ထိ၊ ဝိဂတလဲ မဆိုင်ပါဘူး။ အဲဒီတော့ မူလဖြစ်တဲ့ (၁၉) ပစ္စည်းမှာ သဟဇာတ (၁) ခုသာလျှင် သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တ ပြုတ်သွားသဖြင့် သချ်ာ ကော်ကျန်ပါတယ်။ ကျန်တဲ့ပစ္စည်းတွေ အားလုံး တိဏ်ဖြစ်ပါတယ်။

**နံပါတ် (၁၁)။** အလုံးစုံသော သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တ ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း။ ဤတရားတို့သည် နိဿယ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ပစ္စည်းသာ တပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏၊ ထို့ကြောင် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ နိဿယ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ န ဟေတုယာ တိဏ်၊ နာရမ္မဏေ တိဏ်၊ နာဓိပတိယာ တိဏ်၊ နာနန္တရေ တိဏ်၊ န သမနန္တရေ တိဏ်၊ န သဟဇာတေ ကော်၊ န အညမညေ တိဏ်၊ န ဥပနိဿယေ တိဏ်၊ န ပုရေဇာတေ တိဏ်၊ န ပစ္ဆာဇာတေ တိဏ်၊ နာသေဝနေ တိဏ်၊ န ကမ္မေ တိဏ်၊ န ဝိပါကေ တိဏ်၊ န အာဟာရေ တိဏ်၊ န ဈာနေ တိဏ်၊ န မဂ္ဂေ တိဏ်၊ န သမ္ပယုတ္တေ တိဏ်၊ နော နတ္ထိယာ တိဏ်၊ နော ဝိဂတေ တိဏ်ဟု သချ်ာတပ်၍ ဟောအပ်ကုန်၏။

ဆိုရိုးဖြစ်တဲ့ ခေါင်းစဉ် (၁၁) ချက် ပြီးသွားပါပြီ။ ပြီးသွားတော့ ပစ္စည်းစဉ်အတိုင်း လာပါလိမ့်မယ်။ အဲဒီ ပစ္စည်းစဉ်အတိုင်းဟာလဲ ယခုဆိုခဲ့တဲ့ ခေါင်းစဉ် (၁၁) ချက်မှာ အားလုံးကုန် ဝင်ခြင်းကြောင့် သူတို့ကို အကျဉ်းပဲ ဆိုကြပါစို့။

## မိဿက ပကိဏ္ဏက ယဋနာ (၃၉) ချက်

**အဓိပတိပစ္စည်း၊ မိဿက ပကိဏ္ဏက ယဋနာ (၃) ချက်? နံပါတ် (၃)။** အလုံးစုံသော အာရမ္မဏ ပုရေဇာတာဓိပတိ၊ သဟဇာတာဓိပတိပစ္စည်း။ အဓိပတိ အတ္ထိ အဝိဂတန္တိ န ဟေတုယာ အဋ္ဌ၊ နာရမ္မဏေ သတ္တ၊ နာနန္တရေ အဋ္ဌ၊ န သမနန္တရေ အဋ္ဌ၊ န သဟဇာတေ ကော်၊ န အညမညေ စတ္တာရိ၊ န နိဿယေ

ဧကံ၊ နဥပနိဿယေ သတ္တ၊ နပုရေဇာတေ သတ္တ၊ နပစ္ဆာဇာတေ အဋ္ဌ၊ နာသေဝနေ အဋ္ဌ၊ နကမ္မေ အဋ္ဌ၊ နဝိပါကေ အဋ္ဌ၊ နအာဟာရေ အဋ္ဌ၊ နဣန္ဒြိယေ အဋ္ဌ၊ နဈာနေ အဋ္ဌ၊ နမဂ္ဂေ အဋ္ဌ၊ နသမ္ပယုတ္တေ စတ္တာရိ၊ နဝိပ္ပယုတ္တေ စတ္တာရိ၊ နောနတ္ထိယာ အဋ္ဌ၊ နောဝိဂတေ အဋ္ဌ။

အဓိပတိပစ္စည်း (၃) ချက်က အာပုဓိ+သဟာဓိ=နံပါတ် (၃)၊ ဝတ္ထာဓိ+သဟာဓိ=နံပါတ် (၄)၊ နံပါတ်(၁၀)=ဝတ္ထာဓိ+သဟာဓိဝိပ်ရယ်လို့ (၃) ချက်ရပါတယ်။ အဲဒီတော့ ခုနက ဆိုပြခဲ့တဲ့အတိုင်း ဒါတွေ ထပ်ဆိုတာပဲ ထူးပါတယ်။ ဒါ့ကြောင့် သူတို့ကို အထူး ဆိုမနေတော့ပဲ တရားက လေးဖော်ပြီး ပါဠိပဲ ဆိုလိုက်ပါတယ်။ ယခု နံပါတ် (၄) ကို ဆိုရပါလိမ့်မယ်။ နံပါတ် (၄) ရဲ့ သင်္ချာဟာ အဋ္ဌပဲရပါတယ်။

**နံပါတ် (၄)**။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိပစ္စည်း။ အဓိပတိ နိဿယ အတ္ထိ အဝိဂတန္တိ နဟေတုယာ အဋ္ဌ၊ နာရမ္မဏေ သတ္တ၊ နာနန္တရေ အဋ္ဌ၊ နသမနန္တရေ အဋ္ဌ၊ နသဟဇာတေ ဧကံ၊ နအညမညေ စတ္တာရိ၊ နဥပနိဿယေ သတ္တ၊ နပုရေဇာတေ သတ္တ၊ နပစ္ဆာဇာတေ အဋ္ဌ၊ နာသေဝနေ အဋ္ဌ၊ နကမ္မေ အဋ္ဌ၊ နဝိပါကေ အဋ္ဌ၊ နအာဟာရေ အဋ္ဌ၊ နဣန္ဒြိယေ အဋ္ဌ၊ နဈာနေ အဋ္ဌ၊ နမဂ္ဂေ အဋ္ဌ၊ နသမ္ပယုတ္တေ စတ္တာရိ၊ နဝိပ္ပယုတ္တေ တိဏိ၊ နောနတ္ထိယာ အဋ္ဌ၊ နောဝိဂတေ အဋ္ဌ။

**နံပါတ် (၁၀)**။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ ဝိပ္ပယုတ္တပစ္စည်း။ အဓိပတိ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ နဟေတုယာ စတ္တာရိ၊ နာရမ္မဏေ တိဏိ၊ နာနန္တရေ စတ္တာရိ၊ နသမနန္တရေ စတ္တာရိ၊ နသဟဇာတေ ဧကံ၊ နအညမညေ စတ္တာရိ၊ နဥပနိဿယေ တိဏိ၊ နပုရေဇာတေ တိဏိ၊ နပစ္ဆာဇာတေ စတ္တာရိ၊ နာသေဝနေ စတ္တာရိ၊ နကမ္မေ စတ္တာရိ၊ နဝိပါကေ စတ္တာရိ၊ နအာဟာရေ စတ္တာရိ၊ နဣန္ဒြိယေ စတ္တာရိ၊ နဈာနေ စတ္တာရိ၊ နမဂ္ဂေ စတ္တာရိ၊ နသမ္ပယုတ္တေ စတ္တာရိ၊ နောနတ္ထိယာ စတ္တာရိ၊ နောဝိဂတေ စတ္တာရိ။

အဓိပတိ (၃) ချက် ပြီးသွားပါပြီ။ **နိဿယ။ နိဿယပစ္စည်း မိဿက ပက်ဏ္ဏက ယင်္ဂနာ (၆) ချက်၊ နံပါတ် (၂) က ရပါတယ်။** အလုံးစုံသော နိဿယ (၄) မျိုး။ နိဿယ အတ္ထိ အဝိဂတန္တိ နဟေတုယာ တေရသ၊ နာရမ္မဏေ တေရသ၊ နာဓိပတိယာ တေရသ၊ နာနန္တရေ တေရသ၊ နသမနန္တရေ တေရသ၊ နသဟဇာတေ ကိုး၊ နအညမညေ သတ္တ၊ နဥပနိဿယေ တေရသ၊ နပုရေဇာတေ ဝ၊ နပစ္ဆာဇာတေ တေရသ၊ နာသေဝနေ တေရသ၊ နကမ္မေ

တေရသ၊ န ဝိပါကေ တေရသ၊ န အာဟာရေ တေရသ၊ န ဣန္ဒြိယေ တေရသ၊ န ဈာနေ တေရသ၊ န မဂ္ဂေ တေရသ၊ န သမ္ပယုတ္တေ သတ္တ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နော နတ္ထိယာ တေရသ၊ နော ဝိဂတေ တေရသ။

နံပါတ်(၄)က ဝတ္ထာရမ္မဏနဲ့ သဟာဓိ။ သင်္ချာက အဋ္ဌရှိပါတယ်။ သူ့အမှတ် ကလေးအတိုင်း။

အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိပစ္စည်း။ (နိဿယ ပစ္စည်း ဟောနေတော့ကာ နိဿယပစ္စည်းက စဆိုရပါတယ်။) နိဿယ အဓိပတိ အတ္ထိ အဝိဂတန္တိ န ဟေတုယာ အဋ္ဌ၊ နာရမ္မဏေ သတ္တ၊ နာနန္တရေ အဋ္ဌ၊ န သမနန္တရေ အဋ္ဌ၊ န သဟဇာတေ ဧကံ၊ န အညမညေ စတ္တာရိ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ အဋ္ဌ၊ နာသေဝနေ အဋ္ဌ၊ န ကမ္မေ အဋ္ဌ၊ န ဝိပါကေ အဋ္ဌ၊ န အာဟာရေ အဋ္ဌ၊ န ဣန္ဒြိယေ အဋ္ဌ၊ န ဈာနေ အဋ္ဌ၊ န မဂ္ဂေ အဋ္ဌ၊ န သမ္ပယုတ္တေ စတ္တာရိ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နော နတ္ထိယာ အဋ္ဌ၊ နော ဝိဂတေ အဋ္ဌ။

ပြီးတော့ နံပါတ် (၇)။ သဟဇာတိန္ဒြိယ+ပုတိ' တို့ ရှိပါတယ်။

အလုံးစုံသော သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း။ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတန္တိ န ဟေတုယာ သတ္တ၊ နာရမ္မဏေ သတ္တ၊ နာဓိပတိယာ သတ္တ၊ နာနန္တရေ သတ္တ၊ န သမနန္တရေ သတ္တ၊ န သဟဇာတေ ဧကံ၊ န အညမညေ တီဏိ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ သတ္တ၊ နာသေဝနေ သတ္တ၊ န ကမ္မေ သတ္တ၊ န ဝိပါကေ သတ္တ၊ န အာဟာရေ သတ္တ၊ န ဈာနေ သတ္တ၊ န မဂ္ဂေ သတ္တ၊ န သမ္ပယုတ္တေ တီဏိ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နော နတ္ထိယာ သတ္တ၊ နော ဝိဂတေ သတ္တ။

နောက်နံပါတ်(၉)။ အလုံးစုံသော ဝတ္ထာရမ္မဏ၊ သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း။ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ န ဟေတုယာ ပဉ္စ၊ နာရမ္မဏေ ပဉ္စ၊ နာဓိပတိယာ ပဉ္စ၊ နာနန္တရေ ပဉ္စ၊ န သမနန္တရေ ပဉ္စ၊ န သဟဇာတေ တီဏိ၊ န အညမညေ ပဉ္စ၊ န ဥပနိဿယေ ပဉ္စ၊ န ပုရေဇာတေ တီဏိ၊ န ပစ္ဆာဇာတေ ပဉ္စ၊ နာသေဝနေ ပဉ္စ၊ န ကမ္မေ ပဉ္စ၊ န ဝိပါကေ ပဉ္စ၊ န အာဟာရေ ပဉ္စ၊ န ဣန္ဒြိယေ ပဉ္စ၊ န ဈာနေ ပဉ္စ၊ န မဂ္ဂေ ပဉ္စ၊ န သမ္ပယုတ္တေ ပဉ္စ၊ နော နတ္ထိယာ ပဉ္စ၊ နော ဝိဂတေ ပဉ္စ။

နံပါတ် (၁၀)။ သင်္ချာ စတ္တာရိရှိပါတယ်။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ ဝိပ္ပယုတ္တပစ္စည်း။ နိဿယ အဓိပတိ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ န ဟေတုယာ စတ္တာရိ၊ နာရမ္မဏေ တီဏိ၊

နဝနန္တရေ စတ္တာရိ၊ န သမနန္တရေ စတ္တာရိ၊ န သဟဇာတေ ဧကံ၊ န အညမညေ စတ္တာရိ၊ န ဥပနိဿယေ တီဏိ၊ န ပုရေဇာတေ တီဏိ၊ န ပစ္ဆာဇာတေ စတ္တာရိ၊ နဝသေဝနေ စတ္တာရိ၊ န ကမ္မေ စတ္တာရိ၊ န ဝိပါကေ စတ္တာရိ၊ န အာဟာရေ စတ္တာရိ၊ န ဣန္ဒြိယေ စတ္တာရိ၊ န ဈာနေ စတ္တာရိ၊ န မဂ္ဂေ စတ္တာရိ၊ န သမ္ပယုတ္တေ စတ္တာရိ၊ နောဝ နတ္ထိယာ စတ္တာရိ၊ နောဝ ဝိဂတေ စတ္တာရိ။

နံပါတ် (၁၁)။ တီဏိ ရှိပါကယ်။ အလုံးစုံသော သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တ၊ ဝတ္ထု ပုရေဇာတိန္ဒြိယပစ္စည်း။ နိဿယ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ န ဟေတုယာ တီဏိ၊ နဝရမ္မဏေ တီဏိ၊ နဝဓိပတိယာ တီဏိ၊ နဝနန္တရေ တီဏိ၊ န သမနန္တရေ တီဏိ၊ န သဟဇာတေ ဧကံ၊ န အညမညေ တီဏိ၊ န ဥပနိဿယေ တီဏိ၊ န ပုရေဇာတေ တီဏိ၊ န ပစ္ဆာဇာတေ တီဏိ၊ နဝသေဝနေ တီဏိ၊ န ကမ္မေ တီဏိ၊ န ဝိပါကေ တီဏိ၊ န အာဟာရေ တီဏိ၊ န ဈာနေ တီဏိ၊ န မဂ္ဂေ တီဏိ၊ န သမ္ပယုတ္တေ တီဏိ၊ နောဝ နတ္ထိယာ တီဏိ၊ နောဝ ဝိဂတေ တီဏိ။

နိဿယ ပြီးသွားတော့ အာဟာရ ရောက်လာပါပြီ။ အာဟာရမှာ တချက်ပဲ ရှိပါတယ်။

### အာဟာရပစ္စည်း မိဿက ပကိဏ္ဏက သင်္ချာ (၁) ချက်

နံပါတ် (၅)။ အလုံးစုံသော နာမ်အာဟာရ၊ ရုပ်အာဟာရပစ္စည်း။ အာဟာရ အတ္ထိ အဝိဂတန္တိ န ဟေတုယာ သတ္တ၊ နဝရမ္မဏေ သတ္တ၊ နဝဓိပတိယာ သတ္တ၊ နဝနန္တရေ သတ္တ၊ န သမနန္တရေ သတ္တ၊ န သဟဇာတေ ဧကံ၊ န အညမညေ တီဏိ၊ န နိဿယေ ဧကံ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ သတ္တ၊ နဝသေဝနေ သတ္တ၊ န ကမ္မေ သတ္တ၊ န ဝိပါကေ သတ္တ၊ န ဣန္ဒြိယေ သတ္တ၊ န ဈာနေ သတ္တ၊ န မဂ္ဂေ သတ္တ၊ န သမ္ပယုတ္တေ တီဏိ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နောဝ နတ္ထိယာ သတ္တ၊ နောဝ ဝိဂတေ သတ္တ။

ဣန္ဒြိယမှာ (၃)ချက် ရှိပါတယ်၊ ဣန္ဒြိယပစ္စည်း မိဿက ပကိဏ္ဏက သင်္ချာ(၃)ချက်။ နံပါတ် (၆)က ပေါ်ပါတယ်။ အလုံးစုံသော ဣန္ဒြိယ(၃)မျိုး။ ဣန္ဒြိယ အတ္ထိ အဝိဂတန္တိ န ဟေတုယာ သတ္တ၊ နဝရမ္မဏေ သတ္တ၊ နဝဓိပတိယာ သတ္တ၊ နဝနန္တရေ သတ္တ၊ န သမနန္တရေ သတ္တ၊ န သဟဇာတေ ဧကံ၊ န အညမညေ တီဏိ၊ န နိဿယေ ဧကံ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ သတ္တ၊ နဝသေဝနေ သတ္တ၊ န ကမ္မေ သတ္တ၊ န ဝိပါကေ

သတ္တ၊ နအာဟာရေ သတ္တ၊ နဈာနေ သတ္တ၊ နမဂ္ဂေ သတ္တ၊ နသမ္ပယုတ္တေ တိကံ၊ နဝိပ္ပယုတ္တေ တိကံ၊ နောနတ္ထိယာ သတ္တ၊ နောဝိဂတေ သတ္တ။

**နံပါတ် (၇)။** အလုံးစုံသော သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယ နိဿယ အတ္ထိ အဝိဂတန္တိ နဟေတုယာ သတ္တ၊ နာရမ္မဏေ သတ္တ၊ နာဓိပတိယာ သတ္တ၊ နာနန္တရေ သတ္တ၊ နသမနန္တရေ သတ္တ၊ နသဟဇာတေ ဧကံ၊ နအညမညေ တိကံ၊ နဥပနိဿယေ သတ္တ၊ နပုရေဇာတေ သတ္တ၊ နပစ္ဆာဇာတေ သတ္တ၊ နာသေဝနေ သတ္တ၊ နကမ္မေ သတ္တ၊ နဝိပါကေ သတ္တ၊ နအာဟာရေ သတ္တ၊ နဈာနေ သတ္တ၊ နမဂ္ဂေ သတ္တ၊ နသမ္ပယုတ္တေ တိကံ၊ နဝိပ္ပယုတ္တေ တိကံ၊ နောနတ္ထိယာ သတ္တ၊ နေဝိဂတေ သတ္တ။

နောက်ဆုံးအချက် **နံပါတ်** (၁၁) မှာ ရှိပါတယ်။ အလုံးစုံသော သဟဇာတိန္ဒြိယဝိပ္ပယုတ္တ ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း။ ဣန္ဒြိယ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ နဟေတုယာ တိကံ၊ နာရမ္မဏေ တိကံ၊ နာဓိပတိယာ တိကံ၊ နာနန္တရေ တိကံ၊ နသမနန္တရေ တိကံ၊ နသဟဇာတေ ဧကံ၊ နအညမညေ တိကံ၊ နဥပနိဿယေ တိကံ၊ နပုရေဇာတေ တိကံ၊ နပစ္ဆာဇာတေ တိကံ၊ နာသေဝနေ တိကံ၊ နကမ္မေ တိကံ၊ နဝိပါကေ တိကံ၊ နအာဟာရေ တိကံ၊ နဈာနေ တိကံ၊ နမဂ္ဂေ တိကံ၊ နသမ္ပယုတ္တေ တိကံ၊ နောနတ္ထိယာ တိကံ၊ နောဝိဂတေ တိကံ။

ဣန္ဒြိယ ပြီးသွားပါပြီ။ ဝိပ္ပယုတ္တ (၄) ချက်ရှိပါတယ်။ **ဝိပ္ပယုတ္တပစ္စည်း မိဿက ပကိဏ္ဏက ဃဋနာ (၄) ချက်။ နံပါတ် (၈) က** စပါတယ်။ အလုံးစုံသော ဝိပ္ပယုတ္တ (၄) မျိုး။ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ နဟေတုယာ ပဉ္စ၊ နာရမ္မဏေ ပဉ္စ၊ နာဓိပတိယာ ပဉ္စ၊ နာနန္တရေ ပဉ္စ၊ နသမနန္တရေ ပဉ္စ၊ နသဟဇာတေ ပဉ္စ၊ နအညမညေ ပဉ္စ၊ နနိဿယေ တိကံ၊ နဥပနိဿယေ ပဉ္စ၊ နပုရေဇာတေ တိကံ၊ နပစ္ဆာဇာတေ ပဉ္စ၊ နာသေဝနေ ပဉ္စ၊ နကမ္မေ ပဉ္စ၊ နဝိပါကေ ပဉ္စ၊ နအာဟာရေ ပဉ္စ၊ နဣန္ဒြိယေ ပဉ္စ၊ နဈာနေ ပဉ္စ၊ နမဂ္ဂေ ပဉ္စ၊ နသမ္ပယုတ္တေ ပဉ္စ၊ နောနတ္ထိယာ ပဉ္စ၊ နောဝိဂတေ ပဉ္စ။

**နံပါတ်** (၉)။ အလုံးစုံသော ဝတ္ထာရမ္မဏ သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ နိဿယ အတ္ထိ အဝိဂတန္တိ နဟေတုယာ ပဉ္စ၊ နာရမ္မဏေ ပဉ္စ၊ နာဓိပတိယာ ပဉ္စ၊ နာနန္တရေ ပဉ္စ၊ နသမနန္တရေ ပဉ္စ၊ နသဟဇာတေ တိကံ၊ နအညမညေ ပဉ္စ၊ နဥပနိဿယေ ပဉ္စ၊ နပုရေဇာတေ တိကံ၊ နပစ္ဆာဇာတေ ပဉ္စ၊ နာသေဝနေ ပဉ္စ၊ နကမ္မေ ပဉ္စ၊ နဝိပါကေ ပဉ္စ၊ နအာဟာရေ ပဉ္စ၊ နဣန္ဒြိယေ ပဉ္စ၊ နဈာနေ ပဉ္စ၊ နမဂ္ဂေ ပဉ္စ၊ နသမ္ပယုတ္တေ ပဉ္စ၊ နောနတ္ထိယာ ပဉ္စ၊ နောဝိဂတေ ပဉ္စ။

**နံပါတ်**(၁၀)။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ သဟဇာတာဓိပတိ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ အဓိပတိ နိဿယ အတ္ထိ အဝိဂတန္တိ န ဟေတုယာ စတ္တာရိ၊ နာရမ္မဏေ တီဏိ၊ နာ နန္တရေ စတ္တာရိ၊ န သမနန္တရေ စတ္တာရိ၊ န သဟဇာတေ ဓေ၊ န အညမညေ စတ္တာရိ၊ န ဥပနိဿယေ တီဏိ၊ န ပုရေဇာတေ တီဏိ၊ န ပစ္ဆာဇာတေ စတ္တာရိ၊ နာသေဝနေ စတ္တာရိ၊ န ကမ္မေ စတ္တာရိ၊ န ဝိပါကေ စတ္တာရိ၊ နံ အာဟာရေ စတ္တာရိ၊ န ဣန္ဒြိယေ စတ္တာရိ၊ န ဈာနေ စတ္တာရိ၊ န မဂ္ဂေ စတ္တာရိ၊ န သမ္ပယုတ္တေ စတ္တာရိ၊ နော နံတ္ထိယာ စတ္တာရိ၊ နော ဝိဂတေ စတ္တာရိ။

နောက်ဆုံးအချက် **နံပါတ်** (၁၁) ပါ။ အလုံးစုံသော သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တ ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း။ ဝိပ္ပယုတ္တ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတန္တိ န ဟေတုယာ တီဏိ၊ နာရမ္မဏေ တီဏိ၊ နာဓိပတိယာ တီဏိ၊ နာနန္တရေ တီဏိ၊ န သမနန္တရေ တီဏိ၊ န သဟဇာတေ ဓေ၊ န အညမညေ တီဏိ၊ န ဥပနိဿယေ တီဏိ၊ န ပုရေဇာတေ တီဏိ၊ န ပစ္ဆာဇာတေ တီဏိ၊ နာသေဝနေ တီဏိ၊ န ကမ္မေ တီဏိ၊ န ဝိပါကေ တီဏိ၊ န အာဟာရေ တီဏိ၊ န ဈာနေ တီဏိ၊ န မဂ္ဂေ တီဏိ၊ န သမ္ပယုတ္တေ တီဏိ၊ နော နတ္ထိယာ တီဏိ၊ နော ဝိဂတေ တီဏိ။

ဝိပ္ပယုတ္တ ပြီးသွားတော့ အတ္ထိ ရောက်လာပါပြီ။။ အတ္ထိက ပထမက ဆိုခဲ့တဲ့ ခေါင်းစဉ်အတိုင်းပါပဲ။ အတ္ထိပစ္စည်းဟောတော့ အတ္ထိပစ္စည်းက စဆိုရရုံပါပဲ။

## အတ္ထိပစ္စည်း မိဿက ပကိဏ္ဏက ယဋ္ဌနာ (၁၁)ချက်

**နံပါတ်** (၁)။ အလုံးစုံသော အတ္ထိပစ္စည်း (၉)မျိုး။ အတ္ထိ အဝိဂတန္တိ န ဟေတုယာ တေရသ၊ နာရမ္မဏေ တေရသ၊ နာဓိပတိယာ တေရသ၊ နာနန္တရေ တေရသ၊ န သမနန္တရေ တေရသ၊ န သဟဇာတေ သတ္တ၊ န အညမညေ သတ္တ၊ န နိဿယေ သတ္တ၊ န ဥပနိဿယေ တေရသ၊ န ပုရေဇာတေ နဝ၊ န ပစ္ဆာဇာတေ တေရသ၊ နာသေဝနေ တေရသ၊ န ကမ္မေ တေရသ၊ န ဝိပါကေ တေရသ၊ န အာဟာရေ တေရသ၊ န ဣန္ဒြိယေ တေရသ၊ န ဈာနေ တေရသ၊ န မဂ္ဂေ တေရသ၊ န သမ္ပယုတ္တေ သတ္တ၊ န ဝိပ္ပယုတ္တေ ပဥ္စ၊ နော နတ္ထိယာ တေရသ၊ နော ဝိဂတေ တေရသ။

**နံပါတ်** ၂။ အလုံးစုံသော နိဿယ (၄)မျိုး။ အတ္ထိ နိဿယ အဝိဂတန္တိ န ဟေတုယာ တေရသ၊ နာရမ္မဏေ တေရသ၊ နာဓိပတိယာ တေရသ၊ နာနန္တရေ တေရသ၊ န သမနန္တရေ တေရသ၊ န သဟဇာတေ တီဏိ၊ န

အညမညေ သတ္တ၊ န ဥပနိဿယေ တေရသ၊ န ပုရေဇာတေ နဝ၊ န ပစ္ဆာဇာတေ တေရသ၊ နာသေဝနေ တေရသ၊ န ကမ္မေ တေရသ၊ န ဝိပါကေ တေရသ၊ န အာဟာရေ တေရသ၊ န ဣန္ဒြိယေ တေရသ၊ န ဈာနေ တေရသ၊ န မဂ္ဂေ တေရသ၊ န သမ္ပယုတ္တေ သတ္တ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နောနတ္ထိယာ တေရသ၊ နောဝိဂတေ တေရသ။

**နံပါတ် (၃)**။ အလုံးစုံသော အာရမ္မဏ ပုရေဇာတာဓိပတိ၊ သဟဇာတာဓိပတိပစ္စည်း။ အတ္ထိ အဓိပတိ အဝိဂတန္တိ န ဟေတုယာ အဋ္ဌ၊ နာရမ္မဏေ သတ္တ၊ နာနန္တရေ အဋ္ဌ၊ န သမနန္တရေ အဋ္ဌ၊ န သဟဇာတေ ဧကံ၊ န အညမညေ စတ္တာရိ၊ န နိဿယေ ဧကံ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ အဋ္ဌ၊ နာသေဝနေ အဋ္ဌ၊ န ကမ္မေ အဋ္ဌ၊ န ဝိပါကေ အဋ္ဌ၊ န အာဟာရေ အဋ္ဌ၊ န ဣန္ဒြိယေ အဋ္ဌ၊ န ဈာနေ အဋ္ဌ၊ န မဂ္ဂေ အဋ္ဌ၊ န သမ္ပယုတ္တေ စတ္တာရိ၊ န ဝိပ္ပယုတ္တေ စတ္တာရိ၊ နောနတ္ထိယာ အဋ္ဌ၊ နောဝိဂတေ အဋ္ဌ။

**နံပါတ် (၄)**။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ ပစ္စည်း။ အတ္ထိ အဓိပတိ နိဿယ အဝိဂတန္တိ န ဟေတုယာ အဋ္ဌ၊ နာရမ္မဏေ သတ္တ၊ နာနန္တရေ အဋ္ဌ၊ န သမနန္တရေ အဋ္ဌ၊ န သဟဇာတေ ဧကံ၊ န အညမညေ စတ္တာရိ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ အဋ္ဌ၊ နာသေဝနေ အဋ္ဌ၊ န ကမ္မေ အဋ္ဌ၊ န ဝိပါကေ အဋ္ဌ၊ န အာဟာရေ အဋ္ဌ၊ န ဣန္ဒြိယေ အဋ္ဌ၊ န ဈာနေ အဋ္ဌ၊ န မဂ္ဂေ အဋ္ဌ၊ န သမ္ပယုတ္တေ စတ္တာရိ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နောနတ္ထိယာ အဋ္ဌ၊ နောဝိဂတေ အဋ္ဌ။

**နံပါတ်(၅)**။ အလုံးစုံသော နာမ်အာဟာရ၊ ရုပ်အာဟာရ ပစ္စည်း။ အတ္ထိ အာဟာရ အဝိဂတန္တိ န ဟေတုယာ သတ္တ၊ နာရမ္မဏေ သတ္တ၊ နာဓိပတိယာ သတ္တ၊ နာနန္တရေ သတ္တ၊ န သမနန္တရေ သတ္တ၊ န သဟဇာတေ ဧကံ၊ န အညမညေ တီဏိ၊ န နိဿယေ ဧကံ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ သတ္တ၊ နာသေဝနေ သတ္တ၊ န ကမ္မေ သတ္တ၊ န ဝိပါကေ သတ္တ၊ န အာဟာရေ သတ္တ၊ န ဣန္ဒြိယေ သတ္တ၊ န ဈာနေ သတ္တ၊ န မဂ္ဂေ သတ္တ၊ န သမ္ပယုတ္တေ တီဏိ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နောနတ္ထိယာ သတ္တ၊ နောဝိဂတေ သတ္တ။

**နံပါတ်(၆)**။ အလုံးစုံသော ဣန္ဒြိယ (၃) မျိုး။ အတ္ထိ ဣန္ဒြိယ အဝိဂတန္တိ န ဟေတုယာ သတ္တ၊ နာရမ္မဏေ သတ္တ၊ နာဓိပတိယာ သတ္တ၊ နာနန္တရေ သတ္တ၊ န သမနန္တရေ သတ္တ၊ န သဟဇာတေ ဧကံ၊ န အညမညေ တီဏိ၊ န နိဿယေ ဧကံ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊

ယင်မှူးအောင် ပြရမယ်ဆိုယင် 'နှ ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ အဓိပတိယာ သတ္တ'။ အဲဒီ အဓိပတိယာ သတ္တလို့ ဆိုတဲ့နေရာမှာ ကုသလော အကုသလဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿလို့ ဆိုတဲ့ ၃ ချက်ဟာ အာရမ္မဏာဓိပတိနဲ့သာ ဆိုင်တဲ့အတွက် ဆန့်ကျင်ဘက် ဖြစ်ပါ တယ်တဲ့။ ဘာ့ကြောင့်လဲဆိုတော့ နာရမ္မဏပစ္စယာရယ်လို့ ဟောထားလို့ပါတဲ့။ ဒါ့ကြောင့် အဲဒီ ၃ ချက်ကို ပယ်ပြီး သဟဇာတာ ဓိပတိရဲ့ အစွမ်းအားဖြင့် သတ္တ ရပါတယ်။ အဲဒီ သတ္တထဲကလဲပဲ နှ ဟေတုလို့ ဆိုထားပြန်တော့ သဘာဝ ဖြစ်တဲ့ ဝီမံသာ ဓိပတိကို ကြည်ရပါလိမ့်ဦးမယ်တဲ့။ ဒီတော့ သင်္ချာဟူသမျှမှာ အရလဲ နည်းနေရမယ်၊ ဆန့်လဲ မဆန့်ကျင်တဲ့ သင်္ချာများကိုသာ ယူပါလို့ အဋ္ဌ ကထာ ဆရာက ပဋ္ဌာဝါရ ပစ္စနီယာနုလောမမှာ နည်းပေးပါတယ်။

အဲဒါကို ဋီကာဆရာကြီးက သင်္ချာချင်း တိုက်မှုလို့ ဆိုတာဟာ အားလုံးနဲ့ ဆက်ဆံတာ မဟုတ်ဘူးလို့ အဋ္ဌကထာဆရာ ကိုယ်တိုင်က ဆိုလားတော့ ဒီသင်္ချာချင်း တိုက်မှုဟာ ကေန္ဒိက မဟုတ်ဘူးပေါ့တဲ့။ အကြောင်းက ဘာလဲ။ နှ ဟေတု နာရမ္မဏမှာကြည့်ယင် နှ ဟေတုပစ္စယာ နာရမ္မဏပစ္စယာ သင်္ချာ ဘယ်လောက်ရသလဲ။ ပန္နရသ ရပါတယ်တဲ့။ အဓိပတိကျတော့ အဓိပတိကို ဟာ ဒသ ရှိပါတယ်တဲ့။ အဲဒီဒသဟာ ပန္နရသနဲ့စာလိုက်ယင် သင်္ချာလဲ နည်းပါ ပေါ့တဲ့။ တူလဲပဲ တူပါတယ်တဲ့။ ဒါပေမယ်လို့ နည်းလဲနည်းတဲ့ တူလဲတူတဲ့ သင်္ချာ ဒသကို မယူနိုင်ပဲနဲ့ အင်မတန်နည်းတဲ့ သတ္တကိုသာ သွားပြီ ယူရလို့ ပြောပါ တယ်တဲ့။ ပြီးတော့ အဋ္ဌကထာဆရာကြီးက ဘာပြုပြန်သလဲဆိုယင် နှ ဟေတု ပစ္စယာ အာရမ္မဏေ နဝ၊ အဓိပတိယာ ဒသ စသည်ဖြင့် မူလီသွတ်တဲ့ ပစ္စည်းတွေ ရှိပါတယ်၊ အဲဒီလို မူလီသွတ်တဲ့ ပစ္စည်းတွေရှိတော့ မူလီမသွတ်နိုင်တဲ့ ပစ္စည်း

တွေကို ပြပြန်ပါတယ်။ ဒါတွေက ထူးထူးဆန်းဆန်း မဟုတ်ပါဘူး။ တပည့်တော်တို့ သဘာဝက ပစ္စည်းပေါင်း ဘယ်လောက် ရတယ်လို့ဆိုတာကို သိခဲ့လို့ရှိယင် နားလည်နိုင်ပါတယ်။ အနန္တရ ပစ္စည်းဟာ နာနန္တရလို ပစ္စနိက်ဖြစ်နေယင် သမနန္တရ အာသေဝန နတ္ထိ ဝိဂတ အဲဒီ ပစ္စည်းတွေဟာ အနုလုံအနေနဲ့ မရနိုင်ပါဘူးတဲ့။ အဲဒါတွေကို တပည့်တော်တို့ ဇယားထဲကျတော့ ခရေပွင့်နဲ့ ပြသားပါတယ်။ သဟဇာတ ပစ္စနိက်ဖြစ်ယင် သဟဇာတ ပစ္စနိက်ဖြစ်ဘယ်လို့ဆိုတာ န သဟဇာတ ပစ္စယာလို့ ဆိုလိုက်တော့ သဟဇာတမျိုးသက်သက်ဖြစ်တဲ့ ဟေတု အညမည ဝိပါက ဈာန မဂ္ဂ သမ္ပယုတ္တ တွေဟာ အနုလုံအနေနဲ့ မရနိုင်ပါဘူးတဲ့။ တပည့်တော်တို့ ဇယားမှာ ကြည့်မယ်ဆိုယင် သဟာဓိတော့ မရဘူး။ ဒါပေမယ့် အာဓိရနေလို့ အဓိပတိကို မဆိုပါဘူး။ ပြီးတော့ ကမ္မက သဟဇာတကမ္မ၊ အာဟာရက နာမ်အာဟာရ၊ ဣန္ဒြိယက သဟဇာတိန္ဒြိယ၊ ဝိပ္ပယုတ္တက သဟဇာတဝိပ္ပယုတ်၊ အတ္ထိ အဝိဂတက သဟဇာတတ္ထိမရပေတယ်လို့ ကျန်တာတွေက ရှိနေသေးလို့ အဋ္ဌကထာက မဆိုတာဖြစ်ပါတယ်။ နိဿယ ပစ္စနိက်ဖြစ်နေယင် ဝတ္ထုပုရေဇာတအနုလုံမှာ မရနိုင်ပါဘူး။

အဲဒါကို တဖန် ဋီကာက နိဿယမှာ သဟဇာတ ပုရေဇာတရယ်လို့ ၂ မျိုးရှိပါတယ်တဲ့။ သဟဇာတမျိုးတွေ မရမှုကတော့ ထင်ရှားပါတယ်တဲ့။ ထင်ရှားတော့ အဋ္ဌကထာ ဆရာကြီးက မထင်ရှားတဲ့ ဝတ္ထု ပုရေဇာတကိုသာ အဋ္ဌကထာကပြတာ ဖြစ်ပါတယ်တဲ့။ ပြီးတော့ တခက်က အဋ္ဌကထာပါဠိမှာ ''န'' ပိုနေတယ်လို့ ထင်တာပဲ။ အာဟာရေ ဝါ ဣန္ဒြိယေ ဝါ ပစ္စနီယတော ဌိတေ ဟေတု အညမည ဝိပါက ဈာန မဂ္ဂ သမ္ပယုတ္တာ အနုလောမတော န တိဋ္ဌန္တိ။ ဆိုတဲ့ ''န'' သဒ္ဒါကလေး ပါနေတယ်။ အာဟာရဖြစ်ဖြစ် ဣန္ဒြိယဖြစ်ဖြစ် ပစ္စနိက်အနေနဲ့ န အာဟာရပစ္စယာ န ဣန္ဒြိယ ပစ္စယာလို နေမယ်ဆိုယင် ဟေတု အညမည ဝိပါက ဈာန မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ တွေဟာ အနုလုံအနေနဲ့ မတည်နေနိုင်ဘူးလို့ဆိုတဲ့ နေရာမှာ ''န''သဒ္ဒါကလေးဟာ မပါသင့်ပါဘူး။ တည်နေနိုင်တာပေါ့။ ဟိုက န အာဟာရပစ္စယာ ဟေတုယာ သတ္တ အညမညေ တီဏိ စသည်ဖြစ် ဒါတွေဟာ ဖြစ်နိုင်ပါတယ်။

ပြီးတော့ ''အာရမ္မဏေ ပန ပစ္စနီယတော ဌိတေ အဓိပတိ ဥပနိဿယာ အနုလောမတော န တိဋ္ဌန္တိ။ နာရမ္မဏ ပစ္စယာ'' ရယ်လို့ရှိယင် အဓိပတိ ဥပနိဿယဟာ အနုလုံအနေနဲ့ မတည်နိုင်ပါဘူးတဲ့။ မတည်နိုင်ဘူးလို့ ဆိုတဲ့ဟာက ဘာတုံး။ ''အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယာ ပန န လဗ္ဘန္တိ''။ အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူပနိဿယ မရတာကတော့ ဟုတ်တာပေါ့။ ဘာဖြစ်လို့။ သူတို့ဟာ အာရမ္မဏမျိုးသက်သက် ဖြစ်နေတယ်။ သဟဇာတာဓိပတိ

ဘာကိစ္စ မရပဲ နေရမလဲ။ အနန္တရူပနိဿယ ဘာကိစ္စ မရပဲ နေမလဲ။ ပကတူပနိဿယ ဘာကိစ္စ မရပဲ နေရမလဲလို့။ အဲဒါကြောင့် "န" သဒ္ဒါကလေးတွေဟာ ပိုတယ်လို့ ထင်ပါတယ်။ အဲဒါက အဋ္ဌကထာဋီကာက ပြောတဲ့နည်းပါပဲ။

တပည့်တော်တို့ ကြံဆထားတဲ့ နည်းကတော့ ဒီလိုမဟုတ်ပါဘူး။ ဘယ်လိုလဲဆိုယင် ဥပမာ န ဟေတုပစ္စယာ။ ဟေတုဟာ ဘာမျိုးလဲ၊ သဟဇာတမျိုး ဖြစ်ပါတယ်။ သဟဇာတမျိုးဖြစ်တော့ အာရမ္မဏစတဲ့ မျိုးတွေနဲ့ လုံးဝ သဘာဂ မဟုတ်ပါဘူး၊ ဝိသဘာဂ ဖြစ်ပါတယ်။ ဝိသဘာဂဖြစ်တဲ့ ပစ္စည်းတွေဆိုယင် ဘာမှ စဉ်းစားစရာ မရှိပါဘူး။ သူ့ရဲ့ မူလီ သင်္ချာအတိုင်း ဆိုလိုက်ရုံပါပဲ။ ဆိုလိုရင်းက ဘာလဲ။ အာရမ္မဏထဲမှာ ဟေတုနှုတ်လိုက်ယင် ဒီ ဟေတုဟာ သုညပါ။ အာရမ္မဏ (၉) ထဲမှာ ဟေတုက သတ္တရှိပေတယ်လို့ ဒီသတ္တဟာ အာရမ္မဏမျိုး မဟုတ်ပါဘူး။ သဟဇာတမျိုး ဖြစ်သဖြင့် မျိုးကွဲနေပါတယ်။ မျိုးကွဲယင် ဝိသဘာဂ ဖြစ်ပါတယ်။ ဝိသဘာဂဖြစ်ယင် သုညတွေပါပဲ။ သဘာဂဖြစ်တဲ့ ပစ္စည်းတွေသော်မှ သဘာဂဖြစ်တဲ့ တရားကိုသာလျှင် နှုတ်ရပါတယ်။ ကြွင်းကျန်တဲ့ အနန္တရူပ နိဿယ စသည်တွေဟာ ဟေတုနဲ့ မဆိုင်ပါဘူး။ အဲဒါတွေဟာ ဝိသဘာဂတွေ ဖြစ်ခြင်းကြောင့် ဘာမှ စဉ်းစားစရာ မလိုပါဘူး။ န ဟေတုမှာရှိတဲ့ သင်္ချာ သတ္တကို ဝိသဘာဂထဲမှာနှုတ်ယင် အကုန်လုံး သုညတွေချည်းပါပဲ။ သူ့ရဲ့ မူလီ သင်္ချာအတိုင်း ဆိုရပါတယ်။ အဲဒီတော့ အနုလောမပစ္စနိက်တုန်းက အာရမ္မဏမှု န ဟေတုဒုကဥ္စလို့ ဆိုတာနဲ့ န ဟေတုမှု အာရမ္မဏ ဒုကဥ္စ ဆိုတာဟာ အတူတူပါပဲ။ ဘာမှ ပထူးပါဘူး။ အဲဒါကြောင့် အကျဉ်းချုပ်က ဝိသဘာဂဖြစ်ယင် ဘာမှ မစဉ်းစားနဲ့တော့၊ မူလီ သင်္ချာအတိုင်း ဆိုလိုက်ရုံပါပဲ။ သဘာဂဖြစ်တဲ့ ပစ္စည်းတွေမှာ သဘာဂ ဖြစ်တဲ့ တရားကိုနှုတ်။ နှုတ်ပြီးသကာလ ကျန်တဲ့တရားအရ သင်္ချာ ထုတ်ရရုံပါပဲ။ ဒါဟာ အကျဉ်းချုပ်ဖြစ်တဲ့ နည်းပါပဲ၊ အဲဒီတော့ တပည့်တော်တို့ ဆိုရိုးကလေးနဲ့ ပစ္စနီယာ နုလောမမှာ ဆိုကြပါစို့။

န ဟေတု။ န ဟေတုဆိုတော့ ဟေတုရဲ့ သဘာဂပစ္စည်းရေ (၁၂) ရှိသဖြင့် ဟေတု နှုတ်လိုက်ယင် ပစ္စည်းရေ (၁၁) ကျန်ပါတယ်။ အဲဒီ (၁၁) က ကြွင်းကျန်တဲ့ ပစ္စည်းတွေဟာ ဟေတုနဲ့ သဘာဂ မဟုတ်ပါဘူး။ ဟေတုနဲ့ သဘာဂ မဟုတ်တော့ ဝိသဘာဂ ဖြစ်ပါတယ်။ အဲဒီ ဝိသဘာဂဖြစ်တဲ့ မူလီ ပစ္စည်းတွေကို [illegible] ပါပဲ [illegible]ပါတို့။

န ဟေတုယာ အာရမ္မဏ အနန္တရ သမနန္တရ ဥပနိဿယ ပုရေဇာတ ပစ္ဆာဇာတ အာသေဝန ကမ္မ အာဟာရ ဈာန နတ္ထိ ဝိဂတ ဒုက္ခ- [illegible] အာ[illegible] [illegible]ည်း။ ([illegible] အာ[illegible] [illegible]သော ပစ္စည်းလို

ဆိုတာဟာ အာရမ္မဏအတွက်က အာရမ္မဏပစ္စည်း၊ အနန္တရအတွက်က အလုံးစုံသော အနန္တရပစ္စည်း၊ ဥပနိဿယအတွက်က အာရမ္မဏူပနိဿယ အနန္တရူပနိဿယ ပကတူပနိဿယပစ္စည်း။ အဲဒါတွေကို ရည်ရွယ်ပြီး အလုံးစုံသော အာရမ္မဏ အစရှိသော ပစ္စည်းလို့ ဆိုပါတယ်။) ဤတရားတို့သည် ဟေတုပစ္စည်း မတပ်မူ၍ အာရမ္မဏ အစရှိသော ပစ္စည်းတို့သာ တပ်သောကြောင့် ဟေတုပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို **ပစ္စနီယာ** နုလောမ၌ န ဟေတုပစ္စယာ အာရမ္မဏေ နဝ၊ အနန္တရေ သတ္တ၊ **သမနန္တရေ** သတ္တ၊ ဥပနိဿယေ နဝ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ **အာသေဝနေ** တီဏိ၊ ကမ္မေ သတ္တ၊ အာဟာရေ သတ္တ၊ ဈာနေ သတ္တ၊ နတ္ထိယာ **သတ္တ၊ ဝိဂတေ** သတ္တ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ဝိဿဇ္ဇနာ ဂ တွေကို ကိစ္စပြီးလွယ်အောင် မူလီသွတ်ပြီးပါပြီ။ မူလီသွတ်ပြီးတော့ သဘာဂတွေဖြစ်တဲ့ တရားတွေကို ဆိုင်ရာ ဆိုင်ရာ **သဘာဂတွေကို** နှုတ်ရပါလိမ့်မယ်။ အဓိပတိ မူလီသွတ်တဲ့အခါမှာ အာဓိဟာ လုံးဝ မဆိုင်ပါဘူး။ အာဓိ အကုန်လုံး ရပါတယ်။ သဟာဓိထဲက ဟေတုနဲ့ ဝီမံသာဓိပတိ က သဘာဂ ဖြစ်ပါတယ်။ သဘာဂဖြစ်တော့ ဝီမံသာဓိပတိ ပြုတ်သွားပါတယ်။ ပြုတ်သွားတော့ အဓိပတိတရားကိုယ် သုံးပါးတို့တွင် တပါးပါလို့ ဆိုတဲ့ သဟဇာတာဓိပတိ ရပါတယ်။ အာဓိနဲ့ ကြွင်းကျန်တဲ့ သဟာဓိကို ပေါင်းလိုက်တဲ့**အခါမှာ** သင်္ချာဟာ ဒသ ပဲ ရပါတယ်။

**န ဟေတုမူ အဓိပတိ ဒုက၌**—အလုံးစုံသော အာရမ္မဏာဓိပတိ ပစ္စည်း။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော ဝီမံသာဓိပတိမှတပါး အဓိပတိတရားကိုယ် သုံးပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ န ဟေတုပစ္စယာ အဓိပတိယာ ဒသ။

သဟဇာတကျတော့ သဟဇာတထဲမှာ ဟေတုကို နှုတ်တဲ့နည်း သဘော အတိုင်းပဲ နှုတ်ရပါတယ်။ ဒါတွေဟာ ပစ္စနိက်က ဆိုခဲ့ပါပြီ။ ဒါပေတဲ့ ဒုကကို တော့ တပ်မံပြီး ပြည့်စုံအောင် ဆိုပေးပါဦးမယ်။

**န ဟေတုမူ သဟဇာတ ဒုက၌**—အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော ဟိတ် (၆) ပါးမှ တပါး အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး။ အချင်းချင်းအားတတ်သော ပဋိသန္ဓေ ဟိတ် (၃) ပါးမှ တပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ န ဟေတုပစ္စယာ သဟဇာတေ နဝ။

အညမညမှာလည်း ထိုနည်းတူစွာ သဘာဂ နှုတ်ရပါတယ်။ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုဟာ သဘာဂ ဖြစ်ပါတယ်။

**န ဟေတုမူ အညမည ဒုကဠ်**—အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအားလည်းကောင်း တတ်သော ဟိတ် (၆) ပါးမှ **တပါး အလုံးစုံသော** ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်း**အား** တတ်သော မဟာဘုတ် လေးပါး။ အချင်းချင်းအား တတ်သော ပဋိသ**န္ဓေ** ဟိတ် (၃) ပါးမှ တပါး၊ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယ**ဝ**တ္ထု။ န ဟေတုပစ္စယာ အညမညေ တီဏိ။

နိဿယကျတော့ သဟဇာတနိဿယထဲ ဟေတု နှုတ်ပုံကို ဆိုခဲ့ပါပြီ။ ဒီတော့ အကျဉ်းပဲ ဆိုကြပါစို့။ နိဿယ (၄) မျိုး ရှိတဲ့အနက် သဟဇာတ **နိဿယထဲမှာသာလျှင်** ဟေတုကို နှုတ်ရပါတယ်။ ကြွင်းကျန်တဲ့ ဟာတွေနဲ့ လုံးဝ မဆိုင်ပါဘူး။

န **ဟေတုမူ** နိဿယ **ဒုကဠ်**—အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ ဟေတု **ပစ္စည်းမှ**တပါး အလုံးစုံသော သဟဇာတ နိဿယ၊ ဝတ္ထုပုရေဇာတ နိဿယ၊ သဟဇာတ ပုရေဇာတ မိဿကပစ္စည်း။ န ဟေတုပစ္စယာ နိဿယေ **တေရသ**။

ဝိပါက။ ဝိပါကဆိုတော့ ဆိုင်ရာ ဝိပါက် ဟိတ်တွေ နှုတ်ရုံပါပဲ။

**န ဟေတုမူ** ဝိပါက ဒုကဠ်—အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာပက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကဋ္ဌဇရုပ်အားလည်းကောင်း တတ်သော ဝိပါက် ဟိတ် (၃) ပါးမှ တပါး အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ **နာမက္ခန္ဓာ** လေးပါး။ ဟဒယဝတ္ထုအား တတ်သော ပဋိသန္ဓေ ဟိတ် ၃ ပါးမှ တပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ န ဟေတုပစ္စယာ ဝိပါကေ **ဧက**။

ဈာနိယနဲ့ မဂ္ဂဟာ အမောဟကလေး သဘာဂဖြစ်ပါတယ်။ ဒါကို နှုတ်လိုက်တဲ့ အခါမှာ ဈာနိယဂါက နာမ် ဈာနင် (၇) ပါး ကျန်ပါတယ်။ မဂ္ဂသဲက မဂ္ဂင်တရားကိုယ် ရှစ်ပါး ကျန်ပါတယ်။ ဒါပေမဲ့ ဈာနိယဟာ (၃) မျိုး ရှိသဖြင့် တခြားစီခွဲပြီး ဆိုပြပါမယ်။

**န ဟေတုမူ ဈာနိယ ဒုကဠ်**—သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ **ရုပ်အား တတ် သာ** အမောဟမှ တပါး နာမ်ဈာနင် (၇) ပါးဟု ဆိုအပ်

သော သဟဇာတိန္ဒြိယ ပစ္စည်း။ ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စည်း။ ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ န ဟေတုပစ္စယာ ဣန္ဒြိယေ သတ္တ။

မဂ္ဂလဲ အတူတူပါပဲ။

န ဟေတုမူ မဂ္ဂ ဒုကဥ္-သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော အဓောဟမှတပါး မဂ္ဂင် တရားကိုယ် ရှစ်ပါး။ န ဟေတုပစ္စယာ မဂ္ဂေ သတ္တ။

သမ္ပယုတ္တမှာ တိဏိပါပဲ။ ဟိတ် ၆ ပါး နှုတ်ရုံပါပဲ။

န ဟေတုမူ သမ္ပယုတ္တ ဒုကဥ္—အချင်းချင်းအား တတ်သော ဟိတ် ၆ ပါးမှတပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ န ဟေတုပစ္စယာ သမ္ပယုတ္တေ တိဏိ။

ဝိပ္ပယုတ္တမှာ ၄ မျိုးရှိတဲ့ အနက် သဟဇာတ ဝိပ္ပယုတ္တသည်သာလျှင် သဘာဂ ဖြစ်ပါတယ်။ ရုပ်ကို ကျေးဇူးပြုတဲ့ ဟိတ် ၆ ပါး ရှိပါတယ်။ သူ့ အတွက်သာ လျော့သွားပါလိမ့်မယ်။

န ဟေတုမူ ဝိပ္ပယုတ္တ ဒုကဥ္—အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ စိတ္တဇ ရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဉ်ဘဆယ်၊ ရဟန္တာတို့ စုတိ ဟိတ် ၆ ပါးမှတပါး ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား တတ်သော ပဋိသန္ဓေ ဟိတ် ၃ ပါးမှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ န ဟေတုပစ္စယာ ဝိပ္ပယုတ္တေ ပဉ္စ။

အတ္ထိ အဝိဂတကျတော့ သဟဇာတတ္ထိနဲ့သာလျှင် ဟေတုသည် သဘာဂ ဖြစ်ပါတယ်။ ကျန်တာတွေဟာ ဟေတုနဲ့ လုံးဝ မဆိုင်ပါဘူး။ ၉ မျိုးလုံး ဆိုရပါလိမ့်မယ်။

န ဟေတု အတ္ထိ အဝိဂတ ဒုကဥ္—အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စည်း။ ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထု ပုရေ ဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ န ဟေတုပစ္စယာ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

အဲဒီတော့ အာရမ္မဏ စသည်တွေထဲမှာ ဟေတုနှုတ်တဲ့ အခါကာလ၌ မူလီဖြစ်တဲ့ သင်္ချာတွေဟာ ဘာမှ လျော့မသွားတော့ပါဘူး။ သဘာဂဆိုင်ရာ

ဖြစ်တဲ့ အမောဟ ဝီမံသာဓိပတိ စသည်တို့ကိုပဲ နှုတ်ရရုံ ရှိပါတယ်။ သူ့အတွက် ပါဠိစီလိုက်မယ်ဆိုယင် မူလီဖြစ်တဲ့ ပစ္စည်းတွေရဲ့ သင်္ချာကို ဆိုလိုက်ရုံပါပဲ။

န ဟေတုပစ္စယာ အာရမ္မဏေ နဝ၊ အဓိပတိယာ ဒသ၊ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ သဟဇာတေ နဝ၊ အညမညေ တီဏိ၊ နိဿယေ တေရသ၊ ဥပနိဿယေ နဝ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ အာသေဝနေ တီဏိ၊ ကမ္မေ သတ္တ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အတ္ထိယာ တေရသ၊ နတ္ထိယာ သတ္တ၊ ဝိဂတေသတ္တ၊ အဝိဂတေ တေရသ။

တပည့်တော်တို့ ပစ္စနိက်တုန်းက ကြွင်းကျန်တဲ့ မျိုးတွေကို အကုန် ကြည့်ရပါတယ်။ ကြည့်ပြီး သကာလ ၎င်းမျိုးတွေမှ ကျန်ရစ်ခဲ့တဲ့ သင်္ချာတွေကို ပေါင်းပြီး ယူရပါတယ်။ ပစ္စနိက်က ကြည့်ရမှု သင်္ချာပေါင်းရမှုက များပါတယ်။ ပစ္စနီယာ နုလောမကျတော့ ဒီလိုမျိုးတွေနဲ့ မဟုတ်တော့ဘူး။ မိမိတို့ဆိုင်ရာ ပစ္စည်းမှာရှိတဲ့ မျိုးကိုသာ ကြည့်ရပါတယ်။ အဲဒီတော့ ပစ္စနိက်ကို ထောက်စာယင် ပစ္စနီယာ နုလောမက လွယ်ကူပါတယ်။ ဒုက ပြီးသွားပါပြီ။

## တိက

တိကကျတော့ နာရမ္မဏမူ ဝင်လာပါတယ်။ နာရမ္မဏမူ ဝင်လာတော့ နာရမ္မဏလို့ ဆိုသဖြင့် ပစ္စနိက်တုန်းကလိုပဲ အာရမ္မဏမျိုးတွေ ပြုတ်သွားပါပြီ။ အာရမ္မဏအကွက်မှာရှိတဲ့ တရားတွေကို ကြည့်စရာ မလိုတော့ပါဘူး။ ကျန်တဲ့ တရားတွေကိုသာလျှင် ကြည့်ရပါမယ်။ ကျန်တဲ့ တရားတွေကို ကြည့်ရပြန်တော့လဲ အနန္တရူပ နိဿယ ပကတူပ နိဿယ စသည်တွေ သဟဇာတမျိုးတွေ ဒါပဲ ကြည့်ရပါတယ်။ တိက စသည်တွေမှာ ခုနက ဒုကမှာ အကျယ်နှုတ်ပြီး ပြခဲ့ပြီ ဖြစ်ခြင်းကြောင့် ဒီမှာ ခပ်ကျဉ်းကျဉ်းကလေးနဲ့ပဲ ကိစ္စ ပြီးလွယ်အောင် ဆိုပြပါမယ်။ အဓိပတိ မူလီသွတ်တဲ့အခါမှာ အာရမ္မဏမျိုးပြုတ်ယင် အာရမ္မဏာဓိပတိကို မကြည့်ရတော့ပါဘူး။ သဟဇာတာဓိပတိကိုပဲ ကြည့်ရပါမယ်။ အဲဒီ သဟဇာတာဓိပတိဟာ ဟေတုနဲ့ ဒုကက ပြောခဲ့တဲ့အတိုင်း သဘာဂဖြစ်တဲ့ ဝီမံသာဓိပတိကို နှုတ်ရပါတယ်။ သဟဇာတာဓိပတိမှာ သင်္ချာက သတ္တရှိသဖြင့် ဒီသတ္တပဲ လာ၍ ရပါလိမ့်မယ်။ ကျန်တာတွေကလဲ သူ့ရဲ့ မူလီဖြစ်တဲ့ သင်္ချာအတိုင်း အားလုံးကုန်ပဲ ရပါလိမ့်မယ်။

**န ဟေတု နာရမ္မဏမူ အဓိပတိ တိက၌—သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇ နှပ်အား တတ်သော ဝီမံသာဓိပတိမှတပါး အဓိပတိ တရားကိုယ် သုံးပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ ဤတရားတို့သည် အဓိပတိ**

ပစ္စည်းသာ တပ်၍ ဟေတု အာရမ္မဏပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အာရမ္မဏပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နုလောမ၌ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ အဓိပတိယာ သတ္တဟု သင်္ချာ တပ်၍ ဟောအပ်ကုန်၏။

အနန္တရ သမနန္တရ စသည်တွေဟာ ဝိသဘာဂတွေပါ။ ဟေတု အာရမ္မဏနဲ့ မဆိုင်ပါဘူး။ ဒီတော့ သူတို့အတိုင်း ဆိုလိုက်ရရုံပါပဲ။

**အနန္တရ သမနန္တရ** နတ္ထိ **ဝိဂတ** **တိက၌**—အလုံးစုံသော အနန္တရ အစ ရှိသော ပစ္စည်း။ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ။

**သဟဇာတ တိက၌**—ဟေတုပစ္စည်းမှ တပါး အလုံးစုံသော သဟဇာတ ပစ္စည်း။ သဟဇာတေ နဝ။

အညမညကျတော့ ဟိတ် ၆ ပါး နှုတ်ရရုံပါပဲ။

**အညမည တိက၌**—ဟိတ် ၆ ပါးမှ တပါး အလုံးစုံသော အညမည ပစ္စည်း။ အညမညေ တီဏိ။

နိဿယကျတော့ ဟေတု နှုတ်ရရုံပါပဲ။

**နိဿယ တိက၌**—ဟေတုပစ္စည်းမှ တပါး အလုံးစုံသော သဟဇာတ နိဿယ၊ ဝတ္ထု ပုရေဇာတ နိဿယ၊ သဟဇာတ ပုရေဇာတ မိဿကပစ္စည်း။ နိဿယေ တေရသ။

ဥပနိဿယကျတော့ အာရမ္မဏူပ နိဿယ ပြုတ်သွားပါပြီ။ အနန္တရူပနဲ့ ပကတူပ ကျန်ပါတယ်။ သင်္ချာလဲ နဝပါပဲ။

**ဥပနိဿယ တိက၌**—အလုံးစုံသော အနန္တရူပ နိဿယ၊ ပကတူပ နိဿယ ပစ္စည်း။ ဥပနိဿယေ နဝ။

**ပုရေဇာတ တိက၌**—အလုံးစုံသော ဝတ္ထု ပုရေဇာတပစ္စည်း။ ပုရေဇာတေ တီဏိ။

**ပစ္ဆာဇာတ** **တိက၌**— အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတေ တီဏိ။

**အာသေဝန** **တိက၌**—အလုံးစုံသော အာသေဝန ပစ္စည်း။ အာသေဝနေ တီဏိ။

**ကမ္မ တိကဒ္ဒ**—အလုံးစုံသော သဟဇာတ ကမ္မ၊ အနန္တရ ကမ္မ၊ ဗလဝ **နာနာက္ခဏိက** ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ ပစ္စည်း။ ကမ္မေ သတ္တ။

ဝိပါကမှာ ဝိပါက် ဟိတ် နှုတ်ရရုံပါပဲ။

**ဝိပါက တိကဒ္ဒ**—ဝိပါက် ဟိတ် ၃ ပါးမှ တပါး အလုံးစုံသော ဝိပါက ပစ္စည်း။ ဝိပါကေ ဧကံ။

အာဟာရ သဘာဂ မဟုတ်ပါဘူး။

**အာဟာရ တိကဒ္ဒ**—အလုံးစုံသော နာမ်အာဟာရ ရုပ်အာဟာရပစ္စည်း။ အာဟာရေ သတ္တ။

ဣန္ဒြိယကျတော့ အမောဟကို နှုတ်ရရုံပါပဲ။ မထူးပါဘူး။

**ဣန္ဒြိယ တိကဒ္ဒ**—အမောဟမှ တပါး အလုံးစုံသော သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ သတ္တ။

ဈာန သဘာဂ မဟုတ်ပါဘူး။

**ဈာန တိကဒ္ဒ**—အလုံးစုံသော ဈာနပစ္စည်း။ ဈာနေ သတ္တ။

မဂ္ဂ-အမောဟ သဘာဂပါ။

**မဂ္ဂ တိကဒ္ဒ**—အမောဟမှ တပါး အလုံးစုံသော မဂ္ဂပစ္စည်း။ မဂ္ဂေ သတ္တ။

**သမ္ပယုတ္တ တိကဒ္ဒ**— ဟိတ် (၆) ပါးမှ တပါး အလုံးစုံသော သမ္ပယုတ္တ ပစ္စည်း။ သမ္ပယုတ္တေ တီဏိ။

**ဝိပ္ပယုတ္တ တိကဒ္ဒ**—ဟိတ် (၆) ပါးမှ တပါး အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ ပဉ္စ။

**အတ္ထိ အဝိဂတ တိကဒ္ဒ**—ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတတ္ထိ။ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ဓိဿကသုံးပစ္စည်း။ အတ္ထိယာ သေရသ၊ အဝိဂတေ တေရသ။

တိကမှာ ပါဠိက န ဟေတုနဲ့ ဘာ တိုးထူးသလဲဆိုယင် န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ အဓိပတိယာ သတ္တလို့ သဟာဓိသာ ရခြင်းကြောင့် သတ္တလို့ ဒါပဲ ထူးပါတယ်။ ကျန်တာတွေဟာ အကုန်လုံး ဒုကနဲ့ အတူတူပါပဲ။ တိက ပြီးကြပါစို့။

**စတုက္က**

နာဓိပတိမှု ဝင်လာပါတယ်။ နာဓိပတိမှု ဝင်လာတော့ အာရမ္မဏာဓိပတိ အတွက်က အာရမ္မဏမျိုး ပြုတ်ပြီး ဖြစ်ခြင်းကြောင့် စဉ်းစားစရာ မလိုတော့ပါဘူး။ သဟဇာတ ဓိပတိမှာသာလျှင် သဘာဂဖြစ်တဲ့ တရားတွေကို ထပ်၍ နှုတ်ရပါလိမ့်မယ်။ ဟေတုနဲ့ သဘာဂ၊ သဟဇာတာဓိပတိနဲ့ သဘာဂ ဖြစ်တဲ့ တရားတွေကို ထပ်၍ နှုတ်ရပါလိမ့်မယ်။ သဘာဂ မဟုတ်တာတွေကို တော့ ကြည့်စရာ မလိုတော့ပါဘူး။အဓိပတိမှု ဝင်သည့်တိုင်အောင် အာရမ္မဏ အကွက်မှာ ကြည့်စရာ မလိုပါဘူး။ သဟဇာတ အကွက်မှာသာလျှင် ဟေတုနဲ့ သဟာဓိ သဘာဂဆိုင်ရာ နှုတ်ရရုံပါပဲ။ ဒီတော့ အနန္တရူပ စသည့်တွေမှာလဲ ကြည့်စရာ မလိုသေးပါဘူး။ သူတို့တတွေအားလုံး ဝိသဘာဂ ဖြစ်ကြပါတယ်။

**န ဟေတု န ာရမ္မဏ နာဓိပတိမှု အနန္တရ သမနန္တရ နတ္ထိ ဝိဂတ စတုက္ကဥ်—** အလုံးစုံသော အနန္တရ အစရှိသောပစ္စည်း။ ဤတရားတို့သည် အနန္တရ အစရှိသော ပစ္စည်းသာ တပ်၍ ဟေတု အာရမ္မဏ အဓိပတိပစ္စည်း မတပ်သော ကြောင့် ဟေတု အာရမ္မဏ အဓိပတိပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမဥ် န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

သဟဇာတကျတော့ ဟေတုနဲ့ သဟဇာတာဓိပတိ နှုတ်ရပါတယ်။

**သဟဇာတ စတုက္ကဥ်**—ဟေတု သဟဇာတာဓိပတိ ပစ္စည်းမှတပါး အလုံး **စုံ**သော သဟဇာတပစ္စည်း။ သဟဇာတေ နဝ။

အညမညကျတော့ ဟိတ် (၆)ပါးနဲ့ အဓိပတိတရားကိုယ် (၃)ပါး၊ (၄)ပါး နှုတ်ရပါတယ်။

**အညမည စတုက္ကဥ်**—ဟိတ် (၆) ပါး အဓိပတိတရားကိုယ် (၃) ပါး၊ (၄) ပါး မှ တပါး အလုံးစုံသော အညမညပစ္စည်း။ အညမညေ တီဏိ။

နိဿယကျတော့ သဟဇာတထဲက နှုတ်သလို ဟေတုနဲ့ သဟာဓိကိုပဲ နှုတ်ရပါတယ်။ ပုရေနိနဲ့ သဟပုရေဓိဿက မဆိုင်ပါဘူး။ သင်္ချာ တေရသပဲ ရှိပါသေးတယ်။

**နိဿယ စတုက္ကဥ်**—ဟေတု သဟဇာတာဓိပတိ ပစ္စည်းမှတပါး အလုံး စုံသော သဟဇာတ နိဿယ၊ ဝတ္ထုပုရေဇာတ နိဿယ၊ သဟဇာတ ပုရေဇာတ မိဿက ပစ္စည်း။ နိဿယေ တေရသ။

ဥပနိဿယမှာ အနန္တရူ ပကတူပဲ ကျန်ပါတယ်။

ဥပနိဿယ **စတုက္က၌**—အလုံးစုံသော အနန္တရရူပ နိဿယ၊ ပကတူပနိဿယပစ္စည်း။ ဥပနိဿယေ နဝ။

**ပုရေဇာတ** စတုက္က၌—အလုံးစုံသော ဝတ္ထုပုရေဇာတ ပစ္စည်း။ ပုရေဇာတေ တီဏိ။

**ပစ္ဆာဇာတ** စတုက္က၌—အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတေ တီဏိ။

အာသေဝန **စတုက္က၌**—အလုံးစုံသော အာသေဝနပစ္စည်း။ အာသေဝနေ တီဏိ။

ကမ္မကျတော့ သဟဇာတကမ္မဟာ သဟဇာတာဓိပတိနဲ့ သဘာဂ မဟုတ်ပါဘူး။ ဒီတော့ (၄) မျိုးလုံးကိုပဲ ဆိုရပါတယ်။

**ကမ္မ** စတုက္က၌—အလုံးစုံသော သဟဇာတ ကမ္မ၊ အနန္တရ ကမ္မ၊ ဗလဝ နာနာက္ခဏိက ကမ္မ၊ ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ သတ္တ။

ဝိပါကကျတော့ ဟေတုမှာလိုပဲ ဝိပါက်ဟိတ် (၃) ပါးဟာ သဘာဂ ဖြစ်ပါတယ်။ အဓိပတိနဲ့ဆိုတော့ ပိုလ်လေးခုမှာရှိတဲ့ အဓိပတိ တရားကိုယ် လေးပါးဟာ သဘာဂ ဖြစ်ပါတယ်။ အဲဒါကြောင့် သူ့ကို အပါဒါန်ခံ၍ ဆိုရပါလိမ့်မယ်။

**ဝိပါက စတုက္က၌**—ဝိပါက်ဟိတ် (၃) ပါး ဖိုလ်လေးခု၌ရှိသော အဓိပတိ တရားကိုယ် လေးပါးမှ တပါး ဝိပါကပစ္စည်း။ ဝိပါကေ ဧကံ။

အာဟာရကျတော့ ဟေတုနဲ့ သဘာဂ မဟုတ်ပါဘူး။ ဒါပေမဲ့ သဟဇာတာ ဓိပတိနဲ့ စိတ္တာဓိပတိဟာ သဘာဂ ဖြစ်ပါတယ်။ အဲဒီ စိတ္တာ ဓိပတိကို အပါဒါန်ခံ၍ ဆိုရပါမယ်။

**အာဟာရ စတုက္က၌**—စိတ္တာဓိပတိမှတပါး အလုံးစုံသော နာမ်အာဟာရ၊ ရုပ်အာဟာရပစ္စည်း။ အာဟာရေ သတ္တ။

ဣန္ဒြိယကျတော့ ဟေတုနဲ့ သဘာဂ ရှိပါတယ်။ အဓိပတိနဲ့ စိတ္တ ဝီရိယ ဝီမံသ ရှိပါတယ်။ အဲဒါတွေကို အပါဒါန် ခံရပါမယ်။ ဟေတုအတွက် အမောဟ ကြွက်သွားငြိမ်း ကြောင့် နာမ်ရုပ်တြေရေးကိုယ် (၃) ပါးသာ ကျန်ပါမယ်။

**ဣန္ဒြိယ စတုက္က၌**— အမောဟ၊ စိတ္တ ဝီရိယ ဝီမံသ ဣတိမှတပါး အလုံးစုံသော သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယေ သတ္တ။

ဈာနဟာ သဘာဂ မဟုတ်ပါဘူး။

**ဈာန စတုက္ကဥ္**—အလုံးစုံသော ဈာနပစ္စည်း။ **ဈာနေ သတ္တ**။

မဂ္ဂကျတော့ ဟေတုက အမောဟနှုတ်၊ အဓိပတိက ဝီရိယ ဝီမံသာဓိပတိ နှုတ်ရပါတယ်။ အဓိပတိ နှုတ်ပေတယ်လို့ တရား လျော့မသွားပါဘူး။ မဂ္ဂင်တရားကိုယ်ရှစ်ပါး ကျန်တယ်။ ဟေတုအတွက် အမောဟ လျော့ပါတယ်။

မဂ္ဂ **စတုက္ကဥ္**—အမောဟ၊ ဝီရိယ ဝီမံသာဓိပတိမှ တပါး အလုံးစုံသော မဂ္ဂ ပစ္စည်း။ မဂ္ဂေ သတ္တ။

သမ္ပယုတ္တကျတော့ ဟိတ် ၆ ပါးနဲ့ အဓိပတိ တရားကိုယ် ၃ ပါး ၄ ပါးကို နှုတ်ရပါတယ်။

**သမ္ပယုတ္တ စတုက္ကဥ္**—ဟိတ် ၆ ပါး အဓိပတိ တရားကိုယ် ၃ ပါး ၄ ပါးမှ တပါး အလုံးစုံသော သမ္ပယုတ္တပစ္စည်း။ သမ္ပယုတ္တေ **တီဏိ**။

ဝိပ္ပယုတ္တကျတော့လဲ ဒိသဘောအတိုင်းပဲ ဆိုရပါတယ်။ ဝိပ္ပယုတ္တ ဆိုရိုးကလေး နောက်ဆုံးပိတ် ဆိုပြပါဦးမယ်။

**ဝိပ္ပယုတ္တ စတုက္ကဥ္**—စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက်လေးခု ဒွေ ပဉ္စဝိညာဉ် တဆယ် ရဟန္တာတို့ စုတိ (ဒါ သူ့ဆိုင်ရာ ကြည့်တာပါ၊ ပြီးတော့မှ) ဟိတ် ၆ ပါး အဓိပတိ တရားကိုယ် ၃ ပါး ၄ ပါးမှ တပါး ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား တတ်သော ပဋိသန္ဓေ **ဟိတ်** ၃ ပါးမှ **တပါး** ပဉ္စ ဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ ပဉ္စ။

အတ္ထိ အဝိဂတကျတော့ ဟေတုနဲ့ အဓိပတိ နှုတ်ရပါတယ်။ ဒီဟေတုနဲ့ အဓိပတိဟာ သဟဇာတတ္ထိ ဖြစ်ခြင်းကြောင့် အားလုံးကုန် ဝင်နိုင်ပါတယ်။ အလတ်တွေထဲကျတော့ အလုံးစုံသော ဟေတုပစ္စည်းမှ တပါး အညမညပစ္စည်းလို့ ဒီလိုဆိုလို့ မရပါဘူး။ အလုံးစုံသော ဟေတုပစ္စည်းဟာ အညမညထဲမှာ မဝင်နိုင်ပါဘူး။ အဲဒီတော့ ဟိတ် ၆ ပါးမှ တပါးလို့ ဒီလိုဆိုရပါတယ်။ အဲဒါတွေဟာ အရကောက်တွေမှာ ပေါ်ပေါ့ပေါ့ ဖြစ်နေပါတယ်။

**အတ္ထိ အဝိဂတ စတုက္ကဥ္**—ဟေတုပစ္စည်း သဟဇာတာဓိပတိ ပစ္စည်းမှ တပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထု ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ မိဿက ၃ ပစ္စည်း။ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

ဒါဖြင့်ယင် ပါဠိတော်အတွက် စတုက္ကမှာ နာဓိပတိ ဝင်လာမှုအတွက် သင်္ချာဟာ ဘာတိုးထူးသလဲ။ ဘာမှ တိုးမထူးပါဘူး။ ခုနက တိက သင်္ချာအတိုင်း ပါပဲ။

ပဥ္စက

နာနန္တရမူ ဝင်လာတဲ့အခါမှာ အနန္တရမှာ ခရေပွင့်ကလေး ရှိခြင်းကြောင့် အနန္တရမျိုးတွေ အကုန်ပြုတ်ပါတော့မယ်။ အနန္တရမျိုးပြုတ်မှုသာလျှင် ထူးပါတယ်။ သင်္ချာကျတော့ မထူးပါဘူး။ မူလီဖြစ်တဲ့ သင်္ချာတွေအတိုင်းပဲ သွားပါလိမ့်မယ်။

**န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရမူ သဟဇာတ ပဥ္စကဒ္ဒ—** ဟေတုပစ္စည်း သဟဇာတာဓိပတိပစ္စည်းမှ တပါး အလုံးစုံသော သဟဇာတပစ္စည်း။ ဤတရားတို့သည် သဟဇာတပစ္စည်းသာ တပ်၍ ဟေတု အာရမ္မဏ အဓိပတိ **အနန္တရပစ္စည်းတို့** မတပ်သောကြောင့် ဟေတု အာရမ္မဏ အဓိပတိ အနန္တရ **ပစ္စည်းတို့** တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နံ့လောမဒ္ဒ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရ ပစ္စယာ သဟဇာတေ နဝဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အညမညကျတော့ ဟိတ် ၆ ပါးနဲ့ အဓိပတိ တရားကိုယ်တွေ နုတ်ရပါတယ်။

**အညမည ပဥ္စကဒ္ဒ—**ဟိတ် ၆ ပါး အဓိပတိ တရားကိုယ် ၃ ပါး ၄ ပါးမှ တပါး အလုံးစုံသော အညမညပစ္စည်း။ အညမညေ တိဏိ။

နိဿယကျတော့ အနန္တရမျိုးပြုတ်တာပဲ ထူးပါတယ်။ ဆိုရိုးကေ ခုနက အတိုင်းပဲ ဆိုရပါတယ်။ အနန္တရ အကွက်မှာရှိတဲ့ ပစ္စည်းတွေကိုလဲ မူလီ မသွင်းနိုင်ပါဘူး။ အာသေဝနဆိုယင် လုံးဝ မူလီသွင်းလို့ မရပါဘူး။ အာသက်က သမနန္တရ နတ္ထိ ဝိဂတတွေလဲ မူလီသွင်းလို့ မရတော့ပါဘူး။

**နိဿယ ပဥ္စကဒ္ဒ—**ဟေတု သဟဇာတာဓိပတိပစ္စည်းမှ တပါး အလုံးစုံသော သဟဇာတ နိဿယ၊ ဝတ္ထု ပုရေဇာတ နိဿယ၊ သဟဇာတ ပုရေဇာတ ပိဿက ပစ္စည်း။ နိဿယေ တေရသ။

ဥပနိဿယကျတော့ အနန္တရမျိုး ပြုတ်သဖြင့် အနန္တရ ကမ္မ မပါတော့ပါဘူး။ ပကတူပ **နိဿယထဲမှာ** အနန္တရကမ္မ ရှိပါတယ်။ မဂ္ဂါ ဖလာမှာ ပတ္တိယာဆိုတဲ့ နေရာဌာနမှာ။ အဲဒီတော့ အနန္တရမျိုး ပြုတ်တဲ့အခါမှာ အနန္တရကမ္မကို ကာပါဒါနိခံ၍ ဆိုရပါတယ်။

**ဥပနိဿယ ပစ္စယ်**—အနန္တရ ကမ္မမှ တပါး အလုံးစုံသော ပကတူပနိဿယပစ္စည်း။ ဥပနိဿယေ နဝ။

**ပုရေဇာတ ပစ္စယ်**—အလုံးစုံသော ဝတ္ထု ပုရေဇာတပစ္စည်း။ ပုရေဇာတေ တီဏိ။

**ပစ္ဆာဇာတ ပစ္စယ်**—အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတေ တီဏိ။

အာသေဝန မူလီသွတ်လို မရပါဘူး။ ကမ္မမှာ သဟဇာတ ကမ္မဟာ ဟေတု သဟာဓိနဲ့ သဘာဂ မဟုတ်ပါဘူး။ အနန္တရ ကမ္မ ပြုတ်သွားပါပြီ။ ဗလဝ ကမ္မမှာ အနန္တရ ကမ္မသည် ဗလဝကမ္မမှာ ဝင်ခြင်းကြောင့် အနန္တရကမ္မကို အပါဒါန်ခံ၍ ဆိုရပါလိမ့်မယ်။

**ကမ္မ ပစ္စယ်**—အလုံးစုံသော သဟဇာတ ကမ္မပစ္စည်း။ အနန္တရ ကမ္မမှ တပါး ဗလဝ နာနာက္ခဏိက ကမ္မပစ္စည်း။ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ သတ္တ။

ဝိပါကက ခုနက နည်းအတိုင်းပါပဲ။

**ဝိပါက ပစ္စယ်**-ဝိပါက် ဟိတ် ၃ ပါး ဖိုလ်လေးခု၌ ရှိသော အဓိပတိ တရားကိုယ်လေးပါးမှ တပါး အလုံးစုံသော ဝိပါကပစ္စည်း။ ဝိပါကေ ဧကံ။

အာဟာရမှာလဲ စိတ္တာဓိပတိ သဘာဂ နှုတ်ရရုံပါပဲ။

**အာဟာရ ပစ္စယ်**—စိတ္တာဓိပတိမှ တပါး အလုံးစုံသော နာမ်အာဟာရ၊ ရုပ်အာဟာရပစ္စည်း။ အာဟာရေ သတ္တ။

ဣန္ဒြိယလဲ ခုနကအတိုင်းပါပဲ။

**ဣန္ဒြိယ ပစ္စယ်**—အမောဟ, စိတ္တ ဝီရိယ ဝီမံသာဓိပတိမှ တပါး အလုံးစုံသော သဟဇာတိန္ဒြိယ၊ ဝတ္ထု ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ သတ္တ။

ဈာန ပစ္စယ်—အလုံးစုံသော ဈာနပစ္စည်း။ ဈာနေ သတ္တ။

မဂ္ဂ ပစ္စယ်—အမောဟ ဝီရိယ ဝီမံသာဓိပတိမှ တပါး အလုံးစုံသော မဂ္ဂပစ္စည်း။ မဂ္ဂေ သတ္တ။

**သမ္ပယုတ္တ ပစ္စယ်**—ဟိတ် ၆ ပါး အဓိပတိ တရားကိုယ် ၃ ပါး ၄ ပါးမှ တပါး အလုံးစုံသော သမ္ပယုတ္တပစ္စည်း။ သမ္ပယုတ္တေ တီဏိ။

ဝိပ္ပယုတ္တလဲ ခုနကအတိုင်း နှုတ်ရတာပါပဲ။

**ဝိပ္ပယုတ္တ ပဥ္စကဒ္ဓ**—ဟိတ် ၆ ပါး အဓိပတိ တရားကိုယ် ၃ ပါး ၄ ပါးမှ တပါး အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ ပဥ္စ။

**အတ္ထိ အဝိဂတ ပဥ္စကဒ္ဓ**—ဟေတုပစ္စည်း သဟဇာတာဓိပတိပစ္စည်းမှ တပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထု ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ မိဿက ၃ ပစ္စည်း။ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

ဒီပဥ္စကမှာ အနန္တရမျိုးတွေကိုသာလျှင် မူလီသွတ်မရတာပါပဲ။ သချာဟွေကတော့ စတုက္ကအတိုင်း အတူတူပါပဲ။ သတ္တကအတွက် သမနန္တရကို မူလီသွတ်တဲ့ အခါမှာလဲ အတူတူပါပဲ။ မထူးပါဘူး။

## သတ္တက

သတ္တက။ န သဟဇာတမူ ဝင်လာပါလိမ့်မယ်။ န သဟဇာတမူ ဝင်လာတော့ အာရမ္မဏမျိုးလဲ ပြုတ်၊ သဟဇာတမျိုးလဲ ပြုတ်၊ အနန္တရူပမျိုးလဲ ပြုတ်ပါပြီ။ ဒီ (၃) ကွက် ကြည့်စရာ မလိုတော့ပါဘူး။ ကျန်တဲ့ အကွက်တွေမှာ ရှိတဲ့ တရားတွေကို ရတဲ့ ပစ္စည်းကိုသာလျှင် မူလီသွတ်ရပါတော့မယ်။ မူလီသွတ်တော့ အညမည မူလီသွတ်လို့ မရဘူး။ နိဿယမှာလဲ ပုရေဇာတ နိဿယပဲ ကျန်တော့တယ်။ န သဟဇာတလို့ ဆိုသဖြင့် ပစ္စနိက်က ပြောခဲ့တဲ့အတိုင်း သဟဇာတ ပုရေဇာတ မိဿက တွေ လုံးဝ မရတော့ပါဘူး။

**န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟဇာတမူ နိဿယ သတ္တကဒ္ဓ**—အလုံးစုံသော ဝတ္ထုပုရေဇာတ နိဿယပစ္စည်း။ ဤတရားတို့သည် နိဿယပစ္စည်းသာ တပ်၍ ဟေတု အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ နာနန္တရပစ္စယာ န သမနန္တရပစ္စယာ န သဟဇာတပစ္စယာ နိဿယေ တီဟိဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

**ဥပနိဿယ သတ္တကဒ္ဓ**—အနန္တရ ကမ္မမှ တပါး အလုံးစုံသော ပကတူပနိဿယပစ္စည်း။ ဥပနိဿယေ နပ။

**ပုရေဇာတ သတ္တကဒ္ဓ**—အလုံးစုံသော ဝတ္ထု ပုရေဇာတပစ္စည်း။ ပုရေဇာတေ တီဏိ။

**ပစ္ဆာဇာတ သတ္တက၌**—အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတေ တိဏိ။

**ကမ္မ သတ္တက၌**—အနန္တရ ကမ္မမှတပါး ဗလဝ နာနာက္ခဏိက ကမ္မပစ္စည်း။ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ ဒွေ။

**အာဟာရ သတ္တက၌**—အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ အာဟာရေ ဧကံ။

**ဣန္ဒြိယ သတ္တက၌**—အလုံးစုံသော ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ ဧကံ။

ဈာန မဂ္ဂ သမ္ပယုတ္တ မူလီသွတ်လို့ မရပါဘူး။

**ဝိပ္ပယုတ္တ သတ္တက၌**— အလုံးစုံသော ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ (သူတို့ ၂ ခု ပေါင်းလိုက်ယင် သချာပဥ္စပဲ ရှိပါတယ်။) ဝိပ္ပယုတ္တေ ပဥ္စ။

အတ္ထိ အဝိဂတ မူလီသွတ်လိုက်ယင် ပုရေရယ်၊ ပစ္ဆာရယ် သူတို့ (၂)ခု ပေါင်းယင် ပဥ္စ၊ ရုပ်အာဟာရ ရူပဇီဝိတိန္ဒြိယ ဧကံ ရသဖြင့် သချာ မထူးပါဘူး။ သဟပုရေ ပြုတ်သွားပါတယ်။ ပစ္ဆာဇာတာဟာရ ပစ္ဆာဇာတိန္ဒြိယ သချာ (၂) ခု ထည့်လိုက်ယင် သချာသတ္တ ဖြစ်ပါလိမ့်မယ်။

**အတ္ထိ အဝိဂတ သတ္တက၌**—အလုံးစုံသော ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတာဟာရ၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

န အညမညမူ ဝင်လာတော့ သဟဇာတမျိုးက ပြုတ်သွားပြီဖြစ်၍ မထူးပါဘူး။ န အညမညမူ ဝင်တဲ့အခါမှာ သတ္တကက ဆိုခဲ့တဲ့အတိုင်း အားလုံး ကုန်ပဲ ဆိုရပါတယ်။ န နိဿယမူ ဝင်လာတော့ ဘယ်သူ ပြုတ်ပြန်သလဲ။ ဝတ္ထုမျိုး ပြုတ်ပြန်ပြီ။ ဝတ္ထုပုရေဇာတ နိဿယ ပြုတ်ပြန်ပြီ။ ဒီတော့ ဘယ်သူသာ ကျန်တော့မလဲ။ ပကတူ ပစ္ဆာ ကံ ဟာ ဣ မိဿက (၂) မျိုးပဲ ကျန်ပါတယ်။ ကျန်တော့ သူတို့ရဲ့ ပစ္စည်းတွေကိုသာလျှင် မူလီသွတ်ရပါလိမ့်မယ်။

## နဝက

**န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟဇာတ န အညမည န နိဿယမူ ဥပနိဿယ နဝက၌**—အနန္တရ ကမ္မမှ တပါး အလုံးစုံသော ပကတူပ နိဿယပစ္စည်း။ ဤတရားတို့သည် ဥပနိဿယ ပစ္စည်းသာ တပ်၍ ဟေတု အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ **အညမည**

နိဿယ ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယ ပစ္စည်းတို့ တွန်း၍ ငင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န ဟေတုပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိပစ္စယာ နာနန္တရပစ္စယာ န သမနန္တရပစ္စယာ န သဟဇာတ ပစ္စယာ န အညမညပစ္စယာ န နိဿယပစ္စယာ ဥပနိဿယေ နဝဟု သင်္ချာ တပ်၍ ဟောအပ်ကုန်၏။

ပုရေဇာတ မူလီသွတ်လို မရတော့ပါဘူး။ ဝတ္ထုပုရေဇာတ ပြုတ်နေ ပါတယ်။

**ပစ္ဆာဇာတ နဝကဒ္ဓ**—အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတေ တီဏိ။

**ကမ္မ နဝကဒ္ဓ**—အနန္တရ ကမ္မမှ တပါး ဗလဝ နာနာက္ခဏိက ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ ဒွေ။

**အာဟာရ နဝကဒ္ဓ**—အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ အာဟာရေ ဧကံ။

ဣန္ဒြိယမှာ ပုတ်ကလေး ပြုတ်သွားပါပြီ။ ရူပဇီဝိတ်ပဲ ကျန်ပါတော့တယ်။

**ဣန္ဒြိယ နဝကဒ္ဓ**—အလုံးစုံသော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ ဧကံ။

ဈာန မဂ္ဂ သမ္ပယုတ္တ မရပါဘူး။ ဝိပ္ပယုတ္တမှာ ပုရေဝိပ် ပြုတ်သွားပါပြီ။ ပစ္ဆာဝိပ်တခုပဲ ကျန်ပါတော့တယ်။

**ဝိပ္ပယုတ္တ နဝကဒ္ဓ**—အလုံးစုံသော ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ တီဏိ။ အတ္ထိ အဝိဂတမှာလဲ ပစ္ဆာရယ်၊ ရုပ်အာဟာရရယ်၊ ရူပဇီဝိတိန္ဒြိယရယ် မိဿက (၂) မျိုး ကျန်ပါတယ်။ ပစ္ဆာဇာတက တီဏိ။ မိဿက (၂) မျိုး ပေါင်းလိုက်ယင် သင်္ချာပဥ္စ ရပါလိမ့်မယ်။

**အတ္ထိ အဝိဂတ နဝကဒ္ဓ**—အလုံးစုံသော ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာ ရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတအာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ အတ္ထိယာ ပဥ္စ၊ အဝိဂတေ ပဥ္စ။

န ဥပနိဿယမှ ငင်လာတဲ့အခါမှာ ပကတူပ မျိုး ငင်ပြီး ပြုတ်ပါတော့ မယ်။ ပကတူပမျိုးပြုတ်သွားယင် ဘယ်သူကျန်တော့မလဲ။ ပုရေလဲ ပြုတ်နေပြီ။ ပစ္ဆာ ကံ ဟာ ဣ နဲ့ မိဿက (၂) မျိုးပဲ ကျန်ပါတော့တယ်။ အဲဒါကို နောက်အပတ်မှပဲ ဆိုကြပါစို့။

သာဓု—သာဓု—သာဓု။

# * ပဋ္ဌာန်း ကုသလတိက် ပဉှာဝါရ ပစ္စနီယာနုလောမ သင်္ချာခန်း

အယင်အပတ်က နဝက။ အဲဒီ နဝက မရောက်ခင် သဟဇာတမူ ဝင်လာတော့ မူလ်ဖြစ်တဲ့ ဣန္ဒြိယမှာ ကေံလို့ ဆိုပါတယ်။ အဲဒါဟာ သတ္တကပါ။ ကေံကို အဋ္ဌကထာက ''ဣန္ဒြိယေ ကေံ ရူပိန္ဒြိယ ဝသေန''လို့ ပြပါတယ်။ ရူပိန္ဒြိယ ဝသေန ဆိုတာ ရုပ်ဣန္ဒြေ။ ရုပ်ဣန္ဒြေ ဆိုသဖြင့် ကျန်တာက ဘယ်တရား ကျန်သလဲ ဆိုတော့ ဝတ္ထုပုရေဇာတိန္ဒြိယနဲ့ ရူပဇီဝိတိန္ဒြိယ ကျန်ပါတယ်။ အဲဒါတွေဟာလဲ ရုပ်ဣန္ဒြေပဲ ဖြစ်ပါတယ်။ ဒါပေတဲ့ ဋီကာက ကျကျနန ပိုသေချာဖို့ရာအတွက် အဋ္ဌကထာက ဒီလိုပဲ ဆိုထားပါတယ်။ ဆိုသင့်တာကတော့ ''စက္ခုန္ဒြိယာဒီနံ ရူပဇီဝိတိန္ဒြိယဿ စ ဝသေနာတိ ပန ဝတ္တဗ္ဗံ''ဆိုတော့ စက္ခုန္ဒြိယာဒီနံက ဝတ္ထုပုရေဇာတိန္ဒြိယကို ပြောပါတယ်။ ရူပဇီဝိတိန္ဒြိယဿလို့ ဆိုတာက ရုပ်ဇီဝိတိန္ဒြေ ကို ပြောပါတယ်။ ပြီးတော့ ဆိုပြီးခဲ့တဲ့ နဝကမှာက နိဿယ ဝင်လာတယ်။ နိဿယ ဝင်လာတော့ အတ္ထိ အဝိဂတကို မူလီသွတ်တဲ့အခါမှာ ပစ္ဆာဇာတတ္ထိ ရုပ်အာဟာရတ္ထိ ရူပဇီဝိတိန္ဒြိယတ္ထိ ပစ္ဆာဇာတာဟာရ မိဿက ပစ္ဆာဇာတိန္ဒြိယ မိဿကလို့ ကျန်ပါတယ်။ အဲဒါတွေကို ပေါင်းလိုက်ယင် တပည့်တော်တို့ ဇယားအရ သင်္ချာဟာ ပဉ္စ ရှိပါတယ်။ ဒီ ပဉ္စကို အဋ္ဌကထာက ဘယ်လိုပြသလဲဆိုယင် ''အတ္ထိ အဝိဂတေသု ပဉ္စာတိ တာနိ စေဝ တီဏိ''။ တာနိ စေဝ တီဏိ လို့ ဆိုတာက ဝိပ္ပယုတ္တက ပြခဲ့တဲ့ ''ကုသလာဒီနံ အဗျာကတန္တာနိ ပစ္ဆာဇာတ ဝသေန'' ဆိုတော့ ပစ္ဆာဇာတအတွက်က တီဏိ ရပါတယ်။ ပြီးတော့က''ကုသလာ ဗျာကတာ အဗျာကတဿ၊ အကုသလာ ဗျာကတာ အဗျာကတဿာတိ ဣမာနိ စ ဒွေ

* ၁၃၂၉-ခု၊ ကဆုန်လဆန်း (၂) ရက်။ ၁၉၆၇ ခု၊ မေလ (၁၀) ရက်၊ ဗုဒ္ဓဟူးနေ့။ ဒုတိယအကြိမ်။

ပစ္ဆာဇာတိန္ဒြိယ ဝသေနာတိ'' လို့ အဋ္ဌကထာက ဆိုပါတယ်။ အဋ္ဌကထာမှာ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿကို ပစ္ဆာဇာတ ဣန္ဒြိယ တမျိုးတည်းကိုသာ ယူထားပါတယ်။ အာဟာရ မပါဘူး။ ဒါဟာ မူလဖြစ်တဲ့ အဋ္ဌကထာရဲ့ ပါဠိပါ။ နောက်ကျတော့ ဒီ အဋ္ဌကထာထဲမှာ ''ပစ္ဆာဇာတာဟာရိန္ဒြိယ ဝသေနာတိ'' လို့ အာဟာရကလေး ထည့်ထားပါတယ်။ ဘာ့ကြောင့် သိရသလဲဆိုတော့ ဋီကာက ''ဣမာနိ စ ဒွေ ပစ္ဆာဇာတိန္ဒြိယ ဝသေနာတိ ဣဒံ ဣမာနိ စ ဒွေ ပစ္ဆာဇာတာဟာရိန္ဒြိယ ဝသေနာတိ စ ဝတ္တဗ္ဗံ'' ဆိုတော့ အဋ္ဌကထာမှာ ဋီကာက ပြောတဲ့ အာဟာရ ယူပြီး အာဟာရကို ထည့်ထားပါတယ်။ အဲဒီလို အဋ္ဌကထာ ဋီကာ တွေက ပစ္ဆာဇာတာဟာရ ပစ္ဆာဇာတိန္ဒြိယ မိဿက တွေကို ပြခဲ့သဖြင့် ဒီ မိဿက တွေကို လဲ ယူရမယ်လို့ ဆိုတာဟာ အင်မတန် ထင်ရှားပါတယ်။ ဒီ မိဿကတွေကို မယူခဲ့လို့ရှိယင် ဘယ်နည်းနဲ့မှ သင်္ချာဟာ ပဉ္စ မဖြစ်နိုင်ပါဘူး။ မိဿက ပါသောကြောင့်သာလျှင် ပဉ္စ ဖြစ်ပါတယ်။ ဒါ့ကြောင့် တပည့်တော်တို့ ဇယား တွေထဲမှာ ဆိုင်ရာဖြစ်တဲ့ မိဿကတွေကို အကုန်လုံးထည့်ပြီးတော့ ထားပါတယ်။ ထည့်ထားရမှုဟာ သင်္ချာထုတ်တဲ့ အခါကာလမှာ အင်မတန် လွယ်ပါတယ်။ နဝက ကိစ္စပြီးကြပါစို့။

## ဒသက

ဒသကကျတော့ န ဥပနိဿယမှု ဝင်လာပါတယ်။ န ဥပနိဿယမှု ဝင်လာတော့ အာရမ္မဏမျိုးကလဲ ပြုတ်ခဲ့ပြီ။ သဟဇာတ မျိုးကလဲ ပြုတ်ခဲ့ပြီ။ အနန္တရူပ မျိုးကလဲ ပြုတ်ခဲ့ပြီ။ န ဥပနိဿယမှု ဝင်လာယင် ပကတူပလဲ ပြုတ်ခဲ့ပြီ။ န နိဿယမှု ဝင်သဖြင့် ပုရေဇာတလဲ ပြုတ်ခဲ့ပြီ။ ဘယ်သူသာ ကျန်တော့မလဲ။ ပစ္ဆာ ကံ ဟာ ဣံ ပစ္ဆာဟာ ပစ္ဆာဣံ မိဿက။ ဒါပဲကျန်ပါ တော့မယ်။ ဒါကျန်တော့ သူတို့ရဲ့ မူလိပစ္စည်းတွေကိုသာလျှင် ဆိုရပါလိမ့်မယ်။

**န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟဇာတ န အညမည န နိဿယ န ဥပနိဿယမှု** (ပုရေဇာတ မူလိသွတ်လို့ မရပါဘူး) **ပစ္ဆာဇာတ ဒသကဉ္စ**—ဒသလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ 'ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်းသာတပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းကို တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ **နာနန္တရပစ္စယာ န သမနန္တရပစ္စယာ န သဟဇာတပစ္စယာ န အညမညပစ္စယာ န နိဿယပစ္စယာ န ဥပနိဿယပစ္စယာ ပစ္ဆာဇာတေ တိဏိ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။**

နောက် မူလီသွတ်တဲ့ ပစ္စည်းတွေမှာ ရတဲ့ပစ္စည်းတွေကိုသာ မူလီသွင်းပြီး ပြပါတော့မယ်။ ဘယ်ပစ္စည်းဟာ မရဘူးရယ်လို့ အထူးမပြောတော့ပါဘူး။

**ကမ္မ ဒသကဋ္ဌ**—ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ ဒွေ။

**အာဟာရ ဒသကဋ္ဌ**—အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ အာဟာရေ ဧကံ။

**ဣန္ဒြိယ ဒသကဋ္ဌ**—အလုံးစုံသော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ ဧကံ။

**ဝိပ္ပယုတ္တ ဒသကဋ္ဌ**—အလုံးစုံသော ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ တီဏိ။

**အတ္ထိ အဝိဂတ ဒသကဋ္ဌ**—အလုံးစုံသော ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတာဟာရ မိဿက ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ အတ္ထိယာ ပဉ္စ၊ အဝိဂတေ ပဉ္စ။

## ဒွါဒသက

ဒသကပြီးတော့ ဧကာဒသက။ ဧကာဒသကမှာ ပုရေဇာတ ဝင်လာပါတယ်။ ပုရေဇာတ ဝင်လာတော့ ပုရေဇာတဟာ အာပုကလဲ ပြုတ်ပြီးသား၊ ဝတ်ပုကလဲ ပြုတ်ပြီးသားဖြစ်သဖြင့် ဧကာဒသကအတွက် ဒသကနဲ့ အားလုံးကုန်တူပါတယ်။ ဒွါဒသကမှာ ပစ္ဆာဇာတ ဝင်လာပါတယ်။ ပစ္ဆာဇာတ ဝင်လာတော့ ဘယ်သူ ကျန်တော့သလဲ။ ကံ ဟာ ဣ ံ ပဲ ကျန်ပါတော့တယ်။ န ပစ္ဆာဇာတလို့ ဆိုသဖြင့် ပစ္ဆာဇာတာဟာရ မိဿက ပစ္ဆာဇာတိန္ဒြိယ မိဿကလဲ မရတော့ပါဘူး။

**န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟဇာတ န အညမည န နိဿယ န ဥပနိဿယ န ပုရေဇာတ န ပစ္ဆာဇာတမူ ကမ္မ ဒွါဒသကဋ္ဌ**—အလုံးစုံသော ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ဤတရားတို့သည် ကမ္မပစ္စည်းသာတပ်၍ ဟေတုအစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ နာနန္တရပစ္စယာ န သမနန္တရပစ္စယာ န သဟဇာတပစ္စယာ န အညမညပစ္စယာ န နိဿယပစ္စယာ န ဥပနိဿယပစ္စယာ န ပုရေဇာတပစ္စယာ န ပစ္ဆာဇာတ ပစ္စယာ ကမ္မေ ဒွေ ဟု သချာတပ်၍ ဟောအပ်ကုန်၏။

**အာဟာရ ဒွါဒသကဋ္ဌ**—အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ အာဟာရေ ဧကံ။

ဣန္ဒြိယ ဒွါဒသကဥ္—အလုံးစုံသော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ ကေ။

**အတ္ထိ အဝိဂတ ဒွါဒသကဥ္**—အလုံးစုံသော ရုပ်အာဟာရတ္ထိ ရူပဇီဝိတိန္ဒြိယတ္ထိပစ္စည်း။ အတ္ထိယာ ကေ၊ အဝိဂတေ ကေ။

## စုဒ္ဒသက

ဒွါဒသကပြီးတော့ န အာသေဝန ဝင်လာပါတယ်။ အာသေဝန ပြုတ်ပြီးသား ဖြစ်ပါတယ်၊ န ကမ္မမူ ဝင်လာပါလိမ့်မယ်။ စုဒ္ဒသကအတွက်။ န ကမ္မမူ ဝင်လာတဲ့အခါမှာ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မလဲ ပြုတ်သွားပါပြီ။ ရုပ်အာဟာရ ရူပဇီဝိတိန္ဒြိယပဲ ကျန်ပါတော့တယ်။

**န ဟေတု(ပ) န ကမ္မမူ အာဟာရ စုဒ္ဒသကဥ္**—အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ ဤတရားတို့သည် အာဟာရ ပစ္စည်းသာ တပ်၍ ဟေတုအစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န ဟေတုပစ္စယာ (ပ) န ကမ္မပစ္စယာ အာဟာရေ ကေ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ဣန္ဒြိယ စုဒ္ဒသကဥ္—အလုံးစုံသော ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယေ ကေ။

အတ္ထိ အဝိဂတ စုဒ္ဒသကဥ္—အလုံးစုံသော ရုပ်အာဟာရတ္ထိ ရူပဇီဝိတိန္ဒြိယတ္ထိ ပစ္စည်း။ အတ္ထိယာ ကေ၊ အဝိဂတေ ကေ။

## သ အာဟာရ သောဠသက

န ကမ္မ ပြီးတော့ န ဝိပါကမူ ဝင်လာတော့ န ဝိပါကမူ ဝင်မှုအတွက် ပစ္စည်းက မထူးပါဘူး။ စုဒ္ဒသကနဲ့ အတူတူပါပဲ၊ န အာဟာရမူ ဝင်လာပါတယ်။ န အာဟာရမူ ဝင်လာတော့ ရုပ်အာဟာရလဲ ပြုတ်သွားပြန်ပြီ။ ရူပဇီဝိတိန္ဒြိယ တခုပဲ ကျန်ပါတော့တယ်။ ရူပဇီဝိတိန္ဒြိယကျန်တော့ကာ ဣန္ဒြိယရယ် အတ္ထိရယ် အဝိဂတရယ် ဒီပစ္စည်း (၃) မျိုးကိုသာ မှုလိသွတ်ရပါတော့မယ်။ သူတို့မှာသာလျှင် ရူပဇီဝိတိန္ဒြိယပစ္စည်း ရှိပါတယ်။

**န ဟေတု (ပ) န အာဟာရမူ ဣန္ဒြိယ အတ္ထိ အဝိဂတ သောဠသကဥ္— (ဒါကို သ အာဟာရ ရယ်လို့ ခေါ်ပါတယ်)။ အလုံးစုံသော ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ဤတရားတို့သည် ဣန္ဒြိယ အတ္ထိ အဝိဂတ ပစ္စည်းသာတပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န ဟေတုပစ္စယာ၊ (ပ) န အာဟာရပစ္စယာ ဣန္ဒြိယေ ကေ၊ အတ္ထိယာ ကေ၊ အဝိဂတေ ကေ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။**

## ဗာဝီသက

န ဣန္ဒြိယကို မှုသွင်းလို့ မရတော့ပါဘူး။ မှုသွင်းလိုက်ယင် တရားပကျန်တော့ပါဘူး။ အဲဒါကြောင့် န ဈာနမှု သွင်းရပါတယ်။ န မဂ္ဂ ဗီအတိုင်း၊ န သမ္ပယုတ္တ ဗီအတိုင်း၊ န ဝိပ္ပယုတ္တ ဗီအတိုင်း။ နော အတ္ထိ နော အဝိဂတကို မှုသွင်းလို့ မရပါဘူး။ နတ္ထိ ဝိဂတ ကျော်ပြီး မှုသွင်းရပါတယ်။ အဲဒါဟာ ဗာဝီသက လာဖြစ်ပါတယ်။

**န ဟေတု (ပ) န အာဟာရ န ဈာန (ပ) န ဝိပ္ပယုတ္တ နော နတ္ထိ နော ဝိဂတမူ ဣန္ဒြိယ အတ္ထိ အဝိဂတ ဗာဝီသကဉ်**—အလုံးစုံသော ရူပဇီဝိတိန္ဒြိယတ္ထိပစ္စည်း။ ဤတရားတို့သည် ဣန္ဒြိယ အတ္ထိ အဝိဂတ ပစ္စည်းသာတပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမဉ် န ဟေတုပစ္စယာ (ပ) န အာဟာရပစ္စယာ န ဈာနပစ္စယာ (ပ) န ဝိပ္ပယုတ္တပစ္စယာ နော နတ္ထိပစ္စယာ နော ဝိဂတပစ္စယာ ဣန္ဒြိယေ ကော်၊ အတ္ထိယာ ကော်၊ အဝိဂတေ ကော် ဟု သချာတပ်၍ ဟောအပ်ကုန်၏။

## သဣန္ဒြိယ သောဠသက

ဒါက သ အာဟာရပါ။ ယခု သဣန္ဒြိယ ဆိုရပါလိမ့်မယ်။ သ အာဟာရတုန်းက ဣန္ဒြိယ ချန်ပစ်ခဲ့ပါတယ်။ သ ဣန္ဒြိယကျတော့ အာဟာရ ချန်ပစ်ခဲ့ရပါလိမ့်မယ်။ သူကလဲ သောဠသက။ ဘယ်သူကျန်မလဲ?။ ရုပ်အာဟာရပဲ ကျန်ပါတယ်။

န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ **န သမနန္တရ န သဟဇာတ န အညမည န နိဿယ န ဥပနိဿယ န ပုရေဇာတ န ပစ္ဆာဇာတ** နာသေဝန **န ကမ္မ န ဝိပါက န ဣန္ဒြိယမူ အာဟာရ အတ္ထိ အဝိဂတ သောဠသကဉ်**—အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ ဤတရားတို့သည် အာဟာရ အတ္ထိ အဝိဂတ ပစ္စည်းသာတပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမဉ် န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ နာနန္တရပစ္စယာ န သမနန္တရပစ္စယာ န သဟဇာတပစ္စယာ န အညမညပစ္စယာ န နိဿယပစ္စယာ န ဥပနိဿယပစ္စယာ န ပုရေဇာတပစ္စယာ န ပစ္ဆာဇာတပစ္စယာ နာသေဝနပစ္စယာ န ကမ္မပစ္စယာ န ဝိပါကပစ္စယာ န ဣန္ဒြိယပစ္စယာ အာဟာရေ ကော်၊ အတ္ထိယာ ကော်၊ အဝိဂတေ ကော်ဟု သချာတပ်၍ ဟောအပ်ကုန်၏။

## ဗာဝီသက

နောက် ဗာဝီသကလဲ အတူတူပါပဲ။ အာဟာရ အတ္ထိ အဝိဂတကိုပဲ ချန်ခဲ့ပါတယ်။ ကျန်တာတွေ အားလုံးကုန် မူသွင်းပါတယ်။ မူသွင်းတော့ အကျဉ်းအားဖြင့် ဘာကျန်တယ်ဆိုတာ သိပြီး ဖြစ်ခြင်းကြောင့် အကျဉ်းပဲ ဆိုလိုက်ကြပါစို့။

**န ဟေတု (ပ) နော ဝိဂတမူ အာဟာရ အတ္ထိ အဝိဂတ ဗာဝီသကဥ္—** အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ ဤတရားတို့သည် ရုပ်အာဟာရ အတ္ထိ အဝိဂတ ပစ္စည်းသာတပ်၍ ဟေတု အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဟေတု အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရား တို့ကို ပစ္စနီယာနုလောမဥ္န ဟေတုပစ္စယာ (ပ) နောဝိဂတပစ္စယာ အာဟာရေ ကော၊ အတ္ထိယာ ကော၊ အဝိဂတေ ကော်ဟု သချာတပ်၍ ဟောအပ်ကုန်၏။

န ဟေတု သအာဟာရ သဣန္ဒြိယ ဗာဝီသက တိုင်အောင် အားလုံးကုန် ကိစ္စပြီးသွားပါပြီ။

## နာရမ္မဏ ဒုက

ယခု နာရမ္မဏဒုက။ ဒီ နာရမ္မဏဒုကမှာ သူ့ရဲ့ သဘာဂဖြစ်တဲ့ တရား တွေက အာရမ္မဏ အကွက်မှာ ရေးထားတာတွေသာ ဖြစ်ပါတယ်။ ဒါပေတဲ့ နာရမ္မဏလို့ ဆိုသဖြင့် အာရမ္မဏမျိုးနဲ့ လုံးဝ မဆိုင်တော့ပါဘူး။ အဲဒီတော့ ကွက်လပ်တွေဟာ သူနဲ့ ဝိသဘာဂဖြစ်တဲ့ တရားတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဝိသဘာဂဖြစ်တဲ့ ပစ္စည်းတွေကို ကိစ္စပြီးလွယ်အောင် အားလုံးကုန် မူလီသွတ်လိုက် ကြပါစို့။

**နာရမ္မဏမူ ဟေတု အနန္တရ သမနန္တရ သဟဇာတ အညမည ပစ္ဆာ ဇာတ အာသေဝန ကမ္မ ဝိပါက** အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ သမ္ပယုတ္တ နတ္ထိ ဝိဂတ ဒုက—ဥ္ အလုံးစုံသော ဟေတု အစရှိသောပစ္စည်း။ ဤ တရားတို့သည် ဟေတု အစရှိသော ပစ္စည်းသာတပ်၍ အာရမ္မဏပစ္စည်း မတပ်သောကြောင့် အာရမ္မဏ ပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နုလောမဥ္ နာရမ္မဏ ပစ္စယာ ဟေတုယာ သတ္တ၊ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ သဟဇာတေ နဝ၊ အညမညေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ အာသေဝနေ တီဏိ၊ ကမ္မေ သတ္တ၊ ဝိပါကေ ကော၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တဟု သချာ တပ်၍ ဟောအပ်ကုန်၏။

အဓိပတိ မူလီသွတ်တော့ အာရမ္မဏာ ဓိပတိက ပြုတ်သွားပါပြီ။ နာရမ္မ လို့ ဆိုသဖြင့် သဟဇာတာ ဓိပတိပဲ ကျန်ပါတယ်။ သင်္ချာ သတ္တ ရှိပါတယ်။

နာရမ္မဏပူ အဓိပတိ ဒုက၌—အလုံးစုံသော သဟဇာတာဓိပတိပစ္စည်း။ အဓိပတိယာ သတ္တ။

နိဿယ မူလီသွတ်တော့ ဝတ္ထာရမ္မဏ ပြုတ်သွားပါပြီ။ ကျန်တဲ့ (၃)ကွက် ဆိုရပါတယ်။ သင်္ချာ တေရသပဲ ရပါတယ်။

**နိဿယ** ဒုက၌—အလုံးစုံသော သဟဇာတ နိဿယ၊ ဝတ္ထုပုရေဇာတ နိဿယ၊ သဟဇာတ ပုရေဇာတ မိဿကပစ္စည်း။ နိဿယေ တေရသ။

ဥပနိဿယမှာ (၂) မျိုး။

**ဥပနိဿယ** ဒုက၌—အလုံးစုံသော အနန္တရူပ နိဿယ၊ ပကတူပ နိဿယ ပစ္စည်း။ ဥပနိဿယေ နဝ။

ပုရေဇာတမှာ အာပုပြုတ်ပါတယ်။

**ပုရေဇာတ** ဒုက၌—အလုံးစုံသော ဝတ္ထုပုရေဇာတပစ္စည်း။ ပုရေဇာတေ တိဏိ။

နောက်ဆုံး ဝိပ္ပယုတ္တ လာပါတယ်။ ဝတ္ထာပြုတ်တယ်။ ကျန်တဲ့ (၃) မျိုး ဆိုရပါတယ်။

**ဝိပ္ပယုတ္တ** ဒုက၌—အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ ပဥ္စ။

အတ္ထိ အဝိဂတမှာ အာပုပဲ ပြုတ်ပါတယ်။ သင်္ချာလဲ တေရသပဲ ရပါတယ်။

**အတ္ထိ အဝိဂတ** ဒုက၌—အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

နာရမ္မဏလို့ ဆိုသဖြင့် သူ့အတွက် သင်္ချာဟာ အဓိပတိ မှာသာလျှင် သတ္တ ဖြစ်ပါတယ်။ ကျန်တဲ့ မူလီပစ္စည်းတွေဟာ သူတို့ရဲ့ သင်္ချာအတိုင်း **အားလုံး** ရပါတယ်။

ဒုက ပြီးသွားတော့ တိက။ နာရမ္မဏ န ဟေတုလို့ ဆိုတာနဲ့ **န** ဟေတု နာရမ္မဏ လို့ ဆိုတာဟာ အတူတူပါပဲ။ သို့သော်လည်း ပါဠိတော်က အဋ္ဌက ကျော်ပြီး တခု ရေးပါတယ်။ ဒါပေတဲ့ မထူးပါဘူး။ န ဟေတုနဲ့ အားလုံး တူသွားပါပြီ။

## နာဝိပတိမူ ဒုက

နာဝိပတိမှာ အာဝိ၊ သဟာဝိ ရှိပါတယ်။ အာဝိ၊ သဟာဝိ ရှိတော့ ဒါတွေကို ဆိုင်ရာဖြစ်တဲ့ သဘာဂကို နှုတ်ရပါလိမ့်မယ်။ ဒီတော့ ပစ္စည်းစဉ် အတိုင်းပဲ ဆိုပြပါမယ်။ သဘာဂတွေ ရွေးနေယင် နဲနဲကလေး ရှုပ်သွားလိမ့်မယ်။

**နာဝိပတိမူ ဟေတု ဒုကဥ္**—(ဟေတုထဲမှာ သဟာဝိ နှုတ်ရပါတယ်။ သဘာဂက ဝိမံသာဓိပတိ ဖြစ်ပါတယ်)။ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိမံသာဓိပတိမှတပါး ဟိတ် (၆) ပါး။ ဤတရားတို့သည် ဟေတုပစ္စည်းသာတပ်၍ အဓိပတိပစ္စည်း **မတပ်** သောကြောင့် အဓိပတိပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ နာဓိပတိပစ္စယာ ဟေတုယာ သတ္တဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အာရမ္မဏကျတော့ အာရမ္မဏထဲမှာ အာရမ္မဏာဓိပတိ နှုတ်ပုံကို ပြောခဲ့ပါပြီ။ အကျဉ်းချုပ်ပဲ ဆိုကြပါစို့။ သင်္ချာက မလျော့ပါဘူး။

**အာရမ္မဏ ဒုကဥ္**—အာရမ္မဏာဓိပတိမှတပါး အလုံးစုံသော အာရမ္မဏ ပစ္စည်း။ အာရမ္မဏေ နဝ။

အနန္တရ စသည်တွေဟာ သဘာဂ မဟုတ်ပါဘူး။

**အနန္တရ သမနန္တရ နတ္ထိ ဝိဂတ ဒုကဥ္**—အလုံးစုံသော အနန္တရ အစရှိသော ပစ္စည်း။ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ။

**သဟဇာတ ဒုကဥ္**—သဟဇာတာ ဓိပတိမှတပါး အလုံးစုံသော သဟဇာတ ပစ္စည်း။ သဟဇာတေ နဝ။

**အညမည ဒုကဥ္**—အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအားလည်းကောင်း တတ်သော အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးမှ တပါး အလုံးစုံအော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား တတ်သော မဟာဘုတ် လေးပါး။ အချင်းချင်းအား တတ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ အညမညေ တီဏိ။

နိဿယ နှုတ်တော့ အာဓိနဲ့ ဝတ္ထာဟာ ဝတ္ထာဓိ သဘာဂ ဖြစ်ပါတယ်။ ဝတ္ထာဓိမှ တပါး ဝတ္ထာရမ္မဏလို့ ဆိုရပါပဲ။ သဟဇာတ နိဿယထဲမှာ သဟာဓိ နှုတ်ရပါတယ်။ ပုရေနိ၊ သဟပုရေ မိဿက ဒီအတိုင်းဆိုရပါတယ်။

**နိဿယ ဒုကဥ္**—ဝတ္ထာရမ္မဏာ ဓိပတိမှတပါး အလုံးစုံသော ဝတ္ထာ ရမ္မဏပစ္စည်း။ သဟဇာတာ ဓိပတိမှ တပါး အလုံးစုံသော သဟဇာတ၊ နိဿယ၊

ဝတ္ထုပုရေဇာတ နိဿယ၊ သဟဇာတ ပုရေဇာတ မိဿက ပစ္စည်း။ နိဿယေ တေရသ။

ဥပနိဿယကျတော့ အာမိန့် အာရမ္မဏူ တူသဖြင့် အာရမ္မဏူ ပြုတ်သွားပါပြီ။ အနန္တရူ ပကတူ ပဲ ကျန်ပါတော့တယ်။

**ဥပနိဿယ ဒုက္ခ**—အလုံးစုံသော အနန္တရူပနိဿယ ပကတူပ နိဿယ ပစ္စည်း။ ဥပနိဿယေ နဝ။

ပုရေဇာတကျတော့ အာမိန့် အာပုဟာ အာပုမိ သဘာဂ ဖြစ်ပါတယ်။ သူ့ကို အပါဒါန်ခံ ဆိုရပါပဲ။

**ပုရေဇာတ ဒုက္ခ**—အာရမ္မဏ ပုရေဇာတာဓိပတိမှတပါး အလုံးစုံသော အာရမ္မဏ ပုရေဇာတ၊ ဝတ္ထုပုရေဇာတပစ္စည်း။ ပုရေဇာတေ တိဏိ။

ပစ္ဆာဇာတ သဘာဂ မဟုတ်ပါဘူး။

**ပစ္ဆာဇာတ ဒုက္ခ**— အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတေ တိဏိ။ အာသေဝနလဲ သဘာဂ မဟုတ်ပါဘူး။

**အာသေဝန ဒုက္ခ**—အလုံးစုံသော အာသေဝနပစ္စည်း။ **အာသေဝနေ** တိဏိ။ ကမ္မလဲ သဘာဂ မဟုတ်ပါဘူး။

**ကမ္မ ဒုက္ခ**—အလုံးစုံသော သဟဇာတ ကမ္မ၊ အနန္တရ ကမ္မ၊ ဗလဝ နာနာက္ခဏိက ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ သတ္တ။

ဝိပါကမှာ ဖိုလ်လေးခုမှာရှိတဲ့ အဓိပတိတရားကိုယ် လေးပါးသည် သာလျှင် သဘာဂ ဖြစ်ပါတယ်။ ဒါ့ကြောင့် သူ့ကို နှုတ်ရပါလိမ့်မယ်။

**ဝိပါက ဒုက္ခ**-အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်း တတ်သော ဖိုလ်လေးခု၌ ရှိသော အဓိပတိတရားကိုယ် လေးပါးမှတပါး အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟဒယဝတ္ထုအား တတ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဝိပါကေ ဧကံ။

အာဟာရကျတော့ စိတ္တာဓိပတိဟာ သဘာဂ ဖြစ်ပါတယ်။ စိတ္တာဓိပတိကို အပါဒါန်ခံ ဆိုရပါပဲ။

**အာဟာရ ဒုက္ခ**—သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော စိတ္တာဓိပတိမှတပါး နာမ်အာဟာရ တရားကိုယ် (၃) ပါးဟု ဆိုအပ်သော နာမ်အာဟာရ ရုပ်အာဟာရပစ္စည်း။ အာဟာရေ သတ္တ။

ဣန္ဒြိယမှာ စိတ္တ ဝီရိယ ဝီမံသ သဘာဝ ဖြစ်ပါတယ်။ သူတို့ကို အပါဒါန် ခံရပါတယ်။ ဒါပေတဲ့ ဣန္ဒြေ လျော့ပြီး မသွားပါဘူး။

**ဣန္ဒြိယ** ဒုက္ခ—သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော စိတ္တ ဝီရိယ ဝီမံသာဓိပတိမှတပါး နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယပစ္စည်း။ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယေ သတ္တ။

ဈာန သဘာဝ မဟုတ်ပါဘူး။

**ဈာန်** ဒုက္ခ–အလုံးစုံသော ဈာန ပစ္စည်း။ ဈာနေ သတ္တ။

မဂ္ဂမှာ ဝီရိယ ဝီမံသဟာ သဘာဝ ဖြစ်ပါတယ်။ သူ့ နှုတ်ရပါတယ်။ ဒါပေတဲ့ မဂ္ဂင်တရားကိုယ် (၉) ပါး မလျော့ပါဘူး။

**မဂ္ဂ ဒုက္ခ**—သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝီရိယ ဝီမံသာဓိပတိမှတပါး မဂ္ဂင်တရားကိုယ် (၉) ပါး။ မဂ္ဂေ သတ္တ။

**သမ္ပယုတ္တ ဒုက္ခ**—အချင်းချင်းအား တတ်သော အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးမှ တပါး အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ သမ္ပယုတ္တေ တီဏိ။

ဝိပ္ပယုတ္တကျတော့ ဝတ္ထာနဲ့ အာဓိပတိ ဝတ္ထာဓိ သဘာဝ ဖြစ်ပါတယ်။ အဲဒါကို အပါဒါန် ခံရပါတယ်။ သဟဇာတ ဝိပ္ပယုတ္တထဲမှာ သဟာဓိ နှုတ်ရပါတယ်။ ကျန်တာတွေ အားလုံးကုန် ဆိုလိုက်ရပါတယ်။

**ဝိပ္ပယုတ္တ ဒုက္ခ**—ဝတ္ထာရမ္မဏာ ဓိပတိမှတပါး အလုံးစုံသော ဝတ္ထာ ရမ္မဏပစ္စည်း။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဥ္စ ဝေါကာရ ဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေ ပဉ္စ ဝိညာဉ်တဆယ် ရဟန္တာတို့ စုတိ အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးမှ တပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား တတ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တပစ္စည်း၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ ပဥ္စ။

**အတ္ထိ အဝိဂတ ဒုက္ခ**—(အာဟုဓိ သဘာဝကို နှုတ်ရပါတယ်)။ အာရမ္မဏ ပုရေဇာတာဓိပတိမှတပါး အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ။ သဟဇာတာ ဓိပတိမှတပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာ

ဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

ဒုကပြီးသွားတော့ တိက။ န ဟေတုပူ ဝင်လာပါတယ်။ န ဟေတုပူ ဝင်လာသဖြင့် သင်္ချာ ဘာတိုးထူးမလဲဆိုယင် ဘာမှ တိုးမထူးပါဘူး။ ဟေတုနဲ့ သဘာဂဖြစ်တဲ့ တရားတွေကို ထပ်ပြီး နုတ်ရရုံပါပဲ။ အဲဒီတော့ ခုနက အကျယ် ဆိုပြခဲ့ပြီး ဖြစ်သဖြင့် ယခု အကျဉ်းပဲ ဆိုပြပါမယ်။

## တိက

**နာဓိပတိ န ဟေတုမူ အာရမ္မဏ တိကဥ္**—အာရမ္မဏာဓိပတိမှ တပါး အလုံးစုံသော အာရမ္မဏ ပစ္စည်း။ ဤတရားတို့သည် အာရမ္မဏ ပစ္စည်းသာ တပ်၍ အဓိပတိ ဟေတုပစ္စည်းတို့ မတပ်သောကြောင့် အဓိပတိ ဟေတု ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမဥ္ နာဓိပတိ ပစ္စယာ **န** ဟေတုပစ္စယာ အာရမ္မဏေ နဝ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အနန္တရ စသည့်တွေဟာ သဘာဂ မဟုတ်ပါဘူး။

**အနန္တရ သမနန္တရ နတ္ထိ ဝိဂတ တိကဥ္**—အလုံးစုံသော အနန္တရ အစ ရှိသော ပစ္စည်း။ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ။

**သဟဇာတ တိကဥ္**—(ဟေတုနဲ့ သဟာဓိ နုတ်ရပါလိမ့်မယ်)။ ဟေတု သဟဇာတာဓိပတိမှ တပါး အလုံးစုံသော သဟဇာတ ပစ္စည်း။ သဟဇာတေ နဝ။

**အညမည တိကဥ္**—ဟိတ် (၆) ပါး အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးမှ တပါး အလုံးစုံသော အညမည ပစ္စည်း။ အညမညေ တီဏိ။

နိဿယလဲ ခုနက အတိုင်းပဲ။ ဝတ္ထာထဲ အာဓိနုတ်တော့ ဝတ္ထာဓိကို နုတ်ရပါတယ်။ ဟေတုနဲ့ သဟာဓိကို သဟမျိုးထဲ နုတ်ရရုံပါပဲ။ ကျန်တာ ဆိုလိုက်ရရုံပဲ။

**နိဿယ တိကဥ္**—ဝတ္ထာရမ္မဏာ ဓိပတိမှတပါး အလုံးစုံသော ဝတ္ထာ ရမ္မဏပစ္စည်း။ ဟေတု သဟဇာတာဓိပတိမှ တပါး အလုံးစုံသော သဟဇာတ နိဿယ။ ဝတ္ထုပုရေဇာတ နိဿယ။ သဟဇာတ ပုရေဇာတ မိဿကပစ္စည်း။ နိဿယေ တေရသ။

ဥပနိဿယက ဒုကအတိုင်းပါပဲ။ အာရမ္မဏူ ပြုတ်သွားပါပြီ။

**ဥပနိဿယ တိကဒ္ဒ**—အလုံးစုံသော အနန္တရရူပ နိဿယ၊ ပကတူပ နိဿယ ပစ္စည်း။ ဥပနိဿယေ နဝ။

ပုရေကာလဲ ဒုကအတိုင်းပါပဲ။

**ပုရေဇာတ တိကဒ္ဒ**—အာရမ္မဏ ပုရေဇာတာဓိပတိမှတပါး အလုံးစုံသော အာရမ္မဏ ပုရေဇာတ၊ ဝတ္ထုပုရေဇာတပစ္စည်း။ ပုရေဇာတေ တိဏိ။

ပစ္ဆာဇာတ အာသေဝန ကမ္မတွေဟာ သဘာဂ မဟုတ်ပါဘူး။

**ပစ္ဆာဇာတ တိကဒ္ဒ**—အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတေ တိဏိ။

**အာသေဝန တိကဒ္ဒ**—အလုံးစုံသော အာသေဝန ပစ္စည်း။ အာသေဝနေ တိဏိ။

**ကမ္မ တိကဒ္ဒ**—အလုံးစုံသော သဟဇာတ ကမ္မ၊ အနန္တရ ကမ္မ၊ ဗလဝ နာနာက္ခဏိက ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ သတ္တ။

ဝိပါကကျတော့ ဟိတ်ထဲက ဝိပါက် (၃) ပါး ထပ်နှုတ်ရပါတယ်။

**ဝိပါက တိကဒ္ဒ**—ဝိပါက်ဟိတ် (၃) ပါး ဖိုလ်လေးခု၌ ရှိသော အဓိပတိတရားကိုယ် လေးပါးမှ တပါး အလုံးစုံသော ဝိပါကပစ္စည်း။ ဝိပါကေ ဧကံ။

အာဟာရကျတော့ ဟေတုနဲ့ မဆိုင်သဖြင့် ဒုကအတိုင်းပါပဲ။

**အာဟာရ တိကဒ္ဒ**—စိတ္တာဓိပတိမှတပါး အလုံးစုံသော နာမ်အာဟာရ၊ ရုပ်အာဟာရပစ္စည်း။ အာဟာရေ သတ္တ။

ဣန္ဒြိယကျတော့ အမောဟနဲ့ ပညိန္ဒြေဟာ သဘာဂ ဖြစ်ပါတယ်။ ပညိန္ဒြေ လျော့သွားပါပြီ။ ဒီတော့ နာမ်ဣန္ဒြေဟာ ခုနစ်ပါးပဲ ကျန်ပါတော့မယ်။ သဟာဓိအတွက် စိတ္တ ဝီရိယ ဝီမံသကို နှုတ်မှုအတွက် ဣန္ဒြေ မလျော့ပါဘူး။

**ဣန္ဒြိယ တိကဒ္ဒ**—အမောဟ, စိတ္တ ဝီရိယ ဝီမံသာဓိပတိမှတပါး နာမ်ဣန္ဒြေ ခုနစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ သတ္တ။

ဈာန သဘာဂ မဟုတ်ပါဘူး။

**ဈာန** တိကဒ္ဒ—အလုံးစုံသော ဈာနပစ္စည်း။ ဈာနေ သတ္တ။

မဂ္ဂကျတော့ အမောဟ လျော့သွားသဖြင့် မဂ္ဂင်တရားကိုယ် ရှစ်ပါးပဲ ကျန်ပါတော့တယ်။

**မဂ္ဂ တိကဥ္**—အမောဟ ဝီရိယ ဝိမံသာဓိပတိမှတပါး မဂ္ဂင်တရားကိုယ် ရှစ်ပါး။ မဂ္ဂေ သတ္တ၊

သမ္ပယုတ္တကျတော့ ဟိတ် (၆) ပါးနဲ့ အဓိပတိတရားကိုယ် နှုတ်ရပါတယ်။

**သမ္ပယုတ္တ တိကဥ္**—ဟိတ် (၆) ပါး အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးမှ တပါး အလုံးစုံသော သမ္ပယုတ္တပစ္စည်း။ သမ္ပယုတ္တေ တိဏိ။

ဝိပ္ပယုတ္တမှာ ဝတ္ထာဓိကို အပါဒါန် ခံရပါတယ်။ သဟာဝိပ်ထဲက ဟေတုနဲ့ သဟာဓိ နှုတ်ရပါလိမ့်မယ်။ ကျန်တာ အကုန်ဆိုရပါတယ်။

**ဝိပ္ပယုတ္တ တိကဥ္**–ဝတ္ထာရမ္မဏာဓိပတိမှတပါး အလုံးစုံသော ဝတ္ထာရမ္မဏ ပစ္စည်း။ ဟိတ် (၆) ပါး အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးမှ တပါး အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ ပဉ္စ။

အတ္ထိ အဝိဂတမှာ ဒုကထက် ဟေတုထပ်ပြီး နှုတ်ရတာ ထူးပါတယ်။

**အတ္ထိ အဝိဂတ တိကဥ္**—အာရမ္မဏ ပုရေဇာတာဓိပတိမှတပါး အလုံး စုံသော အာရမ္မဏ ပုရေဇာတတ္ထိ။ ဟေတု သဟဇာတာဓိပတိပစ္စည်းမှတပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာ ရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာဇာတာဟာရ ဝိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။ ကျန် စတုက္ကစသည် န ဟေတု စတုက္က စသည်နှင့် တူပါပြီ။

ဒီ နာဓိပတိမှာ ပါဠိတော်၌ အကျဉ်းကလေးမျှသာ ပြပါတယ်။

## နာနန္တရ ဒုက

နာနန္တရမှာ ပါဠိဘော်က ဒုကနဲ့ အဋ္ဌက ပြတယ်၊ ဒုက ဆိုလိုက်ကြ ပါစို့။ ဒုက ဆိုပြန်တော့ နာနန္တရမှာ လွယ်ပါတယ်။ သူ့ရဲ့ သဘာဂဖြစ်တဲ့ တရားတွေဟာ သူ့ဆိုင်ရာ အကွက်မှာ ရှိပါတယ်။ အဲဒီ အကွက်ကလေးတွေ ချန်၍ ကျန်တဲ့အကွက် ကျန်တဲ့ကွက်လပ်တွေကို အားလုံးကုန် မူလီသွတ်လိုက် ကြပါစို့။

**နာနန္တရမှူ ဟေတု အာရမ္မဏ အဓိပတိ သဟဇာတ အညမည နိဿယ ပုရေ ဇာတ ပစ္ဆာဇာတ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဒုကဥ္**—အလုံးစုံသော ဟေတု အစရှိသော ပစ္စည်း။ ဤတရားတို့သည် ဟေတုအစရှိသော ပစ္စည်းသဘာတပ်၍ အနန္တရပစ္စည်း မတပ်သောကြောင့် အနန္တရ ပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌

နာနန္တရပစ္စယာ ဟေတုယာ သတ္တ၊ အာရမ္မဏေ နဝ၊ အဓိပတိယာ ဒသ၊ သဟဇာတေ နဝ၊ အညမညေ တီဏိ၊ နိဿယေ တေရသ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ ဟု သချာတပ်၍ ဟောအပ်ကုန်၏။

နာနန္တရမှ ဝင်လာသဖြင့် သမနန္တရ နတ္ထိ ဝိဂတ အာသေဝန တွေကို မူလီသွတ်လို့မရပါဘူး။ သူ့ဆိုင်ရာ အကွက်ထဲမှာ ဘာရှိသလဲဆိုယင် ဥပနိဿယ။ ဥပနိဿယမှာ အနန္တရူပနိဿယ ပြုတ်သွားပါပြီ။ အာရမ္မဏူပ နိဿယနဲ့ ပကတူပ နိဿယ ကျန်ပါတယ်။

**ဥပနိဿယ ဒုက၌—** အလုံးစုံသော အာရမ္မဏူပ နိဿယ၊ အနန္တရကမ္မမှ တပါး ပကတူပ နိဿယပစ္စည်း။ ဥပနိဿယေ နဝ။

ကမ္မမှာ အနန္တရကမ္မ ပြုတ်သွားပါပြီ။ ကျန်တဲ့ ၃ ကွက် ဆိုရပါတယ်။

**ကမ္မဒုက၌—** အလုံးစုံသော သဟဇာတကမ္မ၊ အနန္တရ ကမ္မမှ တပါး ဗလဝ နာနာက္ခဏိက ကမ္မ၊ ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ သတ္တ။

နောက် မူလီသွတ်စရာ မရှိပါဘူး။ ဒုက ကိစ္စ ပြီးသွားပါပြီ။

## စတုက္က

တိကကျတော့ န ဟေတု ဝင်လာပါတယ်။ န ဟေတု ဝင်လာတော့ န ဟေတု ဆိုင်ရာတွေကို နှုတ်ရုံပဲရှိပါတယ်။ တိက သချာဟာ ဒုကနဲ့ ဘာမှ မထူးပါဘူး။ စတုက္ကကျတော့ နာရမ္မဏမှ ဝင်လာပါတယ်။ နာရမ္မဏဝင်လာတော့ အာရမ္မဏမျိုး ပြုတ်သွားပါပြီ။ အနန္တရမျိုးလဲ ပြုတ်နေပါတယ်။ န ဟေတု ဝင်လာသဖြင့် ဟေတုဆိုင်ရာဖြစ်တဲ့ သဘာဂတွေ နှုတ်ရပါလိမ့်မယ်။ အာရမ္မဏကွက်ကိုတော့ ကြည့်စရာမလိုပါဘူး။ အနန္တရကွက်ကိုလဲ ကြည့်စရာ မလိုတော့ပါဘူး။ ဒီတော့ စတုက္ကကလေး တခု ဆိုလိုက်ကြပါဦးစို့။

**နာနန္တရ န ဟေတု နာရမ္မဏမှ အဓိပတိ စတုက္က၌—** (သဟာဓိထဲမှာ ဟေတု နှုတ်ရပါတယ်။ ဝီမံသာဓိ လျော့သွားပါလိမ့်မယ်) သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော ဝီမံသာဓိပတိမှတပါး အဓိပတိ တရားကိုယ် သုံးပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာ ဓိပတိပစ္စည်း။ ဤ တရားတို့သည် အဓိပတိ ပစ္စည်းသာတပ်၍ အနန္တရ ဟေတု အာရမ္မဏပစ္စည်းတို့ မတပ်သောကြောင့် အနန္တရ ဟေတု အာရမ္မဏပစ္စည်းတို့ တွန်း၍ စင်ကုန်၏။

ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ နာနန္တရပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏပစ္စယာ အဓိပတိယာ သတ္တဟု သင်္ချာ တပ်၍ ဟောအပ်ကုန်၏။

သဟဇာတ မူလိသွတ်တော့ သဟဇာတထဲမှာ ဟေတု နုတ်ရရှုံပါပဲ။

**သဟဇာတ စတုက္က၌**— ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတ ပစ္စည်း။ သဟဇာတေ နဝ။

အညမည စတုက္က၌— ဟိတ် ၆ ပါးမှတပါး အလုံးစုံသော အညမည ပစ္စည်း။ အညမညေ တီဏိ။

နိဿယမှာ ဝတ္ထာ ကြည့်စရာမလိုတော့ပါဘူး။ နာရမ္မဏမှု ဝင်နေပါ တယ်။ သဟဇာတ နိဿယထဲက ဟေတု နုတ်၍ ကျန်တာဆိုရရှုံပါပဲ။ သင်္ချာ တေရသပါပဲ။

**နိဿယ စတုက္က၌**— ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတ နိဿယ၊ ဝတ္ထုပုရေဇာတ နိဿယ၊ သဟဇာတ ပုရေဇာတ မိဿကပစ္စည်း။ နိဿယေ တေရသ။

ဥပနိဿယမှာ အာရမ္မဏူ အနန္တရူ ပြုတ်သွားပါပြီ။ ပကတူပဲ ကျန်ပါ ဘော့မယ်။

**ဝိပ္ပယုတ္တ** ဒုက၌—အလုံးစုံသော ဝတ္ထာရမ္မဏ ဝိပ္ပယုတ္တပစ္စည်း။ စေတနာမှတပါး သဟဇာတ ဝိပ္ပယုတ္တ၊ ပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ ပဉ္စ။

အတ္ထိ အဝိဂတမှာလဲ သဟဇာတ ကမ္မ နုတ်ရရုံပါပဲ။

**အတ္ထိ အဝိဂတ** ဒုက၌—အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိပစ္စည်း။ သဟဇာတ ကမ္မမှတပါး သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

ပါဠိတော်ကတော့ နဝကထိအောင် ကျော်သွားပါတယ်။ န သဟဇာတ န အညမညမှု ဝင်လာပါတယ်။ မှုဝင်လာတော့ ပေယျာလ တိုးသွားတာတွေကို ပါဠိနဲ့ ဖော်လိုက်ကြပါစို့။ ပါဠိနဲ့ ပေယျာလ ဖော်လိုက်တော့ န ဟေတု ဝင်မှုအတွက် မထူးပါဘူး။ န အာရမ္မဏ ဝင်လာတော့ အဓိပတိမှာသာလျှင် သတ္တ ဖြစ်ပါတယ်။ ကျန်တာတွေ သူ့ရဲ့ မူလီသင်္ချာအတိုင်း ဖြစ်ပါလိမ့်မယ်။ ဒီတော့ စတုက္ကကိုပဲ ဆိုလိုက်ကြပါစို့။

## စတုက္က

န ကမ္မပစ္စယာ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ အဓိပတိယာ သတ္တ၊ (အကုန်လုံး မူလီဝင်ပါလိမ့်မယ်) အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ သဟဇာတေ နဝ၊ အညမညေ တီဏိ။ နိဿယေ တေရသ၊ ဥပနိဿယေ နဝ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ အာသေဝနေ တီဏိ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အတ္ထိယာ တေရသ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ၊ အဝိဂတေ တေရသ။

နာဓိပတိမှု ဝင်လာတော့လဲ မထူးပါဘူး။ ကျန်တဲ့ မူလီတွေရဲ့ သင်္ချာအတိုင်း ဆိုရပါတယ်။ န အနန္တရ န သမနန္တရမှု ဝင်လာတဲ့အခါမှာ အနန္တရ

မျိုးတွေ ပြုတ်ပါတယ်။ ဒီတော့ သူ့မျိုးတွေကို မဆိုပဲနဲ့ ကျန်တာတွေကို ဆိုရပါလိမ့်မယ်။ အနန္တရမျိုးတွေ ပြုတ်ပေတယ်လို့ ဥပနိဿယက ပကတူပ ကျန်ပါသေးတယ်။ အာသေဝန လုံးဝ မူလီသွတ်လို့ မရပါဘူး။ နတ္ထိ ဝိဂတ လုံးဝ မူလီသွတ်လို့ မရပါဘူး။ ကျန်တာတွေကတော့ သူတို့ရဲ့ သုဒ္ဓသင်္ချာ အတိုင်းပဲ ဖြစ်ပါလိမ့်မယ်။

## သတ္တက

န ကမ္မပစ္စယာ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ နာနန္တရပစ္စယာ န သမနန္တရပစ္စယာ သဟဇာတေ နဝ၊ အညမညေ တီဏိ၊ နိဿယေ တေရသ၊ ဥပနိဿယေ နဝ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ (အာသေဝန မရဘူး) ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

န သဟဇာတမှု ဝင်လာတော့ သဟဇာတမျိုးတွေ ပြုတ်သွားတယ်။ အာရမ္မဏမျိုးပြုတ်၊ သဟဇာတမျိုးပြုတ်ပြီ၊ အနန္တရူပမျိုးပြုတ်ပြီ။ ဘာကျန်တော့ မလဲ။ ပကတူပ ကျန်ပါတယ်။ ပုရေကျန်မယ်၊ ပစ္ဆာကျန်မယ်၊ ကံကတော့ မကျန်ဘူး။ အာဟာရ ဣန္ဒြိယ ကျန်မယ်၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာ တိန္ဒြိယ မိဿက ကျန်မယ်။ န သဟဇာတမှု ဝင်လာတော့ အညမညကိုတော့ မူလီသွတ်လို့ မရဘူး။ နိဿယဆိုယင် ပုရေပဲ ကျန်မယ်၊ တီဏိ။ ဥပနိဿယက နဝ၊ ပုရေဇာတက တီဏိ။ ပစ္ဆာဇာတက တီဏိ။ အာသေဝန မရတော့ဘူး။ ကမ္မလဲ မူဖြစ်နေတယ်။ ဝိပါက မရတော့ဘူး။ အာဟာရက ဧကံ။ ဣန္ဒြိယေ ဧကံ၊ ဝိပ္ပယုတ္တကျတော့ ပုရေနဲ့ ပစ္ဆာ ပေါင်းလိုက်ယင် ပဉ္စ လာရပါတယ်။ အတ္ထိ အဝိဂတ ကျတော့ ပုရေ ပစ္ဆာ ရုပ်ဟာ ရူပတိ မိဿက (၂)မျိုးရယ် ပေါင်းလိုက်ယင် သတ္တ လာဖြစ်တယ်။

န ကမ္မပစ္စယာ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ နာနန္တရပစ္စယာ န သမနန္တရပစ္စယာ န သဟဇာတပစ္စယာ န အညမညပစ္စယာ နိဿယေ တီဏိ၊ ဥပနိဿယေ နဝ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ အာဟာရေ ဧကံ၊ ဣန္ဒြိယေ ဧကံ၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

နောက် န နိဿယမှု ဝင်လာတော့ ပုရေ ပြုတ်သွားပါပြီ။ ဘယ်သူ ကျန်မလဲ။ ပုရေ ပစ္ဆာ ကံ ဟာ ကုံ မိဿက (၂) မျိုး ကျန်တယ်။ အတ္ထိက ပုရေ ပြုတ်သွားပြီး ပစ္ဆာရက်၊ မှတ်ယ ၊ ရူပါဂိုရက် မိဿက (၂) မျိုးရယ်

ပေါင်းလိုက်ယင် သချာ ပဋ္ဌ လာဖြစ်ပါတယ်။ အတ္ထိမှာသာလျှင် သချာ လာ ထူးပါလိမ့်မယ်။

န ကမ္မပစ္စယာ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ နာနန္တရပစ္စယာ န သမနန္တရပစ္စယာ န သဟဇာတပစ္စယာ န အညမညပစ္စယာ န နိဿယပစ္စယာ ဥပနိဿယေ နဝ၊ ပစ္ဆာဇာတေ တီဏိ၊ အာဟာရေ ဧကံ၊ ဣန္ဒြိယေ ဧကံ၊ ဝိပ္ပယုတ္တေ တီဏိ၊ အတ္ထိယာ ပဥ္စ၊ အဝိဂတေ ပဥ္စ။

နောက် န ဥပနိဿယမှု ဝင်တော့ ပကတူပ ပြုတ်သွားပါတယ်။ ဘာ ကျန်တော့မလဲ။ပစ္ဆာ ဟာ ဣ ံ နဲ့ အတ္ထိအတွက် မိဿကကျန်ပါတယ်။ ပစ္ဆာက တီဏိ၊ ဟာ ဣ ံ က ဧကံ။ ဝိပ္ပယုတ္တမှာ ပစ္ဆာကျန်သေးသဖြင့် တီဏိရပါတယ်။ အတ္ထိ အဝိဂတမှာ ပဥ္စပဲ ရပါတယ်။

### ကောဒသက

နကမ္မ ပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရပစ္စယာ နသမနန္တရပစ္စယာ န သဟဇာတ ပစ္စဟာ န အညမည ပစ္စယာ နနိဿယ ပစ္စယာ န ဥပနိဿယ ပစ္စယာ ပစ္ဆာဇာတေ တီဏိ၊ အာဟာရေ ဧကံ၊ ဣန္ဒြိယေ ဧကံ၊ ဝိပ္ပယုတ္တေ တီဏိ၊ အတ္ထိယာ ပဥ္စ၊ အဝိဂတေ ပဥ္စ။

န ပုရေဇာတ ဝင်လာတော့ အာပုရော ဝတ်ပုရော ပြုတ်ပြီးသား ဖြစ်ပါတယ်။ န ပစ္ဆာဇာတ ငင်လိုက်ကြပါစို့။ န ပစ္ဆာဇာတ ဝင်လိုက်တော့ ဘယ်သူ ကျန်တော့မလဲ။ ရုပ်အာဟာရ၊ရူပဇီဝိတိန္ဒြိယပဲ ကျန်ပါတော့တယ်။ န ပစ္ဆာဇာတ ဆိုသဖြင့် မိဿကလဲ မရတော့ပါဘူး။ ဒီတော့ အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတ ဒီ (၄) ပစ္စည်းကိုသာ မှုလီသွတ်ရပါလိမ့်မယ်။ သချာက ဧကံတွေ ဖြစ်ပါတယ်။

### တေရသက

န ကမ္မ ပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရ ပစ္စယာ န သမနန္တရ ပစ္စယာ န သဟဇာတ ပစ္စယာ န အညမည ပစ္စယာ န နိဿယ ပစ္စယာ န ဥပနိဿယ ပစ္စယာ န ပုရေဇာတ ပစ္စယာ န ပစ္ဆာဇာတ ပစ္စယာ အာဟာရေ ဧကံ၊ ဣန္ဒြိယေ ဧကံ၊ အတ္ထိယာ ဧကံ၊ အဝိဂတေ ဧကံ။

နာသေဝန ရောက်လာတော့ မှိသွားပါပြီ။ နောက်က ပြောခဲ့တဲ့ န ဟေတုနဲ့ အားလုံးကုန် တူပါပြီ။ ဒီတော့ နကမ္မကိစ္စ ပြီးကြပါစို့။ နောက်အပတ်မှ နဝိပါက စသည်တွေ ဆိုကြပါစို့။

သာဓု—သာဓု—သာဓု။

## * ပဋ္ဌာန်းကုသလတိက် ပဋ္ဌာဝါရ ပစ္စနီယာနုလောမ သချ်ာခန်း

❁

### နဝိပါကဒုက

နဝိပါကဟာ သဟဇာတမျိုး ဖြစ်ပါသည်။ ကွက်လပ်တွေ ဖြစ်တဲ့ ဝိသဘာဂတွေကို အားလုံးကုန် စုပေါင်းပြီး ဆိုရပါလိမ့်မယ်။

**နဝိပါကမူ အာရမ္မဏ အနန္တရ သမနန္တရ ဥပနိဿယ ပုရေဇာတ ပစ္ဆာဇာတ အာသေဝန နတ္ထိ ဝိဂတ** ဒုကဌ်—အလုံးစုံသော အာရမ္မဏ အစ ရှိသော ပစ္စည်း။ ဤတရားတို့သည် အာရမ္မဏ အစရှိသော ပစ္စည်းသာတပ်၍ ဝိပါကပစ္စည်း မတပ်သောကြောင့် ဝိပါကပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမဌ် နဝိပါကပစ္စယာ အာရမ္မဏေ နဝ၊ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ ဥပနိဿယေ နဝ၊ ပုရေဇာတေ တိဏိ၊ ပစ္ဆာဇာတေ တိဏိ၊ အာသေဝနေ တိဏိ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တဟု သချ်ာ တပ်၍ ဟောအပ်ကုန်၏။

အရကောက်ကြီးမှာဆိုယင် န ဟောတုပဲ နဲနဲပြည့်ပြည့်စုံစုံ ရေးပါတယ်။ နောက်ကျော်လိုက်တဲ့အခါမှာ နောအတ္တိ သွားပြီး ကျော်ပါတယ်။ အရကောက်က အင်မတန်ကျဉ်းပါတယ်။ ပါဠိတော်ကျပြန်တော့လဲ ဒီနဝိပါကမှာ ဒုက တခုပဲ ရေးပြပါတယ်။ ဒုကမှာလဲ အပြည့်အစုံတောင် မဟုတ်ပါဘူး။ ပေယျာလ ထိုးပြီးရေးပါတယ်။ ဘာ့ကြောင့် ပါဠိတော်မှာ ဒီလိုရေးသလဲလို့ အကြောင်းရှာယင် နဝိပါကနဲ့ ဟေကုဟာ အားလုံးကုန် ပါဠိတူပါတယ်။ ပါဠိတွေတူတော့ ကာ ဒါတွေကို ထပ်တလဲလဲ ရေးနေခဲ့ယင် အင်မကာန်ကျယ်ဝန်းပြီး နေပါ

---

* ၁၃၂၉ ခု [illegible] (၁၂)ရက်၊ ၁၉၆[illegible] ခု [illegible] (၂[illegible])ရက်၊ [illegible] ( [illegible])

တယ်။ ဒါကြောင့် အကျဉ်းချုံးတဲ့နေရာ ဌာနမှာလဲ ပါဠိတော်က အကျဉ်းချုံးပါတယ်။ ဒါပေတဲ့ ယခုပို့ချတဲ့ နေရာမှာ ဆိုတဲ့ပုဂ္ဂိုလ်တွေ သရုပ်ကလေး အမြင်သန့်ပြီးလာအောင် ဒုကအတွက် အကျယ်ပဲ ပို့ချပေးပါမယ်။ ဟေတုထဲမှာ ဝိပါကနှုတ်တော့ ဝိပါက်ဟိတ် ၃ပါး ဟာ သဘာဂ ဖြစ်ပါတယ်။ သဘာဂ ဖြစ်တော့ ဘာကျန်သလဲ။ နဝိပါက ဆိုသဖြင့် ပဋိသန္ဓေ ကမ္မဇရုပ် ဘယ်တော့မှ မရတော့ပါဘူး။ ကျန်တဲ့တရားတွေ ဆိုပြပါမယ်။ သင်္ချာတွေကတော့ မူလိမှာ ရှိတဲ့ သင်္ချာအတိုင်း ဘာမှမထူးပါဘူး။

**နဝိပါကမူ ဟေတုဒုကဌ်**—သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အား တတ်သော ကုသိုလ် အကုသိုလ် ကြိယာဉ်ရှိသော ဟိတ် ၆ပါး။ ဤတရားတို့သည် ဟေတုပစ္စည်းသာတပ်၍ ဝိပါက ပစ္စည်း မတပ်သောကြောင့် ဝိပါကပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမဥ္ဇ နဝိပါက ပစ္စယာ ဟေတုယာ သတ္တဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အငယ်ထဲမှာ ဝိပါက နှုတ်မယ်ဆိုယင် 'သမ္ပယုတ္တခန္ဓာနှင့် ဆိုင်ရာဖြစ်တဲ့ စိတ္တဇရုပ် ရပါတယ်။ ပဋိသန္ဓေကမ္မဇရုပ် မရတော့ပါဘူး။ အဲဒီလို သမ္ပယုတ္တခန္ဓာနှင့် စိတ္တဇရုပ်ကို တပ်တဲ့အခါမှာ နဝိပါကလို့ ဆိုသဖြင့် ကုသိုလ် အကုသိုလ် ကြိယာပဲ ကျန်ပါတော့တယ်။ အဓိပတိကျတော့ အာဓိဟာ မဆိုင်ပါဘူး။ သဟာဓိထဲမှာသာလျှင် နှုတ်ရပါမယ်။ သဟာဓိထဲက နှုတ်လိုက်တော့ ဖိုလ်လေး ခုမှာရှိတဲ့ အဓိပတိ တရားကိုယ် ၄ပါးဟာ သဘာဂ ဖြစ်ပါတယ်။

**အဓိပတိ ဒုကဌ်**—အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တတ်သော သာဓိပတိ ကုသိုလ်အကုသိုလ်ကြိယာဉ်ရှိသော အဓိပတိ တရားကိုယ် ၃ပါး ၄ပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာ ဓိပတိပစ္စည်း။ အဓိပတိယာ ဒသ။

သဟဇာတ ထဲကျတော့ ယခင်က နှုတ်ခဲ့ပြီးပါပြီ။

**သဟဇာတဒုကဌ်**—ဝိပါက ပစ္စည်းမှတပါး အလုံးစုံသော သဟဇာတ ပစ္စည်း။ သဟဇာတေ နဝ။

အညမညထဲ နှုတ်တော့ ဝိပါကကလေး ပြုတ်သွားတော့ အချင်းချင်း တတ်တဲ့ နေရာမှာ ကုသိုလ် အကုသိုလ် ကြိယာပဲ ကျန်ပါလိမ့်မယ်။ ဒုတိယ အချက်ကတော့ ဝိပါကနဲ့ မဆိုင်ပါဘူး။ တတိယ အချက်ကတော့ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာအား တတ်သော ဟဒယဝတ္ထုလို့ ကျန်ပါတယ်။

**အညမည ဒုကဌ်**—အချင်းချင်းအား ကျေးဇူးပြုကုန်သော အလုံးစုံသော ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားတတ်သော မဟာ

ဘုတ်လေးပါး။ ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအား တတ်သော ဟဒယ ဝတ္ထု။ အညမညေ တီဏိ။

နိဿယထဲနှုတ်တော့ သဟဇာတ နိဿယထဲမှာသာ နှုတ်ရပါတယ်။ ကျန်တာတွေ အကုန်လုံး ဆိုလိုက်ရရုံပါပဲ။ သချ်ာကလဲ တေရသ ပါပဲ။

**နိဿယ** ဒုက**ဒ္ဒ**—အလုံးစုံသော ဝတ္ထာရမ္မဏ ပစ္စည်း။ ဝိပါက ပစ္စည်းမှ တပါး အလုံးစုံသော သဟဇာတနိဿယ၊ ဝတ္ထုပုရေဇာတ နိဿယ၊ သဟဇာတ ပုရေဇာတမိဿက ပစ္စည်း။ နိဿယေ တေရသ။

ကမ္မမှာလဲ ထုံးစံအတိုင်းပါပဲ။

**ကမ္မ** ဒု**ကဒ္ဒ**—သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အားတတ်သော ကုသိုလ် အကုသိုလ် ကြိယာ၌ ရှိသော စေတနာဟု ဆိုအပ်သော သဟဇာတ ကမ္မ၊ အနန္တရ **ကမ္မ**၊ ဗလဝနာနာက္ခဏိက ကမ္မ၊ ဗလဝ ဒုဗ္ဗလနာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ သတ္တ။

အငယ်တွေမှာ နှုတ်ယင် ဒီအတိုင်းချည်းပါပဲ။

**အာဟာရ** ဒု**ကဒ္ဒ**—သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အားတတ်သော ကုသိုလ် အကုသိုလ် ကြိယာ၌ရှိသော နာမ်အာဟာရ တရားကိုယ် ၃ ပါးဟု ဆိုအပ်သော နာမ်အာဟာရပစ္စည်း။ ရုပ်အာဟာရ ပစ္စည်း။ အာဟာရေ သတ္တ။

**ဣန္ဒြိယ** ဒု**ကဒ္ဒ**—သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အား တတ်သော ကုသိုလ် အကုသိုလ် ကြိယာ၌ရှိသော နာမ်ဣန္ဒြေ တရားကိုယ် ၈ ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယပစ္စည်း။ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ သတ္တ။

**ဈာန** ဒု**ကဒ္ဒ**—သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အားတတ်သော ကုသိုလ် အကုသိုလ် ကြိယာ၌ရှိသော ဈာနင် တရားကိုယ် ၅ ပါး။ ဈာနေ သတ္တ။

**မဂ္ဂ** ဒု**ကဒ္ဒ**—သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတတ်သော ကုသိုလ် အကုသိုလ် ကြိယာ၌ရှိသော မဂ္ဂင် တရားကိုယ် ၉ ပါး။ မဂ္ဂေ သတ္တ။

သမ္ပယုတ္တ ဖုလိသွတ်တော့ ဝိပါက မဟုတ်တဲ့ ကုသိုလ် အ ကုသိုလ် ကြိယာပဲ ကျန်ပါတယ်။

**သမ္ပယုတ္တ** ဒု**ကဒ္ဒ**—အချင်းချင်းအား တတ်သော ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာ လေးပါး။ သမ္ပယုတ္တေ တီဏိ။

ဝိပ္ပယုတ္တကျတော့ သဟဝိပ်ထဲမှာ ပိပါက နှုတ်ရပါလိမ့်မယ်။ ဝိပါက နှုတ်ရေ[illegible]ထုံးစံအတိုင်း ကုသိုလ် အကုသိုလ် ကြိယာတွေကျန်ပါတယ်။ ပဋိသန္ဓေ [illegible]ရှိပါဘူး။ [illegible] [illegible] [illegible] ဝိပါက [illegible]

နဝိပါက ဖြစ်နေခြင်းကြောင့် ကြည့်စရာမလိုပါဘူး။ ကျန်တာတွေ အကုန်ဆိုရပါတယ်။

**ဝိပ္ပယုတ္တ ဒုကဒ္ဒ**—အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ စိတ္တဇရုပ်အား တတ်သော ပဉ္စဝေါကာရတုံ၌ ဖြစ်သောအခါ ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ လေးပါး။ (ဒါက ပဌမအချက်) ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာအား တတ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တ၊ ပုရေဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ ဝိပ္ပယုတ္တေ ပဥ္စ။

အတ္ထိ အဝိဂတကျတော့ သဟဇာတထဲ ဝိပါက နှုတ်ရရုံပါပဲ။

**အတ္ထိ အဝိဂတ ဒုကဒ္ဒ**—အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ၊ ဝိပါက ပစ္စည်းမှတပါး သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ သဟဇာတ ပုရေဇာတမိဿက၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယမိဿက ပစ္စည်း။ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

## အဋ္ဌက

န ဟေတုမှု ဝင်လာတော့ တိကဖြစ်ပါတယ်။ တိကအတွက် မထူးပါဘူး။ သူ့ဆိုင်ရာ သဘာဂတွေကို နောက်နောက်က ဆိုခဲ့တဲ့အတိုင်း ထပ်ပြီး နှုတ်ရရုံပါပဲ။ နာရမ္မဏမှု ဝင်လာတဲ့အခါမှာ အာရမ္မဏမျိုး ပြုတ်သွားပါတယ်။ အာရမ္မဏမျိုး ပြုတ်ခြင်းကြောင့် အဓိပတိမှာ သင်္ချာဟာ သတ္တပဲရပါတော့တယ်။ ဒသ မရတော့ပါဘူး။ ကျန်တဲ့ မူလိပစ္စည်းတွေကတော့ သူတို့ရဲ့ သုဒ္ဓ သင်္ချာအတိုင်းပဲ ဖြစ်ပါသေးတယ်။ နောက် နာဓိပတိမှု ဝင်ပြန်တော့လဲ သင်္ချာတွေ မထူးပါဘူး။ နာနန္တရ န သမနန္တရမှု ဝင်ပြန်တော့လဲ အနန္တရမျိုး ပြုတ်ရုံပဲ ထူးပါတယ်။ ဒီတော့ နသဟဇာတမှု တခု ဝင်လိုက်ကြပါဦးစို့။ ပါဠိတော်ကတော့ ခုနက ပြောခဲ့တဲ့အတိုင်း ဒုကပဲ သာမည ရေးပါတယ်။ နသဟဇာတမှု ဝင်လာတဲ့ အခါမှာ အာရမ္မဏမျိုး သဟဇာတမျိုး အနန္တရမျိုး ပြုတ်သွားပါပြီ။ သဟဇာတ ပုရေဇာတ မိဿကလဲ မရတော့ပါဘူး။ အညမညကို မူလီသွတ်လို့ မရပါဘူး။

**နဝိပါက နဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ နသမနန္တရ နသဟဇာတမှု နိဿယ အဋ္ဌကဒ္ဒ**-(အာရမ္မဏ သဟဇာတ ပြုတ်တော့ ပုရေကလေး ကျန်ပါတယ်) အလုံးစုံသော ဝတ္ထုပုရေဇာတ နိဿယပစ္စည်း။ ဤ တရားတို့သည် နိဿယ ပစ္စည်းသာတပ်၍ ဝိပါက အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဝိပါက အစရှိသော ပစ္စည်းတို့ တွန်း၍ ငင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နုလောမ၌ နဝိပါက ပစ္စယာ န ဟေတုပစ္စယာ နာရမ္မဏ ပစ္စယာ နာ

ဓိပတိ ပစ္စယာ နာနန္တရ ပစ္စယာ နသမနန္တရ ပစ္စယာ နသဟဇာတ ပစ္စယာ နိဿယေ တီဏိ ဟု သချာတပ်၍ ဟောအပ်ကုန်၏။

ကျန်တာက ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဣံနဲ့ မိဿက ၂မျိုး ကျန်ပါတယ်။ သူတို့ရတဲ့ တရားတွေရဲ့ မူလိတွေကိုသာ သွတ်ရပါတယ်။

**ဥပနိဿယ အငှကဉ်**—အနန္တရ ကမ္မမှ တပါး အလုံးစုံသော ပကတူပ နိဿယ ပစ္စည်း။ ဥပနိဿယေ နဝ။

**ပုရေဇာတ အငှကဉ်**—အလုံးစုံသော ဝတ္ထုပုရေဇာတ ပစ္စည်း။ ပုရေဇာတေ တီဏိ။

**ပစ္ဆာဇာတ အငှကဉ်**—အလုံးစုံသော ပစ္ဆာဇာတ ပစ္စည်း။ ပစ္ဆာဇာတေ တီဏိ။

**ကမ္မ အငှကဉ်**—အနန္တရ ကမ္မမှတပါး ဗလဝ နာနာက္ခဏိက ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ ဒွေ။

**အာဟာရ အငှကဉ်**—အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ အာဟာရေ ဧကံ။

**ဣန္ဒြိယ အငှကဉ်**—ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ ဧကံ။

**ဝိပ္ပယုတ္တ အငှကဉ်**—ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ ဝိပ္ပယုတ္တေ ပဉ္စ။

**အတ္ထိ အဝိဂတ အငှကဉ်**—ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတာတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယာတ္ထိ၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

န အညမညမှု သွင်းတော့လဲ အတူတူပါပဲ။ န နိဿယမှု ဝင်လာတဲ့ အခါမှာ ဝတ္ထုမျိုး ပြုတ်တာပဲ ထူးပါတယ်။ ဝတ္ထုမျိုး ပြုတ်ခြင်းကြောင့် ပုရေကို မူလိသွတ်လို့ မရပါဘူး။ ဝတ္ထုမျိုးပြုတ်တော့ ဝိပ္ပယုတ္တမူလိမှာ ပစ္ဆာ ဇာတ ဝိပ္ပယုတ္တ ကျန်ပါတယ်။ သချာ ဧကံ။ အတ္ထိ အဝိဂတ မူလိမှာ ပစ္ဆာဇာတ အာဟာရ ဣန္ဒြိယ မိဿက (၂) မျိုး ကျန်သဖြင့် သချာ ပဉ္စ။ ဒါပဲ ထူးပါတယ်။ ကျန်တာတွေကတော့ န ဟေတုနဲ့ အားလုံးကုန် တူကြ ပါတယ်။ န ဝိပါက ကိစ္စ ပြီးကြပါစို့။

## နာ အာဟာရ ဒုက

န အာဟာရမှာ ပါဠိတော်က ဒုက၊ ကုမ်၊ တေကုမ်၊ ပါဠိလာထောက် ကြ...။ န အာဟာရမှာ ပစ္စည်းရဲ့ ...သချာ အကိုင်း သဘာဂတော (၁၁)

ပစ္စည်းရှိပါတယ်။ သူရဲ့ သဘာဂမဟုတ်တဲ့ ကွက်လပ်တွေကို တခါတဲပဲ မှုလိသွတ်လိုက်ကြပါစို့။ ကွက်လပ်တွေ မှုလိသွတ်ရုံတင်မကဘူး၊ သဟဇာတ မျိုးထဲကလဲ ဟေတုရယ်၊ ဈာနရယ်၊ မဂ္ဂရယ် ဒါတွေဟာ အာဟာရနဲ့ သဘာဂ မဟုတ်ပါဘူး။ ဒါ့ကြောင့် ဟေတု ဈာန မဂ္ဂပါ သွင်းပြီး မှုလိသွတ်လိုက်ကြ ပါစို့။

**န အာဟာရမူ ဟေတု၊ အာရမ္မဏ အနန္တရ သမနန္တရ ဥပနိဿယ ပုရေ ဇာတ ပစ္ဆာဇာတ အာသေဝန ဈာန မဂ္ဂ နတ္ထိ ဝိဂတ ဒုက**—အလုံးစုံသော ဟေတု အာရမ္မဏ အစရှိသောပစ္စည်း။ ဤတရားတို့သည် ဟေတု အာရမ္မဏ အစရှိသော ပစ္စည်းသာတပ်၍ အာဟာရပစ္စည်း မတပ်သောကြောင့် အာဟာရ ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န အာဟာရပစ္စယာ ဟေတုယာ သတ္တ၊ အာရမ္မဏေ နဝ၊ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ ဥပနိဿယေ နဝ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ အာသေဝနေ တီဏိ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အဓိပတိနဲ့ကျတော့ စိတ္တာဓိပတိဟာ သဘာဂ ဖြစ်ပါတယ်။ အဓိပတိ တရားကိုယ် (၃) ပါးပဲ ရှိပါတော့တယ်။ အာဓိနဲ့ မဆိုင်ပါဘူး။

**အဓိပတိ ဒုက**—အလုံးစုံသော အာရမ္မဏာဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော စိတ္တာဓိပတိမှတပါး အဓိပတိတရားကိုယ် (၃) ပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ အဓိပတိယာ ဒသ။

**သဟဇာတ ဒုက**—နာမ်အာဟာရမှတပါး အလုံးစုံသော သဟဇာတ ပစ္စည်း။ သဟဇာတေ နဝ။

**အညမည ဒုက**—နာမ်အာဟာရတရားကိုယ် (၃) ပါးမှ တပါး အလုံး စုံသော အညမညပစ္စည်း။ အညမညေ တီဏိ။

**နိဿယ ဒုက**—အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ နာမ်အာဟာရမှ တပါး အလုံးစုံသော သဟဇာတ နိဿယ၊ ဝတ္ထုပုရေဇာတ နိဿယ၊ သဟ ဇာတ ပုရေဇာတ မိဿကပစ္စည်း။ နိဿယေ တေရသ။

ကမ္မထဲမှာ နာမ်အာဟာရနုတ်လို့ မရပါဘူး။ သဟဇာတ ကမ္မမှာ စေတနာ ရှိပါတယ်။ ဒီစေတနာဟာ နာမ်အာဟာရမှာရှိသဖြင့် သဟဇာတ ကမ္မ ပြုတ်သွား ပါတယ်။ ကျန်တဲ့ ကမ္မ (၃) မျိုး ဆိုရပါလိမ့်မယ်။ သင်္ချာ ဒွေပါ။

**ကမ္မ ဒုက**—အလုံးစုံသော အနန္တရ ကမ္မ၊ ဗလဝ နာနာက္ခဏိက ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ ဒွေ။

**ဝိပါက ဒုက္ခ**—ဝိပါက်၌ရှိသော နာမ်အာဟာရ တရားကိုယ် (၃)ပါးမှတပါး အလုံးစုံသော ဝိပါကပစ္စည်း။ ဝိပါကေ ဧကံ။

ဣန္ဒြိယကျတော့ကာ မနိန္ဒြေနဲ့ ဝိညာဏာဟာရ သဘာဝဖြစ်ပါတယ်။ ဣန္ဒြေတရားကိုယ် (၇) ပါးပဲ ကျန်ပါတော့တယ်။

**ဣန္ဒြိယ ဒုက္ခ**—မနိန္ဒြေမှတပါး နာမ်ဣန္ဒြေတရားကိုယ် (၇) ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ သတ္တ။

**သမ္ပယုတ္တ ဒုက္ခ**—နာမ်အာဟာရ တရားကိုယ် (၃)ပါးမှတပါး အလုံးစုံသော သမ္ပယုတ္တပစ္စည်း။ သမ္ပယုတ္တေ တီဏိ။

**ဝိပ္ပယုတ္တ ဒုက္ခ**—အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။နာမ်အာဟာရ တရားကိုယ် (၃) ပါးမှတပါး အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ ပဉ္စ။

အတ္ထိ အဝိဂတကျတော့ သဟဇာတတ္ထိထဲမှာ နာမ်အာဟာရ နှုတ်ရပါတယ်။ ရုပ်အာဟာရတ္ထိ ပြုတ်သွားပါပြီ။ ရုပ်အာဟာရတ္ထိ ပြုတ်သွားသဖြင့် ပစ္ဆာဇာတာဟာရ မိဿကလဲ မရတော့ပါဘူး။ ကျန်တဲ့ မိဿက (၂) မျိုးပဲ ရပါတယ်။ သင်္ချာကတော့ မထူးပါဘူး။ တေရသပဲ ရှိပါတယ်။

**အတ္ထိ အဝိဂတ ဒုက္ခ**—အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ၊ နာမ်အာဟာရမှတပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

နောက် န ဟေတုမှု ဝင်သဖြင့် မထူးပါဘူး။ သင်္ချာတွေ အတူတူပါပဲ။ နာရမ္မဏမှု ဝင်လိုက်ကြပါစို့။ စတုက္က။ ပါဠိတော်ကလဲ စတုက္ကကို ရေးပါတယ်။ နာရမ္မဏမှု ဝင်လာတော့ အာရမ္မဏမျိုး ပြုတ်တာပါပဲ။ ဆိုင်ရာဖြစ်တဲ့ ဟေတုရဲ့ သဘာဝကို ထပ်ပြီး နှုတ်ရရုံပဲ ထူးပါတယ်။

စတုက္က

**န အာဟာရ န ဟေတု နာရမ္မဏမူ အဓိပတိ စတုက္က၌**—(ဒုကတုန်းက စိတ္တာဓိပတိ တခု ပြုတ်သွားပြီ။ န ဟေတုမူ ဝင်လာတဲ့အခါ ဝီမံသာဓိပတိကလဲ ပြုတ်သွားပြန်ပြီ။ ဒီတော့ ဘယ်သူကျန်တော့လဲ။ ဆန္ဒနဲ့ ဝီရိယာဓိပတိပဲ ကျန်ပါတော့တယ်။ ကျန်တဲ့ ဆန္ဒနဲ့ ဝီရိယာဓိပတိကို ဖော်ပြီး ဆိုလိုက်ကြပါစို့)။ ဘုတ္တဒုက္ကဒွာ အဓိပတိ ရှိကြောင်း [illegible] ဆန္ဒာဓိပတိ ဝီရိယာဓိပတိဟု ဆိုအပ်သော အဓိပတိတရားကိုယ် (၂) ပါးတို့ကို ကပါးပါး။

ဤတရားတို့သည် အဓိပတိပစ္စည်းသာတပ်၍ အာဟာရ ဟေတု အာရမ္မဏ ပစ္စည်းတို့ မတတ်သောကြောင့် အာဟာရ ဟေတု အာရမ္မဏပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န အာဟာရ ပစ္စယာ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ အဓိပတိယာ သတ္တဟု သင်္ချာ တပ်၍ ဟောအပ်ကုန်၏။

အနန္တရ စသည်တွေ သဘာဂ မဟုတ်ပါဘူး။

**အနန္တရ သမနန္တရ နတ္ထိ ဝိဂတ စတုက္က၌**—အလုံးစုံသော အနန္တရ အစ ရှိသော ပစ္စည်း။ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ။

သဟဇာတကျတော့ ဟေတုနဲ့ နာမ်အာဟာရ နှုတ်ရပါလိမ့်မယ်။

**သဟဇာတ စတုက္က၌**—အလုံးစုံသော **နာမ်အာဟာရ၊ ဟေတုပစ္စည်းမှ** တပါး သဟဇာတပစ္စည်း။ သဟဇာတေ နဝ။

နောက်က ပြောခဲ့တဲ့အတိုင်း သဟဇာတ အကြီးထဲဆိုယင် အငယ်ဖြစ်တဲ့ ပစ္စည်း ပစ္စယုပ္ပန်တွေ အကုန်ဝင်ပါတယ်။ အလတ်တွေထဲမှာ မဝင်ပါဘူး။ အလတ်တွေထဲမှာ မဝင်နိုင်သဖြင့် ဟေတုပစ္စည်း၊ နာမ်အာဟာရပစ္စည်းရယ်လို့ မဆိုရပါဘူး။

**အညမည စတုက္က၌**—ဟိတ်(၆) ပါး နာမ်အာဟာရတရားကိုယ်(၃)ပါးမှ တပါး အလုံးစုံသော အညမညပစ္စည်း။ အညမညေ တီဏိ။

နိဿယလဲ အတူတူပါပဲ။ အာရမ္မဏကွက်ကတော့ ပြုတ်နေပါပြီ။

**နိဿယ စတုက္က၌**—နာမ်အာဟာရ ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတ နိဿယ၊ ဝတ္ထုပုရေဇာတ နိဿယပစ္စည်း။ သဟဇာတ ပုရေဇာတ မိဿကပစ္စည်း။ နိဿယေ တေရသ။

**ဥပနိဿယ စတုက္က၌**—အလုံးစုံသော အနန္တရူပ နိဿယ၊ ပကတူပ နိဿယ ပစ္စည်း။ ဥပနိဿယေ နဝ။

**ပုရေဇာတ စတုက္က၌**—အလုံးစုံသော ဝတ္ထုပုရေဇာတပစ္စည်း။ ပုရေဇာ တေ တီဏိ။

**ပစ္ဆာဇာတ စတုက္က၌**—အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတေ တီဏိ။

**အာသေဝန စတုက္က၌**—အလုံးစုံသော အာသေဝနပစ္စည်း။ အာသေဝနေ တီဏိ။

ကမ္မကလဲ ခုနက ဒုကအတိုင်းပါပဲ။ ဘာမှ မထူးပါဘူး။

**ကမ္မ စတုက္ကဒ္ဓ**—အလုံးစုံသော အနန္တရ ကမ္မ၊ ဗလဝ နာနာက္ခဏိက ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ ဒွေ။

**ဝိပါက စတုက္ကဒ္ဓ**—ဝိပါက်ဒ္ဓရှိသော နာမ်အာဟာရ တရားကိုယ်(၃)ပါး၊ ဟိတ် (၃) ပါးမှတပါး အလုံးစုံသော ဝိပါကပစ္စည်း။ ဝိပါကေ ဧကံ။

ဣန္ဒြိယကျတော့ ဟေတုပါ ထပ်နှုတ်ရတော့ ဟေတုက အမောဟဟာ ဒီက ပညာနဲ့ တူပါတယ်။ နာမ်အာဟာရတုန်းက မနိန္ဒြေလဲ တူနေတော့ကာ နာမ်ဣန္ဒြေ (၆) ပါးပဲ ကျန်ပါတော့မယ်။

**ဣန္ဒြိယ စတုက္ကဒ္ဓ**—အမောဟ ဝိညာဏာဟာရမှတပါး နာမ်ဣန္ဒြေ (၆) ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယေ သတ္တ။

**ဈာန စတုက္ကဒ္ဓ**—(သဘာဂ မဟုတ်ပါဘူး) အလုံးစုံသော ဈာနပစ္စည်း။ **ဈာနေ** သတ္တ။

မဂ္ဂဟာ အမောဟနဲ့ သဘာဂ ဖြစ်ပါတယ်။ မဂ္ဂင်တရားကိုယ် ရှစ်ပါး ကျန်ပါတော့မယ်။

**မဂ္ဂ စတုက္ကဒ္ဓ**—အမောဟမှတပါး မဂ္ဂင်တရားကိုယ် ရှစ်ပါး။ မဂ္ဂေ သတ္တ။

**သမ္ပယုတ္တ စတုက္ကဒ္ဓ**—နာမ်အာဟာရ တရားကိုယ် (၃) ပါး၊ ဟိတ် (၆) ပါးမှတပါး အလုံးစုံသော သမ္ပယုတ္တပစ္စည်း။ သမ္ပယုတ္တေ တီဏိ။

ဝိပ္ပယုတ္တလဲ ဒီအတိုင်းပါပဲ။

**ဝိပ္ပယုတ္တ စတုက္ကဒ္ဓ**—နာမ်အာဟာရ တရားကိုယ်(၃)ပါး၊ ဟိတ်(၆)ပါးမှ တပါး အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ ပဉ္စ။

**အတ္ထိ အဝိဂတ စတုက္ကဒ္ဓ**—နာမ်အာဟာရ၊ ဟေတုမှတပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

ဒုက

ဒီ ဒုကမှာ နာမ်ဖြစ်တာ ဝင်လာတဲ့အတွက် သချ်ာသည် အမိပတိမှာ
17 (A) သဟာဇိအတွက် သတ္တပဲ ကူးပါတယ်။ ကျန်တာတွေဟာ ဒုကနဲ့ အတူတူပါပဲ။

နောက် နာဓိပတိမှု ဝင်လာလဲ မထူးပါဘူး။ နာနန္တရ၊နသမနန္တရမှု ဝင်လာခဲ့လို့ရှိယင်လဲ မထူးပါဘူး။ ဆိုင်ရာ မူလီတွေသာ ပြုတ်ပါတယ်။ န သဟဇာတ၊ န အညမညမှု ဝင်လာပြန်တော့ သဟဇာတမျိုး ပြုတ်သွားပါပြီ။ ကျန်တာတွေကို ခုနက အတိုင်းပဲ ဆိုရပါလိမ့်မယ်။ ဒီတော့ န နိဿယ တိုင်အောင်ပဲ မူလီ သွတ်လိုက်ကြပါစို့။ န နိဿယမှု ဝင်လာတဲ့အခါမှာ ဘာကျန်တော့မလဲ။ ပကတူပ ကျန်တယ်၊ ပစ္ဆာကျန်မယ်၊ ကံ ကျန်မယ်၊ ဣ ကျန်မယ်။ ပြီးတော့ ပစ္ဆာဇာတိန္ဒြိယ မိဿက ကျန်ပါသေးတယ်။ အဲဒီကျန်တာတွေကို ကြည့်ပြီး မူလီသွတ်ရပါလိမ့်မယ်။

**န အာဟာရန ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟဇာတ န အညမည န နိဿယမှု ဥပနိဿယ ဒသက၌**—အနန္တရ ကမ္မမှတပါး အလုံးစုံသော ပကတူပ နိဿယပစ္စည်း။ ဤတရားတို့သည် ဥပနိဿယပစ္စည်းသာ တပ်၍ အာဟာရ အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် အာဟာရအစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န အာဟာရပစ္စယာ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ နာနန္တရပစ္စယာ န သမနန္တရပစ္စယာ န သဟဇာတပစ္စယာ န အညမညပစ္စယာ န နိဿယပစ္စယာ ဥပနိဿယေ နဝဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ပုရေဇာတ မူလီသွတ်လို့ မရတော့ပါဘူး။ န နိဿယမှု ဝင်လာသဖြင့် ဝတ္ထုပုရေဇာတမျိုး ပြုတ်သွားပါပြီ။ ကျန်တာ ပကတူ ပစ္ဆာ ကံ ဣ နှင့် မိဿက တခုပဲ ကျန်ပါတယ်။

**ပစ္ဆာဇာတ ဒသက၌**—အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတေ တီဏိ။

**ကမ္မ ဒသက၌**—အနန္တရ ကမ္မမှတပါး ဗလဝ နာနာက္ခဏိက ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ ဒွေ။

**ဣန္ဒြိယ ဒသက၌**—အလုံးစုံသော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ ဧကံ။

**ဝိပ္ပယုတ္တ ဒသက၌**—အလုံးစုံသော ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ တီဏိ။

အတ္ထိ အဝိဂတကျတော့ ပစ္ဆာ ကျန်ပါသေးတယ်။ ရူပဇီဝိတိန္ဒြိယ ကျန်သေးတယ်။ မိဿက တမျိုး ကျန်သေးတယ်။ ဒီတော့ သင်္ချာဟာ ပဉ္စ ရှိပါသေးတယ်။

**အတ္ထိ အဝိဂတ ဒသကဉ်**—အလုံးစုံသော ပစ္ဆာဇာတတ္ထိ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိယာ ပဉ္စ၊ အဝိဂတေ ပဉ္စ။

န ဥပနိဿယမှု ဝင်လာတော့ ပကတူပ ပြုတ်သွားပါပြီ။ ဘယ်သူ ကျန်တော့မလဲ။ ပစ္ဆာ ကံ ဣ မိဿက တမျိုး ကျန်ပါတယ်။ မထူးပါဘူး။ နောက် န ပုရေဇာတမှု ဝင်လာတဲ့အခါမှာလဲ မထူးပါဘူး။ န ပစ္ဆာဇာတမှု ဝင်လာတော့ကာ ကံ ဣ ပဲ ကျန်ပါတော့တယ်။ န ပစ္ဆာဇာတ ဖြစ်ခြင်းကြောင့် မိဿက မရတော့ပါဘူး။ န ပစ္ဆာဇာတတိုင်အောင် မှတ်သွင်းလိုက်ကြပါစို့။

## တေရသက

န အာဟာရ န **ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ နသမနန္တရ န သဟဇာတ န** အညမည န **နိဿယ နဥပနိဿယ န ပုရေဇာတ န ပစ္ဆာဇာတမှု ကမ္မ တေရသကဉ်**—ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ဤတရားတို့သည် ကမ္မပစ္စည်းသာတပ်၍ အာဟာရ အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် အာဟာရ အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န အာဟာရပစ္စယာ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ နာနန္တရပစ္စယာ န သမနန္တရပစ္စယာ န သဟဇာတပစ္စယာ န အညမညပစ္စယာ န နိဿယပစ္စယာ န ဥပနိဿယပစ္စယာ န ပုရေဇာတပစ္စယာ န ပစ္ဆာဇာတပစ္စယာ ကမ္မေ ဒွေဟု သချာတပ်၍ ဟောအပ်ကုန်၏။

ပြီးတော့ မှတ်သွတ်စရာက ဣန္ဒြိယ အတ္ထိ အဝိဂတပဲ ရှိပါတော့တယ်။ ရူပဇီဝိတိန္ဒြိယတခုပဲ ရှိပါတော့တယ်။ သူ့ကို တခါထဲ သွတ်လိုက်ကြပါစို့။

**ဣန္ဒြိယ အတ္ထိ အဝိဂတ တေရသကဉ်**—အလုံးစုံသော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ ဧကံ၊ အတ္ထိယာ ဧကံ၊ အဝိဂတေ ဧကံ။

နာသေဝနမှု ဝင်လာတော့ မထူးပါဘူး။ ပြုတ်ပြီးသားပါ။ န ကမ္မမှု ဝင်လာတော့ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ ပြုတ်သွားပါတယ်။ ဣန္ဒြိယ တခုပဲ ကျန်ပါတော့တယ်။ ဣန္ဒြိယ အတ္ထိ အဝိဂတ ဒီပစ္စည်း (၃) မျိုးကိုသာ မှတ်သွင်းနိုင်ပါတယ်။ န ဝိပါကမှု ဝင်လာတော့လဲ မထူးပါဘူး။ န ဣန္ဒြိယ ကိုတော့ မှတ်သွတ်လို့ မရပါဘူး။ န အာဟာရပစ္စည်းမှာ သ အာဟာရ သ ဣန္ဒြိယရယ်လို့ (၂) မျိုး မရှိပါဘူး။ သ အာဟာရ တမျိုးသာလျှင် ရှိပါတယ်။ ဣန္ဒြိယနဲ့တွဲပြီး သ ဣန္ဒြိယလို့ ဟောစရာ မလိုပါဘူး။ ဒီတော့ ဣန္ဒြိယချန်ပြီး ဈာနမှုသွင်း၊ မဂ္ဂမှုသွင်း၊ သမ္ပယုတ္တမှုသွင်း၊ မထူးပါဘူး။ ဝိပ္ပယုတ္တမှုသွင်း ပြုတ်ပြီးပါပြီ၊ အတ္ထိ အဝိဂတကိုတော့ မှုသွင်းလို့ မရပါဘူး။ အတ္ထိ အဝိဂတမှု သွင်းယင် သူ့မှာ ရူပဇီဝိတိန္ဒြိယ တခုပဲ ကျန်ပါတယ်။ သူ့ကို မှုသွင်းလိုက်ယင်

တရားကျန်စရာ မရှိတော့ပါဘူး။ ဒါကြောင့် မသွင်းနိုင်ပါဘူး။ နတ္ထိ ဝိဂတမှု သွင်းတဲ့အခါမှာ ဣန္ဒြိယ အတ္ထိ အဝိဂတ ကျန်ပါတယ်။ အဲဒီ ဗာဝီသကကို ပါဠိတော်က ရေးပါတယ်။

## ဗာဝီသက

**န အာဟာရ န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟဇာတ န အညမည န နိဿယ န ဥပနိဿယ န ပုရေဇာတ န ပစ္ဆာဇာတ နာသေဝန န ကမ္မ န ဝိပါက န ဈာန န မဂ္ဂ န သမ္ပယုတ္တ နော နတ္ထိ နောဝိဂတမှု ဣန္ဒြိယ အတ္ထိ အဝိဂတ ဗာဝီသကဥ်—အလုံးစုံသော ရူပဇီဝိတိန္ဒြိယပစ္စည်း။** ဤတရားတို့သည် ဣန္ဒြိယ အတ္ထိ အဝိဂတ ပစ္စည်းသာတပ်၍ အာဟာရ အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် အာဟာရ အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမဥ် န အာဟာရ ပစ္စယာ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ နာနန္တရပစ္စယာ န သမနန္တရပစ္စယာ န သဟဇာတပစ္စယာ န အညမညပစ္စယာ န နိဿယပစ္စယာ န ဥပနိဿယပစ္စယာ န ပုရေဇာတပစ္စယာ န ပစ္ဆာဇာတပစ္စယာ နာသေဝန ပစ္စယာ န ကမ္မပစ္စယာ န ဝိပါကပစ္စယာ န ဈာနပစ္စယာ န မဂ္ဂပစ္စယာ န သမ္ပယုတ္တပစ္စယာ န ဝိပ္ပယုတ္တပစ္စယာ နော နတ္ထိပစ္စယာ နော ဝိဂတပစ္စယာ ဣန္ဒြိယေ ဓေကံ၊ အတ္ထိယာ ဓေကံ၊ အဝိဂတေ ဓေကံဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

န အာဟာရပစ္စည်းမှာ သ အာဟာရ+သ ဣန္ဒြိယ မရှိသလို န ဣန္ဒြိယ ပစ္စည်းမှာလဲ သဣန္ဒြိယ + သအာဟာရ ရှိမှာမဟုတ်ပါဘူး။ န အာဟာရ တုန်းကလို ဒီမှာလဲပဲ ဗာဝီသက တိုင်အောင် ရေးပါတယ်။ ရေးပြန်တော့လဲ ဒုကအတွက်ကိုတော့ ခပ်ကျဉ်းကျဉ်းပဲ ရေးပါတယ်။ ဒုကကကျော်ပြီး န အာဟာရ အသွားမျိုး ဖြစ်ခြင်းကြောင့် ဗာဝီသကကို ရေးပါတယ်။ ဒီတော့ န ဣန္ဒြိယကို ဆိုလိုက်ကြပါစို့။

## နဣန္ဒြိယ ဒုက

န ဣန္ဒြိယ ဆိုတော့ န ဣန္ဒြိယမှာ သဟဇာတိန္ဒြိယ သဟဇာတမျိုး ဖြစ်ပါတယ်။ သူ့မှာ ကမ္မမှတပါး ကြွင်းကျန်တဲ့ ပစ္စည်းတွေဟာ သဘာဂ ဖြစ်ပါတယ်။ န ဣန္ဒြိယမှာ ဝတ္ထုပုရေဇာတိန္ဒြိယ ရှိပါတယ်။ ဝတ္ထုပုရေဇာ တိန္ဒြိယရှိတော့ ဝတ်ပုကို ကြည့်လိုက်ယင် နိဿယရှိကယ်။ ဒါသဟဇာတထဲက ပါပြီးသားပါပဲ။ ပြီးတော့ ပုရေဇာတက သဘာဂဖြစ်တော့ ပုရေဇာတကို ချန်ထားရပါလိမ့်မယ်။ ပစ္ဆာဇာတ အာသေဝနနဲ့ မဆိုင်ပါဘူး။ ဝိပ္ပယုတ္တ

အတ္ထိ အဝိဂတက ပါပြီးသွားပါ။ အဲဒီတော့ န ဈာနိန္ဒြိယရဲ့ ဝိသဘာဂကို သဟဇာတ မျိုးထဲက ကမ္မမှတပါး ကွက်လပ်တွေကို ဆိုရပါမယ်။ ကျန်တဲ့ ကွက်လပ်တွေနှင့် ကမ္မ ရပါလိမ့်မယ်။

**န ဈာနိန္ဒြိယမူ အာရမ္မဏ အနန္တရ သမနန္တရ ဥပနိဿယ ပစ္ဆာဇာတ အာသေဝန ကမ္မ နတ္ထိ ဝိဂတ** ဒုက၌—အလုံးစုံသော အာရမ္မဏ အစရှိသော ပစ္စည်း။ ဤတရားတို့သည် အာရမ္မဏ အစရှိသော ပစ္စည်းသာတပ်၍ ဈာနိန္ဒြိယ ပစ္စည်း မတပ်သောကြောင့် ဈာနိန္ဒြိယပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န ဈာနိန္ဒြိယပစ္စယာ အာရမ္မဏေ နဝ၊ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ ဥပနိဿယေ နဝ၊ ပစ္ဆာဇာတေ တီဏိ၊ အာသေဝနေ တီဏိ၊ ကမ္မေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ဟေတုမှာ အမောဟ သဘာဂ ဖြစ်ပါတယ်။ သူ့ကို နှုတ်ရပါလိမ့်မယ်။

**န ဈာနိန္ဒြိယမူ ဟေတု** ဒုက၌—သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော အမောဟမှတပါး ဟိတ် ၅ ပါး။ န ဈာနိန္ဒြိယ ပစ္စယာ ဟေတုယာ သတ္တ။

အဓိပတိမှာ သဟာဓိနဲ့ စိတ္တ ဝီရိယ ဝီမံသသည် သဘာဂ ဖြစ်ခြင်းကြောင့် ဆန္ဒတခုပဲ ကျန်ပါတော့တယ်။

**အဓိပတိ** ဒုက၌—အလုံးစုံသော အာရမ္မဏာဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော ဆန္ဒာဓိပတိဟု ဆိုအပ်သော သဟဇာ တာဓိပတိပစ္စည်း။ အဓိပတိယာ ဒသ။

**သဟဇာတ** ဒုက၌—အလုံးစုံသော သဟဇာတိန္ဒြိယပစ္စည်းမှတပါး သဟ ဇာတပစ္စည်း။ သဟဇာတေ နဝ။

**အညမည** ဒုက၌—နာမ်ဈာနိန္ဒြေတရားကိုယ် ရှစ်ပါးမှတပါး အလုံးစုံသော အညမညပစ္စည်း၊ အညမညေ တီဏိ။

သူ့ရဲ့ သင်္ချာတွေကတော့ ဒီအတိုင်းပါပဲ။ ရေးသားထားတဲ့အတိုင်း အားလုံးကိုပဲ ရပါလိမ့်မယ်။ ဈာနိန္ဒြိယဟာ သင်္ချာအထူးကို မပြုတတ်ပါဘူး။ ဒုကအတွက်။

**နိဿယ** ဒုက၌—အလုံးစုံသော ဝတ္ထာရမ္မဏ၊ သဟဇာတိန္ဒြိယမှတပါး သဟဇာတ နိဿယ၊ ဝတ္ထုပုရေဇာတိန္ဒြိယမှတပါး ဝတ္ထုပုရေဇာတ နိဿယ၊ သဟဇာတ ပုရေဇာတ မိဿကပစ္စည်း။ နိဿယေ တေရသ။

**ပုရေဇာတ ဒုက**ဉ်—အလုံးစုံသော အာရမ္မဏ ပုရေဇာတ၊ ဝတ္ထုပုရေဇာတိန္ဒြိယမှတပါး ဝတ္ထုပုရေဇာတပစ္စည်း။ ပုရေဇာတေ တီဏိ။

**ဝိပါက ဒုက**ဉ်—ဝိပါက်ဉ်ရှိသော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးမှတပါး အလုံးစုံသော ဝိပါကပစ္စည်း။ ဝိပါကေ ဧကံ။

အာဟာရကျတော့ ဝိညာဏာဟာရ ပြုတ်သွားပါတယ်။ ဖဿ စေတနာ ကျန်ပါတယ်။

**အာဟာရ ဒုက**ဉ်—သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဖဿ စေတနာဟု ဆိုအပ်သော နာမ်အာဟာရပစ္စည်း၊ ရုပ်အာဟာရပစ္စည်း၊ အာဟာရေ သတ္တ။

**ဈာန ဒုက**ဉ်—(ဈာနနဲ့ ဣန္ဒြိယဆိုတော့ ဝေဒနာ ဧကဂ္ဂတာပါ)ဝေဒနာ ဧကဂ္ဂတာမှတပါး အလုံးစုံသော ဈာနပစ္စည်း။ ဈာနေ သတ္တ။

(နှုတ်ပုံအကျယ် အနုလောမ ပစ္စနိက် ဒုကဉ် ပြထားသည်။)

ဣန္ဒြိယ မဂ္ဂ ကျတော့ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ ရပါတယ်။ မဂ္ဂင်တရားကိုယ် ၅ ပါးပဲ ကျန်ပါလိမ့်မယ်။

**မဂ္ဂ ဒုက**ဉ်—ဝီရိယ သတိ ဧကဂ္ဂဟာ ပညာမှတပါး မဂ္ဂင်တရားကိုယ် ၅ ပါး။ မဂ္ဂေ သတ္တ။

**သမ္ပယုတ္တ ဒုက**ဉ်—နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးမှတပါး အလုံးစုံသော သမ္ပယုတ္တပစ္စည်း။ သမ္ပယုတ္တေ တီဏိ။

**ဝိပ္ပယုတ္တ ဒုက**ဉ်—အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးမှတပါး သဟဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝတ္ထုပုရေဇာတိန္ဒြိယမှတပါး ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ ပဉ္စ။

န ဣန္ဒြိယ ဆိုသဖြင့် ရူပဇီဝိတိန္ဒြိယကလေး မရပါဘူး။ မရသဖြင့် ပစ္ဆာဇာတိန္ဒြိယ မိဿကလဲ ပြုတ်သွားပါတယ်။

**အတ္ထိ အဝိဂတ ဒုက**ဉ်—အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ၊ သဟဇာတိန္ဒြိယမှတပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတိန္ဒြိယမှတပါး ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာဇာတာဟာရ မိဿကပစ္စည်း။ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

အဲဒီတော့ ဒုကမှာ အကျယ် နှုတ်ခဲ့ပါပြီ။ န ဟေတုမှုဝင်လာယင် ခုနက သင်္ချာအတိုင်းပါပဲ။ နာရမ္မဏမှု ဝင်လာတဲ့အခါမှာ အဓိပတိအတွက် သင်္ချာဟာ သတ္တပဲ ဖြစ်ပါတယ်။ ဆန္ဒာဓိပတိပဲ ကျန်ပါတော့တယ်။ နာနန္တရ န သမနန္တရမှု ဝင်လာတော့လဲ အနန္တရမျိုး ပြုတ်တာပါပဲ။ န သဟဇာတမှု ဝင်လာတဲ့အခါမှာ ဆိုင်ရာဖြစ်တဲ့ သဟဇာတမျိုးတွေ ပြုတ်သွားပါပြီ။ သဟဇာတ ပုရေဇာတ မိဿကလဲ မရတော့ပါဘူး။ အဲဒီတော့ ပကတူပရယ်၊ ပုရေရယ်၊ ပစ္ဆာရယ်၊ ကံ ဣံ ကျန်ပါတယ်။ မိဿကက ပစ္ဆာဇာတိန္ဒြိယ မိဿကပဲ ကျန်ပါတယ်။ န နိဿယမှု ဝင်လာတော့ ပုရေမျိုး ပြုတ်ပါတယ်။ န ဥပနိဿယမှု ဝင်လာတော့ ပကတူပမျိုး ပြုတ်သွားပါပြီ။ ပစ္ဆာ ကံ ဟာ ပစ္ဆာဇာတာဟာရ မိဿကရယ် ဒါပဲ ကျန်ပါတယ်။ န ပုရေဇာတ ဝင်တဲ့အတွက် မထူးပါဘူး။ န ပစ္ဆာဇာတ ဝင်လာတော့ ကံရယ် ဟာရယ် ဒါပဲ ကျန်ပါတော့တယ်။ နာသေဝနမှု ဝင်လာတော့လဲ မထူးပါဘူး။ န ကမ္မမှု ဝင်လာတဲ့အခါမှာ ရုပ်အာဟာရကလေးပဲ ကျန်ပါတယ်။ ဒီတော့ န အာဟာရက ဆိုခဲ့တဲ့အတိုင်း မထူးလှပါဘူး။ ဒီတော့ ပါဠိတော် ရေးတဲ့အတိုင်း ဗာဝီသက နောက်ဆုံးပိတ်ကလေးတော့ ဆိုလိုက်ကြပါဦးစို့။ ဘယ်သူ့ကျန်မလဲ၊ ရုပ်အာဟာရပဲ ကျန်ပါတယ်။

**နဣန္ဒြိယ နဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ နသမနန္တရ နသဟဇာတ နအညမည နနိဿယ နဥပနိဿယ နပုရေဇာတ န ပစ္ဆာဇာတ နာသေဝန နကမ္မ နဝိပါက နဈာန နမဂ္ဂ နသမ္ပယုတ္တ နဝိပ္ပယုတ္တ နောနတ္ထိ နောဝိဂတမှု အာဟာရ** အတ္ထိ အဝိဂတ ဗာဝီသကဌ—အလုံးစုံသော ရုပ်အာဟာရ ပစ္စည်း။ ဤတရားတို့သည် အာဟာရ အတ္ထိ အဝိဂတ ပစ္စည်းသာ တပ်၍ ဣန္ဒြိယ အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဣန္ဒြိယ အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမဌ နဣန္ဒြိယ ပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရ ပစ္စယာ န သမနန္တရ ပစ္စယာ န သဟဇာတ ပစ္စယာ န အညမည ပစ္စယာ န နိဿယ ပစ္စယာ န ဥပနိဿယ ပစ္စယာ န ပုရေဇာတ ပစ္စယာ န ပစ္ဆာဇာတ ပစ္စယာ နာသေဝန ပစ္စယာ န ကမ္မပစ္စယာ နဝိပါက ပစ္စယာ န ဈာနပစ္စယာ နမဂ္ဂပစ္စယာ နသမ္ပယုတ္တ ပစ္စယာ န ဝိပ္ပယုတ္တ ပစ္စယာ နော နတ္ထိပစ္စယာ နော ဝိဂတပစ္စယာ အာဟာရေ ဒွေ၊ အတ္ထိယာ ဒွေ၊ အဝိဂတေ ဒွေဟု သင်္ချာ တပ်၍ ဟောအပ်ကုန်၏။

နဣန္ဒြိယ ကိုပြီးကြပါစို့။ နောက် ၂ ပတ် ၃ ပတ် လောက်ဆိုယင် သင်္ချာခန်း အားလုံး ပြီးလိမ့်မယ်လို့ ထင်ပါတယ်။ သင်္ချာခန်း ပြီးတဲ့အခါမှာ

ကုသလတတိက်လုံး အတွက် ဆဝါရ ပဥ္စဝါရတွေမှာ သမ်ချာတွေကို ဘယ်လို ထုတ်ရတယ်လို့ ဆိုတာကို အကျဉ်းချုပ်အားဖြင့် ဝါရအားလျော်စွာ နောက်ဆုံး ပိတ်မှာ ပြပြီး ပေးပါမယ်။ ဒီလိုပြပေးလိုက်သဖြင့် ဘာတွေ ကျေးဇူးများလာ မလဲဆိုယင် ဘယ်လိုတရားမျိုး တွေ့ တွေ့ တွေ့တဲ့အခါ တိက်အားလျော်စွာ ကုသလတိက်ကျယင် သမ်ချာတွေဟာ ဘယ်လိုလာထွက်တယ်၊ ဝေဒနာ တိက် ကျယင် သမ်ချာတွေ ဘယ်လို လာထွက်တယ်၊ ဝိပါကတိက်မှာ သမ်ချာတွေ ဘယ်လို ထုတ်နိုင်တယ်လို့ သဘောပေါက်ပြီး သွားပါလိမ့်မယ်။ ယနေ့ ဒါနဲ့ပဲ ကိစ္စပြီးကြပါစို့။

**သာဓု၊ သာဓု၊ သာဓု။**

## * ပဋ္ဌာန်း ကုသလတိက် ပဉ္စာဝါရ ပစ္စနီယာနုလောမ သင်္ချာခန်း

### န ဈာန ဒုက

ယန္နေ နဈာန။ နဈာနဟာ သဟဇာတမျိုး ဖြစ်ပါတယ်။ သဟဇာတမျိုးဖြစ်တော့ ကွက်လပ်တွေနှင့်တကွ ဈာနနဲ့ သဘာဂ မဟုတ်တဲ့ ဟေတု ကမ္မ အာဟာရ အဲဒါကိုပါ ထည့်ပြီး မူလီသွတ်ရပါလိမ့်မယ်။

**န ဈာနမှု ဟေတု အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ ဥပနိဿယ ပုရေဇာတ ပစ္ဆာဇာတ အာသေဝန ကမ္မ အာဟာရ နတ္ထိ ဝိဂတ ဒုက၌**—အလုံးစုံသော ဟေတု အစရှိသော ပစ္စည်း။ ဤတရားတို့သည် ဟေတုအစရှိသော ပစ္စည်းတို့သာ တပ်၍ ဈာနပစ္စည်း မတပ်သောကြောင့် ဈာနပစ္စည်း တွန်း၍ ငင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နုလောမ၌ န ဈာနပစ္စယာ ဟေတုယာ သတ္တ၊ အာရမ္မဏေ နဝ၊ အဓိပတိယာ ဒသ၊ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ ဥပနိဿယေ နဝ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ အာသေဝနေ တီဏိ၊ ကမ္မေ သတ္တ၊ အာဟာရေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

**န ဈာနမှု သဟဇာတ ဒုက၌**—ဈာနပစ္စည်းမှ တပါး အလုံးစုံသော သဟဇာတပစ္စည်း။ သဟဇာတေ နဝ။

**အညမည ဒုက၌**—ဈာနင်္ဂတရားကိုယ် (၅) ပါးမှ တပါး အလုံးစုံသော အညမညပစ္စည်း။ အညမညေ တီဏိ။

* [illegible]

နိဿယကျတော့ သဟဇာတ နိဿယထဲ ဈာန နှုတ်ရရုံပါပဲ။ ကျန်တာတွေ အကုန်ဆိုရရုံပါပဲ။

**နိဿယ** ဒုကဥ္စ—အလုံးစုံသော ဝတ္ထာရမ္မဏ ပစ္စည်း။ ဈာနပစ္စည်းမှ တပါး အလုံးစုံသော သဟဇာတ နိဿယ၊ ဝတ္ထု ပုရေဇာတ နိဿယ၊ သဟဇာတ ပုရေဇာတ မိဿက ပစ္စည်း။ နိဿယေ တေရသ။

**ဝိပါက** ဒုကဥ္စ—ဝိပါက်၌ ရှိသော ဈာနင်တရားကိုယ် ငါးပါးမှ တပါး အလုံးစုံသော ဝိပါက ပစ္စည်း။ ဝိပါကေ ဧကံ။

ဣန္ဒြိယထဲနှုတ်တော့ ဈာနနဲ့ ဣန္ဒြိယဟာ ဝေဒနာ ကေဂ္ဂတာ သဘာဂ ဖြစ်ပါတယ်။ ဒါပေတဲ့လို့ ဒွေ ပဉ္စဝိညာဉ် တဆယ်မှာရှိတဲ့ ဝေဒနာဟာ ဣန္ဒြိယ ထိုက်ပါတယ်။ ဈာနင် မတိုက်ပါဘူး။ ဒီ ၂ ပါးနှုတ်ပေတယ်လို့ ဣန္ဒြေက (၇) ပါး ကျန်ပါတယ်။

**ဣန္ဒြိယ** ဒုကဥ္စ—ဝေဒနာ ကေဂ္ဂတာမှ တပါး နာမ်ဣန္ဒြေ (၇)ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ သတ္တ။

မဂ္ဂထဲနှုတ်တော့ ဝိတက် ကေဂ္ဂတာ သဘာဂ ဖြစ်ပါတယ်။ မဂ္ဂက နည်းတော့ ဝိတက် ကေဂ္ဂတာ ၂ ပါးလုံး ပြုတ်သွားသဖြင့် မဂ္ဂင်တရားကိုယ်(၇)ပါးပဲ ကျန်ပါတော့တယ်။

**မဂ္ဂ** ဒုကဥ္စ—ဝိတက် ကေဂ္ဂတာမှ တပါး မဂ္ဂင်တရားကိုယ် (၇)ပါး။ မဂ္ဂေ သတ္တ။

**သမ္ပယုတ္တ** ဒုကဥ္စ—ဈာနင်တရားကိုယ် ငါးပါးမှ တပါး အလုံးစုံသော သမ္ပယုတ္တ ပစ္စည်း။ သမ္ပယုတ္တေ တီဏိ။

ဝိပ္ပယုတ္တကျတော့ သဟဝိပ်ဆဲမှာသာလျှင် ဈာနင်တရားကိုယ်(၅)ပါး နှုတ်ရပါတယ်။ ကျန်တာတွေ အကုန်လုံး ဆိုရရုံပါပဲ။

**ဝိပ္ပယုတ္တ** ဒုကဥ္စ—အလုံးစုံသော ဝတ္ထာရမ္မဏ ပစ္စည်း။ ဈာနင်တရားကိုယ် (၅)ပါးမှတပါး အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ ဝိပ္ပယုတ္တေ ပဉ္စ။

**အတ္ထိ အဝိဂတ** ဒုကဥ္စ—အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ၊ ဈာန ပစ္စည်းမှ တပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထု ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ သဟဇာတ ပုရေဇာတ မိဿက၊

ပစ္ဆာဇာတာဟာရမိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

## တိက စသည်

တိက စသည်တွေကတော့ န ဟေတုနဲ့ အားလုံးကုန် တူသွားပါပြီ။ သချ်ာတွေဟာ သဒ္ဓာဟာရ သဇ္ဇိန္ဒြိယ အားလုံးကုန် နဟေတုနဲ့ တူပါတယ်။ ဘာထူးသလဲဆိုယင် ဈာနဆိုင်ရာဖြစ်တဲ့ သဘာဂကလေးသာလျှင် နှုတ်ရပါတယ်။ ဒီလို အားလုံးကုန် တူတဲ့အတွက် ပါဠိတော်မှာလဲ ဒုက တခုကိုပဲ ရေးထားပါတယ်။ ဒီတော့ ဈာန ကိစ္စ ပြီးကြပါစို့။

## နမဂ္ဂ ဒုက

နမဂ္ဂဟာလဲ သဟဇာတ အငယ် ဖြစ်ပါတယ်။ ဒီတော့ ကွက်လပ်တွေနဲ့ တကွ သူနဲ့ သဘာဂ မဖြစ်တဲ့ ကမ္မ အာဟာရ ထည့်ပြီး မူလီသွတ်ရပါလိမ့်မယ်။

**နမဂ္ဂမူ အာရမ္မဏ အနန္တရ သမနန္တရ ဥပနိဿယ ပုရေဇာတ ပစ္ဆာဇာတ အာသေဝန ကမ္မ အာဟာရ** နတ္ထိ ဝိဂတ ဒုကဦ—အလုံးစုံသော အာရမ္မဏ အစရှိသော ပစ္စည်း။ ဤတရားတို့သည် အာရမ္မဏ အစရှိသော ပစ္စည်းတို့သာ တတ်၍ မဂ္ဂပစ္စည်း မတတ်သောကြောင့် မဂ္ဂပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ နမဂ္ဂ ပစ္စယာ အာရမ္မဏေ နဝ၊ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ ဥပနိဿယေ နဝ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ အာသေဝနေ တီဏိ၊ ကမ္မေ သတ္တ၊ အာဟာရေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ ဟု သချ်ာတပ်၍ ဟောအပ်ကုန်၏။

ဟေတုထဲနှုတ်တော့ အမောဟ သဘာဂ ဖြစ်ပါတယ်။ အဲဒီ အမောဟ သဘာဂကလေး ပြုတ်သွားပါတယ်။

**နမဂ္ဂမူ ဟေတု** ဒုကဦ—သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော အ မောဟမှ တပါး ဟိတ်(၅)ပါး။ နမဂ္ဂ ပစ္စယာ ဟေတုယာ သတ္တ။

သဟာဓိထဲနှုတ်တော့ ဝီရိယနဲ့ ဝီမံသာဓိပတိဟာ သဘာဂ ဖြစ်ပါတယ်။ ဒီ(၂)ခု လုံးဝပြုတ်သွားသဖြင့် ဆန္ဒနဲ့စိတ္တပဲ ကျန်ပါတော့တယ်။

**အဓိပတိ** ဒုကဦ—အလုံးစုံသော အာရမ္မဏာဓိပတိ ပစ္စည်း။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားတတ်သော ဆန္ဒာဓိပတိ စိတ္တာဓိပတိဟု ဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်း။ အဓိပတိယာ ဒသ။

သဟဇာတထဲနှုတ်တော့ မဂ္ဂပစ္စည်း နှုတ်ရရှိပါပဲ။

**သဟဇာတ** ဒုကဥ်—မဂ္ဂပစ္စည်းမှတပါး အလုံးစုံသော သဟဇာတပစ္စည်း။ သဟဇာတေ နဝ။

**အညမည** ဒုကဥ်—မဂ္ဂင်တရားကိုယ် (၉)ပါးမှတပါး အလုံးစုံသော အညမညပစ္စည်း။ အညမညေ တီဏိ။

နိဿယမှာလဲ သဟနိထဲ နှုတ်ရရှိပါပဲ။ ကျန်တာ အကုန်ဆိုရပါလိမ့်မယ်။

**နိဿယ** ဒုကဥ်—အလုံးစုံသော ဝတ္ထာုရမ္မဏပစ္စည်း။ မဂ္ဂပစ္စည်းမှတပါး အလုံးစုံသော သဟဇာတနိဿယ၊ ဝတ္ထုပုရေဇာတ နိဿယ၊ သဟဇာတ ပုရေဇာတ မိဿကပစ္စည်း။ နိဿယေ တေရသ။

**ဝိပါက** ဒုကဥ်—ဝိပါက်၌ရှိသော မဂ္ဂင်တရားကိုယ်(၈)ပါးမှတပါး အလုံးစုံသော ဝိပါကပစ္စည်း။ ဝိပါကေ ဧကံ။

ဣန္ဒြိယထဲနှုတ်တော့ ဣန္ဒြိယနဲ့မဂ္ဂ သဘာဂမှာ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ ဖြစ်ပါတယ်။ သတိနဲ့ ပညာသာလျှင် ဣန္ဒြိယရော မဂ္ဂရော အလုံးစုံ ဆိုင်ပါတယ်။ ကျန်တဲ့ ဝီရိယ ဧကဂ္ဂတာက ဣန္ဒြိယနဲ့ ဆိုင်တယ်၊ မဂ္ဂနဲ့ မဆိုင် ပါဘူး။ မနောဒွါရာဝဇ္ဇန်း ဟသိတုပ္ပါဒ်မှာ ရှိတဲ့ ဝီရိယ ဧကဂ္ဂတာဟာ ဣန္ဒြေ ထိုက်ပါတယ်၊ မဂ္ဂင်မထိုက်ပါဘူး။ အဲဒီတော့ မဂ္ဂင် (၄)ပါး နှုတ်ပေတယ်လို့ ဣန္ဒြေကတော့ (၆)ပါးပဲ ကျန်နေပါတယ်။ သတိနဲ့ ပညာပဲပြုတ်သွားပါတယ်။

**ဣန္ဒြိယ** ဒုကဥ်—သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝီရိယ သတိ ဧကဂ္ဂတာ ပညာမှတပါး နာမ်ဣန္ဒြေ (၆)ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယပစ္စည်း။ ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း။ ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယေ သတ္တ။

ဈာနထဲနှုတ်တော့ ဝိတက် ဧကဂ္ဂတာ ပြုတ်ပြီးသွားပါတယ်။ ဈာနထဲ မဂ္ဂနှုတ်တော့ ဝိတက် ဧကဂ္ဂတာဟာ သဘာဂဖြစ်ပါတယ်။ ဒါပေတဲ့ ဝိတက်ဟာ ဒွေ ပဉ္စ ဝိညာဉ် (၁၀)မှာသာလျှင် ဈာနင် မထိုက်ပါဘူး။ **အဟိတ်စိတ်** (၈)ခုမှာရှိတဲ့ ဝိတက် ဧကဂ္ဂတာက ဈာနင် ထိုက်ပါတယ်။ ဒီတော့ ဈာနင် ဘယ်လောက် ကျန်နေမလဲဆိုတော့ (၅)ပါးပဲ ကျန်နေပါလိမ့်မယ်။ ခုနက ပြောခဲ့တဲ့အတိုင်း အဟိတ်စိတ် (၈)ခုမှာရှိတဲ့ ဝိတက်ရယ် ဧကဂ္ဂတာရယ် ဈာနင် ထိုက်ပါတယ်။ မဂ္ဂင် မထိုက်ပါဘူး။

**ဈာန** ဒုကဥ်—သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိတက် ဧကဂ္ဂတာမှတပါး ဈာနင် တရားကိုယ် (၅)ပါး။ ဈာနေ သတ္တ။

**သမ္ပယုတ္တ ဒုက၌**— မဂ္ဂင်တရားကိုယ် (၉)ပါးမှတပါး အလုံးစုံသော သမ္ပယုတ္တပစ္စည်း။ သမ္ပယုတ္တေ တီဏိ။

ဝိပ္ပယုတ္တကျတော့လဲ မဂ္ဂင်တရားကိုယ် (၉)ပါး နှုတ်ရရှိပါပဲ။

**ဝိပ္ပယုတ္တ ဒုက၌**—အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ မဂ္ဂင်တရားကိုယ် (၉)ပါးမှတပါး အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ ပဉ္စ။

အတ္ထိ အဝိဂတကျတော့ သဟဇာတထဲ နှုတ်ရရှိပါပဲ။

**အတ္ထိ အဝိဂတ ဒုက၌**—အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ၊ မဂ္ဂပစ္စည်းမှတပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

## တိက စသည်

တိကစသည်မှာ န ဟေတုမူ ဝင်လာတဲ့အခါ န ဟေတုက ဟောခဲ့တဲ့ အတိုင်း သင်္ချာတွေဟာ သအာဟာရ သဣန္ဒြိယ အကုန်လုံးတူပါတယ်။ ဆိုင်ရာ ဖြစ်တဲ့ မဂ္ဂသဘာဂကိုသာ နှုတ်ရပါတယ်။ ဒါကြောင့် ပါဠိတော်မှာလဲပဲ မဂ္ဂအတွက် ဒုကကိုပဲ ရေးပါတယ်။ န မဂ္ဂ ကိစ္စပြီးကြပါစို့။

## န သမ္ပယုတ္တ ဒုက

န သမ္ပယုတ္တကျတော့ ဒုက စတုက္က နဝက ဒသက ဒွါဒသကရယ်လို့ (၅)ချက် ရေးပါတယ်။ ဒါကို ပါဠိတော်က ရေးတဲ့အတိုင်းပဲ ဆိုကြပါဦးစို့။ သမ္ပယုတ္တရဲ့ သဘာဂက သဟဇာတမျိုးပါပဲ။ ဝိပ္ပယုတ္တဟာ သမ္ပယုတ္တနဲ့ သဘာဂ မဖြစ်ပါဘူး။ ဝိပ္ပယုတ္တကိုပါ မူလီထည့်ပြီး ကျန်တဲ့ကွက်လပ်တွေကိုပါ အားလုံး မူလီသွတ်ရပါလိမ့်မယ်။

**န သမ္ပယုတ္တမူ အာရမ္မဏ အနန္တရ သမနန္တရ ဥပနိဿယ ပုရေဇာတ ပစ္ဆာဇာတ အာသေဝန ဝိပ္ပယုတ္တ နတ္ထိ ဝိဂတ ဒုက၌**— အလုံးစုံသော အာရမ္မဏ အစရှိသော ပစ္စည်း။ ဤတရားတို့သည် အာရမ္မဏ အစရှိသော ပစ္စည်းကိုသာ တတ်၍ သမ္ပယုတ္တပစ္စည်းမတတ်သောကြောင့် သမ္ပယုတ္တပစ္စည်း တွန်း၍ငင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ သမ္ပယုတ္တဟူသော အာရမ္မဏေ နဝ၊ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ ဥပနိဿယေ နဝ၊ ပုရေဇာတေ

တိကံ၊ ပစ္ဆာဇာတေ တိကံ၊ အာသေဝနေ တိကံ၊ ဝိပ္ပယုတ္တေ ပဉ္စ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တဟု သချာတပ်၍ ဟောအပ်ကုန်၏။

ဟေတုထဲမှာ သမ္ပယုတ္တနှုတ်တော့ သဘာဂက **သမ္ပယုတ္တခန္ဓာအား** တတ်သော ဟိတ်(၆)ပါး ရပါတယ်။ ဒီတော့ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဟိတ် (၆)ပါး ကျန်ပါလိမ့်မယ်။ သူ့ကို သချာထုတ်ယင် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿလို့ အညမည သဘောအတိုင်း ဖြစ်ပါတယ်။

**နံ သမ္ပယုတ္တမူ ဟေတုဒုကဥ္စ**—သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇ ရုပ်အား တတ်သော ဟိတ်(၆)ပါး။ န သမ္ပယုတ္တပစ္စယာ ဟေတုယာ တိကံ။

အဓိပတိထဲ နှုတ်တော့က သဟာဓိထဲမှာ နှုတ်ရပါတယ်။ ပစ္စယုပ္ပန်ရုပ်ပဲ ကျန်ပါလိမ့်မယ်။ ရုပ်ပဲကျန်တော့ သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိ တရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါးလို့ ဆိုသဖြင့် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿလို့ (၃)ချက် ရပါတယ်။ ကုသလော အဗျာကတဿဟာ အာဓိမှာ ရှိပါတယ်။ အကုသလော အဗျာကတဿဟာ အာဓိမှာ မရှိပါဘူး။ အဗျာကတော အဗျာ ကတဿ ရှိပါတယ်။ ဒီတော့ အကုသလော အဗျာကတဿ တချက်တိုးလာသဖြင့် သချာဟာ အဌ လာဖြစ်ပါလိမ့်မယ်။

**အဓိပတိ ဒုကဥ္စ**—အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း။ သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါး ပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ အဓိပတိယာ အဌ။

သဟဇာတထဲမှာ အညမည သမ္ပယုတ္တ နှုတ်ခဲ့ယင် ဗျာ(၅)ချက် ကျန် ကြောင်း ပြောခဲ့ပါပြီ။

**သဟဇာတ ဒုကဥ္စ**—သမ္ပယုတ္တ ပစ္စည်းမှတပါး အလုံးစုံသော သဟဇာတ ပစ္စည်း။ သဟဇာတေ ပဉ္စ။

အညမည၏ သဘာဂဟာ အချင်းချင်းအား တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးလို့ဆိုတဲ့ ပထမအချက်ဖြစ်တဲ့ သမ္ပယုတ္တ ပစ္စည်းဟာ သဘာဂဖြစ်ပါတယ်။ ဒုတိယအချက်ဖြစ်တဲ့ အချင်းချင်းတတ်တဲ့ မဟာဘုတ်လေးပါး၊ အချင်းချင်းတတ်တဲ့ ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ကျန်ပါတယ်။ ဒါတွေဟာ အားလုံးကုန် အဗျာကတော အဗျာ ကတဿပါပဲ။ ဒီတော့ သချာ ဧကံပဲ ရှိပါတော့တယ်။

**အညမည** ဒုက္ခ—အချင်းချင်းအား တတ်သော အလုံးစုံသော မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊ အညမညေ ဧကံ။

မူလီသွတ်တော့ အညမညတို့ သမ္ပယုတ္တတို့ ဝိပ္ပယုတ္တတို့ ဆိုတာဟာ သဟဇာတ ပုရေဇာတ မိဿက မရပါဘူး။ အဲဒီတော့ သဟဇာတထဲမှာ သမ္ပယုတ္တနှုတ်ယင် ဗျာ (၅) ချက် ကျန်ပါတယ်။ ပုရေဇာတ နိဿယထဲက တီဏိရှိတော့ အဗျာကတော့ အဗျာကတဿ ဒါရှိပါတယ်။ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ၊ အဲဒီ (၂) ချက်ဟာ ဗျာ (၅) ချက်ထဲမှာ မရှိပါဘူး။ ဒီ (၂) ချက် ပေါင်းလိုက်ယင် သချာသည် သတ္တ လာဖြစ်ပါတယ်။

**နိဿယ** ဒုက္ခ—အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ သမ္ပယုတ္တပစ္စည်းမှ တပါး အလုံးစုံသော သဟဇာတ နိဿယ။ ဝတ္ထုပုရေဇာတ နိဿယပစ္စည်း။ နိဿယေ သတ္တ။

အငယ်တွေထဲမှာ နှုတ်တဲ့အခါ အကျဉ်းချုပ်မှတ်ယင် ဗျာ (၃) ချက် ကျန်ပါတယ် ကု-ဗျာ၊ အကု-ဗျာ၊ ဗျာ-ဗျာရယ်လို့။ ဒီ ကု-ဗျာ၊ အကု-ဗျာ တွေဟာ ဗလဝ ကမ္မ ဗလဝ ဒုဗ္ဗလ ကမ္မမှာ ရှိသဖြင့် သချာသည် တီဏိပဲ ရပါတော့တယ်။

**ကမ္မ** ဒုက္ခ—စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော စေတနာဟု ဆိုအပ်သော သဟဇာတ ကမ္မ၊ အနန္တရ ကမ္မ၊ ဗလဝ နာနာက္ခဏိက ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ တီဏိ။

ဝိပါကထဲမှာ သမ္ပယုတ္တ မနှုတ်ရသေးပါဘူး။ နှုတ်ပုံကလေး ဆိုပြပါဦးမယ်။ ရုပ်ပဲ ကျန်ပါတယ်။

**ဝိပါက** ဒုက္ခ—စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ဒွေပဉ္စဝိညာဉ် တဆယ် ရဟန္တာတို့ စုတိကြဉ်သော ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟဒယဝတ္ထုအား တတ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဝိပါကေ ဧကံ။

အာဟာရထဲနှုတ်တော့ ဗျာ (၃) ချက်။ ရုပ်အာဟာရကလဲ ဗျာ-ဗျာ ဖြစ်သဖြင့် သချာ တီဏိပဲ ရှိပါတယ်။

**အာဟာရ** ဒုက္ခ—စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော [illegible] (၃) ပါးဟု ဆိုအပ်သော နာမ်အာဟာရ၊ ရုပ်အာဟာရပစ္စည်း။ အာဟာရေ တီဏိ။

ဣန္ဒြိယလဲ ဒီအတိုင်းပါပဲ။ ပုတိ ရူပတိ ဗျာ—ဗျာ ရပါတယ်။ တီဏိပါပဲ။

**ဣန္ဒြိယ ဒုကဒ္ဒ**—စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်ဣန္ဒြေ တရားကိုယ် (၈) ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ တီဏိ။

ဈာန မဂ္ဂလဲ ဒီအတိုင်းပါပဲ။

**ဈာန ဒုကဒ္ဒ**—စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဈာနင် တရားကိုယ် (၅) ပါး။ ဈာနေ တီဏိ။

**မဂ္ဂ ဒုကဒ္ဒ**—သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော မဂ္ဂင်တရားကိုယ် (၉) ပါး။ မဂ္ဂေ တီဏိ။

အတ္ထိထဲနှုတ်တော့ သဟထဲမှာ နှုတ်လိုက်ယင် နိဿယတုန်းက နှုတ်သလို ဗျာ (၅) ချက် ကျန်ပါတယ်။ အာပုန်နဲ့ ဝတ်ပုဟာ သဉ်ျာတူပါတယ်။ သူ့ထဲက ဘာတိုးထူးလာသလဲ။ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ လို့ဆိုတော့ သဉ်ျာသတ္တ လာဖြစ်ပါတယ်။ ပစ္ဆာထည့်လိုက်တော့ ပစ္ဆာအတွက် သဉ်ျာ မထူးပါဘူး။ ရုပ်အာဟာရ ရူပဇီဝိတိန္ဒြိယထည့်လဲ မထူးပါဘူး။ သဟဇာတ ပုရေဇာတ မိဿက မရပါဘူး။ ပစ္ဆာဇာတာဟာရ မိဿက ပစ္ဆာဇာတိန္ဒြိယ မိဿကဟာ ဗျာ (၅) ချက်ထဲက ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ ဖြစ်ခြင်းကြောင့် သဉ်ျာမထူးပါဘူး။ တရားတွေသာ များနေပါတယ်။ သဉ်ျာဟာ နိဿယလို သတ္တပဲ ရပါတယ်။

**အတ္ထိ အဝိဂတ ဒုကဒ္ဒ**—အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိပစ္စည်း။ သမ္ပယုတ္တပစ္စည်းမှတပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

## စတုက္က

န ဟေတုမူ ဝင်လာတော့ တိက မထူးပါဘူး။ သူ့ဆိုင်ရာ သဘာဂ နှုတ်ရ ရုံပါပဲ။ သဉ်ျာတွေဟာ ဒီအတိုင်းပါပဲ။ နာရမ္မဏမူ ဝင်လာတော့ အာရမ္မဏမျိုး ပြုတ်သွားပါတယ်။ အာရမ္မဏမျိုး ပြုတ်တဲ့အတွက် အဓိပတိမှာ သဉ်ျာဟာ တီဏိပဲ ရှိပါတော့မယ်။ ခုနက အဠ ရပါတယ်။ ယခု တီဏိပဲရှိပါတယ်။ ကျန် သဉ်ျာတွေဟာ ဒီသဘောအတိုင်းပဲ သွားပါလိမ့်မယ်။

**န သမ္ပယုတ္တ န ဟေတု နာရမ္မဏမူ အဓိပတိ စတုက္က၌**— သာဓိပတိ စိတ္တဇ ရုပ်အား တတ်သော (ခုနက အဓိပတိတရားကိုယ် (၃)ပါး (၄)ပါး ရပါတယ်။ ယခု န ဟေတုက မူဝင်လာသဖြင့် ဝီမံသာဓိပတိက ပြုတ်သွားပြန်ပါပြီ။ ပြုတ်သွားသဖြင့် အဓိပတိတရားကိုယ်ဟာ (၃)ပါးပဲ ကျန်ပါတော့မယ်။) ဝီမံသာဓိပတိမှတပါး အဓိပတိတရားကိုယ် (၃)ပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ ဤတရားတို့သည် အဓိပတိပစ္စည်းသာတတ်၍ သမ္ပယုတ္တ ဟေတု အာရမ္မဏပစ္စည်းတို့ မတတ်သောကြောင့် သမ္ပယုတ္တ ဟေတု အာရမ္မဏပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န သမ္ပယုတ္တပစ္စယာ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ အဓိပတိယာ တီဏိဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

**အနန္တရ သမနန္တရ နတ္ထိ ဝိဂတ စတုက္က၌**—အလုံးစုံသော အနန္တရ အစ ရှိသော ပစ္စည်း။ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ။

သဟဇာတ မူလီသွတ်တော့ ဟေတုထပ်ပြီးနှုတ်ရတာပဲ ထူးပါတယ်။

**သဟဇာတ စတုက္က၌**—သမ္ပယုတ္တပစ္စည်း၊ ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတပစ္စည်း။ သဟဇာတေ ပဉ္စ။

အညမညမူလီကျတော့ ဟေတုက မူဝင်လာသဖြင့် အချင်းချင်းတတ်တဲ့ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုထဲမှာ ပဋိသန္ဓေ ဟိတ်(၃)ပါး ထပ်နှုတ်ရပါလိမ့်မယ်။

**အညမည စတုက္က၌**—အချင်းချင်းအား တတ်သော အလုံးစုံသော မဟာဘုတ်လေးပါး၊ အချင်းချင်းအားတတ်သော ပဋိသန္ဓေ၌ရှိသော ဟိတ်(၃)ပါးမှ တပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ အညမညေ ဧကံ။

နိဿယကျတော့ ဟေတု ထပ်နှုတ်ရုံပဲ ထူးပါတယ်။

**နိဿယ စတုက္က၌**—သမ္ပယုတ္တ ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတ နိဿယ၊ ဝတ္ထု ပုရေဇာတ နိဿယပစ္စည်း။ နိဿယေ သတ္တ။

**ဥပနိဿယ စတုက္က၌**—အလုံးစုံသော အနန္တရူပ နိဿယ၊ ပကတူပနိဿယ ပစ္စည်း ဥပနိဿယေ နဝ။

**ပုရေဇာတ စတုက္က၌** — အလုံးစုံသော ဝတ္ထုပုရေဇာတပစ္စည်း။ ပုရေဇာတေ တီဏိ။

**ပစ္ဆာဇာတ စတုက္ကဥ္**—အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတေ တိကံ။

**အာသေဝန စတုက္ကဥ္**—အလုံးစုံသော အာသေဝနပစ္စည်း။ အာသေဝနေ တိကံ။

ကမ္မကတော့ ဟေတုနဲ့ သဘာဂမဟုတ်သဖြင့် နှုတ်စရာ မလိုပါဘူး။ ဒုကက ဆိုခဲ့တဲ့အတိုင်းပါပဲ။

**ကမ္မ စတုက္ကဥ္**—စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော စေတနာဟု ဆိုအပ်သော သဟဇာတ ကမ္မ၊ အနန္တရ ကမ္မ၊ ဗလဝနာနာက္ခဏိက ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိကကမ္မ ပစ္စည်း။ ကမ္မေ တိကံ။

ဝိပါကကျတော့ ဟေတုဆိုင်ရာ ဝိပါက် ဟိတ်(၃)ပါး ထပ်ပြီး နှုတ်ရပါတယ်။ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှာလဲ ဟေတုဆိုင်ရာ ပဋိသန္ဓေ ဟိတ် (၃)ပါး ထပ်နှုတ်ရပါတယ်။

**ဝိပါက စတုက္ကဥ္**—စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေ ပဉ္စ ဝိညာဉ် (၁၀) ရဟန္တာတို့စုတိ ဝိပါက်ဟိတ် (၃)ပါးမှတပါး ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊ ဟဒယဝတ္ထုအား တတ်သော ပဋိသန္ဓေ၌ရှိသော ဟိတ် (၃)ပါးမှ တပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဝိပါကေ ဧကံ။

အာဟာရကျတော့ ဒုကအတိုင်းပါပဲ။ ဟေတုနဲ့ သဘာဂမဟုတ်ပါဘူး။

**အာဟာရ စတုက္ကဥ္**—စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်အာဟာရ တရားကိုယ် (၃)ပါးဟု ဆိုအပ်သော နာမ်အာဟာရပစ္စည်း၊ ရုပ်အာဟာရပစ္စည်း။ အာဟာရေ တိကံ။

ဣန္ဒြိယကျတော့ ဟေတုနဲ့ သဘာဂဖြစ်သဖြင့် အမောဟ ပြုတ်သွားပါတယ်။ နာမ်ဣန္ဒြေတရားကိုယ် (၇)ပါးပဲ ကျန်ပါတော့မယ်။

**ဣန္ဒြိယ စတုက္ကဥ္**—စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော အမောဟမှ တပါး နာမ်ဣန္ဒြေ တရားကိုယ် (၇)ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယ၊ ဝတ္ထု ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ တိကံ။

ဈာနကျတော့ ဟေတုနဲ့ မဆိုင်ပါဘူး။

**ဈာန စတုက္ကဥ္**—စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဈာနင် တရားကိုယ် (၅)ပါး။ ဈာနေ တိကံ။

မဂ္ဂကျတော့ ဟေတုက အမောဟ ပြုတ်သွားသဖြင့် မဂ္ဂင်တရားကိုယ် ရှစ်ပါးကျန်ပါတယ်။

**မဂ္ဂ စတုက္ကဒ္ဒ**—သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော အမောဟမှတပါး မဂ္ဂင်တရားကိုယ် (၈)ပါး။ မဂ္ဂေ တီဏိ။

ဝိပ္ပယုတ္တကျတော့ ဟေတုထဲ နှုတ်ရရုံပါပဲ။ သမ္ပယုတ္တနဲ့ လုံးဝ မဆိုင်ပါဘူး။

**ဝိပ္ပယုတ္တ စတုက္ကဒ္ဒ**—ဟိတ် (၆) ပါးမှတပါး အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ ပဥ္စ။

အတ္ထိ အဝိဂတကျတော့ သမ္ပယုတ္တနဲ့ ဟေတုကို နှုတ်ရရုံပါပဲ။

**အတ္ထိ အဝိဂတ စတုက္ကဒ္ဒ**—သမ္ပယုတ္တ ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ။ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

## နဝက

ပါဠိတော်က စတုက္ကပြီးတော့ နဝကကို ရေးပါတယ်။ နဝက ဘာဖြစ်လို့ ရေးသလဲဆိုတော့ နာဓိပတိမှု ဝင်လာတဲ့အခါမှာ ဆိုင်ရာသဟဇာတာဓိပတိနဲ့ သဘာဂဖြစ်တဲ့တရား ထပ်နှုတ်ရရုံပါပဲ။ သချာတွေ မထူးပါဘူး။ နာနန္တရ၊ န သမနန္တရမှု ဝင်လာတဲ့အခါမှာ အနန္တရူပမျိုး ပြုတ်ရုံပါပဲ။ အနန္တရူပမျိုး ပြုတ်သဖြင့် အာသေဝန နတ္ထိ ဝိဂတတွေကို မူလီမသွတ်ရရုံပါပဲ။ ပြီးတော့ န သဟဇာတမှု ဝင်လာပြန်တော့လဲ သဟဇာတမျိုးဆိုင်ရာတွေ ပြုတ်ပါတယ်။ န အညမညမှု ဝင်လာတော့ မထူးပါဘူး။ အဲဒီတော့ န အညမညမှုတိုင်အောင် ပါဠိတော်က ရေးပါတယ်။ န အညမညမှု ဝင်လာသဖြင့် အာရမ္မဏမျိုး ပြုတ်ပြီ။ သဟဇာတမျိုး ပြုတ်ပြီ၊ အနန္တရူပ နိဿယမျိုး ပြုတ်ပါပြီ။ ဘယ်သူ ကျန်တော့မလဲ။ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဣ နဲ့ မိဿက (၂)မျိုး ကျန်ပါတယ်။ သူတို့ရတာတွေကိုသာလျှင် မူလီသွတ်ရပါလိမ့်မယ်။

**န သမ္ပယုတ္တ န ဟေတု နာရမ္မဏ နဝဓိပတိ နာနန္တရ န သမနန္တရ နသဟဇာတ န အညမညမှု နိဿယ နဝကဒ္ဒ**—အလုံးစုံသော ဝတ္ထုပုရေဇာတ နိဿယပစ္စည်း။ ဤတရားတို့သည် နိဿယပစ္စည်းသာ တပ်၍ သမ္ပယုတ္တ အစရှိသော ပစ္စည်းတို့ မတတ်သောကြောင့် သမ္ပယုတ္တ အစရှိသောပစ္စည်းကို တွန်း၍စင်ကုန်၏။ တို့ကြောင့် ကိုတရားတို့ကို ပစ္စနီယာနုလောမ၌ န သမ္ပယုတ္တပစ္စယာ န ဟေတု

(၆) ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရ ပစ္စယာ န သမနန္တရ

ပစ္စယာ န သဟဇာတ ပစ္စယာ န အညမည ပစ္စယာ နိဿယေ တီဏိဟု သင်္ချာ တပ်၍ ဟောအပ်ကုန်၏။

ဥပနိဿယ နဝကဒ္ဒ—အနန္တရ ကမ္မမှတပါး အလုံးစုံသော ပကတူပ နိဿယပစ္စည်း။ ဥပနိဿယေ နဝ။

ပုရေဇာတ နဝကဒ္ဒ—အလုံးစုံသော ဝတ္ထု ပုရေဇာတပစ္စည်း။ ပုရေ ဇာတေ တီဏိ။

ပစ္ဆာဇာတ နဝကဒ္ဒ—အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတေ တီဏိ။

ကမ္မ နဝကဒ္ဒ—အနန္တရ ကမ္မမှတပါး ဗလဝ နာနာက္ခဏိကကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မ ဒွေ။

အာဟာရ နဝကဒ္ဒ—အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ အာဟာရေ ဧကံ။

ဣန္ဒြိယ နဝကဒ္ဒ—အလုံးစုံသော ဝတ္ထု ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယေ ဧကံ။

ဝိပ္ပယုတ္တ နဝကဒ္ဒ—အလုံးစုံသော ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ ပဉ္စ။

အတ္ထိ အဝိဂတကျတော့ ပုရေ ပစ္ဆာလဲ ရတယ်၊ မိဿက (၂)မျိုးလဲ ရသဖြင့် သင်္ချာဟာ သတ္တဖြစ်ပါတယ်။

အတ္ထိ အဝိဂတ နဝကဒ္ဒ—အလုံးစုံသော ဝတ္ထု ပုရေဇာတတ္ထိ၊ ပစ္ဆာဇာ တတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာ ဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

### ဒသက

နဝကပြီးတော့ ဒသက ရေးပြန်ပါတယ်။ ဒသကကျတော့ န နိဿယမှ ဝင်လာသဖြင့် ပုရေပြုတ်သွားပါပြီ။ ပုရေပြုတ်သွားတော့ ဘယ်သူကျန်သလဲ။ ပကတူ ပစ္ဆာ ကံ ဟာ ဣ မိဿက (၂)မျိုးကျန်ပါတယ်။ သူတို့ကို မူလီသွတ် နိုင်တဲ့ ပစ္စည်းတွေကို မူလီသွတ်ရပါလိမ့်မယ်။

န သမ္ပယုတ္တ န ပဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟဇာတ န အညမည န နိဿယမှ ဥပနိဿယ ဒသကဒ္ဒ— အနန္တရ ကမ္မမှ တပါး အလုံးစုံသော ပကတူပ နိဿယပစ္စည်း။ ဤတရားတို့သည် ဥပနိဿယ

ပစ္စည်းသာ တတ်၍ သမ္ပယုတ္တ အစရှိသောပစ္စည်းတို့ မတတ်သောကြောင့် သမ္ပယုတ္တ အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နုလောမဉ္စ န သမ္ပယုတ္တ ပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရ ပစ္စယာ န သမနန္တရ ပစ္စယာ န သဟဇာတ ပစ္စယာ န အညမည ပစ္စယာ န နိဿယ ပစ္စယာ ဥပနိဿယေ နဝဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

**ပစ္ဆာဇာတ ဒသကဉ္စ**—အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတေ တီဏိ။

**ကမ္မ ဒသကဉ္စ**—အနန္တရ ကမ္မမှတပါး ဗလဝ နာနာက္ခဏိကကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ ဒွေ။

**အာဟာရ ဒသကဉ္စ**—အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ အာဟာရေ ဧကံ။

**ဣန္ဒြိယ ဒသကဉ္စ**—အလုံးစုံသော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ ဧကံ။

**ဝိပ္ပယုတ္တ ဒသကဉ္စ**—အလုံးစုံသော ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တေ တီဏိ။

အတ္ထိ အဝိဂတကျတော့ ပစ္ဆာ ဟာ ဣ မိဿက (၂)မျိုးရသဖြင့် သင်္ချာ ပဉ္စ ရပါတယ်။

**အတ္ထိ အဝိဂတ ဒသကဉ္စ**—အလုံးစုံသော ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ အတ္ထိယာ ပဉ္စ၊ အဝိဂတေ ပဉ္စ။

## ဒွါဒသက

န နိဿယမှု ဝင်တော့ ဒသက။ န ဥပနိဿယမှု ဝင်လာတော့ ဧကာ ဒသက ဖြစ်ပါတယ်။ အဲဒီ ဧကာဒသကမှု ဝင်သဖြင့် ဘာကျန်တော့မလဲ။ ပစ္ဆာ ကံ ဟာ ဣ မိဿက (၂)မျိုးကျန်ပါတယ်။ နောက် န ပုရေမှု ဝင်လာတော့ အာပုရေ ဝတ်ပုရေ ပြုတ်ပြီးသွားဖြစ်သဖြင့် ဒါ မထူးတော့ဘူးဆိုပြီး ပါဠိတော်က ဒွါဒသကကို ရေးပါတယ်။ ဘာကျန်မလဲ။ ခုနက ပြောခဲ့တဲ့အတိုင်း ပစ္ဆာ ကံ ဟာ ဣ မိဿက(၂)မျိုး ကျန်တယ်။ အဲဒါ ၄တဲ့ပစ္စည်းကိုသာလျှင် မူလီသွတ်ရုံ ရှိပါတယ်။

န သမ္ပယုတ္တ န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟဇာတ န အညမည န နိဿယ န ဥပနိဿယ န ပုရေဇာတမှ ပစ္ဆာဇာတ ဒွါဒသကဌ်– အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်းသာတတ်၍ သမ္ပယုတ္တ အစရှိသောပစ္စည်းတို့ မတတ်သောကြောင့် သမ္ပယုတ္တ အစရှိသော ပစ္စည်းတို့ တွန်း၍စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န သမ္ပယုတ္တ ပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရ ပစ္စယာ န သမနန္တရ ပစ္စယာ န သဟဇာတ ပစ္စယာ န အညမည ပစ္စယာ န နိဿယ ပစ္စယာ န ဥပနိဿယ ပစ္စယာ န ပုရေဇာတ ပစ္စယာ ပစ္ဆာဇာတေ တီဏိဟု သချာတပ်၍ ဟောအပ်ကုန်၏။

**ကမ္မ ဒွါဒသကဌ်–အလုံးစုံသော ဗလဝ ဒုဗ္ဗလ နာနာက္ခဏိကကမ္မပစ္စည်း။** ကမ္မေ ဒွေ။

**အာဟာရ ဒွါဒသကဌ်–အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ အာဟာရေ ကော်။**

**ဣန္ဒြိယ ဒွါဒသကဌ်–အလုံးစုံသော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယေ ကော်။**

**ဝိပ္ပယုတ္တ ဒွါဒသကဌ်–အလုံးစုံသော** ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပစ္ဆာဇာတေ တီဏိ။

**အတ္ထိ အဝိဂတ ဒွါဒသကဌ်–အလုံးစုံသော** ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ အတ္ထိယာ ပဥ္စ၊ အဝိဂတေ ပဥ္စ။

ပါဠိတော်က န သမ္ပယုတ္တမှာ ဒွါဒသကပဲ ရေးပါတယ်။ နောက် မရေးတော့ပါဘူး။ နောက်လဲ လွယ်ပြီးသွားပါပြီ။ န ပစ္ဆာဇာတမှ ဝင်လာယင် ပစ္ဆာ ပြုတ်ပါတယ်။ ကံ ဟာ ဣ ပဲ ကျန်ပါတော့တယ်။ မိဿကလဲ မရတော့ပါဘူး။ အဲဒီတော့ ကံ ဟာ ဣ ရနိုင်တဲ့ ကမ္မ အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတ (၅) ပစ္စည်းကိုသာလျှင် မူလီသွတ်ရရုံပဲ ရှိပါတယ်။ နာသေဝနမှ ဝင်လာသဖြင့် မထူးပါဘူး။ န ကမ္မမှ ဝင်လာတဲ့အခါမှာ ကံကလေးပြုတ်ပြီး ဟာ ဣ ပဲ ကျန်ပါတော့တယ်။ ဟာ ဣ ရနိုင်တဲ့ အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတ ကိုသာ မူလီသွတ်ရရုံပါပဲ။ အဲဒီတော့ လွယ်သဖြင့် ပါဠိတော်ကလဲ ပေယျာလ ထိုးပြီး အကျဉ်းချုံးလိုက်ပါတယ်။ န သမ္ပယုတ္တ ကိစ္စပြီးကြပါစို့။

## န ဝိပ္ပယုတ္တ ဒုက

န ဝိပ္ပယုတ္တမှာ (၄) မျိုး ရှိပါတယ်။ ဝတ္ထာရမ္မဏ၊ သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တ။ ဆိုင်ရာတွေ နှုတ်ရပါလိမ့်မယ်။

ဝိသဘာဂဆိုယင် ဘာရှိမလဲ။ အနန္တရ သမနန္တရ အာသေဝန နတ္ထိ ဝိဂတ ဒါပဲ ဝိသဘာဂ ရှိပါလိမ့်မယ်။ ကျန်တာတွေက သူ့ ဆိုင်ရာဖြစ်တဲ့ သဘာဂ တွေ ဖြစ်ပါလိမ့်မယ်။ ဒီတော့ ဝိသဘာဂမူလီကို ထပ်ပြောပါဦးမယ်။ အနန္တရ သမနန္တရ အာသေဝန နတ္ထိ ဝိဂတ ဒီပစ္စည်းတွေသာ ဝိသဘာဂ ဖြစ်ပါတယ်။

**န ဝိပ္ပယုတ္တမူ အနန္တရ သမနန္တရ အာသေဝန နတ္ထိ ဝိဂတ ဒုက၌**—အလုံးစုံသော အနန္တရ အစရှိသောပစ္စည်း။ ဤတရားတို့သည် အနန္တရ အစရှိသော ပစ္စည်းတို့သာ တတ်၍ ဝိပ္ပယုတ္တပစ္စည်း မတတ်သောကြောင့် ဝိပ္ပယုတ္တပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နုလောမ၌ န ဝိပ္ပယုတ္တ ပစ္စယာ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ အာသေဝနေ တီဏိ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အငယ်တွေထဲမှာ န သမ္ပယုတ္တ နုတ်တုန်းက ရုပ်ကျန်ပါတယ်။ နဝိပ္ပယုတ္တ နုတ်ခဲ့လို့ရှိယင် သဘာဂဟာက ရုပ်တွေဖြစ်သဖြင့် နာမ်ပဲ ကျန်ပါလိမ့်မယ်။

**န ဝိပ္ပယုတ္တမူ ဟေတု ဒုက၌**—သမ္ပယုတ္တခန္ဓာအား တတ်သော ဟိတ် (၆) ပါး။ န ဝိပ္ပယုတ္တပစ္စယာ ဟေတုယာ တီဏိ။

အာရမ္မဏထဲနုတ်တော့ ဝတ္ထုကလေးဟာ သဘာဂ ဖြစ်ပါတယ်။ ဝတ္ထု ပြုတ်သွားပါလိမ့်မယ်။

**အာရမ္မဏ ဒုက၌**—ဝတ္ထာရမ္မဏမှ တပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ အာရမ္မဏေ နဝ။

အဓိပတိကျတော့ ဝတ္ထုနဲ့ အာဓိမှာ ဝတ္ထာဓိဟာ သဘာဂ ဖြစ်ပါတယ်။ အာဓိထဲမှာ ဝတ္ထာဓိ နုတ်ရပါတယ်။ ပြီးတော့ သဟာဓိထဲမှာ သဟာဓိပ် နုတ်လိုက်ယင် သမ္ပယုတ္တခန္ဓာအား တတ်တဲ့ အဓိပတိတရားကိုယ်တွေ ကျန်ပါ လိမ့်မယ်။ ကျန်တော့ သူ့ရဲ့ သင်္ချာက ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿလို့ ဆိုသဖြင့် အဲဒီသင်္ချာ (၃) ချက်ဟာ အာဓိထဲမှာ ဝင်နိုင်ပါတယ်။ ဒါကြောင့် သင်္ချာဟာ သတ္တပဲ ရပါ လိမ့်မယ်။

**အဓိပတိ ဒုက၌**—ဝတ္ထာရမ္မဏာဓိပတိမှ တပါး အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာအား တတ်သော အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာ ဓိပတိပစ္စည်း။ အဓိပတိယာ သတ္တ။

သဟာဓိပတိကဏ်မှာ သဟာဓိပ် နုတ်ခဲ့လို့ရှိယင် ပစ္စနီကက ပြောခဲ့တဲ့အတိုင်း သင်္ချာ တိဏ္ဏိ ကျန်ပါတယ်။

**သဟဇာတ ဒုက၌**—သဟဇာတ ဝိပ္ပယုတ္တမှ တပါး အလုံးစုံသော သဟဇာတပစ္စည်း။ သဟဇာတေ တီဏိ။

အညမညထဲနှုတ်တော့ သဘာဂက အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုလို့ ဆိုသဖြင့် အထက်က (၂) ချက် ကျန်ပါတယ်။

**အညမည ဒုက၌**—အချင်းချင်းအား တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား တတ်သော မဟာဘုတ် လေးပါး။ အညမညေ တီဏိ။

နိဿယကျတော့ ဝတ္ထာချင်းလဲ တူလို့ ပြုတ်သွားပါပြီ။ သဟနိထဲ သဟဝိပ် နှုတ်ယင် သဟဇာတတုန်းက နှုတ်သလို သင်္ချာ တီဏိပဲ ကျန်ပါတယ်။ ပုရေနိလဲ ပြုတ်ပါပြီ။ သဟ ပုရေ မိဿကလဲ မရပါဘူး။ န ဝိပ္ပယုတ္တလို့ ဆိုသဖြင့် ဘာမိဿကမှ မရတော့ပါဘူး။ ဒီတော့ သင်္ချာဟာ တီဏိပဲ လာဖြစ်ပါလိမ့်မယ်။

**နိဿယ ဒုက၌**—သဟဇာတ ဝိပ္ပယုတ္တမှ တပါး အလုံးစုံသော သဟဇာတ နိဿယပစ္စည်း။ နိဿယေ တီဏိ။

ဥပနိဿယကျတော့ အာရမ္မဏူက အာဓိနဲ့ တူသဖြင့် ဝတ္ထာဓိ သဘာဂ ကလေး နှုတ်ရရုံပါပဲ။ ကျန်တာ ဆိုရရုံပါပဲ။

**ဥပနိဿယ ဒုက၌**—ဝတ္ထာရမ္မဏာဓိပတိမှ တပါး အလုံးစုံသော အာရမ္မဏူပ နိဿယ၊ အနန္တရူပ နိဿယ၊ ပကတူပ နိဿယပစ္စည်း။ ဥပနိဿယေ နဝ။

ပုရေဇာတကျတော့ အာပုထဲမှာ ဝတ္ထာ နှုတ်ရပါတယ်။ ဝတ်ပုက ပြုတ်သွားပါတယ်။ သင်္ချာ တီဏိပဲ ရှိပါတယ်။

**ပုရေဇာတ ဒုက၌**—ဝတ္ထာရမ္မဏမှတပါး အလုံးစုံသော အာရမ္မဏ ပုရေဇာတပစ္စည်း။ ပုရေဇာတေ တီဏိ။

ပစ္ဆာဇာတ မူလီသွတ်လို့ မရပါဘူး။ ကမ္မကျတော့ သဟဇာတ ကမ္မထဲမှာ သဟဇာတ ဝိပ္ပယုတ္တ နှုတ်လိုက်တော့ နာမ်သာလျှင် ကျန်သဖြင့် ခုနက ပြောခဲ့တဲ့ သင်္ချာတီဏိ ရပါတယ်။ ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿ။ ဗလဝ ကမ္မ ထည့်လိုက်တဲ့ အခါမှာ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ ရယ်လို့ သင်္ချာ (၂) ချက် လာတိုးပါတယ်။ သင်္ချာ (၂)ချက် တိုးသဖြင့် သင်္ချာဟာ ပဉ္စ လာဖြစ်ပါတယ်။ အဲဒါကို အဋ္ဌကထာက ဘယ့်နှယ် ဆိုသလဲ ဆိုတော့ ''န ဝိပ္ပယုတ္တမူလကေ ကမ္မေ ပဉ္စာတိ ကုသလာဒိ စေတနာ သဟဇာတ

ကုသလာဒီနံ နာနာက္ခဏိကာ ကုသလာ ကုသလော စေတနာ ကမ္မ သမုဋ္ဌာန ရူပဿာတိ ဇဝံ ပဋ္ဌ''။ နဝိပ္ပယုတ္တမူ ကမ္မ မူလီသွတ်တဲ့အခါမှာ ပဋ္ဌလို့ဆိုတာ ကုသိုလ်စတဲ့ စေတနာက (ဒါက သဟဇာတ ကမ္မကို ပြောတာ)။ သဟဇာတ ကုသလာဒီနံ သဟဇာတ်ဖြစ်တဲ့ ကုသိုလ် စသည့်တို့အားလို့ ဆိုသဖြင့် ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿ ရပါတယ်။ နောက် နာနာက္ခဏိက ကမ္မ ကြည့်လိုက်တော့ ဘာတွေ ကျန်နေသလဲ ။ အနန္တရ ကမ္မ၊ ဗလဝ နာနာက္ခဏိက ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မလို့ ကျန်တယ်။ ကျန်တော့ ဗလဝ နာနာက္ခဏိကရဲ့ သုဒ္ဓသဉ်္ချာ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မရဲ့ သုဒ္ဓသဉ်္ချာတွေ ကြည့်လိုက်ယင် ပစ္စယုပ္ပန်မှာ ဝိပါက် ပါပါတယ်။ ဗလဝ နာနာက္ခဏိက ကမ္မမှာ ဝိပါက်ဆတ္တိ သအား တတ်သော ဗလဝဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ။ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မမှာလဲ ကာမဝိပါက်တွေ ပါတာပဲ။ ဒါပေတဲ့ အဋ္ဌကကာက ''နာနာက္ခဏိကာ ကုသလာ ကုသလာ စေတနာ ကမ္မ သမုဋ္ဌာန ရူပဿာတိ ဇဝံ ပဋ္ဌ''ဆိုတော့ ကုသိုလ် အကုသိုလ်စေတနာက ကံကြောင့်ဖြစ်တဲ့ ရုပ်။ ဒါ ကဋတ္တာရုပ်ပဲ။ ကုသလာ စေတနာ ကဋတ္တာ ရူပါနံ၊ အကုသလာ စေတနာ ကဋတ္တာ ရူပါနံလို့ ဆိုတယ်၊ ဟောဒီ သဘောကလေးကို ရေးထားပါတယ်။ ဝိပါက် မပါဘူး။ ဝိပါက် မပါတော့ မူလဋီကာဆရာက ''နာနာက္ခဏိကာ ကုသလာ ကုသလာ စေတနာ ကမ္မ သမုဋ္ဌာန ရူပဿ ဇဝံ ပဋ္ဌာတိ တွေ့ ဝိပါကာနန္တိ ဝတ္တဗ္ဗံ။'' အဲဒီ နာနာက္ခဏိက ကုသိုလ် အကုသိုလ် စေတနာ ဆိုတာ ကမ္မသမုဋ္ဌာန ရူပဿ ကမ္မဇရုပ်သာ ကျေးဇူးပြုတယ်လို့ဆိုတဲ့ နေရာဌာနမှာ ဝိပါကလေးလဲ ထည့်ပြီး ပေးလိုက်ပါဦးလို့ မူလဋီကာက ပြပါတယ်။ အဲဒါကြောင့် ကမ္မ မူလီသွတ်တဲ့အခါ၌—

**ကမ္မ ဒုက္ခ**—သမ္ပယုတ္တခန္ဓာအား တတ်သော စေတနာဟု ဆိုအပ်သော သဟဇာတ ကမ္မ၊ အနန္တရ ကမ္မ၊ ဗလဝ နာနာက္ခဏိက ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ ပစ္စည်း။ ကမ္မေ ပဋ္ဌ။

ဝိပါကကျတော့လဲ နာမ်ပဲ ကျန်ပါတယ်။

**ဝိပါက ဒုက္ခ**—အချင်းချင်းအား တတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဝိပါကေ ဇော်။

**အာဟာရ ဒုက္ခ**—သမ္ပယုတ္တ[illegible]အား တက်သော နာမ်အာဟာရ တရား ကိုယ် (၃)ပါးကို ဆိုအပ်သော နာမ်အာဟာ ၃၊ [illegible]ပစ္စည်း။ [illegible] ရေ တိုက်။

ဣန္ဒြိယကျတော့ ပုတိ ပြုတ်သွားပါတယ်။ သဟတိနဲ့ ရူပတိပဲ ကျန်ပါတယ်။ သဟတိမှာလဲ နာမ်အား ကျေးဇူးပြုတဲ့ သဟတိပါ။

**ဣန္ဒြိယ** ဒုကဥ္စ—သမ္ပယုတ္တခန္ဓာအား တတ်သော နာမ်ဣန္ဒြေတရားကိုယ် (၈)ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယ ပစ္စည်း၊ ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယေ တီဏိ။

ဈာန မဂ္ဂမှာလဲ ဈာနင်(၅)ပါး၊ မဂ္ဂင် (၉)ပါးပါပဲ။

**ဈာန မဂ္ဂ ဒုကဥ္စ**—သမ္ပယုတ္တခန္ဓာအား တတ်သော ဈာနင်တရားကိုယ် (၅)ပါး၊ မဂ္ဂင်တရားကိုယ် (၉)ပါး။ ဈာနေ တီဏိ၊ မဂ္ဂေ တီဏိ။

**သမ္ပယုတ္တ ဒုကဥ္စ**—အလုံးစုံသော သမ္ပယုတ္တပစ္စည်း။ သမ္ပယုတ္တေ တီဏိ။

အတ္ထိထဲမှာ နှုတ်တော့ အာပုထဲမှာ ဝတ္ထာ နှုတ်ပေတဲ့ အာပုရဲ့သင်္ချာ မလျော့ဘူး။ သဟထဲမှာ သဟဝိပ် နှုတ်လိုက်တော့ နာမ်ချည်းကျန်သဖြင့် သင်္ချာ (၃)ချက် ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿလို့ ရပါတယ်။ ဒီသင်္ချာ(၃)ချက်နဲ့ အာပုနဲ့ ဝတ်ပု (၂)ချက်က အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ (၂)ချက် ထည့်လိုက်ယင် သင်္ချာဟာ ပဥ္စဖြစ်ပါတယ်။ ပစ္ဆာ ပြုတ်သွားပါပြီ။ ရုပ်အာဟာရ ရူပဇီဝိတိန္ဒြိယအတွက် သင်္ချာမထူးပါဘူး။ မိဿကတွေတော့ မရတော့ဘူး။ ဒီတော့ သင်္ချာဟာ ပဥ္စပဲ ရပါလိမ့်မယ်။

**အတ္ထိ အဝိဂတ ဒုကဥ္စ**—ဝတ္ထာရမ္မဏမှတပါး အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ၊ သဟဇာတ ဝိပ္ပယုတ္တမှတပါး သဟဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိပစ္စည်း။ အတ္ထိယာ ပဥ္စ၊ အဝိဂတေ ပဥ္စ။

န ဝိပ္ပယုတ္တမူဟာ တော်တော်ကလေး ရှုပ်ပါတယ်။ ပါဠိတော်ကလဲ အပြည့်အစုံပဲ သ အာဟာရ သဣန္ဒြိယတွေကို အကုန်လုံး အဝိဂတတိုင်အောင် ရေးပါတယ်။

## စတုက္က

တိက န ဟေတုမူ ဝင်လာမှုအတွက်ကတော့ မထူးပါဘူး။ နာရမ္မဏမူ ဝင်လာတယ်။ နာရမ္မဏမူ ဝင်လာသဖြင့် အာရမ္မဏမျိုး ပြုတ်သွားပါပြီ။ သူ့ရဲ့ မူရင်းက ပုရေ ပစ္ဆာတွေလဲ ပြုတ်နေပါတယ်။ မိဿကတွေလဲ မရှိတော့ပါဘူး။ ဒီတော့ စတုက္ကပဲ ဆိုလိုက်ကြပါစို့။ စတုက္ကဆိုတော့ သဟဇာတငယ်တွေထဲက န ဝိပ္ပယုတ္တ နှုတ်တဲ့အခါမှာ နာမ်အား တတ်တဲ့ အဓိပတိတရားကိုယ် (၃)ပါး၊

(၄)ပါး ရပါတယ်။ ဟေတု ဝင်လာသဖြင့် ဝိမံသာဓိပတိ ပြုတ်သွားပါတယ်။ (၃)ပါးပဲ ကျန်ပါတော့မယ်။ အာရမ္မဏမျိုးကတော့ မကြည့်ရတော့ပါဘူး။

**န ဝိပ္ပယုတ္တ န ဟေတု နာရမ္မဏမှု အဓိပတိ စတုက္ကဒ္ဓ်**—သမ္ပယုတ္တခန္ဓာအား တတ်သော ဝိမံသာဓိပတိမှတပါး အဓိပတိတရားကိုယ် (၃)ပါးတို့တွင် တပါး ပါးဟု ဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်း။ ဤတရားတို့သည် အဓိပတိ ပစ္စည်းသာ တတ်၍ ဝိပ္ပယုတ္တ ဟေတု အာရမ္မဏပစ္စည်းတို့ မတတ်သောကြောင့် ဝိပ္ပယုတ္တ ဟေတု အာရမ္မဏတို့ တွန်း၍စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န ဝိပ္ပယုတ္တပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ အဓိပတိယာ တီဏိဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အနန္တရ စသည်တွေဟာ သဘာဂ မဟုတ်ပါဘူး။

**အနန္တရ သမနန္တရ နတ္ထိ ဝိဂတ စတုက္ကဒ္ဓ်**—အလုံးစုံသော အနန္တရ အစ ရှိသော ပစ္စည်း။ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ။

သဟဇာတထဲကျတော့ ဟေတုထပ်နှုတ်ရရုံပါပဲ။ သင်္ချာမထူးပါဘူး။

**သဟဇာတ စတုက္ကဒ္ဓ်**—သဟဇာတဝိပ္ပယုတ္တ၊ ဟေတုပစ္စည်းမှတပါး အလုံး စုံသော သဟဇာတပစ္စည်း။ သဟဇာတေ တီဏိ။

အညမညကျတော့ ဟိတ် (၆)ပါး ထပ်နှုတ်ရပါလိမ့်မယ်။

**အညမည စတုက္ကဒ္ဓ်**—အချင်းချင်းအား တတ်သော ဟိတ်(၆)ပါးမှတပါး အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊ အချင်းချင်းအား တတ် သော မဟာဘုတ်(၄)ပါး။ အညမညေ ဒွေ။

နိဿယကျတော့လဲ သဟဇာတနဲ့ မထူးပါဘူး။ ပုရေဇာ ပြုတ်ပြီးသား။ သဟပုရေဇာ ပြုတ်ပြီးသား ဖြစ်ပါတယ်။

**နိဿယ စတုက္ကဒ္ဓ်**—သဟဇာတ ဝိပ္ပယုတ္တ၊ ဟေတုပစ္စည်းမှတပါး အလုံးစုံ သော သဟဇာတ နိဿယပစ္စည်း။ နိဿယေ တီဏိ။

**ဥပနိဿယ စတုက္ကဒ္ဓ်**—အလုံးစုံသော အနန္တရူပ နိဿယ၊ ပကတူပ နိဿယ ပစ္စည်း။ ဥပနိဿယေ နဝ။

ပုရေဇာတကျတော့ နာရမ္မဏမှု ဝင်လာသဖြင့် အာပုပြုတ်ပါတယ်။ ဝိပါက ပြတ်နေပါပြီ၊ သူ့ကို မူလီမသွက်နိုင်ပါဘူး။ ပစ္ဆာဇာတလဲ မူလီ မသွက်နိုင်ပါဘူး။ အာသေဝန သွက်ရပါလိမ့်မယ်။

**အာသေဝန စတုက္ကဥ္**—အလုံးစုံသော အာသေဝနပစ္စည်း။ အာသေဝနေ တီဏိ။ ကမ္မကျတော့ကာ နာရမ္မဏမူ ဝင်လာတဲ့အတွက် ဘာမှ မထူးပါဘူး။ ဒုကကဆိုခဲ့တဲ့ အတိုင်းပါပဲ။

**ကမ္မ စတုက္ကဥ္**—သမ္ပယုတ္တခန္ဓာအား တတ်သော စေတနာဟု ဆိုအပ်သော သဟဇာတ ကမ္မ၊ အနန္တရ ကမ္မ၊ ဗလဝ နာနာက္ခဏိကကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ ပဥ္စ။

ဝိပါကကျတော့ ဝိပါက် ဟိတ်(၃)ပါး ထပ်နှုတ်ရပါတယ်။

**ဝိပါက စတုက္ကဥ္**—အချင်းချင်းအား တတ်သော ဝိပါက်ဟိတ် (၃)ပါး မှတပါး အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ(၄)ပါး။ ဝိပါကေ ဧကံ။

အာဟာရကျတော့ ဒုကက အတိုင်းပါပဲ။

**အာဟာရစတုက္ကဥ္**—သမ္ပယုတ္တခန္ဓာအား တတ်သော နာမ်အာဟာရတရား ကိုယ် (၃)ပါးဟု ဆိုအပ်သော နာမ်အာဟာရ၊ ရုပ်အာဟာရပစ္စည်း။ အာဟာ ရေ တီဏိ။

ဣန္ဒြိယကျတော့ ဟေတုမူ ဝင်လာသဖြင့် အမောဟကလေး ပြုတ်သွား သောကြောင့် နာမ်ဣန္ဒြေတရားကိုယ် (၇)ပါး ကျန်ပါတော့မယ်။

**ဣန္ဒြိယ စတုက္ကဥ္**—သမ္ပယုတ္တခန္ဓာအား တတ်သော **အမောဟမှတပါး** နာမ်ဣန္ဒြေတရားကိုယ် (၇)ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယပစ္စည်း။ ရုပ ဇီဝိတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယေ တီဏိ။

ဈာန မထူးပါဘူး။ ဒုကအတိုင်းပါပဲ။

**ဈာန စတုက္ကဥ္**—သမ္ပယုတ္တခန္ဓာအား တတ်သော ဈာနင်တရားကိုယ် (၅) ပါး။ ဈာနေ တီဏိ။

မဂ္ဂကျတော့ ဟေတုထဲက အမောဟနှုတ်သဖြင့် မဂ္ဂင်တရားကိုယ် (၈)ပါး ကျန်ပါလိမ့်မယ်။

**မဂ္ဂ စတုက္ကဥ္**—သမ္ပယုတ္တခန္ဓာအား တတ်သော အမောဟမှတပါး မဂ္ဂင် တရားကိုယ် (၈)ပါး။ မဂ္ဂေ တီဏိ။

သမ္ပယုတ္တကျတော့ ဟိတ်(၆)ပါး နှုတ်ရပါလိမ့်မယ်။

**သမ္ပယုတ္တ စတုက္ကဒ္ဒ**—အချင်းချင်းအား တတ်သော ဟိတ်(၆)ပါးမှတပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး။ သမ္ပယုတ္တေ တီဏိ။

အတ္ထိ အဝိဂတကျတော့ ဟေတုထပ်နှုတ်တာပဲ ထူးပါတယ်။ န အာရမ္မဏ မူ ဝင်တုန်းက အာပုရတော့ ဒီကတီဏိနဲ့ဆိုယင် သင်္ချာပဋ္ဌ လာဖြစ်ပါသေးတယ်။ ယခု အတ္ထိက အာပုပြုတ်သွားတော့ သဟာထဲမှာ သဟဇာတ ဝိပ္ပယုတ္တနဲ့ ဟေတုနဲ့ နှုတ်လိုက်တဲ့အခါမှာ သင်္ချာတီဏိ ကျန်ပါတယ်။ ပြီးတော့ ပုရေပစ္ဆာကလဲ ပြုတ်နေပါတယ်။ အာဟာရနဲ့ ဣန္ဒြိယကလဲ အဗျာကတော အဗျာကတဿသာ ရသဖြင့် သင်္ချာသည် တီဏိပဲ ရှိပါတော့တယ်။

**အတ္ထိ အဝိဂတ စတုက္ကဒ္ဒ**—သဟဇာတ ဝိပ္ပယုတ္တ၊ ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ ပစ္စည်း။ အတ္ထိယာ တီဏိ၊ အဝိဂတေ တီဏိ။

## အဋ္ဌက

နာဓိပတိမူ ဝင်လာတဲ့အခါမှာ ဆိုင်ရာဖြစ်တဲ့ သဟဇာတာဓိပတိ ထပ်နှုတ်ရပါတယ်။ နာနန္တရ န သမနန္တရမူ ဝင်လာတဲ့အခါမှာ အနန္တရမျိုး ပြုတ်ပါတယ်။ ဒီတော့ ပါဠိတော်က သတ္တကပဲ ရေးပါတယ်။ သူတို့ဝင်လာတဲ့အတွက် မထူးပါဘူး။ န သဟဇာတမူ **ဝင်လိုက်ကြပါစို့**။ န သဟဇာတမူ ဝင်လိုက်ယင် အာရမ္မဏမျိုးပြုတ်ပြီ၊ သဟဇာတမျိုး ပြုတ်ပြီ၊ အနန္တရူပမျိုး ပြုတ်ပြီ။ ပကတူပ ကျန်သေးတယ်။ ပုရေ ပစ္ဆာလဲ မရတော့ပါဘူး။ ကံ ဟာ ဣ ဒါပဲ ကျန်ပါ တော့တယ်။ ဒီတော့ ပကတူပ ကံ ဟာ ဣ ဒါပဲ ကျန်ပါတော့တယ်။ မိဿက တွေလဲ မကျန်တော့ပါဘူး။ ဒီတော့ န သဟဇာတတိုင်အောင် အဋ္ဌကမူ သွင်း လိုက်ကြပါဦးစို့။

**န ဝိပ္ပယုတ္တ န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟ ဇာတ မူ** (အညမည မူလိမသွတ်နိုင်ပါဘူး၊ နိဿယလဲ မူလိမသွတ်နိုင်ပါဘူး။ ဥပနိဿယ မူလိသွတ်ရပါလိမ့်မယ်။)

ဥပနိဿယ အဋ္ဌကဒ္ဒ-အနန္တရ ကမ္မမှတပါး အလုံးစုံသော ပကတူပ နိဿယ ပစ္စည်း။ ဤတရားတို့သည် ဥပနိဿယ ပစ္စည်းသာ တတ်၍ ဝိပ္ပယုတ္တ အစရှိသော ပစ္စည်းတို့ မတတ်သောကြောင့် ဝိပ္ပယုတ္တ အစရှိသောပစ္စည်းတို့ ကန့်ရှစ်ကုန် ၏။ ထို့ကြောင့် ဘုရားကိုကို ပစ္စနီယာနုလောမ၌ န ဝိပ္ပယုတ္တ ပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရ ပစ္စယာ န သမနန္တရ ပစ္စယာ န သဟဇာတ ပစ္စယာ ဥပနိဿယေန ဝ ဟု သင်္ချာတော်၍ ဟောကြားလိုက်ကုန်၏။

ပုရေဇာတ မူလီ မသွတ်နိုင်ပါဘူး။ ပစ္ဆာဇာတ မူလီမသွတ်နိုင်ပါဘူး။ အာသေဝနလဲ မူလီမသွတ်နိုင်ပါဘူး။ ကမ္မ ကျန်တဲ့ ပကတူ ကံ ဟာ ဣ သူတို့ ရတာကိုသာလျှင် မူလီသွတ်ရပါလိမ့်မယ်။

**ကမ္မ အဋ္ဌကဍ္ဍ—**အနန္တရ ကမ္မမှတပါး ဗလဝနာနာက္ခဏိက ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မေ ဒွေ။

**အာဟာရ အဋ္ဌကဍ္ဍ—** အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ အာဟာရေ ဧကံ။

**ဣန္ဒြိယ အဋ္ဌကဍ္ဍ—**အလုံးစုံသော ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယေ ဧကံ။

**အတ္ထိ အဝိဂတ အဋ္ဌကဍ္ဍ**—အလုံးစုံသော ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ ပစ္စည်း။ အတ္ထိယာ ဧကံ၊ အဝိဂတေ ဧကံ။

## ကောဒသက

န အညမညမှု ဝင်တဲ့အခါမှာ နဝက မထူးပါဘူး။ န နိဿယမှု ဝင်လိုက်တော့လဲ အားလုံးကုန် ပြုတ်နေသဖြင့် မထူးပါဘူး။ န ဥပနိဿယမှု ဝင်လာယင် ဘယ်သူသာ ကျန်တော့မလဲ။ ကံ ဟာ ဣ ပဲ ကျန်ပါတော့တယ်။ အဲဒီတော့ ကံ ဟာ ဣ သာ ကျန်သဖြင့် ကမ္မ အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတ ဒိ(၅) ပစ္စည်းကိုသာ မူလီသွတ်ရပါလိမ့်မယ်။ ဒါကို ကောဒသကအနေနဲ့ ရေးပါတယ်။

**န ဝိပ္ပယုတ္တ န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟဇာတ** န **အညမည န နိဿယ** န **ဥပနိဿယမှု** ကမ္မ **ကောဒသကဍ္ဍ—**ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ဤတရားတို့သည် ကမ္မပစ္စည်းသာတတ်၍ ဝိပ္ပယုတ္တ အစရှိသော ပစ္စည်းတို့ မတတ်သောကြောင့် ဝိပ္ပယုတ္တ အစရှိသော ပစ္စည်းတို့ တွန်း၍စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န ဝိပ္ပယုတ္တ ပစ္စယာ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ နာနန္တရပစ္စယာ န သမနန္တရပစ္စယာ န သဟဇာတပစ္စယာ န အညမညပစ္စယာ န နိဿယပစ္စယာ န ဥပနိဿယပစ္စယာ ကမ္မေ ဒွေဟု သချာတပ်၍ ဟောအပ်ကုန်၏။

**အာဟာရ ကောဒသကဍ္ဍ**—အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ အာဟာရေ ဧကံ။

**ဣန္ဒြိယ ကောဒသကဍ္ဍ—**အလုံးစုံသော ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယေ ဧကံ။

**အတ္ထိ အဝိဂတ ကောဒသကဥ္စ**—အလုံးစုံသော ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိပစ္စည်း။ အတ္ထိယာ ဏော်၊ အဝိဂတေ ဏော်။

ကောဒသက နဥပနိဿယမူ ဝင်ပါတယ်။ န ပုရေမူ ဝင်လိုက်တော့ ဒွါဒသက ပြုတ်ပြီးသား မထူးပါဘူး။ န ပစ္ဆာမူ ဝင်လိုက်တော့ တေရသက မထူးပါဘူး။ န အာသေဝနမူ ဝင်လိုက်တဲ့အခါမှာလဲ ပြုတ်ပြီးသား။ စုဒ္ဒသက မထူးပါဘူး။ န ကမ္မမူ ဝင်လိုက်တဲ့အခါမှာ ကမ္မ ပြုတ်သွားပါလိမ့်မယ်။ ဒါ ပန္နရသက ဖြစ်ပါတယ်။ နောက်အပတ် ပန္နရသကက စပြီး ဆိုကြပါစို့။

**သာဓု—သာဓု—သာဓု။**

# *ပဋ္ဌာန်းကုသလတိက် ပဋ္ဌာဝါရ ပစ္စနီယာနုလောမ သင်္ချာခန်း

## န ဝိပ္ပယုတ္တမူ ပန္နရသက

န ဝိပ္ပယုတ္တ ပန္နရသကလို့ဆိုတော့ န ကမ္မမူ ဝင်လာပါတယ်။ န ကမ္မမူ ဝင်လာတော့ ကမ္မလဲ ပြုတ်သွားပါပြီ။ ဟာ ဇ္ဈာပဲ ကျန်ပါတော့တယ်။ ဟာ ဇ္ဈာ ကျန်တော့ အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတ ဒီ (၄)ပစ္စည်းကိုပဲ မူလီ သွတ်ရပါတော့မယ်။

န ဝိပ္ပယုတ္တ န **ဟေတု** န**ာရမ္မဏ** န**ာဓိပတိ** န**ာနန္တရ** န **သမနန္တရ** န **သဟဇာတ** န **အညမည** န **နိဿယ** န **ဥပနိဿယ** န **ပုရေဇာတ** န **ပစ္ဆာဇာတ** န**ာသေဝန** န **ကမ္မမူ** **အာဟာရ ပန္နရသက**၌—အလုံးစုံသော ရုပ်အာဟာရပစ္စည်း။ ဤတရားတို့သည် အာဟာရပစ္စည်းသာ တတ်၍ ဝိပ္ပယုတ္တ အစရှိသော ပစ္စည်းတို့ မတတ်သောကြောင့် ဝိပ္ပယုတ္တအစရှိသောပစ္စည်းတို့ တွန်း၍စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ န ဝိပ္ပယုတ္တ ပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရ ပစ္စယာ န သမနန္တရ ပစ္စယာ န သဟဇာတ ပစ္စယာ န အညမည ပစ္စယာ န နိဿယ ပစ္စယာ န ဥပနိဿယ ပစ္စယာ န ပုရေဇာတ ပစ္စယာ န ပစ္ဆာဇာတ ပစ္စယာ နာသေဝန ပစ္စယာ န ကမ္မ ပစ္စယာ အာဟာရေ ဧကံဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

**ဣန္ဒြိယ** ပန္နရသက၌—အလုံးစုံသော ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယေ ဧကံ။

အတ္ထိ **အဝိဂတ** ပန္နရ**သက**၌—အလုံးစုံသော ရုပ်အာဟာရပစ္စည်း၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။ အတ္ထိယာ ဧကံ၊ အဝိဂတေ ဧကံ။

---

*၁၃၂၉ ခု၊ ကဆုန်လဆုတ် (၄)ရက်။ ၁၉၆၇ ခု၊ မေလ (၂၇)ရက် စနေနေ့။ (သတ္တမအကြိမ်)

## သတ္တရသက (သအာဟာရ)

န ဝိပါကမှု ဝင်တဲ့အခါမှာ သောဠသက မထူးပါဘူး။ န အာဟာရမှု ဝင်လာတဲ့အခါကျတော့ ရူပဇီဝိတိန္ဒြိယ တခုပဲ ကျန်ပါတော့တယ်။ မူလီကလဲ ဣန္ဒြိယ အတ္ထိ အဝိဂတကိုသာ မူလီသွတ်နိုင်ပါတယ်။ သတ္တရသက ဖြစ်ပါတယ်။

**န ဝိပ္ပယုတ္တေ န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟဇာတ န အညမည န နိဿယ န ဥပနိဿယ န ပုရေဇာတ န ပစ္ဆာဇာတ နာသေဝန န ကမ္မ န ဝိပါက န အာဟာရမှု ဣန္ဒြိယ အတ္ထိ အဝိဂတ သတ္တရသကဌ်—** အလုံးစုံသော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤတရားတို့သည် ဣန္ဒြိယ အတ္ထိ အဝိဂတ ပစ္စည်းသာ တပ်၍ ဝိပ္ပယုတ္တ အစရှိသောပစ္စည်းတို့ မတပ်သောကြောင့် ဝိပ္ပယုတ္တ အစရှိသောပစ္စည်းတို့ တွန်း၍စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမဌ် န ဝိပ္ပယုတ္တပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရပစ္စယာ န သမနန္တရ ပစ္စယာ န သဟဇာတ ပစ္စယာ န အညမည ပစ္စယာ န နိဿယ ပစ္စယာ န ဥပနိဿယ ပစ္စယာ န ပုရေဇာတ ပစ္စယာ န ပစ္ဆာဇာတ ပစ္စယာ နာသေဝန ပစ္စယာ န ကမ္မ ပစ္စယာ န ဝိပါက ပစ္စယာ န အာဟာရ ပစ္စယာ ဣန္ဒြိယေ ကေ၊ အတ္ထိယာ ကေ၊ အဝိဂတေ ကေဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

န ဈာန န မဂ္ဂ န သမ္ပယုတ္တ နော နတ္ထိ နော ဝိဂတတွေကို မှုသွင်း ရပါလိမ့်မယ်။ မှုသွင်းလိုက်တော့ ဗာဝီသက လာဖြစ်ပါလိမ့်မယ်။

## ဗာဝီသက (သအာဟာရ)

**န ဝိပ္ပယုတ္တေ န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟဇာတ န အညမည န နိဿယ န ဥပနိဿယ န ပုရေဇာတ န ပစ္ဆာဇာတ နာသေဝန န ကမ္မ န ဝိပါက န အာဟာရ န ဈာန န မဂ္ဂ န သမ္ပယုတ္တ နော နတ္ထိ နော ဝိဂတမှု ဣန္ဒြိယ အတ္ထိ အဝိဂတ ဗာဝီသကဌ်—**အလုံးစုံသော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤတရားတို့သည် ဣန္ဒြိယ အတ္ထိ အဝိဂတ ပစ္စည်းသာ တပ်၍ ဝိပ္ပယုတ္တ အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဝိပ္ပယုတ္တ အစရှိသော ပစ္စည်းတို့တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမဌ် န ဝိပ္ပယုတ္တ ပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရပစ္စယာ နသမနန္တရ ပစ္စယာ နသဟဇာတ ပစ္စယာ န အညမည ပစ္စယာ နနိဿယ ပစ္စယာ န ဥပနိဿယ ပစ္စယာ န ပုရေဇာတ ပစ္စယာ န ပစ္ဆာဇာတ ပစ္စယာ နာသေဝန ပစ္စယာ န ကမ္မ ပစ္စယာ န ဝိပါက ပစ္စယာ န အာဟာရ ပစ္စယာ န ဈာန ပစ္စယာ န မဂ္ဂ ပစ္စယာ န သမ္ပယုတ္တ ပစ္စယာ

နောနတ္ထိ ပစ္စယာ နောဝိဂတ ပစ္စယာ ဣန္ဒြိယေ ကော်၊ အတ္ထိယာ ကော်၊ အဝိဂတေ ကော်ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

## သတ္တရသက ( သ ဣန္ဒြိယ)

ဒါဟာ သအာဟာရ ဖြစ်ပါတယ်။ ခုနက ဣန္ဒြိယကို ချန်ပစ်ခဲ့သဖြင့် သဣန္ဒြိယကို ဆိုရပါလိမ့်မယ်။ သဣန္ဒြိယဆိုတော့ အာဟာရကို ချန်ပစ်ခဲ့ရပါလိမ့်မယ်။ အဲဒါကိုလဲပဲ သတ္တရသကက စ ဆိုရပါလိမ့်မယ်။ သတ္တ ရသကနှင့် ဗာဝီသကကို ပါဠိတော်မှာ ရေးပါတယ်။

**န ဝိပ္ပယုတ္တ န ဟေတု နာရမ္မဏ နာဓိပတိ** နာနန္တရ **န သမနန္တရ န သဟဇာတ န အညမည န နိဿယ န ဥပနိဿယ န ပုရေဇာတ န ပစ္ဆာဇာတ နာသေဝန န ကမ္မ န ဝိပါက** န ဣန္ဒြိယမူ အာဟာရ အတ္ထိ အဝိဂတ **သတ္တရသက**ဥ—အလုံးစုံသော ရုပ်အာဟာရ ပစ္စည်း။ ဤတရားတို့သည် အာဟာရ အတ္ထိ အဝိဂတ ပစ္စည်းသာ တပ်၍ ဝိပ္ပယုတ္တ အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဝိပ္ပယုတ္တ အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နုလောမ၌ န ဝိပ္ပယုတ္တ ပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရ ပစ္စယာ န သမနန္တရ ပစ္စယာ န သဟဇာတ ပစ္စယာ န အညမည ပစ္စယာ န နိဿယ ပစ္စယာ န ဥပနိဿယ ပစ္စယာ န ပုရေဇာတ ပစ္စယာ န ပစ္ဆာဇာတ ပစ္စယာ နာသေဝန ပစ္စယာ န ကမ္မ ပစ္စယာ န ဝိပါက ပစ္စယာ န ဣန္ဒြိယ ပစ္စယာ အာဟာရေ ကော်၊ အတ္ထိယာ ကော်၊ အဝိဂတေ ကော်ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

## ဗာဝီသက (သဣန္ဒြိယ)

နောက် န ဈာန န မဂ္ဂ န သမ္ပယုတ္တ နောနတ္ထိ နောဝိဂတမူ တခါတဲ သွင်းလိုက်ကြပါစို့။ သူတို့အတွက် မထူးပါဘူး။ ဗာဝီသကပဲ ဖြစ်ပါတယ်။

**န ဝိပ္ပယုတ္တ န ဟေတု နာရမ္မဏ နာဓိပတိ** နာနန္တရ န သမနန္တရ န **သဟဇာတ** န အညမည န နိဿယ န ဥပနိဿယ န ပုရေဇာတ န **ပစ္ဆာဇာတ နာသေဝန န ကမ္မ** န **ဝိပါက** န **ဣန္ဒြိယ န ဈာန** န မဂ္ဂ န သမ္ပယုတ္တ **နော နတ္ထိ နော ဝိဂတမူ** အာဟာရ အတ္ထိ အဝိဂတ ဗာဝီသက၌—အလုံးစုံသော ရုပ်အာဟာရ ပစ္စည်း။ ဤတရားတို့သည် အာဟာရ အတ္ထိ အဝိဂတ ပစ္စည်းသာ တပ်၍ ဝိပ္ပယုတ္တ အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် ဝိပ္ပယုတ္တ အစရှိသောပစ္စည်းတို့ တွန်း၍စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နုလောမ၌ န ဝိပ္ပယုတ္တ ပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရ ပစ္စယာ န သမနန္တရ ပစ္စယာ န သဟဇာတ ပစ္စယာ န အည

မည ပစ္စယာ န နိဿယ ပစ္စယာ န ဥပနိဿယ ပစ္စယာ န ပုရေဇာတ ပစ္စယာ န ပစ္ဆာဇာတ ပစ္စယာ နာသေဝန ပစ္စယာ န ကမ္မ ပစ္စယာ န ဝိပါက ပစ္စယာ န ဣန္ဒြိယ ပစ္စယာ န ဈာန ပစ္စယာ န မဂ္ဂ ပစ္စယာ န သမ္ပယုတ္တ ပစ္စယာ နော နတ္ထိ ပစ္စယာ နောဝိဂတ ပစ္စယာ အာဟာရေ ဧကံ၊ အတ္ထိယာ ဧကံ၊ အဝိဂတေ ဧကံဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

န ဝိပ္ပယုတ္တ ပြီးသွားပါပြီ။ ဒါတွေဟာ နောက်က ပြောခဲ့တဲ့အတိုင်း ဒီသင်္ချာတွေသာ ကိစ္စပြီးတာ မဟုတ်ပါဘူး၊ ဆိုင်ရာဖြစ်တဲ့ အရကောက်နဲ့ ဝိဘင်းတွေလဲ ထုတ်ရပါတယ်။ ဒါမှသာလျှင် သင်္ချာရဲ့ကိစ္စ ပြီးပါတယ်။ (၂၁) ပစ္စည်း မတပ်မူ၍ (၁) ပစ္စည်းသာလျှင် တပ်တာ ဘယ်သူလဲလို့မေးယင် ရုပ် အာဟာရပစ္စည်း ဖြစ်ပါတယ်၊ ရုပ်အာဟာရပစ္စည်း သဏ္ဍာန်ရှိယမှာ။ သ အာဟာရ ဖြစ်ယင် ရူပဇီဝိတိန္ဒြိယ ပစ္စည်းရယ်လို့ ပြောရပါလိမ့်မယ်။ ဒီတော့ ရုပ်အာဟာရ ပစ္စည်းလို့ဆိုခဲ့ယင် သူ့ရဲ့ သုဒ္ဓသင်္ချာအတိုင်း ကောက်ရရုံပါပဲ။ ကလာပ်တူ ဩဇာ ကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ရုပ်အား တတ် သော စတုသမုဋ္ဌာနိက ဩဇာ။ ဤတရားတို့သည် အာဟာရပစ္စည်းသာ တပ်၍ ဝိပ္ပယုတ္တ စသော ပစ္စည်းတို့ မတပ်ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နုလောမ၌ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ န ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော၊ န ဟေတု ပစ္စယေန ပစ္စယော၊ နာရမ္မဏပစ္စယေန ပစ္စယော စသည်ဖြင့် နောဝိဂတ ပစ္စယေန ပစ္စယော၊ အာဟာရပစ္စယေန ပစ္စယော။ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ န ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော၊ န ဟေတု ပစ္စယေန ပစ္စယော၊ (ပ) နောဝိဂတပစ္စယေန ပစ္စယော၊ အာဟာရပစ္စယေန ပစ္စယောဟု ဟောအပ်ကုန်၏။ အဲဒီလို ဆိုင်ရာ ဆိုင်ရာ ရတဲ့ တရားတွေကို ထုတ် ပြီး ဟောရပါတယ်။ န ဝိပ္ပယုတ္တ ကိစ္စပြီးကြပါစို့။

## နော အတ္ထိ ဒုက

နော အတ္ထိမှာ (၉)မျိုး ရှိပါတယ်။ (၉)မျိုးရှိတော့ အာရမ္မဏ ပုရေ ဇာတတ္ထိ တခုသာလျှင် ခရေပွင့် မပါပါ။ ကျန်တဲ့ သဟဇာတမျိုး၊ ဝတ္ထုမျိုး၊ ပစ္ဆာမျိုး၊ အာဟာရမျိုး၊ ဣန္ဒြိယမျိုး၊ မိဿက (၃)မျိုးလဲ ပြုတ်ပါတယ်။ ဒီတော့ ပြုတ်တဲ့အကွက်တွေ ကြည့်စရာမလိုတော့ပါဘူး။ ဘာသာလျှင် ကြည့်ရ တော့မလဲ။ အာရမ္မဏ စတဲ့ အကွက်ပဲ ကြည့်ရပါမယ်။ အာရမ္မဏရယ်၊ အနန္တ ရူပရယ်၊ ပကတူပရယ်၊ ကံရယ်၊ ဒါပဲ ကြည့်ရပါလိမ့်မယ်။ ဒီတော့ နောနတ္ထိရဲ့ ဝိသဘာဂကို ကြည့်လိုက်မယ်ဆိုယင် အနန္တရ သမနန္တရ အာသေဝန နတ္ထိ ဝိဂတ
19(B) ဒီ (၅)မျိုး ပစ္စည်းရှိပါတယ်။ ဒီ ပစ္စည်း(၅)ပစ္စည်းကို မှုလိသွတ်လိုက်ကြပါစို့။

**နောနတ္ထိမှု အနန္တရ သမနန္တရ အာသေဝန နတ္ထိ ဝိဂတ ဒုက၌**—အလုံးစုံသော အနန္တရ အစရှိသော ပစ္စည်း။ ဤတရားတို့သည် အနန္တရ အစရှိသော ပစ္စည်းတို့သာ တပ်၍ အတ္ထိပစ္စည်း မတပ်သောကြောင့် အတ္ထိပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နုလောမ၌ နောအတ္ထိ ပစ္စယာ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ အာသေဝနေ တီဏိ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ဟောတုကို မူလီမသွတ်နိုင်ပါဘူး။ ပြုတ်ပြီးသား ဖြစ်ပါတယ်။ အာရမ္မဏကို မူလီသွတ်ရမယ်။ အာရမ္မဏထဲမှာ အာပုန္နတ်ရရုံပါပဲ။

**နောအတ္ထိမှု အာရမ္မဏ ဒုက၌**—အာရမ္မဏ ပုရေဇာတတတ္ထိမှ တပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ အာရမ္မဏေ နဝ။

အဓိပတိကျတော့ အာပုနဲ့ အာဓိဟာ အာပုဓိကလေး သဘာဂ ဖြစ်ပါတယ်။ ဒီ သဘာဂကို နှုတ်ရရုံပါပဲ။

**အဓိပတိ ဒုက၌**—အာရမ္မဏ ပုရေဇာတာ ဓိပတိ မှတပါး အလုံးစုံသော အာရမ္မဏာ ဓိပတိပစ္စည်း။ အဓိပတိယာ သတ္တ။

သဟဇာတ အညမည မူလီ မသွတ်နိုင်ပါဘူး။ နိဿယလဲ မူလီ မသွတ်နိုင်ပါဘူး။ ဥပနိဿယထဲက အာပုနဲ့ အာရမ္မဏူပဟာ အာဓိလို အာပုဓိသဘာဂ ဖြစ်ပါတယ်။ အဲဒီသဘာဂ နှုတ်။ ကျန်တဲ့ အနန္တရူပနဲ့ ပကတူပ ဆိုရပါလိမ့်မယ်။

**ဥပနိဿယ ဒုက၌**—အာရမ္မဏ ပုရေဇာတာဓိပတိမှတပါး အလုံးစုံသော အာရမ္မဏူပ နိဿယပစ္စည်း။ အနန္တရူပနိဿယ၊ ပကတူပနိဿယပစ္စည်း။ ဥပနိဿယေ နဝ။

ပုရေ ပစ္ဆာ မူလီ မသွတ်နိုင်ပါဘူး။ ကမ္မထဲက သဟကမ္မ ပြုတ်သွားပါတယ်။ အနန္တရကမ္မ ဗလဝနာနာက္ခဏိက ကမ္မ ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မ ကျန်ပါတယ်။ သူတို့ကို ပေါင်းလိုက်ယင် သင်္ချာ ဒွေပဲ ရှိပါတယ်။

**ကမ္မ ဒုက၌**—အလုံးစုံသော အနန္တရကမ္မ၊ ဗလဝနာနာက္ခဏိကကမ္မ၊ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ ပစ္စည်း။ ကမ္မေ ဒွေ။

ကြွင်းကျန်တဲ့ ပစ္စည်းတွေ မူလီ မသွတ်နိုင်တော့ပါဘူး။ အားလုံးကုန် ပြုတ်ပြီးသား ဖြစ်ပါတယ်။ ဒုကကိစ္စ ပြီးသွားပါပြီ။ တိကကျတော့ န ဟေတုမှု ဝင်လာသဖြင့် မထူးပါဘူး။ ဒုက အတိုင်းပါပဲ။ စတုက္က နာရမ္မဏမှု ဝင်လာပါတယ်။ နာရမ္မဏမှု ဝင်လာတဲ့အခါမှာ အာရမ္မဏမျိုးလဲ ပြုတ်သွားပြန်ပါပြီ။ ဘယ်သူ ကျန်တော့သလဲ။ အနန္တရူ ပကတူ ကမ္မပဲ ကျန်ပါတော့တယ်။ ဒီတော့ ခုနက ဝိသဘာဂဖြစ်တဲ့ (၅)ပစ္စည်းကိုပဲ ထပ်ပြီး မူလီသွတ်လိုက်ကြပါဦးစို့။

## စတုက္က

**နော အတ္ထိ န ဟေတု နာရမ္မဏမှ အနန္တရ သမနန္တရ အာသေဝန နတ္ထိ ဝိဂတ စတုက္က၌**—အလုံးစုံသော အနန္တရ အစရှိသော ပစ္စည်း။ ဤတရားတို့သည် အနန္တရ အစရှိသော ပစ္စည်းသာ တပ်၍ အတ္ထိ ဟေတု အာရမ္မဏပစ္စည်း မတပ်သောကြောင့် အတ္ထိ ဟေတု အာရမ္မဏပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ နောအတ္ထိပစ္စယာ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ အာသေဝနေ တီဏိ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ဥပနိဿယ မူလီသွတ်ရပါတယ်။ အာရမ္မဏမျိုးက ပြုတ်သွားပြီဖြစ်လို့ ကြည့်စရာ မလိုတော့ပါဘူး။ ကျန်တဲ့ အနန္တရူပနဲ့ ပကတူပပဲ ဆိုရပါတော့မယ်။

**ဥပနိဿယ စတုက္က၌**—အလုံးစုံသော အနန္တရူပနိဿယ၊ ပကတူပနိဿယ ပစ္စည်း၊ ဥပနိဿယေ နဝ။

ကမ္မကျတော့ ခုနကအတိုင်းပါပဲ။

**ကမ္မ စတုက္က၌**—အလုံးစုံသော အနန္တရကမ္မ၊ ဗလဝနာနာက္ခဏိကကမ္မ၊ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မပစ္စည်း။ ကမ္မေ ဒွေ။

နောက် မူလီသွတ်စရာ မလိုတော့ပါဘူး။

## သတ္တက

နာဓိပတိမှ ဝင်လာတော့ မထူးပါဘူး။ အာဓိကလဲ ပြုတ်ပြီးသား။ သဟာဓိကလဲ ပြုတ်ပြီးသားပါ။ နာနန္တရ ဝင်လာခဲ့လို့ရှိယင် အနန္တရမျိုးတွေ ပြုတ်ပြီး သွားပါတော့မယ်။ မူလီ မသွတ်နိုင်တော့ပါဘူး။ ဒီတော့ န သမနန္တရ တိုင်အောင်ပဲ မူလီသွတ်လိုက်ကြပါစို့။

**နောအတ္ထိ န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရမှ** (ဘယ်သူ ကျန်တော့သလဲ။ ဥပနိဿယ ကျန်ပါသေးတယ်။ ဒါပေတဲ့ ပကတူပဲ ကျန်ပါတော့တယ်)။ **ဥပနိဿယသတ္တက၌**—အနန္တရကမ္မမှတပါး အလုံးစုံသော ပကတူပနိဿယပစ္စည်း။ ဤတရားတို့သည် ဥပနိဿယပစ္စည်းသာ တပ်၍ အတ္ထိ အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် အတ္ထိ အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ **နောအတ္ထိပစ္စယာ** န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ နာနန္တရပစ္စယာ န သမနန္တရပစ္စယာ ဥပနိဿယေ နဝဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

နောက် ပုရေ ပစ္ဆာ အာသေဝနတွေ သွင်းလို့မရတော့ပါဘူး။ ကမ္မက ဗလဝနာနာက္ခဏိကကမ္မနဲ့ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ ကျန်ပါတယ်။ သင်္ချာ ဒွေပဲ ရှိပါတယ်။

**ကမ္မသတ္တကဥ္**—အနန္တရကမ္မမှာပါး ဗလဝနာနာက္ခဏိကကမ္မ၊ ဗလဝ ဒုဗ္ဗလနာနာက္ခဏိကကမ္မ ပစ္စည်း။ ကမ္မေ ဒွေ။

နောက် မူလီသွတ်စရာ မရှိတော့ပါဘူး။ ကုန်ပါပြီ။ သတ္တက ပြီးသွား ပါပြီ။

### ကောဒသက

န သဟဇာတမှု သွင်းတော့လဲ မထူးပါဘူး။ န အညမညသွင်းလဲ မထူး ပါဘူး။ န နိဿယသွင်းလဲ မထူးပါဘူး။ န ဥပနိဿယမှု ဝင်လာပါတယ်။ န ဥပနိဿယမှု ဝင်လာတဲ့အခါမှာ ဘယ်သူသာလျှင် ကျန်တော့မလဲ။ ဗလဝ ဒုဗ္ဗ လ နာနာက္ခဏိကကမ္မပဲ ကျန်ပါတော့တယ်။ သူတခုကိုသာ မူလီသွတ်ရပါတော့ မယ်။

**နောအတ္ထိ န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟဇာတ န အညမည န နိဿယ န ဥပနိဿယမှု ကမ္မကောဒသကဥ္**—ဗလဝ ဒုဗ္ဗလနာနာက္ခဏိကကမ္မ ပစ္စည်း။ ဤတရားတို့သည် ကမ္မပစ္စည်းသာ တပ်၍ အတ္ထိ အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် အတ္ထိ အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမဥ္ နောအတ္ထိပစ္စယာ န ဟေတုပစ္စယာ၊ နာရမ္မဏပစ္စယာ၊ နာဓိပတိပစ္စယာ၊ နာနန္တရပစ္စယာ၊ န သမနန္တရပစ္စယာ၊ န သဟဇာတပစ္စယာ၊ န အညမညပစ္စယာ၊ န နိဿယ ပစ္စယာ၊ န ဥပနိဿယပစ္စယာ ကမ္မေ ဒွေဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

### စတုဝီသက (သဥပနိဿယ)

နောက် န ပုရေဇာတ မထူးပါဘူး။ န ပစ္ဆာဇာတက နာသေဝန၊ ကမ္မ ချန်ပစ်ခဲ့ရပါလိမ့်မယ်။ န ဝိပါက န အာဟာရ န ဣန္ဒြိယ န ဈာန န မဂ္ဂ န သမ္ပယုတ္တ န ဝိပ္ပယုတ္တ နောနတ္ထိ နောဝိဂတ နောအဝိဂတတိုင်အောင် စတုဝီသက ရှိပါတယ်။ အဲဒီ စတုဝီသကဟာ န ဥပနိဿယမှုဝင်ပြီး ကမ္မကို ချန်ပြီးထားခြင်းကြောင့် အတ္ထိပစ္စည်းမှာ သဥပနိဿယရယ်လို့ ခေါ်ပါတယ်။

**နောအတ္ထိ န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟ ဇာတ န အညမည န နိဿယ န ဥပနိဿယ န ပုရေဇာတ န ပစ္ဆာဇာတ နာသေဝန န ဝိပါက န အာဟာရ န ဣန္ဒြိယ န ဈာန န မဂ္ဂ န သမ္ပယုတ္တ**

**န ဝိပ္ပယုတ္တေ နောနတ္ထိ နောဝိဂတေ နောအဝိဂတမှာ ကမ္မံ စတုဝီသကဉ္စ—** အလုံးစုံ သော ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း။ ဤတရားတို့သည် ကမ္မပစ္စည်း သာ တပ်၍ အတ္ထိ အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် အတ္ထိ အစ ရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နုလောမ၌ နောအတ္ထိ ပစ္စယာ န ဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ နာဓိပတိ ပစ္စယာ နာနန္တရ ပစ္စယာ န သမနန္တရ ပစ္စယာ န သဟဇာတ ပစ္စယာ န အည မည ပစ္စယာ န နိဿယ ပစ္စယာ န ဥပနိဿယ ပစ္စယာ န ပုရေဇာတ ပစ္စယာ န ပစ္ဆာဇာတ ပစ္စယာ နာသေဝန ပစ္စယာ န ဝိပါက ပစ္စယာ န အာဟာရ ပစ္စယာ န ဣန္ဒြိယ ပစ္စယာ န ဈာန ပစ္စယာ န မဂ္ဂ ပစ္စယာ န သမ္ပယုတ္တ ပစ္စယာ န ဝိပ္ပယုတ္တပစ္စယာ နောနတ္ထိ ပစ္စယာ နောဝိဂတ ပစ္စယာ နောအဝိဂတ ပစ္စယာ ကမ္မေ ဒွေဟု သချာတပ်၍ ဟောအပ်ကုန်၏။

## စတုဝီသက (သ ကမ္မ)

ဒါက သ ဥပနိဿယပါ။ ကမ္မချန်ခဲ့ပါတယ်။ အတ္ထိ အဝိဂတပစ္စည်းမှ တပါးသော (၂၂)ပါးသော ပစ္စည်းတွေမှာ သ အာဟာရ သ ဣန္ဒြိယရယ်လို့ (၂)မျိုးရှိကြသလို အတ္ထိ အဝိဂတပစ္စည်းမှာလဲ သ ကမ္မ သ ဥပနိဿယရယ်လို့ (၂)မျိုး ရှိပါတယ်။ တခြားပစ္စည်းတွေကတော့ သ အာဟာရ သ ဣန္ဒြိယရယ် လို့ (၂)မျိုး ရှိပါတယ်။ ယခု န ဥပနိဿယ ချန်ပစ်ခဲ့ပြီး န ကမ္မကို မူသွင်းရ ပါလိမ့်မယ်။ မူသွင်းပြန်တော့လဲ စတုဝီသကတိုင်အောင် တခါတဲ ပါဠိတော်က ရေးတဲ့အတိုင်း သွင်းလိုက်ကြပါစို့။

**နောအတ္ထိ န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရ န သဟ ဇာတ န အညမည န နိဿယ န ပုရေဇာတ န ပစ္ဆာဇာတ နာသေဝန န ကမ္မ န ဝိပါက န အာဟာရ န ဣန္ဒြိယ န ဈာန န မဂ္ဂ န သမ္ပယုတ္တ န ဝိပ္ပယုတ္တ နောနတ္ထိ နောဝိဂတ နောအဝိဂတမှာ ဥပနိဿယ စတုဝီသကဉ္စ—**အနန္တရကမ္မမှတပါး အလုံး စုံသော ပကတူပနိဿယပစ္စည်း။ ဤတရားတို့သည် ဥပနိဿယပစ္စည်းသာတပ်၍ အတ္ထိ အစရှိသော ပစ္စည်းတို့ မတပ်သောကြောင့် အတ္ထိ အစရှိသော ပစ္စည်းတို့ တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာ နုလောမ၌ နော အတ္ထိပစ္စယာ န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိပစ္စယာ နာနန္တရ ပစ္စယာ န သမနန္တရပစ္စယာ န သဟဇာတပစ္စယာ န အညမညပစ္စယာ န နိဿယပစ္စယာ န ပုရေဇာတပစ္စယာ န ပစ္ဆာဇာတပစ္စယာ နာသေဝနပစ္စယာ န ကမ္မပစ္စယာ န ဝိပါကပစ္စယာ န အာဟာရပစ္စယာ န ဣန္ဒြိယပစ္စယာ န ဈာနပစ္စယာ န မဂ္ဂပစ္စယာ န သမ္ပယုတ္တပစ္စယာ န ဝိပ္ပယုတ္တပစ္စယာ နောနတ္ထိ

ပစ္စယာ နောဝိဂတပစ္စယာ နောအဝိဂတပစ္စယာ ဥပနိဿယေ နဝဟု သချှာ တပ်၍ ဟောအပ်ကုန်၏။

ဥပနိဿယေ နဝ ဟာ ပကတူပ နဝ ဖြစ်ပါတယ်။ နဝအရ ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော ကုသလဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿလို့ နဝ ရပါတယ်။ အဲဒီ နဝအရမှာ ကုသလော ကုသလဿအတွက် ကုသိုလ်စိတ် စေဝိသအား တတ်သော ဗလဝဖြစ်သော အရဟတ္တမဂ် ကြဉ်သော ကုသိုလ်စိတ် ဝိသ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ပုဒ်၏ အရကား ကုသိုလ်စိတ် စေဝိသ၊ စေတသိက် အဋ္ဌတိံသ ပစ္စယုပ္ပန်တရား ရ၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမဥ္ဈ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နောအတ္ထိ ပစ္စယေန ပစ္စယော၊ န ဟေတု ပစ္စယေန ပစ္စယော၊ (ပ) နောအဝိဂတ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော။ သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ စသည်ဖြင့် ပကတူပ နိဿယက ဟောခဲ့တဲ့ နဝအတိုင်း အကုန်လုံး ဟောရပါတယ်။ နောအတ္ထိကိစ္စ ပြီးသွားပါပြီ။ နောနတ္ထိ နောဝိဂတ ဟာ အနန္တရနဲ့ တူပါတယ်။ နောအဝိဂတဟာ နောအတ္ထိနဲ့ တူပါတယ်။ ဒီတော့ ပဋ္ဌာဝါရ ပစ္စနီယာနုလောမကိစ္စ ပြီးပါပြီ။ ပဋ္ဌာဝါရသချှာခန်း လုံးဝ ပြီးသွားပါပြီ။

ဒီလို ပြီးသွားတော့ ဒီ ပါဠိတွေလဲ ရတယ်။ ဒီ အရကောက်တွေလဲ ရတယ်။ ရပေတယ်လို့ ပဋ္ဌာန်းတတ်မှု ပဋ္ဌာန်းနားလည်မှုဆိုတာက ထွက်ပေါ်လာတဲ့ တရားတွေကို သချှာထုတ်ရပါတယ်။ သချှာထုတ်တတ်မှသာလျှင် ပဋ္ဌာန်းကို အပြည့်အစုံ တတ်တယ်လို့ ခေါ်ပါတယ်။ သချှာထုတ်တော့ ပဋ္ဌာန်းမှာ ဘာတွေ ဟောထားသလဲ။ ကုသလတိက် အစရှိတဲ့ ၂၂ ပါးသော တိက်တွေ ဟောထားပါတယ်။ ဒုက်တရားတွေ ဟောထားပါတယ်။ ဒုက်နဲ့ တိက်နဲ့ယှက်၊ တိက်နဲ့ဒုက်နဲ့ယှက်၊ တိက် တိက်ချင်းယှက်၊ ဒုက် ဒုက်ချင်းယှက်ပြီးလဲ ဟောထားပါတယ်။ အနုလုံ ၆ ကျမ်း၊ ပစ္စနိက် ၆ ကျမ်း၊ အနုလောမ ပစ္စနိက် ၆ ကျမ်း၊ ပစ္စနီယာ နုလောမ ၆ ကျမ်းရယ်လို့ ပဋ္ဌာန်း ၂၄ ကျမ်း ရှိပါတယ်။ ပဋ္ဌာန်း ၂၄ ကျမ်းရှိတော့ ယခု ကုသလတိက်ကို ရက်ပေါင်းများစွာ ဆိုခဲ့ပါပြီ။ ဒီ ကုသလတိက်မှာ ဘာတွေကိုမူတည်ပြီး မြတ်စွာဘုရား ဟောထားသလဲဆိုယင် ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ ဆိုတဲ့ ဟောဒီတိက်ပုဒ် ၃ ပုဒ်ကို မူတည်ပြီး ဟောထားတာ ဖြစ်ပါတယ်။

ဒီတော့ ဒီ တိက်ပုဒ်ကို ကြည့်၍ တိက်အားလျော်စွာ ဝါရအားလျော်စွာ သင်္ချာတွေကို ထုတ်တတ်ရပါတယ်။ သင်္ချာတွေ ထုတ် တတ် မှ သာ လျှင် ပဋ္ဌာန်းရဲ့ကိစ္စ ပြီးပါတယ်။ ပဋ္ဌာန်းကို အတိအကျ နားလည်တယ်ရယ်လို့ ဆိုနိုင်ပါတယ်။ ဒီလိုမှ သင်္ချာမထုတ်တတ်ခဲ့လို့ရှိလျှင် ပဋ္ဌာန်း ရနေ ဆို နေပေတယ်လို့ ပဋ္ဌာန်းကို မတတ်သေးပါဘူး။ အဲဒီတော့ ဒီ ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ စတဲ့ တရား ၃ ပုဒ်ကို ကြည့်၍ ဆဝါရ အနုလုံ သုဒ္ဓသင်္ချာတွေ ထုတ်ခဲ့ပါတယ်၊ ပစ္စနိက်ဆိုင်ရာ သုဒ္ဓသင်္ချာတွေ ထုတ်ခဲ့ ပါတယ်။ ပဋ္ဌာဝါရ သုဒ္ဓသင်္ချာတွေ ထုတ်ခဲ့ပါတယ်။ ဒီ သုဒ္ဓသင်္ချာဟာ ကု သလတိက်နဲ့ ဝေဒနာတိက်မှာသာလျှင် အရကောက် ဆရာတော်ကြီးက ထိုက်သင့် သည့်အားလျော်စွာ ပြပါတယ်။ ဝိပါကတိက် စသည်တွေမှာ သုဒ္ဓသင်္ချာတွေ လုံးဝ မရှိတော့ပါဘူး အဲဒီတိက်တွေအပြင် ဒုက်တွေမှာလဲ သုဒ္ဓသင်္ချာတွေ မရှိတော့ ပါဘူး။ ဒုကတိက တိကဒုက စတဲ့ ပဋ္ဌာန်းတွေမှာလဲ သုဒ္ဓသင်္ချာတွေ မရှိတော့ ပါဘူး။ မရှိတော့ ဘယ်နှယ်လုပ်မလဲ။ ဒါတွေကို ကိုယ့်ဟာကိုယ်ထုတ်ပြီး ယူရ ပါတယ်။ ကုသလတိက် တတိက်ကို နားလည်ခဲ့လို့ရှိယင် အထက် အထက်ဖြစ်တဲ့ ဝေဒနာတိက် စသည်တွေဟာ များစွာ မခက်ခဲလှပါဘူး။ ကုသလတိက်ရဲ့ သင်္ချာထုတ်ပုံဟာ ဘယ်လိုထုတ်တယ် ဘယ်လိုသွားတယ်ဆိုတာကို ကုသလတိက် ပုဒ်မှာ ကြည့်၍ နားလည်သလို ကြွင်းကျန်တဲ့ ဝေဒနာ အစရှိတဲ့ တိက်တွေမှာလဲပဲ နားလည်ရပါတယ်။

ဒီတော့ တပည့်တော် ပဋ္ဌာန်းပို့ချနေတာ ကြာပါပြီ။ ဒါပေတဲ့ ဒီ ကုသလတိက်ကလေး မှတည်ပြီး သင်္ချာထုတ်ပုံတွေကို အတိအကျ ပြောပြီးပြဖို့ရာ အချိန် မရခဲ့ပါဘူး။ ယနေ့ အဲဒါကို ပြောပြပါမယ်။ ပြောပြတော့ ရေးထားတဲ့ ဇယားကို ကြည့်ပါ။

**ကုသလတိက်(၇)ဝါရအတွက် သင်္ချာထုတ်ရန် ဇယား**

| မူ | မူလိ |
|---|---|
| ပ –ကုသိုလ်စိတ် ၂၁. စေ ၃၈ | ပ–ကုသိုလ်စိတ် ၂၁. စေ ၃၈ |
| ဒု –အကုသိုလ်စိတ် ၁၂. စေ ၂၇ | ဒု–အကုသိုလ်စိတ် ၁၂. စေ ၂၇ |
| တ –ဝိပါက်စိတ် ၃၆၊ ကြိယာစိတ် ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန် | တ–ဝိပါက်စိတ် ၃၆၊ ကြိယာစိတ် ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန် |

ရေးထားတာက ကုသိုလ်မူ ကုသိုလ်မူလီ၊ ဒါ ကုသလော ကုသလဿ၊ အကုသိုလ်မူ အကုသိုလ်မူလီ၊ အကုသလော အကုသလဿ၊ အဗျာကတမူ အဗျာကတမူလီ၊ အဗျာကတော အဗျာကတဿ။ ဒီလို ရှိပါတယ်။ မူကလဲ ဒီတရားပါပဲ၊ မူလီကလဲ ဒီတရားပါပဲ။ တိက်တွေ ဒုက်တွေမှာ ဒီသဘောအတိုင်း သွားပါတယ်။ များသောအားဖြင့် ဓမ္မအနုလုံ ၆ ကျမ်းမှာ ဒီသဘောအတိုင်း သွားပါတယ်။ ဓမ္မပစ္စနိက်တွေကျတော့ ဒီသဘောအတိုင်း မသွားပါဘူး။ တရားတွေထုတ်ထုတ်ပြီး ကိုယ့်ဟာကိုယ် ယူရပါတယ်။ယူပြီးတော့မှ ဒီတရားတွေ အပေါ်မှာ ဝါရအားလျော်စွာ သင်္ချာတွေ ထုတ်ရပါတယ်။

ယခု ဆဝါရအနုလုံကို ဆက်ပြီးပြောပါ့မယ်။ ယနေ့ မကုန်သေးယင် နောက်တပတ် ဆက်ပြောပါမယ်။ ကုသလော ကုသလဿမှာ ဟေတုပစ္စည်းရဲ့ သုဒ္ဓသင်္ချာကို ကြည့်ရမယ်။ ဟေဟုပစ္စည်းရဲ့ သုဒ္ဓသင်္ချာကို ကြည့်လိုက်တော့ "သဟိတ်စိတ် ကေသတ္တတိ၊ မောဟမူ ဒွေဌ မောဟကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်"လို့ ရပါတယ်။ အဲဒါ ပဋိစ္စဝါရအတွက်ပါ။ အဲဒီ ပဋိစ္စဝါရကလဲ သဟဇာတကို ဟောပါတယ်။ သဟဇာတကိုဟောတော့ ပစ္စယနိဒ္ဒေသ ပဋ္ဌာဝါရမှာရှိတဲ့ သဟဇာတပစ္စည်းတရားဟာ စိတ် ၈၉၊ စေတသိက် ၅၂၊ မဟာဘုတ်က (၇)ပါးနှင့် ဟဒယဝတ္ထုလို့ ပဋိစ္စဝါရအတွက် ဖြစ်ပါတယ်။ ပစ္စယဝါရအတွက်ဆိုယင် ဆ ဝတ္ထု လာရပါလိမ့်မယ်။ ပစ္စယုပ္ပန် တရားကလဲ စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ်အဋ္ဌဝီသ ရပါတယ်။ ဟေတုအတွက် ကြည့်လိုက်တဲ့အခါမှာ သဟဇာတကို ဟောသဖြင့် မူဖြစ်တဲ့ ကုသိုလ်နှင့် မူလီဖြစ်တဲ့ ကုသိုလ်ဟာ သဟဇာတ ဖြစ်သလား မဖြစ်ဘူးလားလို့ ကြည့်ရမယ်။ ကြည့်တဲ့အခါမှာ မူဖြစ်တဲ့ ကုသိုလ်နဲ့ မူလီဖြစ်တဲ့ ကုသိုလ်ဟာ ပဋိစ္စဝါရက ပြောပြခဲ့တဲ့အတိုင်း သဟဇာတ ဖြစ်ပါတယ်။ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စသည်ဖြင့် ဟောတဲ့အတိုင်း ဖြစ်ပါတယ်။ အဲဒီတော့ မူက ကုသိုလ် မူလီက ကုသိုလ်လို့ သဟဇာတဖြစ်သဖြင့် ပဋိစ္စဝါရအတွက် ကုသလေန ကုသလံ ရပါတယ်။

ပြီးတော့ ခုနက မူဖြစ်တဲ့ ကုသိုလ်ကို ကိုင်ပြီး ထားလိုက်ပါ။ အဲဒီ ကုသိုလ်နဲ့ မူလီဖြစ်တဲ့ အကုသိုလ်ကို ကြည့်လိုက်ပါ။ ကြည့်လိုက်တဲ့အခါမှာ ဒီ ကုသိုလ်နဲ့ အကုသိုလ်ဟာ သဟဇာတ ဖြစ်နိုင်ပါ့မလား။ မဖြစ်နိုင်ပါဘူး။ မဖြစ်နိုင်တဲ့အတွက် ကုသိုလ်နဲ့ အကုသိုလ် မရနိုင်ပါဘူး။ ဒါဖြင့် အဗျာကတ လှမ်းကြည့်လိုက်။ အဗျာကတမှာ ဒီ ကုသိုလ်နဲ့ ဝိပါက်ကြိယာတွေဟာ သဟဇာတ မဟုတ်ပါဘူး။ နိဗ္ဗာန်ထည့်ထားတာက ပဋ္ဌာဝါရအတွက်ပါ။ ဆဝါရနဲ့ မဆိုင်

ပါဘူး။ အဲဒီတော့ ဘယ်သူရှိသလဲ၊ ရုပ်ရှိတယ်။ အဲဒီရုပ်ထဲက ကုသိုလ်နဲ့ သဟဇာတ ဖြစ်နိုင်တာ ဘယ်သူလဲ။ စိတ္တဇရုပ် ဖြစ်ပါတယ်။ အဲဒီ စိတ္တဇရုပ်ကို ကြည့်၍ ကုသလေန အဗျာကတံ ရပါတယ်။ တဖန် မူဖြစ်တဲ့ ကုသိုလ်နဲ့ မူလီဖြစ်တဲ့ ကုသိုလ် အဗျာကတကို ကြည့်ပါ။ မူဖြစ်တဲ့ ကုသိုလ်နဲ့ မူလီဖြစ်တဲ့ ကုသိုလ်လဲ သဟဇာတ ဖြစ်တယ်။ မူဖြစ်တဲ့ ကုသိုလ်နဲ့ မူလီဖြစ်တဲ့ အဗျာကတ စိတ္တဇရုပ်ဟာလဲ သဟဇာတ ဖြစ်တယ်။ ဒီအခါ ဘာလာရသလဲ။ ကုသလေန ကုသလာဗျာကတံ ရတယ်။ ကုသိုလ်နဲ့ အကုသိုလ်ကတော့ ခုနက ပြောခဲ့တဲ့အတိုင်း သဟဇာတ မဖြစ်သဖြင့် သူ့အတွက် စဉ်းစားစရာမလိုတော့ဘူး။ ဒီတော့ ကုသလပဒအတွက် ပဒါဝသာန ဘယ်လောက်လာရမလဲ။ ကုသလေန ကုသလံ-နာမ် နာမ်ချင်း ကြည့်။ ပြီးတော့ ရုပ်ကို လှမ်းကြည့်လိုက်။ ကုသလေန အဗျာကတံ။ နာမ် ရုပ် ၂ မျိုးကို ကြည့်လိုက်။ ကုသလေန ကုသလာဗျာကတံ ဒါလာရပါတယ်။

ထိုနည်းတူစွာ အကုသိုလ်ကို ကြည့်လိုက်ပါ။ ဒုတိယပဒမှာ အကုသိုလ်နှင့် အကုသိုလ်သည် သဟဇာတ ဖြစ်ခြင်းကြောင့် အကုသလေန အကုသလံ။ ကုသိုလ်နဲ့ သဟဇာတ မဟုတ်ပါဘူး။ ခုနက ကုသိုလ်အတိုင်း ရုပ်နဲ့ကြည့်လိုက်။ စိတ္တဇရုပ်ရှိတော့ အကုသလေန အဗျာကတံ။ ပြီးတော့ မူလီဖြစ်တဲ့ အကုသိုလ်နဲ့ ရုပ်နဲ့ ကြည့်လိုက်။ အကုသလေန အကုသလာဗျာကတံ ဒီလိုလာရပါတယ်။ ဒါဖြင့်ယင် အကုသိုလ်ကလဲ ၃ ချက် ရပါတယ်။

အဗျာကတ ကြည့်လိုက်။ ဝိပါက်တွေ ရှိပါတယ်။ ကြိယာတွေ ရှိပါတယ်။ နာမ်အချင်းချင်း သဟဇာတ ဖြစ်ပါတယ်။ ရုပ်တွေကလဲ မဟာဘုတ်အချင်းချင်း သဟဇာတ ဖြစ်ပါတယ်။ ပြီးတော့ မဟာဘုတ်နဲ့ ဥပါဒါရုပ်လဲ သဟဇာတ ဖြစ်ပါတယ်။ နာမ် အချင်းချင်းကလဲ ပဋိသန္ဓေအခါကာလ ပဝတ္တိအခါကာလ ၂ မျိုး ရှိပါတယ်။ ပဋိသန္ဓေအခါကာလမှာဆိုယင် ပဋိသန္ဓေဆိုင်ရာ ဝိပါက် ရှိပါတယ်။ အဲဒီ မူဖြစ်တဲ့ ဝိပါက်နဲ့ မူလီဖြစ်တဲ့ ဝိပါက်ဟာလဲ သဟဇာတ ဖြစ်ပါတယ်။ ပြီးတော့ ပဋိသန္ဓေဆိုင်ရာဖြစ်တဲ့ ကဋတ္တာရုပ်တွေ ပဝတ္တိဆိုင်ရာဖြစ်တဲ့ စိတ္တဇရုပ်တွေနဲ့လဲ သဟဇာတ ဖြစ်ပါတယ်။ အဲဒါကြောင့် အဗျာကတေန အဗျာကတံလို့ ရပါတယ်။

တဖန် ကုသိုလ်နဲ့ အကုသိုလ်ကို သဟဇာတသဘောအတိုင်း တွဲလို့ ရမလား ဆိုတော့ သဟဇာတသဘောအတိုင်း ပစ္စည်းအနေနဲ့ တွဲလို့ မရပါဘူး။ မရတော့ ကုသိုလ်နဲ့ အဗျာကတ တွဲရပါတယ်။ ကုသိုလ်နဲ့ အဗျာကတ တွဲလိုက်တော့ ကုသိုလ်က ကုသိုလ်စိတ် ကောဝိသ ရပါတယ်။ အဗျာကတဖြစ်တဲ့ မူကို လှမ်းကြည့်လိုက်ယင် အဗျာကတထဲမှာ ရုပ်ရှိပါတယ်။ အဲဒီ ရုပ်ထဲက စိတ္တဇ

မဟာဘုတ်တွေကို ယူရပါတယ်။ ယူလိုက်တော့ ကုသလာဗျာကတလို့ ရတယ်။ ကုသလာ ဗျာကတလို့ရတော့ မူလီသွယ်မယ်ဆိုယင် ကုသိုလ် လှမ်းပြီး သွတ်လို့ ရမလား၊ မရပါဘူး။ အကုသိုလ်သွတ်လို့ ရမလား၊ မရပါဘူး။ အဗျာကတ မူလီသွတ်လို့ ရပါတယ်။ အဗျာကတ မူလီသွတ်လို့ ဘာကိစ္စ ရနိုင်သလဲဆိုယင် အဗျာကတမှာ ရုပ်ရှိပါတယ်။ အဲဒီရုပ်ဟာ စိတ္တဇရုပ် ဖြစ်ပါတယ်။ ဒီတော့ ကုသိုလ်နဲ့ အဗျာကတ ၂ ခု မူတွဲ၍ အဗျာကတကို မူလီသွတ်လိုက်တဲ့အခါမှာ ကုသလာဗျာကတေန အဗျာကတံ။ ကုသလေ ခန္ဓေ စ မဟာဘူတေ စ (မူဘက်က) ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ (မူလီဘက်က စိတ္တဇရုပ် ရှိပါတယ်)။ အဲဒါကြောင့် ကုသလာ ဗျာကတေန အဗျာကတံ ရပါတယ်။ ထိုနည်းတူစွာ အကုသလာ ဗျာကတေန အဗျာကတံ ရပါတယ်။ ဒီတော့ သင်္ချာသည် ဘယ်လောက် လာရမလဲ။ နဝ လာဖြစ်ပါတယ်။ ကုသိုလ်နဲ့ အကုသိုလ် တွဲလို့ ရပါဦးမလား၊ မရပါဘူး။ ကုသိုလ်နဲ့ အကုသိုလ် တွဲလို့မရသဖြင့် ကုသိုလ် အကုသိုလ် အဗျာကတ ၃ ချက်ကိုလဲ တွဲလို့ မရပါဘူး။ ဒါ့ကြောင့် ပဋိစ္စဝါရအတွက် ကုသလတိက်မှာ ဟေတုပစ္စည်းဟာ သင်္ချာ နဝပဲ ရပါတယ်။

အာရမ္မဏ၊ အနန္တရ စသည်တွေရဲ့ သုဒ္ဓသင်္ချာမှာ နာမ် ကုန်ရှိပါတယ်။ စိတ် ၈၉ + စေတသိက် ၅၂။ စိတ် ၈၉ + စေတသိက် ၅၂ ရှိတော့ (ယခု ပြောတယ်ဆိုတာတောင်မှ အကြမ်းဖျင်း ပြောနေတာပါ။ သေသေချာချာဆိုယင် ဝိဘင်္ဂ ပို့ချတဲ့အခါမှ ပြောလို့ဖြစ်ပါတယ်။) စိတ် ၈၉+စေတသိက် ၅၂ ရှိတော့ ကုသိုလ် အကုသိုလ်နဲ့ အဗျာကတဆိုတဲ့ ဝိပါက်ကြိယာ ၃ မျိုးလုံး ရပါတယ်။ ကုသိုလ်နဲ့ အကုသိုလ်ဟာ သဟဇာတ မဖြစ်နိုင်ပါဘူး။ ကုသိုလ် ကုသိုလ်ချင်း သဟဇာတဖြစ်သဖြင့် ကုသလေန ကုသလံ။ အကုသိုလ်နဲ့ မဖြစ်ပါဘူး။ (နောင် အကုသိုလ် မပြောတော့ဘူး)။ အဗျာကတကြည့်လိုက်။ ကုသိုလ်နဲ့ အဗျာကတဟာ သဟဇာတ ဖြစ်သလား။ အာရမ္မဏအတွက် ကြည့်လိုက်ယင် သဟဇာတ မဖြစ်နိုင်ပါဘူး။ ဘာ့ကြောင့် မူက ကုသိုလ် မူလီက ဝိပါက်ကြိယာတွေ ဖြစ်နေပါတယ်။ ဒီ အာရမ္မဏ စသည်တွေမှာလဲ ရုပ်တရား မရပါဘူး။ ဒါ့ကြောင့် ကုသလေန အဗျာကတံလဲ မရနိုင်တော့ပါဘူး။ ကုသလေန အဗျာကတံ မရခဲ့လို့ရှိယင် ကုသလေန ကုသလာ ဗျာကတံ ရဖို့ရာအတွက် မဖြစ်နိုင်တော့ပါဘူး။ ဒါဖြင့်ယင် ကုသလေန ကုသလံတချက်ပဲ ရပါတယ်။

အကုသိုလ်ကိုကြည့်လိုက်တော့ ထိုနည်းတူစွာ အကုသိုလ်နဲ့ အကုသိုလ်ဟာ သဟဇာတဖြစ်ခြင်းကြောင့် မူ အကုသိုလ် မူလီ အကုသိုလ်အတွက် အကုသလေန အကုသလံ ရပါတယ်။ အကုသိုလ်နဲ့ အဗျာကတ မရပါဘူး။ အဗျာကတကို ကြည့်လိုက်။ ဝိပါက်ကြိယာအချင်းချင်း သဟဇာတဖြစ်သဖြင့် အဗျာကတေန

အဗျာကတံလို့ အဲဒီလို အာရမ္မဏ စသည်မှာ သင်္ချာ (၃)ချက် လာထွက်ပါတယ်။

## အဓိပတိ

အဓိပတိ စသည်တွေကျတော့ သူ့ရဲ့ သုဒ္ဓသင်္ချာ ကြည့်လိုက်ယင် အဓိပတိ ပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော (၅၂)ခု နာမက္ခန္ဓာ၊ သာဓိပတိ စိတ္တဇရုပ်လို့ ဆိုသဖြင့် ဟေတု သဘောအတိုင်းပါပဲ။ ပဋိသန္ဓေ အခါကာလ မရတာပဲ ထူးပါတယ်။ ရုပ်ထဲက သာဓိပတိ စိတ္တဇရုပ်ကို ယူရပါတယ်။ ကုသလေန ကုသလံ ကုသိုလ် ကုသိုလ်ချင်း သဟဇာတဖြစ်သဖြင့် ကုသလေန ကုသလံ။ ကုသိုလ်က ဟိုဘက်က သာဓိပတိ စိတ္တဇရုပ်နဲ့ သဟဇာတ ဖြစ်သဖြင့် ကုသလေန အဗျာကတံ။ နာမ်ရော ရုပ်ရော မူလီက (၂)မျိုးယူယင် ကုသလေန ကုသလာ ဗျာကတံ စသည်သာ ဟေတုသဘောအတိုင်း နဝ လာပြီး ဖြစ်ပါတယ်။

## သဟဇာတ စသည်

သဟဇာတကျတော့ နာမ်ကုန် ရုပ်ကုန် ရပါတယ်။ နာမ်ကုန် ရုပ်ကုန် ရသဖြင့် ဟေတု သဘောအတိုင်း ကုသလေန ကုသလံ၊ ကုသလေန အဗျာကတံ။ ကုသလေန အဗျာကတံဆိုယင် ဟိုဘက်က စိတ္တဇရုပ်ကို သွားကြည့်ပါတယ်။ ကုသလေန ကုသလာ ဗျာကတံဆိုယင် ကုသိုလ်နဲ့ စိတ္တဇရုပ် (၂)မျိုးကို ယူပါတယ်။ အကုသိုလ် (၃)ချက်လဲ ဒီအတိုင်းပဲ။ အဗျာကတ တချက်ကလဲ ဒီအတိုင်းပဲ။ အဗျာကကကျတော့ သူက နာမ်ကုန် ရုပ်ကုန်ရသဖြင့် ပဋိသန္ဓေ အခါကာလ ပဝတ္တိအခါကာလ ရှိပါတယ်။ အဲ.... တခုပြောပြလိုက်မယ်။ ပဋိသန္ဓေ အခါကာလမှာ ခန္ဓေ ပဋိစ္စ ဝတ္ထုံ၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာလို့ဟောတော့ ခန္ဓေ ပဋိစ္စ ဝတ္ထုံမှာ ဒီခန္ဓာဟာ ဘယ်ကလာရသလဲဆိုယင် မူဖြစ်တဲ့ ဝိပါက်ထဲက ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဖြစ်ပါတယ်။ မူလီမှာ ရုပ်ရှိသဖြင့် ဟဒယ ဝတ္ထု ရပါတယ်။ ဝတ္ထုံ ပဋိစ္စ ခန္ဓာကျတော့ မူမှာ ရုပ်ရှိသဖြင့် ဟဒယ ဝတ္ထုရှိပါတယ်။ မူလီကလဲ ပဉ္စဝေါကာရ ဝိပါက်ထဲက ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာရှိသဖြင့် ဝတ္ထုံ ပဋိစ္စ ခန္ဓာလို့ ရပါတယ်။ အာရမ္မဏကျတော့ ပစ္စယုပ္ပန်ဟာ နာမ်တရားဖြစ်ခြင်းကြောင့် အဗျာကတော အဗျာကတဿမှာ မူဖြစ်တဲ့ ဟဒယဝတ္ထုနှင့် မူလီဖြစ်တဲ့ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာကို ကြည့်ယင် သဟဇာတ ဖြစ်ခြင်းကြောင့် ဝတ္ထုံ ပဋိစ္စ ခန္ဓာရယ်လို့ ဟောပါတယ်။ ဘုတ်တွေ ကတော့ ဒီအတိုင်းပဲ သွားတယ်။

## အညမည

အညမည ကြည့်လိုက်ယင် ဘာတွေရသလဲ။ အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ နာမ်တွေ အကုန်လုံးရပါတယ်။ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော စိတ္တဇ မဟာဘုတ် ပဋိသန္ဓေ ကမ္မဇ မဟာဘုတ် စသည်တွေ ရပါတယ်။ အဲ သူတို့မှာလဲ သဟဇာတ သဘောအားဖြင့် ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ ဒီ(၃)ချက်ပဲ ရပါတယ်။

## ပုရေဇာတ

ပုရေဇာတ ကြည့်လိုက်ပြန်တော့ ပုရေဇာတမှာ နာမ်ပဲ ရှိပါတယ်။ နာမ်ပဲရှိသဖြင့် ၎င်းပုရေဇာတမှာလဲ ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ (၃)ချက် ရပါတယ်။

## အာသေဝန

အာသေဝနကြည့်တော့ ဇောရှိပါတယ်။ အဲဒီဇောထဲက အကုသိုလ် ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ် ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမက္ခန္ဓာဆိုသဖြင့် ဆိုင်ရာဖြစ်တဲ့ ကုသိုလ် အကုသိုတ် အဗျာကတဆိုင်ရာ ဇောတွေရှိပါတယ်။ ဒီတော့ ဇောအချင်းချင်း ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံလို့ (၃)ချက်ပဲ ရပါတယ်။

## ကမ္မ

ကမ္မကျတော့ စေတနာကို ကြည့်ပါတယ်။ ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြည့်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ စိတ္တဇ ရုပ် ပဋိသန္ဓေ ကမ္မဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်ဆိုတော့ ဟေတု သဘောအတိုင်း သဟဇာတ သဘောတိုင်း သချာနဝ ရပါလိမ့်မယ်။

## ဝိပါက

ဝိပါကကျတော့ ဝိပါက်တွေသာလျှင် ဖြစ်ခြင်းကြောင့် ကုသိုလ် အကုသိုလ် ကြည့်စရာ မလိုတော့ပါဘူး။ အဗျာကတထဲက ဝိပါက်ဆိုင်ရာတွေ ရပါတယ်။ ဝိပါကမှာ သချာဧကံ ဖြစ်ပါတယ်။

## အာဟာရ

အာဟာရကျတော့ အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် အာဟာရဇရုပ်လို့ ဆိုသဖြင့် ဟေတု သဘော အတိုင်းပဲ သွားပါတယ်။

## ဣန္ဒြိယ စသည်

ဣန္ဒြိယမှာလဲ ဟေတုသဘောအတိုင်း သွားပါတယ်။ ဈာန မဂ္ဂမှာလဲ ဟေတုသဘောအတိုင်း သွားပါတယ်။ ဝိပ္ပယုတ္တကျပြန်တော့လဲ ဟေတုသဘော အတိုင်း သွားပါတယ်။ အဲဒါက သာမညအားဖြင့် အနုလုံမှာ သင်္ချာထုတ်ပုံကို ဒီ ကုသလတိက်ပုဒ်ကို ကြည့်ပြီး သင်္ချာထုတ်ပုံကို ပြောတာပါ။ ဒါက ပဋိစ္စဝါရ်ရဲ့ အတွက် ဖြစ်ပါတယ်။

## ပစ္စယဝါရ ဟေတု စသည်

ပစ္စယဝါရအတွက်ကျတော့ ဝတ္ထုပုရေဇာတ နိဿယကိုပါ ဟောသဖြင့် ဆဝတ္ထုတွေ ပိုလာပါတယ်။ ပဋိစ္စဝါရက ရုပ်ထဲမှာရှိတဲ့ ဟဒယဝတ္ထုဟာ ပဋိသန္ဓေ အခါကာလနှင့်သာ ဆိုင်ပါတယ်။ ပစ္စယဝါရကျတော့ ပဋိသန္ဓေ အခါကာလမှာလဲ ဆိုင်တယ်၊ ပဝတ္တိအခါကာလမှာလဲ ဆိုင်ပါတယ်။ ပဝတ္တိ အခါကာလဆိုယင် ဒီဟဒယဝတ္ထုကလေးကြည့်ပြီး အဗျာကတေန အဗျာကတံ မှာ မူရုပ်ထဲမှာ ဟဒယဝတ္ထုရှိပါတယ်။ မူလီထဲက ဝိပါက်ကြိယာတွေ ရှိပါ တယ်။ အဲဒီ ဝိပါက်ကြိယာတွေဟာ ဟဒယဝတ္ထုကို မှီသဖြင့် အဗျာကဓေန အဗျာကတံအတွက် ''ဝတ္ထုံ ပစ္စယာ ဝိပါကာ ဗျာကတာ ကြိယာ ဗျာကတာ ခန္ဓာ''လို့ ဟောပါတယ်။ ပဋိစ္စဝါရက ရခဲ့တဲ့ သင်္ချာ နဝကို ပစ္စယဝါရမှာ ရပါ တယ်။ ပြီးတော့ တဖန် မူဖြစ်တဲ့ ရုပ်ထဲမှာ ဟဒယဝတ္ထုရှိတော့ ဒီဟဒယဝတ္ထုကို ကြည့်၍ မူဖြစ်တဲ ကုသိုလ်က မှီသလား၊ မမှီဘူးလား။ ကုသိုလ် အကုသိုလ်စတဲ့ တရား အရူပ ဝိပါက်လေးခုမှတပါး ကြွင်းကျန်တဲ့တရားတွေဟာ ဆိုင်ရာဖြစ်တဲ့ ဝတ္ထုရုပ်တွေကို မှီရပါတယ်။ ကုသိုလ် အကုသိုလ်တွေကတော့ အားလုံးကုန် ဟဒယဝတ္ထုရုပ်ကို မှီရပါတယ်။ ဒွေ ပဥ္စ ဝိညာဉ် (၁၀)ကသာလျှင် စက္ခု အစရှိတဲ့ ဝတ္ထုတွေကို မှီပါတယ်။ အဲဒီလို မှီတဲ့အခါမှာ မူက ဟဒယဝတ္ထု မူလီက ကုသိုလ်ဖြစ်သဖြင့် ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာလို့ အဗျာကတေန ကုသလံ ရပါတယ်။ ထိုနည်းတူစွာ အကုသိုလ်က ဟဒယဝတ္ထုကိုမှီတဲ့အခါ အဗျာ ကတေန အကုသလံ၊ ဝတ္ထုံ ပစ္စယာ အကုသလာ ခန္ဓာ ။ အဲဒါက ဗျာ—ကု၊ ဗျာ—အကု ဖြစ်ပါတယ်။

ပြီးတော့ (ဗျာ—ကု၊ ဗျာ)လို့ဆိုတော့ မူဖြစ်တဲ့ ရုပ်ထဲမှာ ဟဒယဝတ္ထု ရှိတယ်၊ မူလီက ကုသိုလ်၊ အဲဒီကုသိုလ်က ဟဒယဝတ္ထုကိုမှီသဖြင့် ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာလို့ ဗျာ—ကု ဖြစ်ရော။ ခုနက ဗျာ—ကုအတိုင်းပါ။ ပြီးတော့ မူရုပ်ထဲမှာ မဟာဘုတ်ရှိပါတယ်။ အဲဒီ မဟာဘုတ်ဟာ စိတ္တဇရုပ်နဲ့ သဟဇာတ ဖြစ်သဖြင့် မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရုပံ လို့ဆိုတော့ ပစ္စည်းတရား အဗျာကတထဲက ဘယ်သူလဲ။ ဟဒယဝတ္ထုရယ် မဟာဘုတ်ရယ်။ ပစ္စယုပ္ပန် တရားက ကုသိုလ်နဲ့ အဗျာကတ (၂)ချက် လာဖြစ်ပါတယ်။ ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ၊ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရုပံလို့ဆိုတော့ အဗျာကတေန ကုသလာဗျာကတံ ဖြစ်ပါတယ်။ ထိုနည်းတူစွာ အကုသိုလ်က ဟဒယဝတ္ထုကို မှီမယ်။ ဒီအခါမှာ ဝတ္ထုံ ပစ္စယာ အကုသလာ ခန္ဓာအရ ဘာ လာ ဖြစ်သလဲ။ ဝတ္ထုပုရေဇာတ နိဿယ လာဖြစ်ပါတယ်။ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ အရ သဟဇာတ နိဿယ လာဖြစ်ပါတယ်။ ဒါ (၂)မျိုးကွဲပြီး ထားပါတယ်။ ဒါဟာ သဟဇာတ ပုရေဇာတ မိဿက သဘောမျိုးပါပဲ။ ဒီတော့ အဗျာကတေန အကုသလာ ဗျာကတံရယ်လို့ ဖြစ်ပါတယ်။ ဒီတော့ အဗျာကတဟာ (၅)ချက် ရလာပါတယ်။

နောက်ပြီးတော့ မူဖြစ်တဲ့ ကုသိုလ်၊ မူဖြစ်တဲ့ အဗျာကတ (၂)မျိုး ပေါင်းပါတယ်။ (၂)မျိုး ပေါင်းယူလိုက်တော့ မူဖြစ်တဲ့ ကုသိုလ်ဟာ မူလီ ဖြစ်တဲ့ ကုသိုလ်နှင့် သဟဇာတဖြစ်ပါတယ်။ ပြီးတော့ မူရုပ်ထဲမှာရှိတဲ့ ဟဒယ ဝတ္ထုဟာ မူလီဖြစ်တဲ့ ကုသိုလ်နဲ့ ဝတ္ထုပုရေဇာတ ဖြစ်ပါတယ်။ ဒါဟာ သဟဇာတ ပုရေဇာတ မိဿကပဲ။ ဒီတော့ မူထဲက ကုသိုလ်နှင့် အဗျာကတထဲက ဟဒယဝတ္ထုကိုယူ၍ မူလီကို ကုသိုလ်ယူတဲ့အခါမှာ ကုသလာ ဗျာကတေန ကုသလံ ဖြစ်ပါတယ်။ ဝိဘင်း ဘယ်လိုထွက်မလဲ။ ကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံစ ပစ္စယာ တယော ခန္ဓာ။ ကုသလံ ဧကံ ခန္ဓဉ္စက ဘယ်ကရတာလဲ။ မူကုသိုလ်က ရတာ။ ဝတ္ထုံစက ဘယ်ကရတာလဲ။ မူဖြစ်တဲ့ရုပ်ထဲက ဟဒယဝတ္ထုကို ယူပါတယ်။ မူလီက တယော ခန္ဓာလို့ဆိုတာက ကုသိုလ်ထဲက ရပါတယ်။ အဲဒါကြောင့် ကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံစ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေစ ဝတ္ထုံစ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေစ ဝတ္ထုံစ ပစ္စယာ ဒွေ ခန္ဓာလို့ ရပါတယ်။

ကုသလာ ဗျာကတေန အဗျာကတံကတော့ ပဋိစ္စဝါရက ပြောခဲ့တဲ့ အတိုင်းပါပဲ။ ကုသလာဗျာကတေန ကုသလာဗျာကတံကျတော့ ခုနက ကုသလာ ဗျာကတေန ကုသလံနှင့် ကုသလာ ဗျာကတေန အဗျာကတံကို (၂)ချက် ပေါင်းပြီး ဟောထားပါတယ်။ ကုသလာ ဗျာကတေန ကုသလံတုန်းက သဟဇာတ ပုရေဇာတ မိဿက ဖြစ်ပါတယ်။ ကုသလာ ဗျာကတေန အဗျာကတံက သဟဇာတသက်သက် ဖြစ်ပါတယ်။ အဲဒီ (၂)မျိုးကို ပေါင်း၍ ကုသလာ

ဗျာကတေန ကုသလာ ဗျာကတံရယ်လို့ ဖြစ်ပါတယ်။ မူဖြစ်တဲ့ ကုသိုလ်နဲ့ ဟဒယ ဝတ္ထုယူ။ မူလီက ကုသိုလ်ကို ယူလိုက်တဲ့အခါမှာ ခုနကပြောခဲ့တဲ့အတိုင်း ကုသလံ ဇော ခန္ဓဥ္စ ဝတ္ထုံစ ပစ္စယာ တယော ခန္ဓာ စသည် ရပါတယ်။ တဖန် မူ ကုသိုလ်နဲ့ အဗျာကတအတွက် ကုသိုလ် နာမက္ခန္ဓာနဲ့ မဟာဘုတ်ကို ယူလိုက်။ မူလီ ဖြစ်တဲ့ အဗျာကတက စိတ္တဇရုပ်ကို ယူလိုက်တဲ့အခါမှာ ကုသလေ ခန္ဓေစ မဟာ ဘူတေစ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရုပံလို့ ဖြစ်ပါတယ်။ သင်္ချာဟာ အကုသိုလ်မှာလဲ ထိုနည်းတူစွာ (၃)ချက် ရသဖြင့် ပစ္စယဝါရအတွက် သင်္ချာသည် သတ္တရသ ဖြစ်ပါတယ်။ အဲဒါက ဟေတု အစရှိတဲ့ သတ္တရသရတဲ့ ပစ္စည်းတွေကိုပြောတာပါ။

အာရမ္မဏစတဲ့ သတ္တရတဲ့ သင်္ချာတွေကျတော့ ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံတွေက ပဋိစ္စဝါရနဲ့ တူပါ တယ်။ ဒါပေတဲ့ ပစ္စယုပ္ပန် အာရမ္မဏက နာမ်ကုန်ရတယ်။ ပစ္စည်းအာရမ္မဏမှာ ဆဝတ္ထု ရှိပါတယ်။ မူလီ အဗျာကတထဲမှာ ဒွေ ပဥ္စ ဝိညာဉ် တဆယ် ရှိပါ တယ်။ စက္ခုဝိညာဉ်က စက္ခုပသာဒကိုမှီတဲ့အခါ၌ စက္ခာယတနံ ပစ္စယာ စက္ခု ဝိညာဏံ၊ သောတ ဃာန ဇိဝှာ ကာယတွေ သွားပါတယ်။ ပြီးတော့ ကြွင်းကျန် တဲ့ ဝိပါက်ကြိယာတွေက ဟဒယဝတ္ထုကို မှီတဲ့အခါမှာ ဝတ္ထုံ ပစ္စယာ ဝိပါကာ ဗျာကတာ ကြိယာဗျာကတာ ခန္ဓာလို့ ဟောပါတယ်။ ဒီပစ္စယဝါရမှာ ပုရေ ဇာတ နိဿယကိုပါ ဟောခြင်းကြောင့် ဆဝတ္ထုတွေ ရပါတယ်။ ဆဝတ္ထု အဗျာကတေန အဗျာကတံကို ပြောပြီးပြီ။ ယခု သတ္တ ရတာကတော့ မူပစ္စည်း ထဲက ဟဒယဝတ္ထု၊ မူလီထဲက ကုသိုလ်ရှိပါတယ်။ ခုနကပြောခဲ့တဲ့ သတ္တရသကနဲ့ ဘာမှ တိုးမထူးပါဘူး။ ကုသိုလ်က ဟဒယဝတ္ထုကို မှီတဲ့အခါ အဗျာကတေန ကုသလံ၊ ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ။ အကုသိုလ်က ဟဒယဝတ္ထုကိုမှီတဲ့ အခါ အဗျာကတေန အကုသလံ၊ ဝတ္ထုံ ပစ္စယာ အကုသလာ ခန္ဓာ ရပါတယ်။

ပြီးတော့ကာမှ သူက နာမ်ချည်းသက်သက် ပစ္စယုပ္ပန်နေခြင်းကြောင့် နာမ်ပစ္စယုပ္ပန်ကိုသာလျှင် ကြည့်ရပါတယ်။ နာမ်ပစ္စယုပ္ပန်နေဟာဟာ ကုသိုလ် အကုသိုလ် (၂)ချက်ပဲ ရှိပါတယ်။ အဗျာကတဆိုင်ရာက ယူပြီးပါပြီ။ ခုနက သဟဇာတ ပုရေဇာတ မိဿကက ပြောခဲ့တဲ့အတိုင်း မူကုသိုလ် ဟဒယဝတ္ထု ယူ၍ မူလီက ကုသိုလ်ယူလိုက်တဲ့အခါမှာ ကုသလာ ဗျာကတေန ကုသလံ၊ ကုသလံ ဇော ခန္ဓဥ္စ ဝတ္ထုံစ ပစ္စယာ တယော ခန္ဓာ စသည် ရပါတယ်။ ထိုနည်း တူစွာ မူအကုသိုလ်နဲ့ အဗျာကတထဲက ဟဒယဝတ္ထုကိုယူ၍ ပစ္စယုပ္ပန်က အကုသိုလ် ယူလိုက်တဲ့အခါမှာ အကုသလာ ဗျာကတေန အကုသလံလို့ ရပါဖြစ်ပါတယ်။ အဲဒါကို အကုသလံ ဇော ခန္ဓဥ္စ ဝတ္ထုံစ စသည်ဖြင့် ဟောလေတော့ အာရမ္မဏ စသည်မှာ သင်္ချာသတ္တဖြစ်ပါတယ်။ ကုသလေန ကုသလံ၊ အကုသလေန အကု

သလံ၊ ဒါပင်္ဂိစ္စနဲ့တူပါတယ်။ အဗျာကတေန အဗျာကတံထဲမှာ ဒွေ ပဉ္စ ဝိညာဉ်(၁၀)ပါခဲ့လို့ရှိယင် ၎င်း ဒွေ ပဉ္စ ဝိညာဉ်(၁၀)သည် ဆိုင်ရာဖြစ်တဲ့ ပဉ္စဝတ္ထုကို မှီပါလိမ့်မယ်။ ဝိပါက်ကြီးယာတွေက ဟာဒယဝတ္ထုကို မှီပါတယ်။ အဲဒါ အဗျာကတေန အဗျာကတံ။ ပြီးတော့ အဗျာကတေန ကုသလံ၊ အဗျာကတေန အကုသလံ၊ ကုသလာ ဗျာကတေန ကုသလံ၊ အကုသလာ ဗျာကတေန အကုသလံလို့ ရသဖြင့် သင်္ချာဟာ သတ္တဖြစ်ပါတယ်။ အဲဒါက ဆိုင်ရာဖြစ်တဲ့ အနုလုံသင်္ချာဟာ သတ္တရသနဲ့ သတ္တအတွက် ဖြစ်ပါတယ်။ကော်ကတော့ ဝိပါက်အတွက် မထူးပါဘူး။

သံသဋ္ဌဝါရကျတော့ သမ္ပယုတ္တပစ္စည်းကို ဟောသဖြင့် ပစ္စည်းပစ္စယုပ္ပန်တွေဟာ အားလုံးကုန် နာမ်တွေသာလျှင် ဖြစ်ပါတယ်။ နာမ်တွေသာလျှင် ဖြစ်သဖြင့် ကုသိုလ် အကုသိုလ် အဗျာကတက တရား ရွေးယူရပါတယ်။ ရွေးယူလိုက်တဲ့အခါမှာ ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံလို့ ရပါတယ်။ ဝိပါကကျတော့ကာ ဝိပါက်ဆိုင်ရာဖြစ်သဖြင့် အဗျာကတေန အဗျာကတံလို့ ရပါတယ်။ အဲဒါက အနုလုံအတွက် သင်္ချာထုတ်ပုံတွေကို ပြောပြခြင်း ဖြစ်ပါတယ်။ နောက်အပတ်ကျမှ ပစ္စနိက်နဲ့ ပဥ္စဝါရ သင်္ချာထုတ်ပုံတွေကို ဆက်ပြီး ပြောပြပါမယ်။

သာဓု—သာဓု—သာဓု။

## * ပဋ္ဌာန်း ကုသလတိက် ပဉှာဝါရ ပစ္စနီယာနုလောမ သင်္ချာခန်း

အယင်အပတ်က ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာလို့ ဆိုတဲ့ ကုသလတိက်ပုဒ် တပုဒ်ကို မူတည်ပြီး ဆဝါရ အနုလုံ သင်္ချာထုတ်ပုံကို ပြောခဲ့ပါပြီ။ ယခု အပတ် ဆဝါရ ပစ္စနိက် သင်္ချာထုတ်ပုံကို ပြောပြပါမယ်။

### န ဟေတု

န ဟေတုမှာ ပစ္စယုပ္ပန်တရားရှိတာက မောဟမူဒွေမှာ ရှိတဲ့ မောဟရယ်၊ အဟိတ် နာမ်ရုပ်တွေရယ်လို့ ရှိပါတယ်။ အဲဒီ မောဟမူဒွေမှာ မောဟ မူလီ ဖြစ်တဲ့ တရားကြည့်လိုက်ယင် အကုသိုလ်ဖြစ်ပါတယ်။ ပစ္စည်းတရား မောဟမူတွေ ရှိပါတယ်။ ဒါကြောင့် အကုသလေန အကုသလံ။ အဟိတ် နာမ် ရုပ် အဗျာကတမှာ ရှိပါတယ်။ ဒါ့ကြောင့် အဗျာကတေန အဗျာကတံရယ်လို့ ပဋိစ္စဝါရ အတွက် သင်္ချာဒွေ ဖြစ်ပါတယ်။ ပစ္စယဝါရကျတော့ နိဿယပစ္စည်းကိုပါ ဟောသဖြင့် ပစ္စည်းတရားက ဟဒယဝတ္ထုရှိပါတယ်။ အဲဒီ ဟဒယဝတ္ထုဟာ ပစ္စည်းဘက်မှာ နေပါတယ်။ မောဟဆိုတဲ့ ပစ္စယုပ္ပန်က အကုသိုလ်ဖြစ်ပါတယ်။ ဒီတော့ အဗျာကတေန အကုသလံ၊ ဝတ္ထုံ ပစ္စယာ ဝိစိကိစ္ဆာ သဟဂတော ဥဒ္ဓစ္စသဟဂတော မောဟောလို့ ဟောပါတယ်။ ပြီးတော့ တဖန် ခုနက အကုသလေန အကုသလံမှာရှိတဲ့ မောဟမူဒွေရယ်၊ အဗျာကတမှာရှိတဲ့ ပစ္စည်း ဟဒယဝတ္ထုရယ်တွဲ၊ ပစ္စယုပ္ပန်က မောဟမူဒွေမှာ ရှိတဲ့ မောဟပဲ။ အဲဒီမောဟက မူလီ အကုသိုလ်မှာ ရှိပါတယ်။ ဒီအခါမှာ အကုသလာ ဗျာကတေန အကုသလံလို့ ဖြစ်ပါတယ်။ ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စ သဟဂတေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဝိစိကိစ္ဆာ သဟဂတော ဥဒ္ဓစ္စ သဟဂတော မောဟော၊ ဒီတော့ ပစ္စယဝါရ အတွက် သင်္ချာ စတ္တာရိ ရပါတယ်။

သံသဋ္ဌ ဒွေကတော့ နာမ်တရားတွေသာ ဖြစ်ခြင်း၊ မောဟနဲ့ အဟိတ် နာမ်တွေသာဖြစ်ခြင်းကြောင့် အကုသလေန အကုသလံ၊ အဗျာကတေန အဗျာ

---

* ၁၃၂၉-ခု ကဆုန်လဆုတ်(၇) ရက်၊ ၁၉၆၇ ခု၊ မေလ (၃၁) ရက် ဗုဒ္ဓဟူးနေ့၊ (အဌမအကြိမ်)

ကတာံလို့ ပဋ္ဌ်စ္စဝါရ သဘောအတိုင်းပဲ ရပါတယ်။ အဲဒါက န ဟေတု အတွက် ဖြစ်ပါတယ်။

## နာရမ္မဏ စသည်

နာရမ္မဏ နာနန္တရ စသည်တွေမှာ သင်္ချာ ပဥ္စ ရပါတယ်။ သူ့ရဲ့ ပစ္စယုပ္ပန် တရားတွေကိုကြည့်ယင် ရုပ်တရားတွေဖြစ်သဖြင့် မူလီရုပ်ဟာ အဗျာကတမှာပဲ ရှိပါတော့တယ်။ ဒီတော့ စိတ္တဇရုပ်တရားနဲ့ အတူတကွ ဖြစ်နိုင်တာက ကုသိုလ် တရား ဖြစ်ပါတယ်။ ကုသိုလ်တရားဖြစ်ခြင်းကြောင့် ကုသလေန အဗျာကတံ။ အကုသိုလ်တရားဟာလဲ စိတ္တဇရုပ်နဲ့ အတူတကွဖြစ်ခြင်းကြောင့် အကုသလေန အဗျာကတံ။ပဝတ္တိအခါမှာ ဝိပါက်ကြိယာတွေ၊ပဋိသန္ဓေ အခါကာလမှာ ဆိုင်ရာ ဖြစ်တဲ့ ပဋိသန္ဓေစိတ်တွေဟာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်နဲ့ အတူတကွဖြစ်ခြင်း ကြောင့် အဗျာကတေန အဗျာကတံလို့ လာပါတယ်။ တဖန် မူဖြစ်တဲ့ ပစ္စည်း တရားက ကုသိုလ်နဲ့ အဗျာကတရုပ်ထဲက မဟာဘုတ်ယူပါတယ်။ဒီကုသိုလ်နဲ့ မဟာ ဘုတ် ပစ္စည်းယူ၍ ပစ္စယုပ္ပန်အဗျာကတထဲကစိတ္တဇရုပ်ကို ယူတဲ့အခါမှာ ကုသလာ ဗျာကတေန အဗျာကတံ။ ကုသလေ ခန္ဓေစ မဟာဘူတေစ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ဖြစ်ပါတယ်။ အကုသိုလ်နဲ့ အဗျာကတကိုယူ၍ ပစ္စယုပ္ပန် အဗျာကတနေတဲ့ အခါမှာ အကုသလာ ဗျာကတေန အဗျာကတံရယ်လို့ သင်္ချာ ဗျာ(၅)ချက် ထွက်ပါတယ်။ အဲဒါက နာရမ္မဏ အစရှိသည့် ပစ္စည်းတွေ အတွက်ပါ။ ဘုတ် တွေက အဗျာကတ ဖြစ်လေတော့ သိလွယ်ပြီဖြစ်၍ ၎င်းတို့ကို အထူး မပြော တော့ပါဘူး။

## နာဓိပတိ

နာဓိပတိကျတော့ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ အကုသိုလ်ဒွါဒသ အဟိတ်ကြိယာ မဟာကုသိုလ် မဟာကြိယာ လောကီ ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ နိရာဓိပတိ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်၊ ဗာဟိရ စတဲ့ ရုပ်တွေ အကုန်ရပါတယ်။ အဲဒီတော့ ဒီတရား ကို ကြည့်လိုက်ယင် နိရာဓိပတိ ကုသိုလ်တွေလဲ ရှိပါတယ်။ အဓိပတိတရားကိုယ် ထဲက သာဓိပတိဇော (၅၂) ခုမှာရှိတဲ့ ကုသိုလ်စသည်တွေလဲ ရှိပါတယ်။ အဲဒီ သာဓိပတိဇော (၅၂)ခုမှာရှိတဲ့ ကုသိုလ်တွေရော နိရာဓိပတိမှာရှိတဲ့ ကုသိုလ်တွေ ရောပေါင်းပြီး ကုသလေန ကုသလံရယ်လို့ ယူပါတယ်။ ဒီမှာတော့ ကုသလတိက် ဖြစ်ခြင်းကြောင့် သီးခြားခွဲပြီး မဟောပါဘူး။ မဟဂ္ဂုတ် လောကုတ္တရာ သက်သက် ရကြယင် သီးခြားခွဲပြီး ဟောပါတယ်။ ပြီးတော့ နိရာဓိပတိ စိတ္တဇရုပ်အတွက် ကုသလေန အဗျာကတံ။ (၂)ခုကို ပေါင်းလိုက်ယင် ကုသလေန ကုသလာ

ဗျာကတတံလို့ (၃)ချက် လာထွက်ပါတယ်။ ထိုနည်းတူစွာ အကုသိုလ်တွေမှာလဲ ရခြင်းကြောင့် အကုသိုလ်ကလဲ (၃)ချက်ထွက်ပါတယ်။ ၎င်း အဓိပတိ တရားကိုယ်နှင့်တကွ နိုရာဓိပတိ စိတ်တွေမှာ အဗျာကတတွေကလဲ ရှိခြင်းကြောင့် အဗျာကတေန အဗျာကတံ။ တဖန် ဟေတုတုန်းကလို ကုသိုလ်နဲ့ အဗျာကတတွဲ၍ ကုသိုလ်နဲ့ အဗျာကတ ဘာကိစ္စတွဲရသလဲဆိုယင် အဗျာကတထဲမှာ ရုပ်ရှိပါတယ်။ အဲဒီရုပ်ထဲမှာ မဟာဘုတ်ရှိပါတယ်။ ဒီတော့ ကုသိုလ်နဲ့ အဗျာကတကို ပစ္စည်းယူ၍ မူလီထဲက အဗျာကတဖြစ်တဲ့ စိတ္တဇရုပ်ကို ပစ္စယုပ္ပန် ယူလိုက်တဲ့အခါမှာ ကုသလာ ဗျာကတေန အဗျာကတံ။ ထိုနည်းတူစွာ အကုသလာ ဗျာကတေန အဗျာကတံလို့ သင်္ချာ (၉)ချက်ထွက်ပါတယ်။ ပဋိစ္စဝါရ အတွက်ပါ။

ပစ္စယဝါရအတွက်ကျတော့ အနုလုံတုန်းက ပြောခဲ့တဲ့အတိုင်း သင်္ချာဟာ သတ္တရသ ထွက်ပါတယ်။ သံသဋ္ဌဝါရကျတော့ နာမ်ချည်းသက်သက် ရခြင်းကြောင့် သင်္ချာ တီဏိထွက်ပါတယ်။ အနုလုံတုန်းက ပြောခဲ့ပြီးဖြစ်သဖြင့် ဒီမှာ အကျဉ်းချုပ်ပဲ ပြောပါမယ်။

## န အညမည

န အညမညကြည့်လိုက်ယင် ရုပ်တရားတွေပဲ ဖြစ်ပါတယ်။ ရုပ်တရားတွေဖြစ်ခြင်းကြောင့် နာရမ္မဏသဘောအတိုင်း သင်္ချာ(၅)ချက် ရပါတယ်။ ဒီရုပ်တရားတွေမှာလဲ စိတ္တဇရုပ်ပါခြင်းကြောင့် အဗျာကတ ပစ္စယုပ္ပန် နေပါတယ်။ ကုသလေန အဗျာကတံ၊ အကုသလေန အဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာ ဗျာကတေန အဗျာကတံ၊ အကုသလာ ဗျာကတေန အဗျာကတံလို့ ဖြစ်ပါတယ်။

## န ပုရေဇာတ

န ပုရေဇာတကျတော့ အရူပ ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အရူပဘုံ၌ ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ ဘဝင်မဂ် (၃)ခု၊ ဖိုလ်(၄)ခု၊ ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် စသည်ဖြင့် ရုပ်တွေ အကုန်ရပါတယ်။ အရူပဘုံမှာဖြစ်တဲ့ နာမ်တရားရဲ့ သုဒ္ဓသင်္ချာအတိုင်း ကြည့်လိုက်မယ်ဆိုယင် အရူပဝိပါက်လေးခုဟာ အဗျာကတမှာသာလျှင် ရှိပါတယ်။ သူ့အတွက် အဗျာကတေန အဗျာကတံပဲ ရပါတယ်။ အရူပဘုံမှာဖြစ်တဲ့ နာမ်တရားတွေထဲမှာ ကုသိုလ်ပါတယ်။ အကုသိုလ်ပါတယ်။ အဗျာကတပါတယ်။ ဒီတော့ ဆိုင်ရာဖြစ်တဲ့ ကုသိုလ်တွေကို ယူလိုက်ယင် ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံလို့

ရပါတယ်။ ပြီးတော့ စိတ္တဇရုပ်ဟာ န ပုရေဇာတရဲ့ သုဒ္ဓသင်္ချာမှာရှိတဲ့ နာမ်နဲ့ မဆိုင်ပါဘူး။ အနုလုံတုန်းက ပဥ္စဝေါကာရဘုံမှာ ဖြစ်ခဲ့တဲ့ အရူပဝိပါက်လေးခု ကြဉ်တဲ့ စိတ်(၈၅)ခုနဲ့ ဆိုင်ပါတယ်။ ဒီတော့ အနုလုံကယူခဲ့တဲ့ နာမ်တရားတွေနဲ့ ဒီက အဗျာကတ ပစ္စနိက်မှာရှိတဲ့ စိတ္တဇရုပ်တွေနဲ့ တွဲရပါတယ်။ ဒီအခါမှာ ကုသလေန အဗျာကတံ ရပါတယ်။ ဒီလိုယူတမ်းလို့ဆိုယင် ကုသလေန ကုသလာ ဗျာကတံကိုကော န ပုရေဇာတမှာ ဘာဖြစ်လို့ မယူသလဲ။ ကုသလေန ကုသလာ ဗျာကတံကို ယူမယ်လို့ဆိုယင်ႆဘာတွေယူရလိမ့်မလဲ။ အရူပဘုံမှာဖြစ်တဲ့ နာမ်တရားတွေ ယူရပါလိမ့်မယ်။ အဲဒီ အရူပဘုံမှာဖြစ်တဲ့ နာမ်တရားတွေသည် စိတ္တဇရုပ်နဲ့ အတူတကွ မဖြစ်ပါဘူး။ ဒါ့ကြောင့် ကုသလေန ကုသလာ ဗျာကတံကို မယူနိုင်ပါဘူး။ ခုနက ကုသလေန အဗျာကတံယူခဲ့တဲ့နည်းတူ အကုသလေန အဗျာကတံကိုလဲ အနုလုံကရခဲ့တဲ့ ပဥ္စဝေါကာရဘုံမှာဖြစ်တဲ့ နာမ်တရားတွေ ယူရပါတယ်။ တဖန် ကုသလာ ဗျာကတေန အဗျာကတံကိုလဲ ပဥ္စဝေါကာရဘုံမှာဖြစ်တဲ့ ကုသိုလ်နဲ့ မဟာဘုတ်ကို ပစ္စည်းယူ၍ စိတ္တဇရုပ်ကို ပစ္စယုပ္ပန်ယူတဲ့အခါမှာ ကုသလာ ဗျာကတေန အဗျာကတံ ဖြစ်ပါတယ်။ အကုသလာ ဗျာကတေန အဗျာကတံမှာလဲပဲ ဒီအတိုင်းပဲ ဖြစ်ပါတယ်။ ဒီတော့ န ပုရေဇာတရဲ့ သင်္ချာသတ္တသည် ကုသလေန ကုသလံ၊ ကုသလေန အဗျာကတံ၊ အကုသလေန အကုသလံ၊ နာမ်ချင်းချင်းဆိုယင် ဒါတွေက အရူပဘုံနဲ့သာ ဆိုင်ပါတယ်။ အကုသလေန အဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာ ဗျာကတေန အဗျာကတံ၊ အကုသလာ ဗျာကတေန အဗျာကတံလို့ သင်္ချာသတ္တ ရပါတယ်။

ပစ္စယဝါရမှာလဲပဲ မထူးပါဘူး။ ဘာ့ကြောင့်။ အရူပဘုံမှာဖြစ်တဲ့ နာမ်တရားတွေသည် ဝတ္ထုရုပ်ကို မမှီနိုင်ပါဘူး။ ဝတ္ထုရုပ်ကို မမှီနိုင်တဲ့အတွက် ပဋိစ္စနဲ့ ပစ္စယဝါရ သင်္ချာတူပါတယ်။ သံသဋ္ဌဝါရကျတော့ အရူပဘုံမှာဖြစ်တဲ့ နာမ်တရားတွေ သက်သက်ကိုသာလျှင် ယူရပါလိမ့်မယ်။ ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာကတော့ အဗျာကတေန အဗျာကတံသာ ရပါမယ်။ အဲဒီ အရူပဘုံမှာ ဖြစ်တဲ့ နာမ်တရားတွေထဲမှာ ကုသိုလ် အကုသိုလ် အဗျာကတတွေ ရှိခြင်းကြောင့် သင်္ချာတိဏ်ကို ဖြစ်ပါတယ်။

## န ပစ္ဆာဇာတ

န ပစ္ဆာဇာတကျတော့ကာ သူ့ရဲ့ သုဒ္ဓသင်္ချာက နာမ်ကုန်ရုပ်ကုန် ရသဖြင့် အနုလုံက သဟဇာတနဲ့ လုံးဝတူပါတယ်။

## နာသေဝန

နာသေဝနကျတော့ ဘာတွေရသလဲ။ အကုသိုလ် ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ပထမဇော အာဝဇ္ဇန်း ဒွေ ဝိပါက်စိတ် ဆတ္တိံသ

ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ(၄)ပါး၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်လို့ ဒီမှာ ကုသိုလ် အကုသိုလ် အဗျာကတတွေလဲ ပါတယ်။ စိတ္တဇရုပ်တွေလဲပါတယ်။ ဒီလိုပါတော့ ခုနက နပစ္ဆာဇာတတုန်းကလိုပဲ သင်္ချာဟာ နဝ သတ္တရသ တိဏိ ရှိပါတယ်။

## န ကမ္မ

န ကမ္မကျတော့ ကုသိုလ် အကုသိုလ် ကြိယာ စေတနာပဲရှိတယ်။ ရုပ်ကလဲပဲ စိတ္တဇရုပ်တွေ မရတော့ပါဘူး။ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ်သာ ရပါတယ်။ ကုသိုလ် အကုသိုလ် စေတနာရှိတော့ ဒီစေတနာဟာ ပစ္စယုပ္ပန်ဘက်က နေတာပါ။ ပစ္စည်းဘက်က ကုသိုလ်ရှိပါတယ်။ ဒီကုသိုလ် ရှိခြင်းကြောင့် ကုသလေန ကုသလံ။ ပစ္စယုပ္ပန်က စိတ္တဇရုပ်မရသဖြင့် ကုသလေန အဗျာကတံ မရတော့ပါဘူး။ ကုသလေန အဗျာကတံ မရယင် ဘယ်တော့မှ ကုသလေန ကုသလာ အဗျာကတံ မရနိုင်ပါဘူး။ အကုသိုလ် စေတနာအတွက် ပစ္စည်းအကုသိုလ်နှင့်တွဲ၍ အကုသလေန အကုသလံ။ ကြိယာစေတနာအတွက် အဗျာကတေန အဗျာကတံ။ ဒါက ပဋိစ္စဝါရအတွက်ပါ။ ရုပ်တွေကတော့ အဗျာကတသွားပါတယ်။ ပစ္စယဝါရအတွက်ကျတော့ ပစ္စည်းဘက်မှာ ဟဒယဝတ္ထု ရှိပါတယ်။ ဒီဟဒယဝတ္ထုက ဘယ်မှာရှိသလဲ။ ရုပ်(၂၈)ခုထဲက အဗျာကတမှာ ရှိပါတယ်။ ဒီဟဒယဝတ္ထုကို ကုသိုလ်စေတနာကမှီတဲ့ အခါကာလ၌ အဗျာကတေန ကုသလံ၊ ဝတ္ထုံ ပစ္စယာ ကုသလာ စေတနာ။ အကုသိုလ်မှီတဲ့ အခါကာလမှာ အဗျာကတေန အကုသလံ။ သင်္ချာ(၅)ချက် ရပါပြီ။ ခုနက ကုသလေန ကုသလံ ယူတုန်းက ကုသိုလ်ရခဲ့ပါတယ်။ အဗျာကတေန ကုသလံတုန်းက ဟဒယဝတ္ထု ရခဲ့ပါတယ်။ အဲဒီ ကုသိုလ်နဲ့ ဟဒယဝတ္ထုကို ပစ္စည်းယူ၍ ပစ္စယုပ္ပန် ကုသိုလ် ယူတဲ့အခါမှာ ကုသလေ ခန္ဓေစ ဝတ္ထုံစ ပစ္စယာ ကုသလာ စေတနာ။ ထို့နည်းတူစွာ အကုသိုလ်နဲ့ အဗျာကတပစ္စည်းယူ၍ ပစ္စယုပ္ပန် အကုသိုလ် ယူတဲ့အခါမှာ အကုသလေ ခန္ဓေစ ဝတ္ထုံစ ပစ္စယာ အကုသလာ စေတနာလို့ သင်္ချာသတ္တ ယာဖြစ်ပါတယ်။ သံသဋ္ဌဝါရအတွက် သင်္ချာတိဏိကတော့ ကုသိုလ် အကုသိုလ် ကြိယာဆိုတဲ့ (၃)ချက်ရှိခြင်းကြောင့် ကုသလေန ကုသလံ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ ရပါတယ်။

## န ဝိပါက

န ဝိပါကကျတော့ ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ(၄)ပါး။ ကုသိုလ် အကုသိုလ် ကြိယာပြုအပ်သော စိတ္တဇရုပ်။ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်။ ကုသိုလ် အကုသိုလ်

ကြိယာ နာမက္ခန္ဓာရတယ်။ ခုနက န ကမ္မတုန်းက စိတ္တဇရုပ် မရသဖြင့် ကုသလေန အဗျာကတံ မရဘူး။ ဒီမှာ စိတ္တဇရုပ်ရခြင်းကြောင့် ကုသလေန အဗျာကတံ ရပါလိမ့်မယ်။ ကုသိုလ်အချင်းချင်း သဟဇာတဖြစ်တဲ့အခါ ကုသလေန ကုသလံ။ မူလီ အဗျာကတရုပ်ကို သွားတဲ့အခါ ကုသလေန အဗျာကတံ။ (၂)ချက် ယှဉ်တဲ့အခါ၌ ကုသလေန ကုသလာ ဗျာကတံ။ ထိုနည်းတူစွာ အကုသိုလ်လဲ (၃)ချက်ရပါတယ်။ အဗျာကတ အချင်းချင်း ယှဉ်တဲ့အခါမှာ အဗျာကတေန အဗျာကတံရပါတယ်။ ပြီးတော့ ကုသိုလ်နဲ့ မဟာဘုတ်ယှဉ်၍ ပစ္စယုပ္ပန် စိတ္တဇရုပ် ယှဉ်တဲ့အခါမှာ ကုသလာ ဗျာကတေန အဗျာကတံ။ ထိုနည်းတူ အကုသလာ ဗျာကတေန အဗျာကတံလို့ သင်္ချာ နဝ လာရပါတယ်။

ပစ္စယဝါရကျတော့ သဟဇာတတုန်းက ပြောခဲ့တဲ့အတိုင်း ပစ္စည်းဘက်မှာ ဟဒယဝတ္ထုရှိပါတယ်။ အဲဒီ ဟဒယဝတ္ထုကို ကုသိုလ်ကမှီတဲ့အခါ ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာဆိုပြီး အဗျာကတေန ကုသလံ၊ အဗျာကတေန အကုသလံ၊ အဗျာကတေန ကုသလာ ဗျာကတံ၊ အဗျာကတေန အကုသလာ ဗျာကတံ ရယ်လို့ အဗျာကတ(၅)ချက် လာရပါတယ်။ ထိုနည်းတူစွာ ကုသလာ ဗျာကတေန ကုသလံ၊ ကုသလာ ဗျာကတေန အဗျာကတံ၊ ကုသလာ ဗျာကတေန ကုသလာ ဗျာကတံ စသည်ဖြင့် (၃)ချက်၊ အကုသိုလ်မှာလဲ (၃)ချက် ဖြစ်ခြင်းကြောင့် သင်္ချာ သတ္တရသ ဖြစ်ပါတယ်။ သံသဋ္ဌဝါရ အတွက်ကတော့ တီဏိပဲ ရပါတယ်။ ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာပဲ ရှိပါတယ်။

## န အာဟာရ

န အာဟာရကျတော့ ရုပ်တွေပဲ ရှိပါတယ်။ စိတ္တဇရုပ် မပါပါဘူး။ ဗာဟိရရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်။ အဲဒီ ရုပ်တရားတွေ ဘယ်မှာရှိသလဲလို့ ကြည့်ယင် အဗျာကတ အကွက်မှာသာ ရှိပါတယ်။ ဒါကြောင့် အဗျာကတေန အဗျာကတံ (၁)ချက်ပဲ ရပါတယ်။ ရုပ်သက်သက်နေတဲ့အခါ၌ သံသဋ္ဌဝါရ မရတော့ပါဘူး။ ပဋိစ္စဝါရနဲ့ ပစ္စယဝါရ တူပါတယ်။

## န ဣန္ဒြိယ

န ဣန္ဒြိယ ကျပြန်တော့လဲ ထိုနည်းတူစွာ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ဇီဝိတိန္ဒြေ ပဝတ္တိရုပ် ဇီဝိတိန္ဒြေရခြင်းကြောင့် အဗျာကတေန အဗျာကတံပဲ ရပါတယ်။

## န ဈာန

န ဈာနမှာ ဒွေ ပဉ္စ ဝိညာဉ် (၁၀) နာမက္ခန္ဓာရယ်လို့ ရှိပါတယ်။ အဲဒီ ဒွေ ပဉ္စ ဝိညာဉ် (၁၀)ဟာ တတိယ ပဒက ဝိပါက်တရား ဖြစ်ပါတယ်။

ဝိပါက်ဖြစ်ခြင်းကြောင့် သူ့အတွက် အဗျာကတေန အဗျာကတံပါပဲ။ ဗာဟိရ စတဲ့ ရုပ်တွေလဲပဲ အဗျာကတေန အဗျာကတံပဲ ဖြစ်ပါတယ်။

### န မဂ္ဂ

န မဂ္ဂကျတော့ န ဟေတုတုန်းကလို မောဟ မပါတော့ဘူး။ အဟိတ် နာမ်တွေ ရုပ်တွေပဲ ရှိပါတယ်။ အဲဒီ အဟိတ် ရုပ်တွေ နာမ်တွေဟာ ဘယ်မှာ ရှိမလဲလို့ ကြည့်ယင် မူဖြစ်တဲ့ အဗျာကတ မူလီဖြစ်တဲ့ အဗျာကတမှာသာလျှင် ရှိပါတယ်။ ဒါကြောင့် အဗျာကတေန အဗျာကတံလို့ (၁)ချက်ပဲ ရပါတယ်။

### န ဝိပ္ပယုတ္တ

န ဝိပ္ပယုတ္တကျတော့ အရူပဝိပါက်လေးခု၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊ အရူပဘုံ၌ ဖြစ်သောအခါ လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ် (၃)ခု၊ ဖိုလ်လေးခု နာမက္ခန္ဓာ၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဒီမှာ ပုရေဇာတတုန်းကလို စိတ္တဇရုပ် မပါတော့ ပါဘူး။ ဘာဖြစ်လို့ မပါလဲဆိုတာကို ဟိုတလောက ဒီ ပစ္စနိက်တရားတွေဟာ ဘယ်လိုနေခဲ့တယ် ဆိုတာကို အကျယ် ပြောပြခဲ့ပြီးပါပြီ။ န ပုရေဇာတတုန်းက တော့ နာမ်ချည်းသက်သက်ရသဖြင့် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် အစရှိတဲ့ ရုပ်တွေအကုန်လုံးရပါတယ်။ န ဝိပ္ပယုတ္တကျတော့ အနုလုံဖြစ်တဲ့ ဝိပ္ပယုတ္တတုန်းက စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တွေရခဲ့တယ်။ ဒါကြောင့် ဒီမှာ ဗာဟိရ စတဲ့ ရုပ်တွေသာလျှင် ကြွင်းကျန်ပြီးနေပါတယ်။ အရူပဘုံမှာဖြစ်တဲ့ နာမ်တရားတွေကို သရုပ်ခွဲလိုက်ယင် ကုသိုလ် အကုသိုလ် အဗျာကတလို့ (၃)ချက် ရပါတယ်။ ကုသိုလ် အချင်းချင်း အကုသိုလ် အချင်းချင်း အဗျာကတအချင်းချင်း သဟဇာတ ဖြစ်ခြင်းကြောင့် သချာတိကံ ရပါတယ်။ အရူပဘုံမှာဖြစ်တဲ့ နာမ်တရား တွေ ဖြစ်ခြင်းကြောင့် ပစ္စယဝါရအတွက်လဲ အတူးမရပါဘူး။ သံသဋ္ဌဝါရလဲ ဒီအတိုင်း သချာတိကံ ရပါတယ်။ အဲဒီတော့ ဘာဝါရပစ္စနိက် ကိစ္စပြီးကြပါစို့။

### ပဋ္ဌာဝါရ ဟေတုပစ္စည်း

ပဋ္ဌာဝါရမှာ ဟိုတုန်းက တပည့်တော်တို့ မျိုးတွေနဲ့ ပြောခဲ့ပါတယ်။ ယခု သချာထုတ်ပုံတွေကို ပစ္စည်းအစဉ်နဲ့ ကြော်ငြာပါမယ်။ ဟေတုပစ္စည်း— ဟေတုပစ္စည်းကြည့်လိုက်ယင် သူ့ရဲ့သုဒ္ဓသချာက (သချာထုတ်တယ်ဆိုကာ ဆိုင်ရာ ဖြစ်တဲ့ သုဒ္ဓသချာနဲ့ ကင်းပြီး ထုတ်လို့မရပါဘူး။ ဒီသုဒ္ဓသချာတွေကို နား

လည်ရပါတယ်။ ကုသလတိက်က သုဒ္ဓသင်္ချာကလေးတခု ရသွားခဲ့လို့ရှိယင် ပဋ္ဌာန်း (၂၄)ကျမ်းမှာ သုဒ္ဓသင်္ချာတွေဟာ အထူးကျက်နေစရာ မလိုပါဘူး။ တပည့်တော်တို့ ဝေဒနာတိက်ဆိုယင် ဘာတွေလဲ။ တိက်မုတ်ထွက်တာက ဝေဒနာရယ်၊ ရုပ်ရယ်၊ နိဗ္ဗာန်ရယ် ထွက်ပါတယ်။ အဲဒီတော့ ဓမ္မအနုလုံမှာ တိက်မုတ်ဖြစ်တဲ့ တရားတွေကို မဟောပါဘူး။ မဟောတော့ ပစ္စည်းပစ္စယုပ္ပန်တွေမှာ ဝေဒနာ တိက်မုတ်ထွက်နေသဖြင့် ဝေဒနာ ကြဉ်ပေးရပါတယ်။ ဥပမာ ဟေတုပစ္စည်းရဲ့ သုဒ္ဓသင်္ချာ လုပ်ချင်တယ်ဆိုယင် ကုသလတိက်ကို အမှီပြု၍ သမ္ပယုတ္တခန္ဓာအား တတ်သော ဟိတ် (၆)ပါး၊ ဒီလို လာတာပဲ။ ဟိုဘက်က သဟိတ်စိတ္တဇရုပ်တွေ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တွေ မဆိုင်တော့ဘူး။ ဘာဖြစ်လို့။ ရုပ်တရား တိက်မုတ် ထွက်နေပါတယ်။ အဲဒီ သမ္ပယုတ္တခန္ဓာကလေးကလဲ ကုသလတိက် သဘော အတိုင်း ဝေဒနာကြဉ်ပေးရပါတယ်။ သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူ ဒွေ့ဠ မောဟ၊ ဝေဒနာကြဉ်သော စေတသိက် ဧကပညာသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊ ဒါ လာရပါတယ်။ ထိုနည်းတူစွာ အာရမ္မဏတွေမှာလဲပဲ ဆိုင်ရာဖြစ်တဲ့ ရုပ် နိဗ္ဗာန် ဝေဒနာ ကြဉ်ပြီး ပေးရရုံပါပဲ။ ဝိပါကတိက်ကျယင် သုဒ္ဓသင်္ချာဟာ အထူးလုပ်စရာ မလိုပါဘူး။ ကုသလတိက်နဲ့ အတူတူပဲ။ ဥပါဒိန္န တိက်မှာလဲ တိက်မုတ် မရှိခြင်းကြောင့် ကုသလတိက်နဲ့ အတူတူပဲ။ သံကိလိဋ္ဌ တိက်မှာလဲ တိက်မုတ် မရှိခြင်းကြောင့် ကုသလတိတ်နဲ့ အတူတူပဲ။ တိက်မုတ် ရှိတဲ့ တိက်တွေမှာသာလျှင် ဆိုင်ရာဖြစ်တဲ့ တိက်မုတ်တရားတွေကို ချန်ထားခဲ့ ရပါတယ်။ အဲဒါကြောင့် ကုသလတိက်ရဲ့ သုဒ္ဓသင်္ချာ ရသွားခဲ့လို့ရှိယင် ဒီ ကုသလတိက်ကို နည်းမှီပြီး အထက် အထက်ဖြစ်တဲ့ တိက်တွေ ဒုက်တွေဟာ မခဲယဉ်းလှပါဘူး။ လိုရင်းက ကုသလတိက်ကို တိတိကျကျ နားလည်ဖို့ လိုပါ တယ်။ ကျကျနန နားလည်တယ်လို့ ဆိုတာကလဲ သင်္ချာ ထုတ်တတ်ရပါတယ်။ တရားကို ကြည့်လိုက်တဲ့အခါမှာ ဒါဖြင့် သင်္ချာ ဘယ်လောက်ဖြစ်သင့်တယ်၊ ဘယ်ရွေ့ဖြစ်သင့်တယ် ဆိုတာကို သူ၏တရားနှင့်တကွ သုဒ္ဓသင်္ချာ မှတ်ပြီး ကြည့်ရပါတယ်။

ဒီတော့ ဟေတုပစ္စည်းမှာ သမ္ပယုတ္တခန္ဓာအား တတ်သော ဟိတ်(၆)ပါး။ ဟိတ်(၆)ပါးမှာ ကုသိုလ်ဟိတ်၊ အကုသိုလ်ဟိတ်၊ အဗျာကတဟိတ် အသီးသီး ရှိကြပါတယ်။ အသီးသီးရှိကြတော့ ဟေတုပစ္စည်းဟာ သဟဇာတမျိုး ဖြစ်ပါ တယ်။ သဟဇာတမျိုး ဖြစ်ခဲ့လို့ရှိယင် သဟဇာတ သဘောအတိုင်း သွားရပါ လိမ့်မယ်။ သွားရတော့ မူဖြစ်တဲ့ပစ္စည်း ကုသိုလ်ဟိတ်နဲ့ မူလီဖြစ်တဲ့ ကုသိုလ် သည် သဟဇာတဖြစ်ခြင်းကြောင့် ကုသလော ကုသလဿ ရပါတယ်။ မူ ကုသိုလ် ဟိတ်နဲ့ မူလီဖြစ်တဲ့ အကုသိုလ်ဟာ သဟဇာတဖြစ်သလား။ မဖြစ်ဘူး။ မဖြစ်

တော့ ကုသလော အကုသလဿ မရဘူး။ ဒီတော့ တစုံတယောက်သော ပုဂ္ဂိုလ်က အဘယ့်ကြောင့် ဟေတုပစ္စည်းမှာ ကုသလော အကုသလဿ မရသလဲ။ သူက သိချင်တယ်လို့ ပြောယင် ကိုယ်က အဖြေပေးနိုင်တာပေါ့။ ကုသိုလ်နဲ့ အကုသိုလ်ဟာ သဟဇာတဖြစ်သလား၊ မဖြစ်ဘူးလား။ ကုသိုလ်ကလဲ ဇောကိစ္စတတ်တယ်၊ အကုသိုလ်ကလဲ ဇောကိစ္စတတ်တယ်။ ငါထိတခုထဲ၌ ပထမဇောက ကုသိုလ်၊ ဒုတိယဇောက အကုသိုလ် ဖြစ်နိုင်ပါ့မလားလို့ ဆိုတဲ့ အဖြေတွေကိုလဲ အတိအကျ ပြန်ပြီး ပေးနိုင်ပါတယ်။ ပြီးတော့ ကုသိုလ်ဟိတ်နဲ့ စိတ္တဇရုပ်ဟာ သဟဇာတဖြစ်ခြင်းကြောင့် သဟဇာတ သဘောအတိုင်း ဟေတုပစ္စည်းမှာ ကုသလော အဗျာကတဿ။ ကုသိုလ်ဟိတ်နဲ့ ကုသိုလ်အဗျာကတ စိတ္တဇရုပ်တို့ ဟေတုသဘော သက်ဝင်ခြင်းကြောင့် ကုသလော ကုသလာ ဗျာကတဿ။

ထိုနည်းတူစွာ အကုသိုလ်ဟိတ်နှင့် အကုသိုလ်ဟာ သဟဇာတသဘော ဖြစ်ပါတယ်။ ဒါ့ကြောင့် အကုသလော အကုသလဿ။ အကုသိုလ်ဟိတ်နဲ့ စိတ္တဇရုပ် အကုသလော အဗျာကတဿ။ အကုသိုလ်ဟိတ်နဲ့ အကုသိုလ် စိတ္တဇရုပ် အကုသလော အကုသလာ ဗျာကတဿ။ ပဝတ္တိအခါမှာ ဆိုင်ရာဖြစ်တဲ့ ဝိပါက်ကြိယာ ဟိတ်နှင့်တကွ ဝိပါက်ကြိယာ နာမ်တရားတွေ၊ ပဋိသန္ဓေအခါမှာ ပဋိသန္ဓေဆိုင်ရာဖြစ်တဲ့ ဟိတ်နှင့်တကွ ပဋိသန္ဓေစိတ်တွေ၊ ရုပ်ပိုင်းကလဲ ပဝတ္တိအခါ စိတ္တဇရုပ်တွေ၊ ပဋိသန္ဓေ အခါကာလမှာ ပဋိသန္ဓေ ကမ္မဇရုပ်တွေ ဖြစ်ခြင်းကြောင့် အဗျာကတော အဗျာကတဿ၊ ဒီလိုလာရပါတယ်။ ဒီနေရာမှာ စဉ်းစားစရာတခု ပြောပြမယ်။ ပဋိစ္စဝါရ အနုလုံ ဟေတုပစ္စည်းတုန်းက သင်္ချာ ၂၉ ရတယ်။ ပဋ္ဌာဝါရကျတော့ သတ္တသာရတယ်။ ဘာဖြစ်လို့လဲ?။ ပဋိစ္စဝါရ သင်္ချာ၂၉ ရမှုသည် ဘယ်လိုရသလဲ။ ကုသလာ ဗျာကတော အဗျာကတဿ။ ကုသလာ ဗျာကတော အဗျာကတဿအတွက် ဘယ်လို ဟောထားသလဲ။ ကုသလေ ခန္ဓေစ မဟာဘူတေစ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံလို့ ဟောထားတယ်။ ပဋိစ္စဝါရ ဟေတုပစ္စည်းတုန်းက ဘာဟောနေတာလဲ။ သဟဇာတပစ္စည်း ဟောနေတယ်။ သဟဇာတပစ္စည်း ဟောနေသဖြင့် သဟဇာတပစ္စည်း သဘောအတိုင်း ရတယ်။ ယခု ဒီမှာ ဘာဟောနေသလဲ။ သဟဇာတပစ္စည်း ဟောတာ မဟုတ်ဘူး။ ဟေတုပစ္စည်း ဟောတယ်။ ဟိုမှာတုန်းက ကုသိုလ်နှင့်တကွ မဟာဘုတ်တွေ ရတယ်၊ ဟဒယဝတ္ထုတွေ ရတယ်၊ ပစ္စည်းဘက်က။ ဒီမှာ ပစ္စည်းတရားဟာ ဘာလဲ။ ဟိတ်(၆)ပါးသာလျှင် ဖြစ်တယ်။ သူ့မှာ မဟာဘုတ် ရှိသလား။ မဟာဘုတ် မရှိပါဘူး။ အဲဒီလို မဟာဘုတ်ပစ္စည်းတရား မရှိခြင်းကြောင့် ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿလို့ ဒီသင်္ချာ မရနိုင်ပါဘူး။ သင်္ချာဟာ သတ္တပဲ ရပါတယ်။ အဲဒါက ဟေတုအတွက်။

## အာရမ္မဏ

အာရမ္မဏ။ အာရမ္မဏကျတော့ ဘာနားလည်ရမလဲ။ သင်္ဂြိုဟ်က အာရမ္မဏ သင်္ဂဟကို နားလည်ရပါတယ်။ ဒါမှမဟုတ်ယင် ပဋ္ဌာန်းမှာ ရေးထားတဲ့ အာရမ္မဏဇယား နားလည်ရပါတယ်။ အာရမ္မဏဟာ အာရုံအာရမ္မဏက အား ဖြင့် ကျေးဇူးပြုကြပါတယ်။ ကျေးဇူးပြုကြတော့ ဒီက ပစ္စည်းတရားက အာရမ္မဏရဲ့ သုဒ္ဓသချ်ာကြည့်လိုက်ယင် ပဉ္စာဝေါရအတွက် ကာမစိတ် စတုပညာသ ဝိညာဏဉ္စာယတနစိတ် (၃)ခု၊ နေဝသညာ နာသညာ ယတနစိတ် (၃)ခု၊ အဘိညာဉ် ဒွေ၊ လောကုတ္တရာစိတ် (၈)ခုအား တတ်သော စိတ်တခုယုတ်(၉၀)၊ စေတသိက် ဒွေ ပညာသ ရုပ် အဌဝီသ နိဗ္ဗာန်။ ဒီတော့ ပစ္စည်းဘက်က ကုသိုလ် အကုသိုလ် အဗျာကတတွေ အကုန်လုံးရှိပါတယ်။ ပစ္စယုပ္ပန်ဘက်ကတော့ ဒီ ပဉ္စာဝေါရမှာ ပရမတ္ထတရားကိုသာ ဟောခြင်းကြောင့် ပညတ်ကို ကေန် အာရုံ ပြုတဲ့ စိတ်ပေါင်း(၂၁)ခုကို ကြဉ်ထားပါတယ်။ ကြဉ်ထားတော့ မူပစ္စည်းက ကုသိုလ်ရှိပါတယ်။ အဲဒီကုသိုလ်ကို ကုသိုလ်က အာရုံပြုနိုင်သလား။ အာရမ္မဏ သင်္ဂဟကလေး စဉ်းစားကြည့်ပါ။ ပြုနိုင်တယ်။ ပြုနိုင်ယင် ကုသလော ကုသလဿ ရပါတယ်။ ကုသိုလ်ကို အကုသိုလ်က အာရုံပြုနိုင်သလား။ ပြုနိုင်သဖြင့် ကုသလော အကုသလဿ ရပါတယ်။ အဗျာကတကကော ကုသိုလ်ကို အာရုံပြုနိုင်သလား။ ပြုနိုင်ပါတယ်။ ပြုနိုင်သဖြင့် ကုသလော အဗျာကတဿ ရပါတယ်။ ဒါဖြင့် ကုသိုလ် (၃)ချက်ရပါတယ်။ ဒီနေရာမှာ စဉ်းစားချင်ယင် ကုသိုလ်ကို ကုသိုလ် အဗျာကတ (၂)မျိုးက အာရုံပြု၍ ကုသလော ကုသလာ ဗျာကတဿကော မရနိုင်ဘူးလားဆိုယင် မရနိုင်ပါဘူး။ အာရုံဖြစ်တဲ့ ကုသိုလ်ကို ကုသိုလ် အဗျာကတ (၂) မျိုးပေါင်းပြီး ဘယ်တော့မှ အာရုံမပြုနိုင်ပါဘူး။ ကုသိုလ် အဗျာကတက အာရုံပြုမယ်ဆိုယင် ကုသိုလ်ကို အာရုံပြုနိုင်တဲ့ အဗျာကတ တရားတွေက ဘာတွေရသလဲ။ တဒါရုံတွေ ရမယ်။ ဝိညာဏဉ္စာယတန ဝိပါက်ကြိယာတွေ ရမယ်။ ဆိုင်ရာဖြစ်တဲ့ အဘိညာဉ်တွေ ရမယ်။ ကုသိုလ်ကို ကုသိုလ်က အာရုံပြုကြတဲ့ အခါကျတော့ ကာမကုသိုလ်တွေ ရမယ်၊ အာကာသာနဉ္စာယတန ကုသိုလ် တွေ ရမယ်၊ အာကိဉ္စညာယတန ကုသိုလ်တွေရမယ်။ ဒီလို ရပြီးနေခြင်းကြောင့် ဒီ (၂)ခုဟာ ပေါင်းပြီး မပြုနိုင်ပါဘူး။

ထိုနည်းတူစွာ အကုသိုလ်ကို အကုသိုလ်က အာရုံပြုနိုင်သလား။ အာရမ္မဏသင်္ဂဟကို စဉ်းစားကြည့်။ ပြုနိုင်ယင် အကုသလော အကုသလဿ။ အကုသိုလ်ကို ကုသိုလ်က အာရုံပြုနိုင်ခြင်းကြောင့် အကုသလော ကုသလဿ။ အကုသိုလ်ကို အဗျာကတတရားက အာရုံပြုနိုင်ခြင်းကြောင့် အကုသလော အဗျာကတဿ။ အဗျာကတကို အဗျာကတက အာရုံပြုနိုင်ခြင်းကြောင့် အဗျာကတော

အဗျာကတသာ။ ကုသိုလ် အကုသိုလ်က အာရုံပြုနိုင်ခြင်းကြောင့် အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ။ ဒီလို အာရမ္မဏမှာ သချာနဝ လာရပါတယ်။

ဒီတော့ နည်းကလေးနဲ့ ပြောပြလိုက်ပါမယ်။ ဝေဒနာတိက်မှာလဲပဲ သုခကို သုခက အာရုံပြုနိုင်သလား ကြည့်လိုက်ယင် သုခသဟဂုတ်စိတ် (၆၃)ခု ဟာ ဟိုမှာ အများကြီးရှိပါတယ်။ သုခသဟဂုတ် ကာယဝိညာဉ်ကသာလျှင် ဝေဒနာတိက်မှာဆိုတော့ ဖောဋ္ဌဗ္ဗာရုံ အာရုံပြုခြင်းကြောင့် သူနဲ့မဆိုင်ပါဘူး။ ပြီးတော့ကာ ဒီသုခကို ဒုက္ခက အာရုံပြုနိုင်သလား။ ဒုက္ခက အာရုံပြုတယ်ဆိုတာ ဒုက္ခသဟဂုတ် စိတ်(၃)ခု ရှိပါတယ်။ ဒုက္ခသဟဂုတ် ကာယဝိညာဉ်+ဒေါသမူ ဒွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကတော့ ဟိုမှာ ရုပ်တရားမရှိသဖြင့် အာရုံမပြုနိုင်ဘူး။ ဒေါသမူ ဒွေက အာရုံပြုနိုင်တာပေါ့။ ဒီသုခကို ဥပေက္ခာက အာရုံပြုနိုင်သလား။ မပြုနိုင်စရာ အကြောင်းမရှိဘူး။ အများကြီးပဲ အာရုံပြုနိုင်ပါတယ်။ ဟိုမှာလဲပဲ ပ-ပ၊ ပ-ဒု၊ ပ-တ ဆိုပြီး (၃)ချက် ရပါတယ်။ ဒုက္ခက ဒုက္ခကို အာရုံပြုနိုင်သလား။ ဒေါသမူတွေ အချင်းချင်း အာရုံပြုနိုင်ပါတယ်။ ပြီးတော့ ဒီဒုက္ခကို သုခက အာရုံပြုနိုင်သလား ဆိုပြန်တော့လဲ ပြုနိုင်ပါတယ်။ ထိုနည်းတူစွာ ဥပေက္ခာက အာရုံပြုနိုင်သလား၊ ပြုနိုင်ပါတယ်။ အဲဒီတော့ကာ ဒုမှာလဲ (၃)ချက်လာပြီးတော့ ရပါတယ်။ တမှာလဲ (၃)ချက် လာပြီးရပါတယ်။ အဲဒီလို အာရမ္မဏသင်္ဂဟကလေး မှန်းပြီးသကာလ အာရမ္မဏရဲ့ သဘောတရားအားလျော်စွာ သချာထုတ်ရပါတယ်။

## အဓိပတိ

အဓိပတိမှာ အာရမ္မဏာဓိပတိ၊ သဟဇာတာ ဓိပတိရယ်လို့ (၂)မျိုး ရှိပါတယ်။ အာရမ္မဏာဓိပတိရဲ့ ပစ္စယုပ္ပန်ကြည့်ယင် အလေးအမြတ်ပြုတတ်သော လောဘမူစိတ် (၈)ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်(၄)ခု၊ လောကုတ္တရာစိတ် (၈)ခုလို့ ရှိပါတယ်။ ပစ္စည်းဘက်ကတော့ အများကြီးပဲ ရှိပါတယ်။ ပစ္စည်းဘက်က ကုသိုလ် အကုသိုလ် အဗျာကတ ရယ်လို့ (၃)မျိုးရှိပါတယ်။ ပစ္စယုပ္ပန်ဘက်မှာ မဟာကုသိုလ်စိတ် (၈)ခု ရှိပါတယ်။ အဲဒီ မဟာကုသိုလ်ဟာ ကုသိုလ်ကို အလေးအမြတ်အာရုံပြုသလား၊ မပြုဘူးလားဆိုတာကို ခုနက စိတ်ပေါင်း (၂၈)ပါး၊ ပစ္စယုပ္ပန်ဖြစ်တဲ့ တရားကို ကြည့်ရပါတယ်။ ကြည့်လိုက်တော့ ကုသိုလ်က ကုသိုလ်ကို အလေးအမြတ် အာရုံပြုသဖြင့် အာရမ္မဏာ ဓိပတိ ရပါတယ်။

သဟဇာတာဓိပတိသည် သဟဇာတမျိုး ဖြစ်ခြင်းကြောင့် သဟဇာတ သဘောအတိုင်း ကုသိုလ်နှင့် ကုသိုလ်သည် သဟဇာတာဓိပတိ ဖြစ်ပါတယ်။

ဒါကြောင့် ကုသလော ကုသလဿအတွက် အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ (၂)မျိုးလုံး ရပါတယ်။

တဖန် ကုသိုလ်ကို အကုသိုလ်က အလေးအမြတ် အာရုံပြုသလားဆိုယင် ပစ္စယုပ္ပန်မှာ ဘယ်သူရှိသလဲ။ လောဘမူရှိပါတယ်။ အဲဒီလောဘမူဟာ ဆိုင်ရာဖြစ်တဲ့ လောကီကုသိုလ်တွေကို အလေးအမြတ် အာရုံပြုပါတယ်။ ဒါ့ကြောင့် ကုသလော အကုသလဿအတွက် အာရမ္မဏာဓိပတိ ရပါတယ်။ သဟဇာတာဓိပတိကျတော့ ကုသိုလ်နဲ့ အကုသိုလ်ဟာ သဟဇာတဖြစ်သလား မဖြစ်ဘူးလားဆိုတော့ သဟဇာတ မဖြစ်နိုင်ပါဘူး။ သဟဇာတ မဖြစ်နိုင်သဖြင့် သဟဇာတာဓိပတိအတွက် ကုသလော အကုသလဿ မရပါဘူး။ တဖန် အဗျာကတ။ အဗျာကတက ကုသိုလ်ကို အလေးအမြတ် အာရုံပြုသလားဆိုယင် မဟာကြိယာ ဉာဏသမ္ပယုတ်(၄)ခုက ကုသိုလ်ဖြစ်တဲ့ အရဟတ္တမဂ်ကို အလေးအမြတ် အာရုံပြုပါတယ်။ ဒါ့ကြောင့် ကုသလော အဗျာကတဿမှာ အာရမ္မဏာဓိပတိ ရပါတယ်။ သဟဇာတဓိပတိကျတော့ သဟဇာတာဓိပတိက ဘာရှိသလဲ။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါးလို့ဆိုသဖြင့် ဟေတုတုန်းက ပြောခဲ့တဲ့အတိုင်း သာဓိပတိစိတ္တဇရုပ် ရှိပါတယ်။ အဲဒီ သာဓိပတိ စိတ္တဇရုပ်နှင့် ပစ္စည်းဘက်က ကုသိုလ်ဟာ သဟဇာတသဘော သက်ဝင်ပါတယ်။ ဒါ့ကြောင့် ကုသလော အဗျာကတဿအတွက် အာရမ္မဏာဓိပတိရော သဟဇာတာဓိပတိရော (၂)မျိုးရပါတယ်။

အကုသလော အကုသလဿ။ အကုသိုလ်က အကုသိုလ်ကို အလေးအမြတ် အာရုံပြုသလား။ ပစ္စယုပ္ပန် လောဘရှိပါတယ်။ အဲဒီလောဘဟာ လောဘကိုပဲ အလေးအမြတ် အာရုံပြုပါတယ်။ အလေးအမြတ် အာရုံပြုသဖြင့် အာရမ္မဏာဓိပတိအတွက် အကုသလော အကုသလဿ ရပါတယ်။ သဟဇာတာဓိပတိမှာ အကုသိုလ်အချင်းချင်းဖြစ်ခြင်းကြောင့် သဟဇာတာဓိပတိလဲ ရပါတယ်။ တဖန် အကုသလော ကုသလဿလို့ဆိုတော့ ကုသိုလ်က အကုသိုလ်ကို အလေးအမြတ် ပြုသလားလို့ဆိုတာကို အာရမ္မဏာဓိပတိရဲ့ သရုပ်ကလေးကို ကြည့်လိုက်မယ်ဆိုယင် အလေးအမြတ်ပြုတတ်သော လောဘမူစိတ် (၈)ခုအား တတ်သော အလေးအမြတ်ပြုအပ်သော ရူပဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူ ဒွေ၊ မောဟမူ ဒွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လောကီစိတ်(၇၆)ခု၊ ဒါလာရပါတယ်။ ဒီတော့ လောကီဆိုင်ရာရခြင်းကြောင့် ကုသိုလ်က အကုသိုလ်ကို အလေးအမြတ် အာရုံမပြုသဖြင့် အကုသလော ကုသလဿ မရပါဘူး။ တဖန် သဟဇာတကတော့ အကုသိုလ်နဲ့ ကုသိုလ် သဟဇာတ မဖြစ်နိုင်ပါဘူး။ တဖန် အဗျာကတက အကုသိုလ်ကို အလေးအမြတ် အာရုံပြုနိုင်သလားဆိုတော့ အဗျာကတ

ဆိုင်ရာ သူရဲ့ သုဒ္ဓသချာ ကြည့်လိုက်မယ်ဆိုယင် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်(၄)ခုနဲ့ ဖိုလ်(၄)ခုရှိပါတယ်။ ဖိုလ်ကတော့ အကုသိုလ်ကို ဘယ်တော့မှ အလေးအမြတ် အာရုံမပြုပါဘူး။ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်(၄)ခုကလဲ အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်ကိုသာလျှင် အာရုံပြုပါတယ်။ ဒါ့ကြောင့် အကုသလော အဗျာကတဿအတွက် အာရမ္မဏာဓိပတိ မရနိုင်ပါဘူး။ သဟဇာတာ ဓိပတိကျတော့ အဗျာကတမှာ သာဓိပတိ စိတ္တဇရုပ် ရှိပါတယ်။ ဒါ့ကြောင့် အကုသလော အဗျာကတဿဟာ သဟဇာတာဓိပတိအတွက် ရပါတယ်။

အကုသလော အကုသလာ ဗျာကတဿ သဟဇာတာဓိပတိ ရပါတယ်။ ခုနက ကုသလော ကုသလာဗျာကတဿတုန်းကလဲပဲ သဟဇာတာဓိပတိ ရပါတယ်။

အဗျာကတအချင်းချင်းမှာ အဗျာကတက မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်(၄)ခု ပစ္စယုပ္ပန် ဖိုလ်(၄)ခု ရှိပါတယ်။ အဲဒီ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ် (၄)ခုဟာ ဒီက အရဟတ္တဖိုလ်နဲ့ နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြုပါတယ်။ ဖိုလ်(၄)ခုက နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြုပါတယ်။ ဒါ့ကြောင့် အာရမ္မဏာဓိပတိ ရပါတယ်။ သဟဇာတာဓိပတိအတွက် အဗျာကတအချင်းချင်း ဖြစ်သဖြင့် စဉ်းစားစရာ မလိုပါဘူး။ သဟဇာတာဓိပတိလဲ ရပါတယ်။

တဖန် အဗျာကတော ကုသလဿကျတော့ ပစ္စယုပ္ပန်ဖြစ်တဲ့ ကုသိုလ်က အဗျာကတကို အလေးအမြတ် အာရုံပြုသလားလို့ဆိုယင် သူရဲ့ သုဒ္ဓသချာ သရုပ်ကို စဉ်းစားကြည့်ပါ။ အဗျာကတဆိုင်ရာတွေမှာ ပစ္စည်းဘက်က ဘာတွေ ရှိသလဲ။ အရဟတ္တဖိုလ် နိဗ္ဗာန်ရှိပါတယ်။ ဒီဘက်က ကုသိုလ်က မဂ်ရှိပါတယ်။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်တွေက ဂေါတြဘူ ဝေါဒါန်ကိစ္စ တပ်တဲ့အခါမှာ နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြုပါတယ်။ မဂ်ကလဲ နိဗ္ဗာန်ကို အာရုံပြုပါတယ်။ ဒါ့ကြောင့် အဗျာကတော ကုသလဿအတွက် အာရမ္မဏာဓိပတိ ရပါတယ်။ သဟဇာတာဓိပတိကျတော့ မရတော့ပါဘူး။

တဖန် အကုသိုလ်က အဗျာကတကို အလေးအမြတ် အာရုံပြုသလားဆိုတော့ အကုသိုလ်ရဲ့ ပစ္စယုပ္ပန်တရားဟာ ဘယ်သူရှိသလဲဆိုတော့ လောဘပဲရှိပါတယ်။ အဲဒီ လောဘက ဆိုင်ရာဖြစ်တဲ့ ရုပ်တွေကို အာရုံပြုပါတယ်။ ဆိုင်ရာဖြစ်တဲ့ လောကီတရားတွေကိုလဲ အာရုံပြုပါတယ်။ ဒါ့ကြောင့် အဗျာကတော အကုသလဿအတွက် အာရမ္မဏာဓိပတိ ရပါတယ်။ သဟဇာတာဓိပတိကတော့ မရနိုင်ပါဘူး။ ဒါ့ကြောင့် အဓိပတိမှာ သချာဟာ ဒသ လာဖြစ်ပါတယ်။ ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော

အဗျာကတဿ၊ အကုသလော ဒအကုသလာ ဗျာကတဿ၊ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿလို့ ဒီလို လာဖြစ်ပါတယ်။

### အနန္တရ

ပြီးတော့ အနန္တရ။ အနန္တရကျတော့ ဘာနားလည်ရသလဲဆိုယင် ဝီထိနားလည်ရပါတယ်။ ကိစ္စနားလည်ရပါတယ်။ အဗျာကတမှာ ပစ္စယုပ္ပန်က ရဟန္တာတို့ စုတိနှင့်တကွ နာမ်ကုန် ရပါတယ်။ ပစ္စည်းတရားက ရဟန္တာတို့ စုတိ ကြဉ်ပါတယ်။ ဒီတော့ ကုသိုလ် အကုသိုလ် အဗျာကတတွေ အားလုံးကုန် ရကြပါတယ်။ ရတော့ ကိစ္စကို စဉ်းစားကြည့်လိုက်ယင် ကုသိုလ်ဟာ ဘာကိစ္စ တတ်သလဲ၊ ဇောကိစ္စ တတ်ပါတယ်။ အဲဒီ ဇောကိစ္စတတ်တဲ့ နောင်မှာ ဇောကိစ္စတတ်တဲ့ ကုသိုလ်ကော မဖြစ်နိုင်ဘူးလား။ မဟာကုသိုလ် ဆိုင်ရာတွေမှာ ပထမဇော၊ နောင် ဒုတိယဇော၊ ဈာနဝီထိတွေမှာ မဂ္ဂဝီထိတွေမှာ။ ဒါတွေက ကုသလော ကုသလဿဆိုတဲ့ ဇော ဇောချင်းတွေ ဖြစ်နိုင်ပါတယ်။ ကုသလော အကုသလဿ ကျတော့ ကုသိုလ် ပထမဇော၊ နောင်မှာ အကုသိုလ် ဒုတိယဇော လာပြီး မဖြစ်နိုင်ပါဘူး။ မဖြစ်နိုင်သဖြင့် ကုသလော အကုသလဿ မရနိုင်ပါဘူး။ အဗျာကတကျတော့ ဝီထိကလေး စဉ်းစားကြည့်လိုက်စမ်းပါ။ ကုသိုလ်ဇောတွေ နောင်မှာ ဘာတရားတွေ ဖြစ်လာနိုင်သလဲ။ တဒါရုံတွေ ဖြစ်နိုင်ပါတယ်။ ဘဝင် ဖြစ်နိုင်ပါတယ်။ အကယ်၍ ၎င်းကုသိုလ်သည် မဂ်ဖြစ်ခဲ့လို့ရှိယင် ဖိုလ်လာပြီးဖြစ်နိုင်ပါတယ်။ ဖလသမာပတ်ဝီထိမှာ ဆိုယင် ကာမကုသိုလ် နောင်မှာ ဖိုလ်တွေ လာပြီး ဖြစ်နိုင်ပါတယ်။ နိရောဓသမာပတ်ဝီထိမှာ ဆိုယင်လဲ နေဝသညာ နာသညာ၊ နောင်မှာဆိုင်ရာဖြစ်တဲ့ အနာဂါမိဖိုလ် လာပြီးဖြစ်နိုင်ပါတယ်။ အဲဒီတော့ ကုသိုလ်ဇောနောင်မှာ တဒါရုံ ဘဝင် စသည် ဖြစ်နိုင်ခြင်းကြောင့် ကုသလော အဗျာကတဿ ရပါတယ်။ (၂)ချက်။

အကုသိုလ်ဇောနောင် အကုသိုလ်ဇော ဖြစ်နိုင်ခြင်းကြောင့် အကုသလော အကုသလဿ ရပါတယ်။ အကုသိုလ် ဇောနောင် အဗျာကတဖြစ်တဲ့ တဒါရုံ ဘဝင်တွေ ဖြစ်နိုင်ခြင်းကြောင့် အကုသလော အဗျာကတဿ ရပါတယ်။

အဗျာကတော အဗျာကတကျတော့ ဝိပါက်အချင်းချင်း နောင်မှာ ဝိပါက်ဖြစ်တာတွေ၊ ဝိပါက်နောင်မှာ ကြိယာဖြစ်တာတွေ၊ ကြိယာနောင်မှာ ဝိပါက်ဖြစ်တာတွေ အများကြီးရှိသဖြင့် အဗျာကတော အဗျာကတဿ ရပါတယ်။ အဗျာကတော ကုသလဿကျတော့ မဟာကုသိုလ် ပထမဇောရဲ့ ရှေ့မှာ ဘယ်သူရှိမလဲ။ ပဉ္စ ဒွါရ ဝီထိမှာ ဝုဋ္ဌော၊ မနောဒွါရ ဝီထိကျတော့ မနောဒွါရာဝဇ္ဇန်း လာဖြစ်ပါတယ်။ အဲဒီ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းတို့ နောင်မှာ

ဇောကျပါတယ်။ ကုသိုလ် ပထမဇောပါ။ ဒါကြောင့် အဗျာကတော ကုသလဿ ရပါတယ်။ အဗျာကတော အကုသလဿမှာလဲ ထိုနည်းတူစွာ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းရယ်လို့ ပစ္စည်းအဗျာကတ ရှိပါတယ်။ ပစ္စယုပ္ပန်က အကုသိုလ် ဖြစ်ခြင်းကြောင့် အဗျာကတော အကုသလဿ လာဖြစ်ပါတယ်။ ဒါ့ကြောင့် အနန္တရမှာ သချာသည် သတ္တ လာဖြစ်ပါတယ်။ သမနန္တရလဲ ထိုနည်းတူစွာ ပါပဲ။

### သဟဇာတ အညမည

သဟဇာတကျတော့ အထူးပြောစရာ မလိုတော့ပါဘူး။ တပည့်တော်တို့ ပဋိစ္စဝါရက သဟဇာတနဲ့အတူတူ သချာ နဝ လာရပါတယ်။ အညမည တီကိ ရမူ လွယ်ပါပြီ။

### နိဿယ

နိဿယကျတော့ ဝတ္ထာရမ္မဏ၊ သဟဇာတ နိဿယ၊ ဝတ္ထုပုရေဇာတ နိဿယ၊ သဟဇာတ ပုရေဇာတ မိဿကလို့ (၄)မျိုးရှိပါတယ်။ ဝတ္ထာရမ္မဏရဲ့ ပစ္စည်းတရားဟာ ဘယ်သူလဲ၊ ဟဒယဝတ္ထု ဖြစ်ပါတယ်။ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော (၅)ချက်၊ တဒါရုံအားတတ်သော စုတိစိတ်မှ ပြန်၍ရေသည် ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ဟဒယဝတ္ထုလို့ဆိုသဖြင့် ကုသိုလ် အကုသိုလ် အဗျာကတထဲမှာ ဟဒယဝတ္ထုဟာ ဘယ်မှာရှိသလဲ။ အဗျာကတရုပ်ထဲမှာ ရှိပါတယ်။ ဒါဖြင့်ယင် ပစ္စည်းဘက်က ဟဒယဝတ္ထုသာ ရခြင်းကြောင့် ပစ္စည်းဘက်က အဗျာကတ သေချာပြီပေါ့။ မရဏာသန္န (၅)ချက်က ကြိယာ မရဏာ သန္နဇော ရှိပါတယ်။ တဒါရုံလဲ ရှိပါတယ်။ အဲဒီ တဒါရုံ ကြိယာ မရဏာ သန္နာဇောသည် မူလီဖြစ်လို့ အဗျာကတော အဗျာကတဿ။ ကုသိုလ် အကုသိုလ် မရဏာသန္န ဇောအတွက် အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿလို့ တီကိ လာရပါတယ်။

ပြီးတော့ သဟဇာတ နိဿယက သဟဇာတနဲ့ တူခြင်းကြောင့် သချာ နဝ ရပါတယ်။ ဒီ သချာနဝထဲမှာ မပါသေးတာ ဘယ်သူလဲ။ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ။ ဒါဟာ သဟဇာတထဲမှာ မပါသေးပါဘူး။ သူတို့ (၂) ခုပေါင်းလိုက်ယင် သချာသည် ကောဒသ လာဖြစ်ပါတယ်။ ဝတ္ထုပုရေဇာတရဲ့ ပစ္စည်းတရား ကြည့်လိုက်ယင် ဆဝတ္ထုရှိပါတယ်။ ပစ္စယုပ္ပန်တရားက အရူပဝိပါက် လေးခုကြဉ်တဲ့ သတ္တ ဝိညာဏဓာတ်ဖြစ်ပါတယ်။

 ပစ္စည်းက ဆဝတ္ထုဖြစ်ခြင်းကြောင့် အဗျာကတ သေချာပါပြီ၊ သတ္တ ဝိညာဏ

ဓာတ်ကို ကုသိုလ် အကုသိုလ် အဗျာကတ သရုပ်ခွဲလိုက်ယင် (၃) ချက်လုံးပင် ရခြင်းကြောင့် အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿလို့ ဝတ္ထာရမ္မဏအတိုင်း လာရသဖြင့် သင်္ချာဟာ ကောဒသပဲ ရှိပါသေးတယ်။

သဟဇာတ ပုရေဇာတ မိဿကလို့ဆိုတာက တပည့်တော်တို့ နိဿယ ပစ္စည်းမှာ သဟဇာတ နိဿယနဲ့ ဝတ္ထုပုရေဇာတ နိဿယကို ရောပြီး ဟော ထားပါတယ်။ ဘယ်လို ဟောထားသလဲ။ ပစ္စည်းက ကုသိုလ်နဲ့ အဗျာကတ ထဲက ဟဒယဝတ္ထုကို ယူပါတယ်။ ပစ္စယုပ္ပန်က ကုသိုလ်ကို ယူပါတယ်။ ဘာ့ကြောင့်။ ပစ္စည်း ကုသိုလ်နဲ့ ပစ္စယုပ္ပန် ကုသိုလ်သည် သဟဇာတ ဖြစ်ပါတယ်။ ပစ္စည်း ဟဒယဝတ္ထုနဲ့ ပစ္စယုပ္ပန် ကုသိုလ်သည် ဝတ္ထုပုရေဇာတ ဖြစ်ပါတယ်။ ဒီတော့ သဟဇာတ ပုရေဇာတ (၂) မျိုးကို ပေါင်း၍ ပစ္စယုပ္ပန်က ကုသိုလ်ကို ယူလိုက်တဲ့အခါမှာ သဟဇာတ ပုရေဇာတ မိဿက ဖြစ်ပါတယ်။ ကုသလော ဧကော ခန္ဓောစ ဝတ္ထုံစ တိဏ္ဏံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော စသည်ဖြင့် သဟဇာတ ပုရေဇာတ မိဿကမှာ ဟောပါတယ်။ ထိုနည်းတူစွာ အကုသလာ ဗျာကတော အကုသလဿ။အဲဒီ သဟဇာတ ပုရေဇာတ မိဿကရတဲ့ သင်္ချာ (၂) ချက် ထည့်လိုက်ယင် နိယဿမှာ သင်္ချာသည် တေရသ လာဖြစ်ပါတယ်။

## ဥပနိဿယ

ဥပနိဿယကျတော့ အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပ နိဿယရယ်လို့ (၃) မျိုးရှိပါတယ်။ အာရမ္မဏူပနိဿယဟာ အာရမ္မဏာဓိပတိနဲ့ တူပါတယ်။ အနန္တရူပနိဿယဟာ အနန္တရနဲ့ တူပါတယ်။ ပကတူပနိဿယ ကျတော့ ကုသိုလ်က ကုသိုလ်ကို အားကြီးသော မှီရာအားဖြင့် ကျေးဇူး ပြုခြင်းကြောင့် ကုသလော ကုသလဿ။ ထိုနည်းတူစွာ ကုသလော အကု သလဿ၊ ကုသလော အဗျာကတဿ။ အာရမ္မဏသဘောအတိုင်း သင်္ချာ (၉) ချက် ရပါတယ်။ ဒီ သင်္ချာ (၉) ချက်ထဲမှာ အာရမ္မဏူပနိဿယလဲ ဝင်ပါ တယ်။ အနန္တရူပနိဿယလဲ ဝင်ပါတယ်။ ဒါ့ကြောင့် ဥပနိဿယအတွက် သင်္ချာသည် နဝ လာရပါတယ်။

## ပုရေဇာတ

ပုရေဇာတမှာ အာရမ္မဏ ပုရေဇာတ၊ ဝတ္ထုပုရေဇာတ (၂) မျိုး ရှိပါတယ်။ အာရမ္မဏ ပုရေဇာတက ကာမစိတ် စတုပညာသ၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတအဘိညာဉ်အား တတ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသဆိုတော့

ပစ္စည်းတရားဟာ နိပ္ဖန္နရုပ် အဌာရသဆိုသဖြင့် အဗျာကတရုပ်ထဲမှာ ရှိကြောင်း သေချာပြီ။ ကာမစိတ် စတုပညာသနဲ့ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်တွေကို သရုပ်ခွဲလိုက်ယင် ကုသိုလ် အကုသိုလ် အဗျာကတလို့ (၃) မျိုး လာရပါတယ်။ အဲဒီလို ရခြင်းကြောင့် အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿလို့ သင်္ချာတီကို လာထွက်ပါတယ်။ ဝတ္ထုပုရေဇာတကတော့ ဝတ္ထုပုရေဇာတနိဿယက ပြောခဲ့တဲ့အတိုင်း ပစ္စည်းက ဆဝတ္ထု၊ ပစ္စယုပ္ပန်က သတ္တ ဝိညာဏဓာတ် ဖြစ်ခြင်းကြောင့် အတူတူပဲ၊ သင်္ချာက အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿလို့ သင်္ချာတီကိပဲ ထွက်ပါတယ်။ ဒီ (၂) မျိုးလုံး ပေါင်းလိုက်တဲ့ အခါမှာ ထူးထွေတဲ့သင်္ချာ မရခြင်းကြောင့် သင်္ချာဟာ တီကိပဲ ရပါတယ်။

## ပစ္ဆာဇာတ

ပစ္ဆာဇာတကျတော့ ပစ္စယုပ္ပန်က ရုပ်၊ ပစ္စည်းက နာမ်၊ ပစ္စယုပ္ပန်ရုပ်ဆိုတာ က ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ပဌမဘဝင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာလေးပါး၊ ပစ္စည်းက စိတ် ၈၅ ခု၊ ပစ္စယုပ္ပန်က ဧကဇ ဒွိဇ တိဇ စတုဇ ရုပ်တရားတွေ၊ ရုပ်အဌ ဝီသပါပဲ။ အဲဒီတော့ ပစ္စယုပ္ပန်ကို စဉ်းစားလိုက်ယင် ပစ္စယုပ္ပန်ဟာ အဗျာ ကတပဲ ရှိပါတယ်။ ပစ္စည်းက စိတ် ၅၈ ခုထဲမှာ ကုသိုလ် အကုသိုလ် အဗျာကတ ရခြင်းကြောင့် ကုသလော အဗျာကတဿ၊ အကုသလော အဗျာ ကတဿ၊ အဗျာကတော အဗျာကတဿလို့ သင်္ချာတီကို လာထွက်ပါတယ်။

## အာသေဝန

အာသေဝနကျတော့ ပဌမဇော ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော ဂေါပညာသအား တတ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာသီလ ဆိုတော့ ပစ္စည်းကလဲဇော ပစ္စယုပ္ပန်ကလဲဇော။ အဲဒီဇောတွေဟာ တူတဲ့ဇောတွေ ဖြစ်ရမယ်။ တူတဲ့ဇောတွေလို့ဆိုတာဟာ ကုသိုလ်က အကုသိုလ်ကို မသွားနိုင်ဘူး။ ကုသိုလ်က အဗျာကတကို မသွား နိုင်ဘူး။ ဇောတူလို့ ဆိုသဖြင့် ကုသိုလ်အချင်းချင်း၊ အကုသိုလ်အချင်းချင်း၊ အဗျာကတဖြစ်တဲ့ ကြိယာအချင်းချင်းသာလျှင် အာသေဝနပစ္စည်း တပ်နိုင် ခြင်းကြောင့် အာသေဝနမှာ ကုသလော ကုသလဿ၊ အကုသလော အကု

သလဿ၊ အဗျာကတော အဗျာကတဿလို့ (၃) ချက်ပဲ ရပါတယ်။ ဒါ့ကြောင့် အာသေဝနမှာ သင်္ချာတီကြီ ဖြစ်ပါတယ်။

## ကမ္မ

ကမ္မ။ ကမ္မကျတော့ သဟဇာတကမ္မ၊ အနန္တရကမ္မ၊ ဗလဝ နာနာက္ခဏိကကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မရယ်လို့ (၄) မျိုး ရှိပါတယ်။ သဟဇာတရဲ့ သုဒ္ဓသင်္ချာမှာ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော စိတ် တခုယုတ် ကိုးဆယ်ဌ်ရှိသော စေတနာဆိုတော့ ပစ္စယုပ္ပန်ဘက်က နာမ်ကုန်နဲ့ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တွေ ရှိပါတယ်။ စေတနာက သဟဇာတ ကမ္မ ဖြစ်ခြင်းကြောင့် သဟဇာတ သဘောအတိုင်း စေတနာက ကုသိုလ်ကို ကျေးဇူး ပြုတဲ့အခါ၌ ကုသလော ကုသလဿ ရပါတယ်။ ဒီကုသိုလ်စေတနာဟာ အဗျာကတဖြစ်တဲ့ စိတ္တဇရုပ်နဲ့ အတူတကွ ဖြစ်တဲ့အခါမှာ ကုသလော အဗျာကတဿ။ ထိုနည်းတူစွာ (၂) မျိုးအား ကျေးဇူးပြုတဲ့အခါ ကုသလော ကုသလာဗျာကတဿ။ အကုသိုလ်မှာလဲ (၃) ချက် ရပါတယ်။ ပြီးတော့ ဝိပါက်ကြိယာမှာ ရှိကြတဲ့ စေတနာတွေသည် ဆိုင်ရာဖြစ်တဲ့ ဝိပါက်ကြိယာတွေနဲ့ ပဝတ္တိအခါ ပဋိသန္ဓေ အခါကာလမှာ အတူတကွဖြစ်ယင် အဗျာကတော အဗျာကတဿ ရယ်လို့ (၇) ချက် ရပါတယ်။ သဟဇာတ ကမ္မက ဒါထက် တိုးပြီး မရပါဘူး။

အနန္တရကမ္မကျတော့ မဂ္ဂါနန္တရ ဖိုလ်လေးခုအား တတ်သော မဂ်လေးခု စေတနာ။ မဂ်လေးခု စေတနာဆိုတာ ကုသိုလ်မှာ ရှိပါတယ်။ မဂ္ဂါနန္တရ ဖိုလ်လေးခုဆိုတာ မူလီဖြစ်တဲ့ အဗျာကတမှာ ရှိပါတယ်။ ဒီတော့ သူ့အတွက် ကုသလော အဗျာကတဿပဲ ရပါတယ်။ ဒီ ကုသလော အဗျာကတဿသည် သဟဇာတ ကမ္မမှာ ဝင်သဖြင့် သင်္ချာ မထူးပါဘူး။

ဗလဝ နာနာက္ခဏိက ကမ္မကျတော့ ဝိပါက်စိတ်ဆတ္တိံသအား တတ်သော ဗလဝဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ။ ဝိပါက်စိတ်ဆတ္တိံသဆိုတဲ့ ပစ္စယုပ္ပန်ဟာ အဗျာကတမှာသာလျှင် ရှိပါတယ်။ ကုသိုလ် စေတနာသည် ကုသိုလ်မှာ ရှိခြင်းကြောင့် ကုသလော အဗျာကတဿ၊ အကုသိုလ် စေတနာသည် အကုသိုလ်မှာ ရှိခြင်းကြောင့် အကုသလော အဗျာကတဿ။ အဲဒီ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿလဲ သဟဇာတ ကမ္မ သင်္ချာထဲမှာ ပါခြင်းကြောင့် သင်္ချာ မထူးပါဘူး။

ပြီးတော့မှ တဖန် ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ။ ကာမဝိပါက် တေဝီသအား တတ်သော ကာမကုသိုလ် အကုသိုလ် စေတနာဟု ဆိုအပ်သော ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ။ ကဋတ္တာရုပ်အား တတ်သော ပဉ္စဝေါကာရ ကုသိုလ်

အကုသိုလ် စေတနာဟု ဆိုအပ်သော ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ။ ပစ္စယုပ္ပန်က ကာမဝိပါက် တေဝီသရယ် ကဋတ္တာရုပ်ရယ် ရှိခြင်းကြောင့် မူလီဖြစ်တဲ့ ပစ္စယုပ္ပန်တရား ရှာလိုက်ယင် အဗျာကတမှာ တွေ့ပါလိမ့်မယ်။ ပစ္စည်းဘက်ကလဲ ကာမကုသိုလ် အကုသိုလ် စေတနာတွေ ပဋ္ဌဝေါကာရ ကုသိုလ် အကုသိုလ် စေတနာတွေဟာ ကုသိုလ် အကုသိုလ်မှာသာလျှင် ရှိခြင်းကြောင့် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿလို့ သချ်ာ (၂) ချက်ပဲ ထွက်ပါတယ်။ ဒီ သချ်ာ (၂) ချက်ဟာ သဟဇာတ ကမ္မထဲ ဝင်ခြင်းကြောင့် ကမ္မမှာ သချ်ာဟာ သတ္တပဲ ရပါတယ်။

## ဝိပါက

ဝိပါကကျတော့ အချင်းချင်းအားလည်းကောင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟဒယဝတ္ထုအား တတ်သော ပဋ္ဌဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာဆိုတော့ ဝိပါက်နဲ့ ရုပ်တွေ ရှိပါတယ်။ ပစ္စယုပ္ပန်က ပစ္စည်းဘက်ကလို ဝိပါက်ပဲ ရှိပါတယ်။ ပစ္စည်းဝိပါက်ဟာ အဗျာကတ၊ ပစ္စယုပ္ပန်ဖြစ်တဲ့ ဝိပါက်နဲ့ ရုပ်တွေဟာလဲပဲ အဗျာကတ ဖြစ်ခြင်းကြောင့် အဗျာကတော အဗျာကတဿ၊ ဟဒယဝတ္ထုအားတတ်တဲ့ ပဋ္ဌဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာလို့ဆိုရာမှာ ပစ္စည်း ပဋ္ဌဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာကလဲ အဗျာကတ၊ ပစ္စယုပ္ပန် ဟဒယဝတ္ထုကလဲ အဗျာကတ ဖြစ်ခြင်းကြောင့် အဗျာကတော အဗျာကတဿ ရပါတယ်။ အဲဒါကြောင့် ဝိပါကမှာ သချ်ာကေ ရပါတယ်။

## အာဟာရ

အာဟာရကျတော့ နာမ်အာဟာရ၊ ရုပ်အာဟာရရယ်လို့ (၂) မျိုး ရှိပါတယ်။ နာမ်အာဟာရက သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဖဿ စေတနာ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရတရားကိုယ် သုံးပါး။ အဲဒီ ဖဿ စေတနာ ဝိညာဉ်တွေဟာ ကုသိုလ် အကုသိုလ် အဗျာကတမှာ ရှိပါတယ်။ ပစ္စယုပ္ပန်ဘက်က သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တွေကလဲ ကုသိုလ် အကုသိုလ် အဗျာကတ စသည်မှာ ဆိုင်ရာဆိုင်ရာမှာ ရှိပါတယ်။ ဒီ နာမ်အာဟာရဟာ ဘာနဲ့တူသလဲဆိုယင် ဟေတုတုန်းက ဟိတ် (၄) ပါးလို ဆိုပါတယ်။ ဒီမှာ ဖဿ စေတနာ ဝိညာဉ်ရုပ်လို့ နာမ်အာဟာရ သုံးပါး ကိုသာပြင့် ဟေတုသဘောအတိုင်း ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလဿ ဗျာကတဿ။ အကုသိုလ် (၃) ချက်လဲ ထိုနည်းတူပြပါပဲ။ အဗျာကတော အဗျာကတဿ သချ်ာ သတ္တ ရပါတယ်။

ရုပ်အာဟာရကျတော့ ကလာပ်တူသြဇာကြဉ်သော ကလာပ်တူကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား တတ်သော စတုသမုဋ္ဌာနိကသြဇာ။ ပစ္စည်းကလဲ ရုပ်တရားသြဇာ၊ ပစ္စယုပ္ပန်ကလဲ ရုပ်တရား၊ အဲဒီရုပ်ဟာ ဘယ်မှာရှိသလဲ။ အဗျာကတမှာသာလျှင် ရှိခြင်းကြောင့် အဗျာကတော အဗျာကတဿ တချက်ပဲ ရပါတယ်။ ဒီ အဗျာကတော အဗျာကတဿသည် နာမ်အာဟာရမှာ ဝင်သဖြင့် အာဟာရအတွက် သချာသတ္တပဲ ရပါတယ်။

## ဣန္ဒြိယ

ဣန္ဒြိယမှာ သဟဇာတိန္ဒြိယ၊ ဝတ္ထု ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ ရယ်လို့ (၃) မျိုး ရှိပါတယ်။ သဟဇာတိန္ဒြိယသည် သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါး။ ဟေတုသဘောအတိုင်း သချာသတ္တ ရပါတယ်။

ဝတ္ထုပုရေဇာတိန္ဒြိယကျတော့ ဒွေ ပဉ္စ ဝိညာဉ်တဆယ်အား တတ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု။ ဒီပဉ္စဝတ္ထုဟာ ဘယ်မှာရှိသလဲ။ ပစ္စည်းအဗျာကတရုပ်ထဲမှာ ရှိပါတယ်။ ဒွေ ပဉ္စ ဝိညာဉ်တဆယ်ကတော ပစ္စယုပ္ပန်ဖြစ်တဲ့ အဗျာကတထဲမှာပဲ ရှိပါတယ်။ ဒီတော့ ဝတ္ထုပုရေဇာတိန္ဒြိယအတွက်လဲ အဗျာကတော အဗျာကတဿပဲ ရပါတယ်။ ဒီအဗျာကတော အဗျာကတဿကလဲ သဟဇာတိန္ဒြိယထဲမှာ ဝင်ပါတယ်။

ရူပဇီဝိတိန္ဒြိယမှာလဲ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် (၉) ခုအား တတ်သော ရုပ်ဇီဝိတိန္ဒြေဟာလဲ ရုပ်ထဲမှာ ရှိခြင်းကြောင့် အဗျာကတ၊ ကမ္မဇရုပ် (၉) ခုဟာလဲ အဗျာကတ ဖြစ်ခြင်းကြောင့် အဗျာကတော အဗျာကတဿပဲ ရပါတယ်။ ဒါကြောင့် ဣန္ဒြိယမှာ သချာသည် သတ္တပဲ ဖြစ်ပါတယ်။

## ဈာန

ဈာနကျတော့ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဟု ဆိုအပ်သော ဈာနင် တရားကိုယ် (၅) ပါး။ ဒါလဲ ဟေတုသဘောအတိုင်း သချာသတ္တပဲ ရပါတယ်။

## မဂ္ဂ

မဂ္ဂကျတော့ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပညာ ဝိတက် ဝိရတိ (၃) ခု၊ ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် (၉) ပါး။ ဒါလဲ ဟေတုသဘောအတိုင်း သချာသတ္တပဲ ရပါတယ်။

## သမ္ပယုတ္တ

သမ္ပယုတ္တကျတော့ အချင်းချင်းအား တတ်သော အလုံးစုံသော ပစ္စယုပ္ပန္နသန္ဓေ နာမက္ခန္ဓာလေးပါး။ ပစ္စည်းကလဲ စိတ် ၈၉+စေတသိက် ၅၂၊ ပစ္စယုပ္ပန်ကလဲ စိတ် ၈၉+စေတသိက် ၅၂ ရပါတယ်။ သူတို့ဟာ သဟဇာတ သဘော ဖြစ်ခြင်းကြောင့် ကုသလော ကုသလဿ ရပါတယ်။ ရုပ်မပါသဖြင့် ကုသလော အဗျာကတဿ စသည် မရပါဘူး။ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿလို့ သချာတီဏိပဲ ရပါတယ်။

## ဝိပ္ပယုတ္တ

ဝိပ္ပယုတ္တကျတော့ ဝတ္ထာရမ္မဏ၊ သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တရယ်လို့ (၄) မျိုး ရှိပါတယ်။ ဝတ္ထာရမ္မဏမှာ ဝတ္ထာရမ္မဏ နိဿယက ပြောခဲ့တဲ့အတိုင်း အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ သချာ (၃) ချက် ရပါတယ်။ သဟဇာတ ဝိပ္ပယုတ္တကျတော့ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် လေးခု ဒွေ ပဉ္စ ဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဒီတော့ ပစ္စယုပ္ပန်က စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် သာနေသဖြင့် ပစ္စယုပ္ပန် အဗျာကတ သေချာပါတယ်။ ပစ္စည်းဘက်က ကုသိုလ် အကုသိုလ် အဗျာကတ ရှိသဖြင့် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿလို့ သချာ (၃) ချက် ရှိပါတယ်။ ခုနက ဝတ္ထာရမ္မဏထဲမှာ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ မပါသေးပါဘူး။ မပါသေးတော့ ၎င်းသချာ (၃) ချက်ကို ပေါင်းလိုက်ယင် ဝတ္ထာရမ္မဏနဲ့ သဟဇာတ ဝိပ္ပယုတ္တ သချာသည် ပဉ္စဖြစ်ပါတယ်။

ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တကျတော့ နိဿယက ပြောခဲ့တဲ့အတိုင်း အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿလို့ ဝတ္ထာရမ္မဏနဲ့ တူခြင်းကြောင့် သချာမထူးပါဘူး။ ပစ္ဆာဇာတ ဝိပ္ပယုတ္တကျတော့ ပစ္ဆာဇာတက ပြောခဲ့တဲ့အတိုင်း ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ ရသဖြင့် သချာ မထူးပါဘူး။ အဲဒါကြောင့် အားလုံးကုန် (၄) မျိုးကို ပေါင်းလိုက်တဲ့ အခါမှာ သချာသည် ပဉ္စဖြစ်ပါတယ်။ အကျဉ်းချုပ် မှတ်ရရာက ဝတ္ထာရမ္မဏနဲ့ ဝတ္ထုပုရေဇာတသည် သချာတူပါသည်၊ သဟဇာတ ဝိပ္ပယုတ္တနဲ့ ပစ္ဆာဇာတ

ဝိပ္ပယုတ္တသည် သင်္ချာတူပါသည်။ အဲဒီ (၄) မျိုးမှာ (၂) မျိုးစီက သင်္ချာတူနေသဖြင့် ဒီ (၂) မျိုး ပေါင်းလိုက်ခဲ့လို့ရှိယင် သင်္ချာသည် ပဉ္စဖြစ်ပါတယ်။

## အတ္ထိ

အတ္ထိမှာ (၉) မျိုးရှိပါတယ်။ အာရမ္မဏ ပုရေဇာတတ္ထိဟာ အာရမ္မဏ ပုရေဇာတနဲ့တူသဖြင့် အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ သင်္ချာ (၃) ခု ရပါတယ်။ သဟဇာတတ္ထိသည် သဟဇာတနှင့် တူခြင်းကြောင့် သင်္ချာနဝ ရပါတယ်။ အဲဒီ သင်္ချာနဝထဲမှာ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ မပါသေးပါဘူး။ သူတို့ (၂) ခု ပေါင်းလိုက်ယင် သင်္ချာသည် ဧကာဒသ ဖြစ်ပါတယ်။ ဝတ္ထုပုရေဇာတတ္ထိကျတော့ ဝတ္ထုပုရေဇာတ နိဿယအတိုင်း အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ (၃) ချက် ရသဖြင့် အာရမ္မဏ ပုရေဇာတတ္ထိအတိုင်း ရခြင်းကြောင့် သင်္ချာ မထူးပါဘူး။ ဧကာဒသပဲ ရှိပါသေးတယ်။ ပစ္ဆာဇာတတ္ထိမှာ ပစ္ဆာဇာတက ပြောခဲ့တဲ့အတိုင်း ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ (၃) ချက် ရခြင်းကြောင့် သင်္ချာ မထူးလာသေးပါဘူး။ ရုပ်အာဟာရတ္ထိမှာ အဗျာကတော အဗျာကတဿ မထူးပါဘူး။ ရူပဇီဝိတိန္ဒြိယတ္ထိမှာ အဗျာကတော အဗျာကတဿ မထူးပါဘူး။ သဟဇာတ ပုရေဇာတ မိဿကကျတော့ နိဿယပစ္စည်းက ပြောခဲ့တဲ့အတိုင်း ကုသလာဗျာကတော ကုသလဿ၊ အကုသလာဗျာကတော အကုသလဿ သင်္ချာ (၂) ချက် လာတိုးပါတယ်။ တိုးသဖြင့် သင်္ချာဟာ တေရသ လာဖြစ်ပါတယ်။ ပစ္ဆာဇာတာဟာရ မိဿကလို့ ဆိုတာဟာ ဒီအတ္ထိပစ္စည်းမှာ ပစ္ဆာဇာတကိုလဲ ဟောပါတယ်။ ရုပ်အာဟာရကိုလဲ ဟောပါတယ်။ ပစ္ဆာဇာတိန္ဒြိယ မိဿကမှာလဲ ပစ္ဆာဇာတကိုလဲ ဟောပါတယ်။ ရူပဇီဝိတိန္ဒြိယကိုလဲ ဟောပါတယ်။ အဲဒီလိုဟောတဲ့ ပစ္ဆာဇာတနဲ့ ရုပ်အာဟာရ ပစ္ဆာဇာတနဲ့ ရူပဇီဝိတိန္ဒြိယ (၂) မျိုး ပေါင်းပြီး သင်္ချာတွေကို သုဒ္ဓသင်္ချာအားလျော်စွာ သင်္ချာထုတ်လိုက်မယ်ဆိုယင် သုဒ္ဓသင်္ချာက ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇကာယ စတုဇကာယအား ကာလတူ တပြိုင်နက် တတ်ကောင်းသောဆိုတော့ ပစ္စယုပ္ပန်က တိဇကာယ စတုဇကာယ ဆိုသဖြင့် အဗျာကတ ပစ္စယုပ္ပန် သေချာပါတယ်။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ အကုသိုလ် ဒွါဒသ စေတသိက် ဒွေပဉ္ဉာသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဩဇာ

ဆိုတော့ ပစ္စည်းဘက်က ကုသိုလ်ရယ်၊ အကုသိုလ်ရယ် ရှိပါတယ်။ ဩဇာရယ် ရှိပါတယ်။ ကုသိုလ်နဲ့ ဩဇာ၊ ဩဇာဟာ အဗျာကတမှာသာ ရှိပါတယ်။ ကဗဠီကာရာဟာရပါ။ ပစ္စယုပ္ပန်က တိဇ စတုဇ ကာယ အဗျာကတဖြစ်၍ ကုသလာ ဗျာကတော အဗျာကတဿ ဖြစ်ပါတယ်။ ဒါဟာ ပစ္ဆာဇာတာဟာရ မိဿက အတွက်ပါ။

ပစ္ဆာဇာတိန္ဒြိယ မိဿကလဲ ထိုနည်းတူစွာ ပစ္စယုပ္ပန်က ကမ္မဇကာယ ရှိပါတယ်။ ပစ္စည်းက ရုပ်ဇီဝိတိန္ဒြေသာလျှင် ရှိသဖြင့် ကုသလာ ဗျာကတော အဗျာကတဿ ရပါတယ်။ ပြီးတော့ အကုသလာ ဗျာကတော အဗျာကတဿ (၂) မျိုးလုံးပဲ ရပါတယ်။ ဒီ မိဿက (၂) မျိုးဟာ သင်္ချာ တူကြပါတယ်။ ပါဠိက ကုသလာ ခန္ဓာစ ကဗဠီကာရော အာဟာရောစ၊ ဣမဿ ကာယဿ အတ္ထိ ပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ ကုသလာ ခန္ဓာစ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာ ရူပါနံ အတ္ထိ ပစ္စယေန ပစ္စယော။ ဒီလို ဟောထားပါတယ်။ ဒီ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿဟာ သဟဇာတ သင်္ချာ နဝထဲမှာပါခြင်းကြောင့် သင်္ချာဟာ ထူးမလာပါဘူး။ တေရသပဲ ဖြစ်ပါတယ်။

## နတ္ထိ ဝိဂတ အဝိဂတ

နတ္ထိ ဝိဂတသည် အနန္တရနဲ့ တူပါတယ်။ အဝိဂတသည် အတ္ထိနဲ့ တူပါတယ်။ အဲဒါ တပည့်တော်တို့ ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာလို့ ဆိုတဲ့ ကုသလတိက်မှာ ဟောခဲ့တဲ့ ကုသိုလ် အကုသိုလ် အဗျာကတကို ကြည့်၍ ဝါရအားလျော်စွာ သင်္ချာထုတ်ပုံတွေကို ပြောပြတာပါ။

တပည့်တော်တို့ အစက ပြောခဲ့တဲ့အတိုင်း ပဋ္ဌာန်းကုသလတိက်လို့ ဆိုတာဟာ အင်မတန် ကျယ်ကျယ်ဝန်းဝန်းကြီး ဟောပြီးထားငြားသော်လည်း အကျဉ်းချုံ့လိုက်ယင် ဟောဒီ ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ ဆိုတဲ့ တိက်ပုဒ်တခုထဲမှာ အားလုံးကုန် ဝင်ရပါတယ်။ အားလုံးကုန်ဝင်အောင် ဝါရအားလျော်စွာ ယူရပါတယ်။ မိလိန္ဒပဥှာမှာ ရှင်နာဂသေနဟာ သုတ္တန်တွေကို အယင်မသင်ပါဘူး။ အဘိဓမ္မာကို အယင်သင်လိုက်တော့ အဘိဓမ္မာမှာလဲ တအက်ကမ်းခပ် တတ်မြောက်ပါတယ်။ တတ်မြောက်တော့ သိန်းပေါင်းများစွာသော ရဟန္တာတို့ရဲ့အလယ်မှာ ဘယ်လို လျှောက်ထားသလဲဆိုတော့ အရှင်ဘုရား၊ တပည့်တော်သည် အဘိဓမ္မာ (၇) ကျမ်းလုံးကို ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာဆိုတဲ့ ဒီ ကုသလတိက် တတိက်ထဲမှာ အားလုံးကုန် သွင်းပြပါမယ်၊ ဟောပြပါမယ်လို့ ရဟန္တာတွေကို လျှောက်ထားတဲ့အခါမှာ ရဟန္တာကြီးတွေက ငါ့ရှင် နာဂသေန သင်လျှောက်ကြား

သည့်အတိုင်း သွင်းပြီးပြပါလို့ မိန့်ကြားတော့ အဘိဓမ္မာ (၇) ကျမ်းလုံးကို (၇) လထဲနဲ့ ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာထဲမှာ သွင်းပြီးပြတဲ့အခါကာလ အားလုံးကုန် ရဟန္တာအရှင်မြတ်ကြီးတွေက ကောင်းချီး ဩဘာ သာဓု အနုမောဒနာ ပြုကြပါတယ်။ ဒီတော့ တပည့်တော် ဆိုလိုရင်းက ဒီ ကုသလတိက်ရဲ့ တိက်ပုဒ်ကြည့်ပြီး ဘယ်ဝါရ လာမလဲ၊ လာခဲ့။ ဆိုင်ရာဝါရအားလျော်စွာ ဒီ သင်္ချာတွေကို ထုတ်တတ်အောင် စဉ်းစားပါ။ ကြံဆကြပါ။ ဒါမှသာလျှင် အထက်အသက်ဖြစ်တဲ့ တိက်တွေကျယင် ဒီ တိက်ပုဒ်ကို ကြည့်ပြီး ဆိုင်ရာဝါရအားလျော်စွာ ဆဝါရဖြစ်ဖြစ် ပဥ္စဝါရဖြစ်ဖြစ် အကုန်လုံး ဟောနိုင်ပါလိမ့်မယ်။ သင်္ချာထုတ်နိုင်ပါလိမ့်မယ်။ ဒီ တိက်တွေ ဒုက်တွေလို့ဆိုတာ မာတိကာမှာ ဟောထားခြင်းကြောင့် သိပြီးသား ဖြစ်ပါတယ်။ ဒုကတိကတို့၊ တိကဒုကတို့ တိကတိက ဒုကဒုကဆိုတဲ့ ပဋ္ဌာန်းတွေကျတော့ ဘာလုပ်ရသလဲ။ တိက်နဲ့ဒုက်နဲ့ တွဲရတယ်။ ဒုက်နဲ့တိက်နဲ့ တွဲရတယ်။ တိက် တိက်ချင်း တွဲရတယ်။ ဒုက် ဒုက်ချင်း တွဲရတယ်။ ဥပမာ တိက် တိက်ချင်း တွဲတဲ့အခါမှာ ကုသလတိက်နဲ့ ဝေဒနာတိက် တွဲမှာပေါ့။ တွဲတော့ ဘယ်လိုလာမလဲ။ ကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော ဓမ္မော ကုသလဿ သုခါယ ဝေဒနာယ သမ္ပယုတ္တဿ ဓမ္မဿ ဟေတု ပစ္စယေန ပစ္စယော စသည်ဖြင့် ဒီလို ဟောပါလိမ့်မယ်။ ဒီတော့ ဒါတွေကို မိမိတို့ဉာဏ်ထဲမှာ စွဲပြီးသွားအောင် ပေးခဲ့တဲ့ အကျဉ်းချုပ်နည်းအတိုင်း စဉ်းစားကြပါ။ နားမလည်ခဲ့လို့ရှိယင် မေးမြန်းနိုင်ပါတယ်။ ပဋ္ဌာန်း သင်္ချာဝါရ-ကိစ္စပြီးကြပါစို့။

အမှတ် ၂၄၅၈၄၃
ရက်စွဲ ......
သုတေသနစာကြည့်တိုက်

# အမှား အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၈ | ၁၉ | နေနတ္ထိယာ | နောနတ္ထိယာ |
| ၂၂ | ၇ | နှုတ်ခဲ | နှုတ်ခဲ့ |
| ၂၃ | ၂၄ | အရမ္မဏာအတွက် | အာရမ္မဏာအတွက် |
| ၂၈ | ၁၂ | ဝတ်ပုပ်ပဲ | ဝတ်ပုပဲ |
| ၄၃ | ၁၀ | သတိပညာသာ | (သတိပညာသာ |
| ၄၃ | ၂၆ | သဟာဇတ | သဟဇာတ |
| ၄၄ | ၁၀ | နောအဝိဂတဒုကၠွ် | နောဝိဂတဒုကၠွ် |
| ၆၈ | ၁၅ | ကု၏ | ကုန်၏ |
| ၇၂ | ၂၈ | အလံး | အလုံး |
| ၇၄ | ၂၃ | ဝိပယုတ္တာပစ္စည်း | ဝိပ္ပယုတ္တာပစ္စည်း |
| ၉၈ | ၁၂ | အညမညေပစ္စည်း | အညမညပစ္စည်း |
| ၁၂၀ | ၁၄ | သဘာဂဟ | သဘာဂတာ |
| ၁၂၄ | ၇ | ဝိတေ | ဝိဂတေ |
| ၁၅၂ | ၂၄ | နဟေတုအတ္ထိအဝိဂပ | နဟေတုမူအတ္ထိအဝိဂပ |
| ၁၆၁ | ၉ | သတ္တကအတွက် | ဆဋ္ဌအတွက် |
| ၁၈၉ | ၁၀ | သဟာဂ | သဘာဂ |
| ၁၉၃ | ၂ | အလုးစုံ | အလုံးစုံ |
| ၂၃၅ | ၈ | ဈာနကိစ္စ | နဈာနကိစ္စ |
| ၂၄၃ | ၂၅ | နဝမိပတိ | နာဓိပတိ |
| ၂၅၄ | ၂ | ကမ္မကျန့်တဲ့ပကတူ | ကျန့်တဲ့ပကတိ |
| ၂၅၉ | ၂၈ | နောနတ္ထိ | နောအ… |
| ၂၆၀ | ၁ | နောနတ္ထိမှု | နောအတ္ထိမှု |
| ၂၇၉ | ၂၆ | ကုသလောနကုသလံ | ကုသလေန… |
| ၂၉၁ | ၁၉ | ၅၈ | ၈၅ |

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။